# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၇၈ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၈ ရက် | ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီ ၂၀ ရက်၊ သောကြာနေ့ | အတွဲ (၅၆)၊ အမှတ် (၁၁၂)


**မိမိအဖို့အကျိုးများနိုင်**

သူတစ်ပါး၏ အပြစ်အနာအဆာကို မကြည့်ပါနှင့်။ မိမိအဖို့ အရေးကြီးသည်ကား မိမိကောင်းမှုကို လည်းကောင်း၊ မကောင်းမှုကို လည်းကောင်း လုပ်သည်၊ မလုပ်သည်ကိုသာ ကြည့်ရာ၏။ သူတစ်ပါးအပြစ်ကို ကြည့်ခြင်းထက် မိမိအပြစ်ကို ကြည့်ခြင်းကသာလျှင် မိမိအဖို့ အကျိုးများနိုင်သောကြောင့်ဖြစ်၏။

ပုပ္ဖဝဂ် (ဓမ္မပဒ - ၅၀)



# ဘူးသီးတောင်နှင့် ရသေ့တောင်မြို့တို့ကို ဆက်သွယ်သည့် ပန်ဇင်းချောင်းတံတားကြီး မကြာမီဖွင့်လှစ်တော့မည်

**သတင်း-တင်မောင်လွင်(မြန်မာ့အလင်း)၊ ဓာတ်ပုံ-မောင်မွှေး၊ လမ်းဦးစီး**

**ရသေ့တောင် ဇန်နဝါရီ ၁၉**

ဘူးသီးတောင်မြို့နှင့် ရသေ့တောင်ကို တိုက်ရိုက်ဆယ်သွယ်ထားသော ပန်ဇင်းချောင်းတံတား တည်ဆောက်ရေးစီမံကိန်းမှာ ယခုအခါ ရာနှုန်းပြည့်နီးပါး ပြီးစီးသွားပြီဖြစ်သဖြင့် မကြာမီဖွင့်လှစ်တော့မည်ဖြစ်ကြောင်း အဆိုပါတံတားတည်ဆောက်သည့် တံတားအထူးအဖွဲ့(၈)မှ သိရသည်။

"ပန်ဇင်းချောင်းတံတားစီမံကိန်းကြီးတစ်ခုလုံးက ၉၇ ရာခိုင်နှုန်းလောက်ပြီးစီးနေပါပြီ။ မကြာမီပြီးစီးတော့မှာဖြစ်ပါတယ်။ အချောသပ်လုပ်ငန်းအနည်းငယ်လောက်ပဲ ကျန်တော့တယ်။ ဒီလကုန်ဆိုရင် အားလုံးပြီးစီးပါပြီ၊ မကြာမီဖွင့်လှစ်တော့မှာပါ"ဟု တံတားဦးစီးဌာန တံတားအထူးအဖွဲ့ (၈) မှ အင်ဂျင်နီယာ ဒေါ်စုစုမာက ပြောကြားသည်။

ရသေ့တောင်မြို့နှင့် ဘူးသီးတောင်မြို့တို့ကို တိုက်ရိုက်ဆက်သွယ်မည့် ကုန်းတွင်းလမ်းကို ယခုအခါ ဆောက်လုပ်ရေးဝန်ကြီးဌာန

*စာမျက်နှာ ၃ ကော်လံ ၁* ✻

## အင်ဒိုနီးရှားနိုင်ငံမှ လူသားချင်းစာနာထောက်ထားမှုအထောက်အပံ့ပစ္စည်းများကို ရခိုင်ပြည်နယ်သို့ တင်ပို့

စာမျက်နှာ-၇

## ယာဉ်ပိုင်ရှင်တွေအနေနဲ့ တိုင်းဒေသကြီးအစိုးရအဖွဲ့နဲ့ ပူးပေါင်းဖို့လိုပါတယ်

ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး နော်ပန်းသဉ္ဇာမျိုးနှင့် တွေ့ဆုံခြင်း



စာမျက်နှာ-၈

# ဇန်နဝါရီ ၂၀ ရက်မှ ၂၉ ရက်အထိ ဆင်ခြေထောက်ရောဂါကာကွယ်ဆေးတိုက်ကျွေးမည်

**မန္တလေး ဇန်နဝါရီ ၁၉**

ကမ္ဘာပေါ်၌ လူဦးရေသန်းပေါင်း ၁၄၀၀ သည် ဆင်ခြေထောက်ရောဂါကူးစက်နိုင်သည့် အန္တရာယ်ရှိသော နိုင်ငံပေါင်း ၇၃ နိုင်ငံတွင် နေထိုင်လျက်ရှိပြီး လူဦးရေသန်း ၁၂၀ မှာ ဆင်ခြေထောက်ရောဂါကူးစက်ခံနေရကြောင်း၊ ထိုသန်း ၁၂၀ အနက်မှ လူဦးရေသန်း ၄၀ ကျော်သည် ဆင်ခြေထောက်ရောဂါလက္ခဏာတစ်ခုခုကိုခံစားနေကြရပြီး ကျန်သူများမှာ ရောဂါလက္ခဏာမပြဘဲ ရောဂါငုပ်နေသည့် အခြေအနေတွင်ရှိကြောင်း၊ အရှေ့တောင်အာရှဒေသဆိုင်ရာနိုင်ငံ ၁၁ နိုင်ငံအနက် မြန်မာနိုင်ငံအပါအဝင် ကိုးနိုင်ငံသည် ဆင်ခြေထောက်ရောဂါအမြစ်တွယ်မှုရှိပြီး ပြည်သူလူထုအတွင်း ကျန်းမာရေးပြဿနာတစ်ရပ်အဖြစ် တည်ရှိနေကြောင်း၊ ဇန်နဝါရီ ၁၆ ရက် နံနက် ၈ နာရီခွဲက မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် လမ်း၇၀၊ ၂၇လမ်းနှင့် ၂၈လမ်းကြားရှိ တိုင်းကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပသော ဆင်ခြေထောက်ရောဂါကင်းဝေးရေး လူအားလုံးဆေးကျွေးခြင်းလုပ်ငန်း အသိပညာပေး ဆွေးနွေးပွဲတွင် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးကိုယ်စား မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်က ပြောကြားခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်က မြန်မာနိုင်ငံတွင် ဆင်ခြေထောက်ရောဂါကင်းဝေးရေးစီမံချက်နှင့် ရည်ရွယ်ချက်များကို ချမှတ်၍ ၂၀၀၁ခုနှစ်မှစ၍ မြန်မာနိုင်ငံတွင် ဆင်ခြေထောက်ရောဂါ

*စာမျက်နှာ ၄ ကော်လံ ၁* ❖


KBZ BANK

STRENGTH OF MYANMAR

သဒ္ဓါထက်သန် မြန်မာအားမာန် ကမ္ဘောဇဘဏ်

မြန်မာ့အလင်း

# လူထု၏ နည်းပညာဆိုင်ရာ စွမ်းဆောင်ရည်မြှင့်တင်မှု

ပညာရေးဝန်ကြီးဌာနလက်အောက်ရှိ သုတေသနနှင့် တီထွင်ဆန်းသစ်မှု ဦးစီးဌာနမှ ပြန်ပြည့်မြဲစွမ်းအင် (Renewable Energy) ဆိုင်ရာ သင်တန်းများ ဖွင့်လှစ်ပို့ချမည်ဖြစ်ကြောင်း သိရှိရပါသည်။ အဆိုပါ သင်တန်းများသည် လုပ်ငန်းခွင်တွင် ဝင်ရောက်လုပ်ကိုင်လျက်ရှိသော လူငယ်လူရွယ်တို့အား အဓိကဦးတည်၍ ဖွင့်လှစ်ပို့ချသင်ကြားခြင်း ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အဆိုပါသင်တန်းများကို အပတ်စဉ် စနေနှင့်တနင်္ဂနွေနေ့များတွင် နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ သင်ကြားပို့ချသွားမည်ဖြစ်ပါသည်။ သင်တန်းကာလမှာ ရက်သတ္တ ငါးပတ်ကြာမြင့်မည် ဖြစ်ပါသည်။

သင်ကြားပေးမည့် ဘာသာရပ်များမှာ အခြေခံလေအား လျှပ်စစ်တည်ဆောက်တပ်ဆင်ခြင်းသင်တန်း၊ နေရောင်ခြည်စွမ်းအင်ဆိုင်ရာ နည်းပညာနှင့် အသုံးပြုမှုသင်တန်း၊ အသေးစားရေအားလျှပ်စစ်တည်ဆောက်တပ်ဆင်ခြင်းသင်တန်း၊ စပါးခွံလောင်စာသုံးဓာတ်ငွေ့ထုတ်စက်ဆိုင်ရာ လက်တွေ့အသုံးချ တည်ဆောက်ခြင်းသင်တန်းနှင့် ဇီဝဓာတ်ငွေ့ကန် လက်တွေ့အသုံးချတည်ဆောက်ခြင်းများဖြစ်ကြောင်း သိရှိရပါသည်။ ကမ္ဘာ၌ အချိန်နှင့်အမျှ တိုးမြှင့်သုံးစွဲရန် ကြံစည်ကြိုးပမ်းလျက်ရှိသော ပြန်ပြည့်မြဲ စွမ်းအင်ဆိုင်ရာသင်တန်းများဖြစ်၍ ကြိုဆိုရမည့်သင်တန်းများဖြစ်ပါသည်။

သင်တန်းကာလနှင့် သင်တန်းဆိုင်ရာ ဘာသာရပ်ခေါင်းစဉ်များအပေါ် အခြေခံ၍ သုံးသပ်ရပါက အဆိုပါ ပြန်ပြည့်မြဲ စွမ်းအင်များဆိုင်ရာ လက်တွေ့အသုံးချခြင်းကို ဦးစားပေးသင်ကြားမည်ဟု ယူဆရပါသည်။ အဆိုပါ သင်တန်းများအတွက် သင်တန်းသားများ ခေါ်ယူရာ၌ မြန်မာနိုင်ငံ၌ ဒေသအလျောက် အသုံးပြုလျက်ရှိသော ပြန်ပြည့်မြဲ စွမ်းအင်အနေအထားတို့အပေါ် မူတည်၍ ခေါ်ယူသင့်ပါသည်။ ဆိုလိုသည်မှာ နေရောင်ခြည်စွမ်းအင်ဆိုင်ရာသင်တန်းများအတွက် နေရောင်ခြည်စွမ်းအင်ကို ကျယ်ကျယ်ပြန့်ပြန့် အသုံးချလျက်ရှိသော ဒေသများမှ လူငယ်လူရွယ်တို့ကို ဦးစားပေးခေါ်ယူသင့်ပါသည်။ အဆိုပါသင်တန်းတို့ကို ရုပ်မြင်သံကြားမှ ထုတ်လွှင့်ခြင်း(သို့မဟုတ်) အင်တာနက်စာမျက်နှာ (Website)ထူထောင်၍ သင်ကြားခြင်းတို့ကို ပုံမှန်ပြုလုပ်ပေးနိုင်ပါက ပိုမိုထိရောက်မည်ဟု ယူဆပါသည်။ သုတေသနနှင့် တီထွင်ဆန်းသစ်မှု ဦးစီးဌာနအနေဖြင့် မြန်မာနိုင်ငံတွင် ဒေသအလျောက် အသုံးပြုလျက်ရှိသော ပြန်ပြည့်မြဲ စွမ်းအင်တို့နှင့်ပတ်သက်၍ အသုံးပြုလျက်ရှိသော အတိုင်းအတာပမာဏ၊ လက်တွေ့အသုံးချပုံ အသုံးချနည်းနှင့် နိုင်ငံတကာတွင် လက်တွေ့အသုံးချနေပုံတို့အား သုတေသနပြုလုပ်၍ ပြည်သူလူထုထံ ကျယ်ကျယ်ပြန့်ပြန့် အသိပေးဖြန့်ဖြူးနိုင်ပါက မြန်မာနိုင်ငံ၏ ပြန်ပြည့်မြဲစွမ်းအင် အသုံးချနိုင်မှုအပေါ် ထိထိရောက်ရောက် အထောက်အပံ့ဖြစ်စေမည် ဖြစ်ပါသည်။ သက်ဆိုင်ရာ အာဏာပိုင်ပုဂ္ဂိုလ်အဖွဲ့အစည်းများအနေဖြင့် မြန်မာနိုင်ငံ၏ ပြန်ပြည့်မြဲစွမ်းအင်ဆိုင်ရာမူဝါဒတို့ကို ပြည်သူလူထုထံ ကျယ်ကျယ်ပြန့်ပြန့် ချပြထားပါက တိုင်းပြည်အတွင်း ပြန်ပြည့်မြဲစွမ်းအင်ဆိုင်ရာ ကြိုးပမ်းဆောင်ရွက်မှုများကို စုစည်းချိတ်ဆက်ပေါင်းစပ်အသုံးပြုနိုင်မည် ဖြစ်ကြောင်း လေးစားစွာအကြံပြုတင်ပြအပ်ပါသည်။ ။

## စာအုပ်စာပေ လူ့မိတ်ဆွေ




# ကူးတို့ကူး ခရီးသွားပြည်သူများအတွက် အသက်ကယ်အင်္ကျီများပေးအပ်လှူဒါန်း

**တနင်္သာရီ ဇန်နဝါရီ ၁၉**

တနင်္သာရီမြို့မှ မြစ်ချောင်းတစ်ဖက်ကမ်းရှိ ဘန်လောကျေးရွာအုပ်စု သကျက်ကျေးရွာအုပ်စု ညောင်ပင်ကွင်းကျေးရွာအုပ်စုနှင့် တကူကျေးရွာအုပ်စုတို့မှ ဒေသခံခရီးသွားပြည်သူများ နေ့စဉ်တနင်္သာရီမြို့နှင့် ဗောဓိကမ်းရွာသို့ ကူးတို့ဖြင့်သွားလာနေရသဖြင့် ကူးတို့ကူးနေစဉ် သဘာဝဘေးဒဏ်အရေးပေါ်ကျရောက်ပါက အသက်အန္တရာယ်ကာကွယ်နိုင်ရန် ရည်ရွယ်၍ ဇန်နဝါရီ ၁၅ ရက်က မြိတ်မြို့ အပြည်ပြည်ဆိုင်ရာ ငါးလေလံဈေးမိသားစုကိုယ်စားပြုအဖွဲ့မှ အသက်ကယ်အင်္ကျီ အထည် ၃၀ ကို လာရောက်လှူဒါန်းရာ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးမင်းဝေနှင့် အဖွဲ့ဝင်များက လက်ခံယူခဲ့ကြသည်။

ထို့နောက် တာဝန်ရှိသူတို့က ကူးတို့လှေဖြင့် လိုက်ပါစီးနင်းမည့် ကျောင်းသားကျောင်းသူများနှင့် ခရီးသွားပြည်သူများအား အသက်ကယ်အင်္ကျီဝတ်ဆင်နည်း၊ အသုံးပြုနည်းများကို လက်တွေ့သရုပ်ပြ၍ ဝတ်ဆင်ပေးခဲ့ကြကြောင်း သိရသည်။

**နန်းသာရီ-ထိန်ဝင်း(ပြန်/ဆက်)**

ထင်သာမြင်သာ ပြုပြင်စရာ

# လေးကေတိုက်နယ် ပြည်သူ့ဆေးရုံအား ပြန်လည်ပြုပြင်ပြီး ဖွင့်လှစ်ပေးစေလို

မွန်ပြည်နယ် ဘီးလင်းမြို့နယ် လေးကေကျေးရွာ၌ တည်ဆောက်ပြီးစီးသွားသော လေးကေတိုက်နယ် ပြည်သူ့ဆေးရုံ ၁၆ ခုတင်ဆံ့သည် ဆေးရုံမဖွင့်လှစ်မီ ပျက်စီးယိုယွင်းနေသော အစိတ်အပိုင်းများကို ပြန်လည်ပြုပြင်ပေးရန်နှင့် အမြန်ဆုံး ဆေးရုံဖွင့်လှစ်ပေးရန် ဒေသခံများ ဆန္ဒရှိနေကြကြောင်း သိရသည် ။

အဆိုပါဆေးရုံသည် ၂၀၁၃/၂၀၁၄ ခုနှစ် နိုင်ငံတော် ဘတ်ဂျက် ခွင့်ပြုရန်ပုံငွေကျပ်သိန်း ၆၀၀၀ အကုန်အကျခံ တည်ဆောက်ခဲ့ပြီး ၂၀၁၅ ခုနှစ်တွင် ပြီးစီးခဲ့သည်ဟု သိရသည်။ ယခုအထိ ပြီးစီးသည်မှာ တစ်နှစ်ခန့်ကြာမြင့်နေပြီဖြစ်သော်လည်း သက်ဆိုင်ရာသို့ အပ်နှံခြင်းမရှိသေးသည့်အပြင် ဆေးရုံမှာလည်း တည်ဆောက်ထားသော အဆောက်အအုံ၏ အစိတ်အပိုင်းအချို့



ချွတ်ယွင်းချက်များ ဖြစ်ပေါ်နေကြောင်း သိရသည်။ ဆရာဝန်နှစ်ဦးခန့်ထားပြီးကြောင်း သိရသော်လည်း ယခုအချိန်ထိ ဖွင့်လှစ်နိုင်ခြင်းမရှိသေးကြောင်း ဒေသခံ ရပ်မိရပ်ဖ ကျေးရွာအုပ်ချုပ်ရေးမှူးဟောင်းဖြစ်သူ ဦးကယားက ပြောသည်။

လေးကေကျေးရွာအုပ်စုအတွင်း ဒေသခံကျေးရွာ ၁၀ ရွာ၊ လူဦးရေ တစ်သောင်းကျော်ရှိပြီး ကရင်ပြည်နယ်နှင့် ဆက်စပ်နေ၍ လေးကေဆေးရုံကို အားကိုးအားထားမည့် ပြည်သူအများအပြားရှိကြောင်း သိရသည်။

ထို့ကြောင့် အဆိုပါဆေးရုံကို ပြန်လည်ပြင်ဆင်ပေးပါရန်နှင့် အမြန်ဆုံး ဖွင့်လှစ်ပေးပါရန် ဒေသခံပြည်သူများ လိုလားလျက်ရှိကြောင်း သိရသည်။

**ခွန်(ဝင်းပ)**

# မော်ဟန်ရွာ၌ ကျားဟု ယူဆရသောခြေရာများတွေ့ရှိ

**မိုးညှင်း ဇန်နဝါရီ ၁၉**

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် မော်ဟန်ကျေးရွာ ဘူတာစုရပ်ကွက်နေအိမ်အတွင်း၌ ဇန်နဝါရီ ၁၈ ရက်က ကျားဟု ယူဆရသောခြေရာများကို တွေ့ရှိခဲ့ရကြောင်း သိရသည်။

"နံနက် ၅နာရီခွဲ အချိန်လောက်ကပါ။ ကျွန်တော်အိပ်ရာထတဲ့အချိန်က အိမ်ဝင်းထဲမှာတွေ့လိုက်ရတာပါ ခြေရာကွက်စုစုပေါင်း(၁၄)ကွက်ပါ အားလုံးကတစ်တန်းတည်းပါ ခြေရာ ကွက်တစ်ကွက်ကို (၈)လက်မရှိပါတယ် ခြေလှမ်းကတစ်ကွက်နှင့် တစ်ကွက်ကို အကျယ် ၇ ပေ ၈ လက်မရှိပါတယ်။ ထူးဆန်းတာက အိမ်ခြံဝင်း အမြင့် ခြောက်ပေလေး လက်မ အကျယ် ၁၂ ပေရှိတဲ့ သံပန်းတံခါးကိုပိတ်ထားပါတယ်။ ခုန်ကျော်သွားတာမျိုးလည်း မတွေ့ရပါဘူး။ ခြေရာကွက်အားလုံးကလည်း အကွာအဝေးအတူတူရှိနေပြီး ခြေရာတွေက နံနက် ၁၁ နာရီအချိန်ထိ ရွှံ့ညွန်တွေ ပေကျံနေလို့ အကွက်အကွင်းလိုက်ရှိနေပါတယ်။ ဒါကြောင့် ရိုးရိုးကျားခြေရာတော့ မဖြစ်နိုင်တာမို့ နတ်ကျားခြေရာဖြစ်နိုင်ပါတယ်"ဟု မော်ဟန်ရွာဘူတာစုရပ်ကွက်နေ ဦးညွန့်မောင်၊ ဒေါ်လှလှညွန့် ဇနီးမောင်နှံတို့က ပြောသည်။ အဆိုပါနတ်ကျားဟုယူဆရသည်ဆိုသောနေရာသို့ ဒေသခံ စုစုပေါင်း ၁၀၀ ကျော်ခန့်က စိတ်ပါဝင်စားစွာဖြင့် လာရောက်လေ့လာခဲ့ကြကြောင်း သိရသည်။ **နီတိုး**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း　၁၉-၁-၂၀၁၇

ခင်ရတနာ-စုစည်းသည်။

ရွှေဈေးနှုန်း(အောင်သမာဓိ)

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၇၂၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၂၀၇၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၇၂၅၀၀ |

စက်သုံးဆီဈေးနှုန်း(တစ်လီတာဈေး) ရန်ကုန်

| | |
|---|---|
| ဒီဇယ် | ၆၉၀/၇၀၀ ကျပ် |
| အောက်တိန်း ၉၂ | ၇၀၀/၇၁၀ ကျပ် |
| အောက်တိန်း ၉၅ | ၇၄၀/၇၅၀ ကျပ် |
| ပရီမီယံဒီဇယ် | ၇၁၀/၇၂၀ ကျပ် |

နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၅၅ · ၀ |
| ဥရောပ | တစ်ယူရို | ၁၄၄၀ · ၃ |
| စင်ကာပူ | တစ်ဒေါ်လာ | ၉၄၈ · ၄၁ |
| ထိုင်း | တစ်ဘတ် | ၃၈ · ၂၃၄ |
| အိန္ဒိယ | တစ်ရူပီး | ၁၉ · ၈၇ |
| တရုတ် | တစ်ယွမ် | ၁၉၆ · ၃၆ |
| မလေးရှား | တစ်ရင်းဂစ် | ၃၀၃ · ၆၈ |

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်းများ - ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ သက်မွန်ဦး၊ ခြူးစန္ဒီရွှေ၊ ကလျာမိုးမြင့်
သတင်းထောက်မှူး - မြင့်ဆွေ
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း
mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS
နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၃၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချီရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

# မြန်မာနိုင်ငံ၏ လူ့အခွင့်အရေးဆိုင်ရာ ဖြစ်ပေါ်တိုးတက်မှု အခြေအနေများဆွေးနွေး

**နေပြည်တော် ဇန်နဝါရီ ၁၉**



ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များလေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ကုလသမဂ္ဂ၏ မြန်မာနိုင်ငံလူ့အခွင့်အရေး အခြေအနေဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ မစ္စရန်ဟီလီနှင့်အဖွဲ့အား ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်ရေးရာဆောင်(I-1) ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

ထိုသို့တွေ့ဆုံစဉ် မြန်မာနိုင်ငံ၏ လူ့အခွင့်အရေးဆိုင်ရာ ဖြစ်ပေါ်တိုးတက်မှု အခြေအနေ၊ ကလေးသူငယ်အခွင့်အရေး၊ အမျိုးသမီးအခွင့်အရေး၊ နိုင်ငံသားအခွင့်အရေးတို့နှင့် သက်ဆိုင်သည့် ဥပဒေဆိုင်ရာကိစ္စရပ်များ၊ ကော်မရှင်က ဆောင်ရွက်နေသည့် တည်ဆဲဥပဒေများကို လေ့လာဆန်းစစ် သုံးသပ်အကြံပြုခြင်းနှင့် ရေးဆွဲပြဋ္ဌာန်းရန် လိုအပ်သော ဥပဒေများအတွက် ဥပဒေကြမ်းများ ပေါ်ပေါက်ရေး ပူးပေါင်းဆောင်ရွက်ခြင်းဆိုင်ရာကိစ္စရပ်များ၊ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးတွင် Law Reform ၏ အရေးပါမှုကဏ္ဍတို့နှင့် စပ်လျဉ်း၍ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ ကော်မရှင်အဖွဲ့ဝင်များဖြစ်ကြသည့် ဦးကိုကိုနိုင်၊ ဦးစံရွှေအောင်၊ ဦးမြသိန်း၊ ဦးမြင့်နိုင်၊ ဒေါ်သန်းသန်းရီနှင့် ကော်မရှင်အတွင်းရေးမှူး ဦးခင်မောင်ထွန်းတို့ တက်ရောက်ကြသည်။

**(သတင်းစဉ်)**

# နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး ဆုံးဖြတ်ချက်ချမှတ်

**နေပြည်တော် ဇန်နဝါရီ ၁၉**

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ အားလုံးပါဝင်သော စုံညီခုံရုံးသည် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းသန်းနိုင်ပါ ၂၃ ဦးတင်သွင်းလာသည့် တင်သွင်းလွှာအမှတ် ၁/၂၀၁၆ ကို ယနေ့ နံနက် ၁၀နာရီတွင် ခုံရုံး ရုံးခန်းအမှတ်-၁၅ ဆုံးဖြတ်ချက်ချမှတ်သည်။

ယင်းဆုံးဖြတ်ချက်တွင် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းသန်းနိုင်ပါ ၂၃ ဦး၏ တင်သွင်းလွှာသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ -၃၂၂ ပုဒ်မခွဲ(က) ပါ ပြဋ္ဌာန်းချက်နှင့်ညီညွတ်ခြင်းမရှိသဖြင့် တင်သွင်းလွှာကိုပလပ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# အမျိုးသားပညာရေးမူဝါဒကော်မရှင်က ကော်မတီများ ဖွဲ့စည်း

**ရန်ကုန် ဇန်နဝါရီ ၁၉**

အမျိုးသားပညာရေးဥပဒေ (၂၀၁၅)ခုနှစ် အခန်း(၄)၊ ပုဒ်မ ၆(ခ)ပါ "အမျိုးသားပညာရေးရည်မှန်းချက်များ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် လိုအပ်သောအမျိုးသားသင်ရိုးညွှန်းတမ်းကော်မတီ၊ အမျိုးသားပညာရေး အဆင့်အတန်းနှင့် အရည်အသွေးအာမခံမှုအကဲဖြတ်ရေးကော်မတီ၊ ပုဒ်မ ၂၇ အရ ဖွဲ့စည်းသောကော်မတီ၊ အခြားလိုအပ်သော ကော်မတီ၊ ကောင်စီနှင့်အဖွဲ့များကို ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း"ဟူသော ပြဋ္ဌာန်းချက်များအရ အမျိုးသားပညာရေးမူဝါဒကော်မရှင်သည် ၂၀၁၇ ခုနှစ် ဇန်နဝါရီ ၁၆ ရက်တွင် အမျိုးသားပညာရေးအဆင့်အတန်းနှင့်အရည်အသွေးအာမခံမှု အကဲဖြတ်ရေးကော်မတီကို ဖွဲ့စည်းပြီးဖြစ်သည်။

အမျိုးသားပညာရေးအဆင့်အတန်းနှင့် အရည်အသွေးအာမခံမှု အကဲဖြတ်ရေးကော်မတီကို အဖွဲ့ဝင် ၂၀ ဖြင့် ဖွဲ့စည်းထားသည်။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ယခင်ဆေးသိပ္ပံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်(ငြိမ်း) ဒေါက်တာမောင်မောင်ဝင့်က ဥက္ကဋ္ဌ၊ ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာဇော်ဝင်းက အတွင်းရေးမှူးအဖြစ်ပါဝင်သည်။ အဖွဲ့ဝင် ၁၈ ဦးမှာ ပညာရေးဝန်ကြီးဌာန၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီး ဌာန၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနများရှိ တက္ကသိုလ်များမှ ကျွမ်းကျင်ပညာရှင်များ၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ မြန်မာနိုင်ငံဆေးကောင်စီ၊ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်တို့မှ ကျွမ်းကျင်ပညာရှင်များဖြင့် ဖွဲ့စည်းထားသည်။

ထို့ပြင် အမျိုးသားပညာရေးမူဝါဒကော်မရှင်သည် ၂၀၁၆ ခုနှစ် နိုဝင်ဘာ ၉ ရက်တွင် မြိတ်တက္ကသိုလ် ပါမောက္ခချုပ်(ငြိမ်း) ဒေါက်တာမြင့်ဆွေ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သည့် ဘာသာရပ်ကျွမ်းကျင်ပညာရှင် ၁၄ ဦး ပါဝင်သော အမျိုးသား သင်ရိုးညွှန်းတမ်း ကော်မတီကို ဖွဲ့စည်းပြီးဖြစ်ကြောင်းလည်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ သတ်မှတ်ကာလ လေးနှစ်အတွင်း လုပ်ကိုင်နိုင်စွမ်းမရှိသည့် မြေများကို အမှန်တကယ်လုပ်ကိုင်လိုသူများကို ဆက်လက်ချထားပေးသွားမည်

**နေပြည်တော် ဇန်နဝါရီ ၁၉**

စတုတ္ထအကြိမ် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဗဟိုကော်မတီ အစည်းအဝေးကို ယနေ့ နံနက် ၉ နာရီက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ဗဟိုကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ စီမံခန့်ခွဲရေး ဗဟိုကော်မတီဝင်များအနေဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများကို အသုံးပြု၍ စီးပွားဖြစ် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ဓာတ်သတ္တုထုတ်လုပ်ခြင်း၊ အစိုးရက ခွင့်ပြုထားသော ဥပဒေနှင့် ညီညွတ်သည့် အခြားလုပ်ငန်းများကို ထိရောက်မှန်ကန်စွာ အသုံးချစီမံဆောင်ရွက်နိုင်ရန် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေ၊ နည်းဥပဒေများနှင့်အညီ မူဝါဒချမှတ်နိုင်ရေးအတွက် ရင်းနှီးပွင့်လင်းစွာ ပါဝင်ဆွေးနွေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေး ဗဟိုကော်မတီဝင်များက ကဏ္ဍအလိုက် သုံးသပ်ဆွေးနွေးတင်ပြကြသည်။

မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဗဟိုကော်မတီမှ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၏ သဘောထားမှတ်ချက်နှင့်အညီ နိုင်ငံနှင့်အဝန်း မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်ရယူထားပြီး ကင်းလွတ်ခွင့်ကာလကုန်ဆုံးခဲ့သည့် မြေများအတွက် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှ စတင်ကောက်ခံနိုင်ရေး ပြည်ထောင်စုအစိုးရရုံးသို့ တင်ပြထားပြီးဖြစ်ကြောင်းနှင့် အစိုးရကာလအဆက်ဆက်က လုပ်ကိုင်ခွင့်ပြုမိန့်မျိုးစုံနှင့် မြေလွတ်၊မြေလပ်နှင့် မြေရိုင်းများအား နိုင်ငံနှင့်အဝန်း ဒေသအသီးသီးမှာ အကြောင်းအမျိုးမျိုးဖြင့် ရယူထားခဲ့ပြီး သတ်မှတ်ကာလ လေးနှစ်အတွင်း လုပ်ကိုင်နိုင်စွမ်းမရှိသည့် မြေများကို အမှန်တကယ် လုပ်ကိုင်လိုသူ တောင်သူလယ်သမားများ၊ လုပ်ငန်းရှင်များ၊ စိုက်ပျိုးရေး၊ မွေးမြူရေးဆိုင်ရာ ရင်းနှီးမြှုပ်နှံမှု ဆောင်ရွက်လိုသူများနှင့် ဒေသအသီးသီးရှိ ဒေသခံ လယ်မဲ့၊ ယာမဲ့ တောင်သူလယ်သမားများသို့ လုပ်ကိုင်နိုင်ရန် ဆက်လက်ချထားပေးနိုင်ရေး စီမံဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု အားပေးမြှင့်တင်ရေးလုပ်ငန်းကော်မတီ၏ ပထမအကြိမ် လုပ်ငန်းညှိနှိုင်းစည်းဝေး

**နေပြည်တော် ဇန်နဝါရီ ၁၉**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၌ ယနေ့မွန်းလွဲ ၂ နာရီက ကျင်းပသည့် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု အားပေးမြှင့်တင်ရေးလုပ်ငန်းကော်မတီ၏ ပထမအကြိမ်လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ လုပ်ငန်းကော်မတီဥက္ကဋ္ဌ အမြဲတမ်းအတွင်းဝန် ဦးတိုးအောင်မြင့်က တက်ရောက်အမှာစကားပြောကြားသည်။

ထိုသို့ ပြောကြားရာတွင် ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီကို ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး မူဘောင်ပါကိစ္စရပ်များအား ပိုမိုထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်စေရန်အတွက် ဒုတိယသမ္မတ(၁)မှ ဥက္ကဋ္ဌ တာဝန်ယူ၍ နိုင်ငံတော်သမ္မတရုံးမှ ၂၀၁၆ ခုနှစ် အောက်တိုဘာလတွင် ဖွဲ့စည်းပေးခဲ့ကြောင်း၊ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးရေးအတွက် အဓိက မဏ္ဍိုင်ငါးရပ်ကို အခြေတည်ပြီး လုပ်ငန်းကော်မတီ ငါးခုအား ထပ်မံဖွဲ့စည်းခဲ့ကြောင်း၊ ယင်းကော်မတီ ငါးရပ်မှ ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှု အားပေးမြှင့်တင်ရေးမဏ္ဍိုင်ကို အကောင်အထည်ဖော်ရန် ဖွဲ့စည်းထားသည့် ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှု အားပေးမြှင့်တင်ရေးလုပ်ငန်း ကော်မတီ၏ ပထမအကြိမ် အစည်းအဝေးဖြစ်ကြောင်း။

**ပေါင်းစပ်ညှိနှိုင်းဆွေးနွေး**

လုပ်ငန်း ကော်မတီအနေဖြင့် ပုဂ္ဂလိက ကုန်သည်လုပ်ငန်းရှင်များနှင့် တွေ့ဆုံညှိနှိုင်းသည့် အစည်းအဝေးကို တစ်လလျှင် အနည်းဆုံးတစ်ကြိမ် ကျင်းပသွားမည်ဖြစ်ကြောင်း၊ ကော်မတီ၏ ဥက္ကဋ္ဌ ဒုတိယသမ္မတ(၁)က မြန်မာစီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံပြီး လုပ်ငန်းရှင်များ၏ တင်ပြချက်များကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာ ဝန်ကြီးဌာနများသို့ ဖြန့်ဝေပေးပြီးဖြစ်ကြောင်း၊ ကော်မတီ၏ ဒုတိယဥက္ကဋ္ဌဖြစ်သော စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဦးဆောင်၍ ကုန်သွယ်မှုပြုလုပ်ရာတွင် အခက်အခဲများဖြစ်သည့် ရေထွက်ပစ္စည်း တင်ပို့မှုများ၊ နှမ်းတင်ပို့သူများ၊ ပဲပင်ပေါက် (Bean Sprout) တင်ပို့ရာတွင် မသုံးသင့်သည့် ပိုးသတ်ဆေးအကြွင်းအကျန်များ ထွက်ပေါ်နေခြင်းကြောင့် ပြည်ပမှ ပိုးသတ်ဆေးတင်သွင်းသည့် လုပ်ငန်းရှင်များ၊ အသင်းအဖွဲ့အစည်းများနှင့် တွေ့ဆုံ၍ တောင်သူများ၏ အခက်အခဲများကို ပေါင်းစပ်ညှိနှိုင်းဆွေးနွေးခဲ့ကြောင်း၊ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး မူဘောင်နှင့် လုပ်ငန်းစီမံချက်ပါ ကာလတို/ကာလရှည် လုပ်ငန်းများအား ကြီးကြပ်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ UMFCCI နှင့် ညီနောင်အသင်းအဖွဲ့များနှင့် လုပ်ငန်းကော်မတီဝင်များက မိမိတို့သက်ဆိုင်သည့် ကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြပြီး ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များအား အတည်ပြု ဆုံးဖြတ်ခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

*** ရှေ့ဖုံးမှ**

လမ်းဦးစီးဌာနက ဖောက်လုပ်လျက်ရှိပြီး အဆိုပါလမ်းတွင် တံတားပေါင်း ၁၂ စင်း ဆောက်လုပ်သွားမည်ဖြစ်ကြောင်း၊ ယခုနှစ်တွင် ပန်ဇင်းချောင်းတံတား အပါအဝင် တံတားခြောက်စင်းဆောက်လုပ်ပြီးစီးမည်ဖြစ်ကြောင်း၊ ကျန်သည့် တံတားခြောက်စင်းကို လာမည့် ဘတ်ဂျက်တွင် လျာထားကြောင်း၊ ယင်းတံတားများတွင် ပန်ဇင်းချောင်းတံတားကြီးသည် အကြီးဆုံးတံတားဖြစ်ကြောင်း သိရသည်။

အဆိုပါပန်ဇင်းချောင်းတံတားသည် နယ်စပ်မြို့တော် မောင်တောမြို့မှ ဘူးသီးတောင်-ရသေ့တောင်၊ ရသေ့တောင်မှ ပုဏ္ဏားကျွန်းအထိ ဖောက်လုပ်လျက်ရှိသည့် လမ်းပေါ်တွင် ဆောက်လုပ်ခြင်းဖြစ်သည်။

"ပုဏ္ဏားကျွန်းမှ ရသေ့တောင်ကြားမှာရှိတဲ့ တံတားတွေကို တံတားအထူးဖွဲ့(၈) ကနေ ဆောင်ရွက်နေပါတယ်။ ဒီလမ်းက မောင်တော၊ ဘူးသီးတောင်ကနေ ပုဏ္ဏားကျွန်းအထိ ဖောက်လုပ်နေတာဖြစ်ပါတယ်။။ အဲဒီလမ်းပေါက်ပြီဆိုရင် စစ်တွေအထိ ရောက်ရှိမှာဖြစ်ပါတယ်။ ဘူးသီးတောင်မြို့ကတော့ အဓိကအချက်အချာကျမယ့် နေရာဖြစ်လာမှာပါ"ဟု လမ်းဖောက်လုပ်မှုအစီအစဉ်နှင့် ပတ်သက်ပြီး ဒေါ်စုစုမာက ပြောသည်။

အဆိုပါပန်ဇင်းချောင်းတံတားကို လာမည့် ဖေဖော်ဝါရီလ ပြည်ထောင်စုနေ့တွင် ဖွင့်လှစ်ရန်စီစဉ်ထားကြောင်း ဆောက်လုပ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

အဆိုပါပန်ဇင်းချောင်းတံတားကို ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာန တည်ဆောက်ရေးအဖွဲ့-၂ တံတားအထူးဖွဲ့(၈)က တာဝန်ယူပြီး ၂၀၁၅ ခုနှစ် ဧပြီလက စတင်အကောင်အထည်ဖော် တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး တံတားအရှည်မှာ ပေ ၉၆၀၊ အကျယ်မှာ စုစုပေါင်း ပေ ၃၀ ရှိကြောင်း၊ ရေလမ်းကင်းလွတ်အကျယ် ပေ ၉၀၊ ရေလမ်းကင်းလွတ်အမြင့် ၁၉ ပေခွဲ၊ တံတားခံနိုင်ဝန်မှာ ပေ ၆၀၊ ဘူးသီးတောင်ဘက်ခြမ်း ချဉ်းကပ်လမ်းအရှည် ၅၆၅ ပေ၊ ရသေ့တောင်ဘက်ခြမ်း အရှည် ၇၇၅ ပေ ရှိကာ တံတားအမျိုးအစားမှာ သံကူကွန်ကရစ်တံတားဖြစ်ကြောင်း၊ စီမံကိန်းအတွက် စုစုပေါင်းကုန်ကျငွေမှာ ငွေကျပ်သန်းပေါင်း ၄၀၁၀ ဖြစ်ကြောင်း သိရသည်။

ရခိုင်ပြည်နယ် မောင်တောဒေသသည် နယ်စပ်မြို့တစ်မြို့ဖြစ်ပြီး လက်ရှိတွင် ရေလမ်းကြောင်းကိုသာ ဒေသခံပြည်သူများ အဓိကအားထားသွားလာနေကြသည်။ ပန်ဇင်းချောင်းတံတားပြီးစီးသွားပါက ဒေသခံပြည်သူများ ကုန်းတွင်းလမ်းအဖြစ် သွားလာနိုင်မည်ဖြစ်သည့်အတွက် ကုန်စည်စီးဆင်းမှုနှင့် ကူးလူးသွားလာမှုတို့တွင် များစွာအထောက်အကူပြုလာမည်ဖြစ်သည်။ ထို့အပြင် မောင်တောမြို့၏ အဓိကထွက်ပေါက်လမ်းတစ်လမ်းဖြစ်လာမည့် မောင်တော-ဘူးသီးတောင်-ရသေ့တောင်-ပုဏ္ဏားကျွန်းလမ်းမှတစ်ဆင့် စစ်တွေ-ရန်ကုန်လမ်းပိုင်းသို့ ဆက်သွယ်ရာတွင် အဆိုပါပန်ဇင်းချောင်းတံတားသည် အဓိကအရေးပါသည့် တံတားတစ်စင်းဖြစ်လာမည် ဖြစ်သည်။

# ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များဆိုင်ရာ ဆွေးနွေးပို့ချမှုသင်တန်း(၁/၂၀၁၇) ဖွင့်

**နေပြည်တော် ဇန်နဝါရီ ၁၉**

ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များဆိုင်ရာ ဆွေးနွေးပို့ချမှုသင်တန်း (Peace Process Orientation Course) (၁/၂၀၁၇) ဖွင့်ပွဲကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန၌ ကျင်းပသည်။ **(ယာပုံ)**

ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များဆိုင်ရာ ဆွေးနွေးပို့ချမှုသင်တန်း (Orientation Course) ဖွင့်ပွဲတွင် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့်ငြိမ်းချမ်းရေးဗဟိုဌာန ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေက မိမိတို့နိုင်ငံတွင် ပြည်တွင်း လက်နက်ကိုင်ပဋိပက္ခများ ဖြစ်ပွားခဲ့သည်မှာ နှစ်ပေါင်း ၇၀ နီးပါးရှိခဲ့ပြီဖြစ်ပါကြောင်း၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ တစ်လျှောက်လုံး ပြောဆိုလာခဲ့သည်မှာ နိုင်ငံရေးပြဿနာများကို နိုင်ငံရေးနည်းဖြင့် မဖြေရှင်းနိုင်ခဲ့သည့်အတွက် တိုက်ပွဲများဖြစ်နေရသည်ဟု ဆိုပါကြောင်း၊ အမြဲတမ်းတောင်းဆိုခဲ့သည်မှာလည်း နိုင်ငံရေးဆွေးနွေးပွဲများဖြစ်ပါကြောင်း၊ နိုင်ငံရေးပြဿနာများကို နိုင်ငံရေးနည်းဖြင့် ဖြေရှင်းနိုင်ရန်နှင့် တိုင်းရင်းသားများ အစဉ်တစိုက်တောင်းဆိုခဲ့သည့် နိုင်ငံရေးဆွေးနွေးပွဲများ ကျင်းပနိုင်ရန် ရည်ရွယ်ပြီး ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံကို ဆောင်ရွက်ခဲ့ပါကြောင်း။

နှစ်ပေါင်းများစွာ ဖြစ်ပွားခဲ့သည့် လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းရန်အတွက် တစ်ခုတည်းသောအဖြေသည် လက်ရှိမြန်မာနိုင်ငံနှင့် လိုက်လျောညီထွေဖြစ်ပြီး ထိထိရောက်ရောက် လက်တွေ့အကောင်အထည်ဖော်နိုင်မည့် ဖက်ဒရယ်စနစ်ပင်ဖြစ်ပါကြောင်း၊ ယင်းကို အားလုံးက လက်ခံထားပြီးဖြစ်ပါကြောင်း၊ ဖက်ဒရယ်စနစ်ကို ညှိနှိုင်းဆွေးနွေးရန် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံသည် တစ်ခုတည်းသောနိုင်ငံရေး စားပွဲဝိုင်းဖြစ်ပါကြောင်း။

ဖက်ဒရယ်ဆိုလျှင် ဖက်ဒရေးရှင်း၊ တစ်ပြည်ထောင်၊ ဖက်ဒရယ်စနစ်တစ်ခုစီမှာကိုပဲ မူကွဲ၊ အသွင်ကွဲများ များစွာရှိနေပါကြောင်း၊ မြန်မာနိုင်ငံအတွက် အသင့်လျော်ဆုံး ဖက်ဒရယ်ဟာ ဘယ်လိုမျိုးလဲဆိုတာကို ညီလာခံတွင် ဆွေးနွေးညှိနှိုင်းကြရမည်ဖြစ်ပါကြောင်း၊ လက်ရှိငြိမ်းချမ်းရေးဖြစ်စဉ်သည် အစဉ်အဆက်ကြိုးပမ်းဆောင်ရွက်ခဲ့ခြင်းများ၊ တွေ့ကြုံခဲ့ရသည့် အခက်အခဲများ၊ ကျယ်ပြန့်လှသည့် နိုင်ငံရေးပြဿနာများကိုအခြေခံပြီး ပေါ်ပေါက်လာခဲ့ခြင်းဖြစ်ပါကြောင်း၊ ယင်းပြဿနာများကိုနားလည်ပြီး ဖြေရှင်းနိုင်ရန် မည်သို့ကြိုးပမ်းဆောင်ရွက်နေသည် ဆိုသည်ကို Orientation Course ပြီးသည့်အခါ သိရှိလာကြမည်ဖြစ်ပါကြောင်း။

ယခု Orientation Course တွင် လက်ရှိ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်၏ အခြေခံဖြစ်သည့် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ သဘောတူစာချုပ် (Nationwide Ceasefire Agreement-NCA) နှင့် နိုင်ငံရေးဆွေးနွေးမှုဘောင်၊ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲဆိုင်ရာ လုပ်ငန်းလမ်းညွှန်များ၊ ညီလာခံအတွင်း စေ့စပ်ညှိနှိုင်းမှုများ မည်သို့လုပ်ဆောင်ကြမည်၊ နိုင်ငံရေး ဆွေးနွေးညှိနှိုင်းကြသည့်အခါ မည်သို့ လုပ်ဆောင်ကြမည်ဆိုသည်ကို ရှင်းလင်းသွားရန် စီစဉ်ထားပါကြောင်း၊ နိုင်ငံရေးဆွေးနွေးပွဲတွင် နိုင်ငံရေးကဏ္ဍ၊ စီးပွားရေးကဏ္ဍ၊ လူမှုရေးကဏ္ဍ၊ လုံခြုံရေးကဏ္ဍနှင့် မြေယာနှင့်သဘာဝပတ်ဝန်းကျင် ကဏ္ဍဟူ၍ ကဏ္ဍကြီးငါးခု ခွဲခြားထားပါကြောင်း၊ ကဏ္ဍအလိုက် Negotiate ဘယ်လိုလုပ်မည်၊ Decision ဘယ်လို ချမှတ်ကြမည်၊ ဆွေးနွေးပွဲများတွင် Deadlock ဖြစ်ပါက ဘယ်လိုလုပ်ကြမည်ဆိုသည့် ကိစ္စရပ်များကို အားလုံးနားလည် သဘောပေါက်အောင် နည်းပြများအဖြစ် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် လက်တွေ့ပါဝင်ဆောင်ရွက်နေသည့် ပုဂ္ဂိုလ်များကို အဓိကထားပြီး ရွေးချယ်ထားပါကြောင်း ပြောကြားသည်။




ယနေ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များဆိုင်ရာ ဆွေးနွေးပို့ချမှုသင်တန်း (Orientation Course) ပထမနေ့တွင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်က တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ သဘောတူစာချုပ် (NCA)ဖြစ်ပေါ်လာပုံ အဆင့်ဆင့်ကိုလည်းကောင်း၊ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီအတွင်းရေးမှူး ဗိုလ်မှူးကြီး ဝဏ္ဏအောင်က ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC)နှင့် ၎င်း၏လုပ်ငန်းတာဝန်များကိုလည်းကောင်း၊ ငြိမ်းချမ်းရေးကော်မရှင်အဖွဲ့ဝင် ဦးလှမောင်ရွှေက နိုင်ငံရေးဆွေးနွေးပွဲ မူဘောင်နှင့်ပတ်သက်၍လည်းကောင်း၊ ဆရာဦးကျော်ဝင်းက ဖက်ဒရယ်စနစ်နှင့်ပတ်သက်၍လည်းကောင်း ဆွေးနွေးဟောပြောခဲ့သည်။

ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များဆိုင်ရာ ဆွေးနွေးပို့ချမှုသင်တန်းသို့ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများ ကနဦးရွှေ့ပြေးကျင်းပမည့် နေရာဒေသများမှ ကြီးကြပ်မှုကော်မတီဝင်များ၊ အမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးပွဲများ ကျင်းပရန် အဆင်သင့်မဖြစ်သေးသော ပြည်နယ်များမှ ကြီးကြပ်မှုကော်မတီဝင်လျာထားသူများ၊ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံသို့ တက်ရောက်ဆွေးနွေးမည့် အစိုးရကိုယ်စားလှယ်များ၊ အစိုးရအဖွဲ့ တိုင်းရင်းသားကိုယ်စားလှယ်များနှင့် အစိုးရအစုအဖွဲ့အကျိုးဆောင်များ တက်ရောက်ကြသည်။

ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များဆိုင်ရာ ဆွေးနွေးပို့ချမှုသင်တန်း (Peace Process Orientation Course) (၁/၂၀၁၇)ကို ဇန်နဝါရီ ၁၉ ရက်မှ ၂၁ ရက်အထိ သုံးရက်ကြာ ပို့ချသွားမည်ဖြစ်ပြီး ဇန်နဝါရီ ၂၀ ရက်နှင့် ၂၁ ရက်တွင် ငြိမ်းချမ်းရေးဖြစ်စဉ်အခြေအနေနှင့် စုဖွဲ့မှုများ၊ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးမှုလုပ်ငန်းလမ်းညွှန်များ၊ အမျိုးသားအဆင့် ဆွေးနွေးပွဲများနှင့် လုပ်ငန်းလမ်းညွှန်များ၊ ညီလာခံအတွင်းဆွေးနွေးစေ့စပ်ညှိနှိုင်းမှု အကြောင်းအရာများကို ရှင်းလင်းဆွေးနွေးသွားမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# ကုလသမဂ္ဂ၏ မြန်မာနိုင်ငံလူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ မစ္စရန်ဟီလီ ပြည်ထောင်စုဝန်ကြီးများ၊ လွှတ်တော်ကော်မတီအသီးသီးမှ အဖွဲ့ဝင်များနှင့်သီးခြားစီတွေ့ဆုံ

**နေပြည်တော် ဇန်နဝါရီ ၁၉**

ကုလသမဂ္ဂ၏မြန်မာနိုင်ငံလူ့အခွင့်အရေး အခြေအနေဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ မစ္စရန်ဟီလီသည် ပြည်ထောင်စုဝန်ကြီးများ၊ လွှတ်တော်ကော်မတီအသီးသီးမှ အဖွဲ့ဝင်များနှင့် ယနေ့တွင် နေပြည်တော်၌ သီးခြားစီတွေ့ဆုံသည်။



နိုင်ငံတော် အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေနှင့်တွေ့ဆုံစဉ် ငြိမ်းချမ်းရေးဖော်ဆောင်မှုကိစ္စနှင့် ရခိုင်ပြည်နယ်အတွင်းလိုအပ်သည့် လူသားချင်းစာနာထောက်ထားမှုအကူအညီများ ဖြန့်ဝေမှုအခြေအနေတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးကြသည်။ **(အောက်ပုံ)**

တိုင်းရင်းသား လူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်နှင့်တွေ့ဆုံစဉ် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဆိုင်ရာ တိုးတက်မှုအခြေအနေများ၊ တိုင်းရင်းသားဒေသများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်မှုများနှင့်စပ်လျဉ်း၍ ဆွေးနွေးကြသည်။

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီအဖွဲ့ဝင်များနှင့် တွေ့ဆုံစဉ် လူ့အခွင့်အရေးဆိုင်ရာကိစ္စရပ်များ၊ အမျိုးသမီးနှင့် ကလေးသူငယ်အခွင့်အရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးကြသည်။

အမျိုးသားလွှတ်တော်နိုင်ငံသားများ၏မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာကော်မတီအဖွဲ့ဝင်များနှင့် တွေ့ဆုံစဉ် နိုင်ငံသားများ၏ မူလအခွင့်အရေးဆိုင်ရာကိစ္စရပ်များ၊ လူ့အခွင့်အရေးဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးကြသည်။

အမျိုးသားလွှတ်တော် အမျိုးသမီးနှင့် ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ကော်မတီအဖွဲ့ဝင်များနှင့် တွေ့ဆုံစဉ် အမျိုးသမီးများအား အကြမ်းဖက်မှု ကာကွယ်ရေးဥပဒေနှင့် ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ဥပဒေအတည်ပြုပြဋ္ဌာန်းနိုင်ရေး ဆောင်ရွက်နေမှုများနှင့် စပ်လျဉ်း၍ ဆွေးနွေးကြသည်။

ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီအဖွဲ့ဝင်များနှင့် တွေ့ဆုံစဉ် ဥပဒေပြုရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ နိုင်ငံတကာစံချိန်စံညွှန်းများနှင့် ကိုက်ညီမှုရှိစေရေး၊ ခေတ်စနစ်နှင့် ကိုက်ညီမှုရှိစေရေး၊ ဆောင်ရွက်နေဆဲ ဥပဒေကြမ်းများနှင့် စပ်လျဉ်း၍ ဆွေးနွေးကြသည်။

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန်(သတ္တုရေးရာ)၊ အမြဲတမ်းအတွင်းဝန် (သစ်တောရေးရာ)တို့နှင့် တွေ့ဆုံစဉ် မြန်မာနိုင်ငံ တွင်းထွက် သယံဇာတအရင်းအမြစ် တူးဖော်ထုတ်လုပ်ရေးလုပ်ငန်းများ၊ ပွင့်လင်းမြင်သာမှုဖော်ဆောင်ရေး (EITI) လုပ်ငန်းများနှင့် ပတ်သက်၍ ဆောင်ရွက်နေမှုအခြေအနေများ၊ မြေယာအခွင့်အရေးများအား စီမံဆောင်ရွက်ပေးမှု အခြေအနေများ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် အလုပ်သမားအခွင့်အရေး ကာကွယ်စောင့်ရှောက်ရေးတို့ကို ဆောင်ရွက်နိုင်မည့် ရင်းနှီးမြှုပ်နှံမှုများ၊ စီမံကိန်းများ အကောင်အထည်ဖော်နေမှုများကို ဆွေးနွေးကြသည်။

**(သတင်းစဉ်)**

❖ *ရှေ့ဖုံးမှ*

ကင်းဝေးရန်အတွက် လူအားလုံးဆေးကျွေးခြင်းလုပ်ငန်းကို မကွေးတိုင်းဒေသကြီး သရက်ခရိုင်နှင့် မင်းဘူးခရိုင်တို့၌ စတင်ဆောင်ရွက်ခဲ့ပြီး ၂၀၁၂ ခုနှစ်အထိ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့အပါအဝင် ခရိုင်ပေါင်း ၂၂ ခရိုင်တွင် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ၂၀၁၃ ခုနှစ်တွင် တိုင်းဒေသကြီးငါးခု၊ ပြည်နယ်နှစ်ခုတို့အတွင်းရှိ မြို့နယ်များကိုပါ တိုးချဲ့ဆောင်ရွက်နိုင်ခဲ့ကြောင်း။

၂၀၁၅ ခုနှစ်အတွက် နေပြည်တော်၊ တိုင်းဒေသကြီး ခုနစ်ခု၊ ပြည်နယ်သုံးခုတို့တွင်ရှိကြသော လူဦးရေ ၃၃ ဒသမ ၈သန်းကို လွှမ်းခြုံနိုင်အောင် ဆောင်ရွက်ခဲ့ရခြင်းဖြစ်သည့်အတွက် အားနည်းချက်၊ အားသာချက်များရှိခဲ့ကြောင်း၊ မိမိတို့စီမံချက်များ အောင်မြင်အောင် ဆောင်ရွက်နိုင်ရန်အတွက်လည်း တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ တာဝန်ရှိသူများနှင့် တက်ရောက်လာကြသူများ အားလုံးအနေဖြင့်လည်း ပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းလိုကြောင်း၊ ၂၀၁၆ ခုနှစ် လူအားလုံး ဆေးကျွေးခြင်းလုပ်ငန်းအတွက် နိုင်ငံတော်မှ ငွေကျပ် ၁၉၂ ဒသမ ၅ သန်းကို ထောက်ပံ့ပေးခဲ့ပြီး လိုအပ်သောဆေးများကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ဆေးအလှူရှင်များ ရရှိအောင် စီမံဆောင်ရွက်ပေးခဲ့ကြောင်း၊ လုပ်ငန်းစတင်ဆောင်ရွက်ခဲ့သည့် ၂၀၀၁ ခုနှစ်တွင် ဆင်ခြေထောက်ရောဂါအမြစ်တွယ်သည့် ခရိုင်စုစုပေါင်း ၄၇ ခုရှိခဲ့ပြီး ယခုအခါ အချို့သောတိုင်းဒေသကြီးအတွင်းရှိ ခရိုင်၊ မြို့နယ်များတွင် ဆင်ခြေထောက်ရောဂါကင်းဝေးသည့် ခရိုင်များဖြစ်လာခဲ့ပြီးဖြစ်ကြောင်း၊ ဆင်ခြေထောက်ရောဂါကင်းဝေးရေး လူအားလုံးဆေးကျွေးခြင်းလုပ်ငန်းကို ၂၀၁၇ ခုနှစ် ဇန်နဝါရီ ၂၀ ရက်မှ ၂၉ ရက်အထိ တိုက်ကျွေးသွားမည်ဖြစ်ကြောင်း၊ "၂၀၂၀ ခုနှစ်တွင် ဆင်ခြေထောက်ရောဂါကင်းဝေးရေး" ရည်မှန်းချက်ဆောင်ရွက်ရာတွင်လည်း ကူညီခဲ့သူများအားလုံးကို ကျေးဇူးတင်ရှိကြောင်းနှင့် မြန်မာနိုင်ငံဆင်ခြေထောက်ရောဂါကင်းဝေးရန်အတွက် ဆေးသောက်ရမည့် ဦးတည်အုပ်စုတွင် ပါဝင်သူများ အားလုံးတိုက်ကျွေးမည့် ဆေးများကို ယုံယုံကြည်ကြည် အမှန်တကယ်သောက်သုံးကြရန်နှင့် ယခုလုပ်ဆောင်ကြမည့် စီမံချက်လုပ်ငန်းများ အောင်မြင်စွာ ဆောင်ရွက်နိုင်ရန်အတွက်လည်း အားလုံးပူးပေါင်း ဆောင်ရွက်သွားကြရန် တိုက်တွန်းလိုကြောင်း ပြောကြားခဲ့သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ မန္တလေးမြို့တော်ဝန်၊ တိုင်းဒေသကြီးစည်ပင်သာယာရေးဝန်ကြီးနှင့် ကျန်းမာရေးဦးစီးဌာနမှတာဝန်ရှိသူများအား ဆရာဝန်ဒေါက်တာတင့်ဝေက ဆင်ခြေထောက်ရောဂါကင်းဝေးရေး လူအားလုံးဆေးကျွေးခြင်းလုပ်ငန်းနှင့်ပတ်သက်၍ သိကောင်းစရာများကို ပရိုဂျက်တာဖြင့် အသေးစိတ်ရှင်းလင်းတင်ပြကာ တက်ရောက်လာကြသူများက ဆင်ခြေထောက်ရောဂါနှင့်ပတ်သက်သောအကြောင်းအရာများကို မေးမြန်းခြင်းနှင့် အကြံပြုဆွေးနွေးတင်ပြခြင်းများဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

# ကြားဖြတ်ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်မည့် လွှတ်တော်ကိုယ်စားလှယ်လောင်းများအတွက် မဲဆွယ်စည်းရုံးရေးဆိုင်ရာ သင်တန်းဖွင့်လှစ်

**ရန်ကုန် ဇန်နဝါရီ ၁၉**

ကြားဖြတ်ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်မည့် လွှတ်တော်ကိုယ်စားလှယ်လောင်းများအတွက် မဲဆွယ်စည်းရုံးရေးဆိုင်ရာ သင်တန်းဖွင့်ပွဲကို ယနေ့ နံနက် ၉ နာရီတွင် ရန်ကုန်မြို့ရှိ MiCasa ဟိုတယ်၌ ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အတွင်းရေးမှူး ဦးတင်ထွန်းက မဲဆွယ်စည်းရုံးရေးသည် ဒီမိုကရေစီနည်းကျရွေးကောက်ပွဲများ၏ အရေးကြီးသည့် အစိတ်အပိုင်းဖြစ်ပါကြောင်း၊ ဒီမိုကရေစီစနစ်ဆိုသည်မှာ ပါတီများကြား၊ ကိုယ်စားလှယ်လောင်းများကြား တည်ရှိလာမည့် သို့မဟုတ် တည်ရှိနေသည့် ယှဉ်ပြိုင်မှုများကို စနစ်တကျ ထိန်းသိမ်းပေးနိုင်ပြီး ကောင်းမွန်သည့် ထိန်းညှိမှုများကို ဖန်တီးပေးနိုင်သည့် စနစ်တစ်ခုဖြစ်ပါကြောင်း၊ ထိုသို့ ယှဉ်ပြိုင်မှုများ ဖြစ်ပေါ်လာသည့်အချိန်မှာ မဲဆွယ်စည်းရုံးရေးကာလ ဖြစ်ပါကြောင်း။

မဲဆွယ်စည်းရုံးရေးသည် ဒီမိုကရေစီနည်းကျ ရွေးကောက်ပွဲများ၏ အရေးကြီးသည့်အစိတ်အပိုင်းဖြစ်သည့်အတွက် ယနေ့ ဖွင့်လှစ်သည့် လွှတ်တော်ကိုယ်စားလှယ်လောင်းများအတွက် မဲဆွယ်စည်းရုံးရေးဆိုင်ရာ သင်တန်းပို့ချဆွေးနွေးခြင်းသည် အရေးကြီးသည့် သင်တန်းတစ်ခုဖြစ်ပါကြောင်း။

ဒီမိုကရေစီစနစ်သည် ငြိမ်းချမ်းစွာ မတူကွဲပြားနိုင်ရေးကို ရှေးရှုပြီး နိုင်ငံရေးပါတီများကြား ယှဉ်ပြိုင်မှုဆိုင်ရာ မူဘောင်တစ်ခုနှင့်ပတ်သက်၍ သဘောတူညီမှုတစ်ခုရယူခြင်းဖြစ်သည်ဟု နိုင်ငံရေးသိပ္ပံပညာရှင်များက လက်ခံထားပါကြောင်း၊ ဒီမိုကရေစီနည်းကျ ယှဉ်ပြိုင်မှုတွင် စည်းမျဉ်းစည်းကမ်းများ တည်ရှိရန် လိုအပ်ပါကြောင်း၊ သို့မှသာ ယှဉ်ပြိုင်သူများအကြား မလျော်ကန်သော နည်းလမ်းများဖြင့် အခွင့်အရေးရယူခြင်း၊ လှည့်ဖြားခြင်းနှင့် ကျင့်ဝတ်ဖောက်ဖျက်ခြင်းများကို ကာကွယ်တားဆီးနိုင်မည်ဖြစ်ပါကြောင်း။

ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်ရှိသည့် ကိုယ်စားလှယ်လောင်းများအတွက် ဥပဒေအရ ပေးထားသည့်အခွင့်အရေးများ ရှိပါကြောင်း၊ ထို့အတူ မဲဆွယ်စည်းရုံးခြင်းနှင့် ပတ်သက်သည့် အခွင့်အရေးများကိုလည်း ပြဋ္ဌာန်းထားပါကြောင်း၊ အခွင့်အရေးများနှင့်အတူ တာဝန်ဝတ္တရားများလည်း ပါရှိလာပါကြောင်း၊ မဲဆွယ်စည်းရုံးသည့်ကာလအတွင်း ကိုယ်စားလှယ်လောင်းများ အနေဖြင့် မိမိတို့နိုင်ငံ၏ ဒီမိုကရေစီစနစ်ကို အခြားနိုင်ငံများက အတုယူလေးစားဖွယ်ဖြစ်အောင် ဆောင်ရွက်ရန် အခွင့်အရေး ရရှိနိုင်ပါကြောင်း၊ ထို့ကြောင့် ကျင့်ဝတ်နှင့်မညီသည့် မဲဆွယ်စည်းရုံးခြင်းများနှင့် မဲဆွယ်စည်းရုံးစရိတ် အသုံးပြုခြင်းများကို ရှောင်ရှားရမည်ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

၂၀၁၇ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲအကြို လွှတ်တော်ကိုယ်စားလှယ်လောင်းများအတွက် မဲဆွယ်စည်းရုံးရေးဆိုင်ရာ သင်တန်းကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ Danish Institute for Parties and Democracy (DIPD) နှင့် Institute for Democracy and Electoral Assistance (IDEA) တို့မှ ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်ပြီး သင်တန်းတွင် ကြားဖြတ်ရွေးကောက်ပွဲ၌ ပါဝင်ယှဉ်ပြိုင်ကြမည့် ပါတီ ၂၄ ပါတီမှ ကိုယ်စားလှယ်လောင်းများနှင့် တစ်သီးပုဂ္ဂလ ကိုယ်စားလှယ်လောင်းများ စုစုပေါင်း ၇၀ တက်ရောက်ကြသည်။

အဆိုပါသင်တန်းတွင် ကော်မရှင်အတွင်းရေးမှူး ဦးတင်ထွန်း၊ ရန်ကုန်တိုင်းဒေသကြီး ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင် ဒေါ်ညိုညိုနှင့် IDEA မှ ဦးပြည့်စုံတို့က ၂၀၁၇ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲနှင့် သက်ဆိုင်သည့် အချိန်ဇယားများ၊ လုပ်ငန်းများနှင့်လုပ်ငန်းများဆောင်ရွက်နေသည့် နောက်ဆုံးအခြေအနေများနှင့် စပ်လျဉ်း၍လည်းကောင်း၊ မဲဆွယ်စည်းရုံးရေးနှင့် သက်ဆိုင်သည့် ဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ ဆောင်ရွက်ဖွယ်ရာများနှင့် စပ်လျဉ်း၍လည်းကောင်း၊ မဲဆွယ်စည်းရုံးရေး အသုံးစရိတ်နှင့်စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းဆွေးနွေးကြသည်။

ထို့ပြင် မဲဆွယ်စည်းရုံးရေးနှင့်စပ်လျဉ်း၍ ထွက်ပေါ်လာနိုင်သည့် စိန်ခေါ်မှုများအား ဖော်ထုတ်ခြင်း၊ ကျင့်ဝတ်နှင့်ညီသော မဲဆွယ်စည်းရုံးမှုဆောင်ရွက်ခြင်းနှင့် ရွေးကောက်ပွဲများအပြီး ရွေးကောက်ပွဲအငြင်းပွားမှုဖြေရှင်းခြင်း၊ ရွေးကောက်ပွဲကုန်ကျစရိတ် စာရင်းတင်သွင်းခြင်းနှင့် ရွေးကောက်ပွဲအတွေ့အကြုံများမှ သင်ယူခြင်း စသည့်ခေါင်းစဉ်များဖြင့်လည်း အုပ်စုဖွဲ့ဆွေးနွေးကြသည်။

**(သတင်းစဉ်)**



ရခိုင်ချောင်းဂွဆုံကျေးရွာမှ Zafor Alam ၏ ညီမအရင်းဖြစ်သူ ဆေဒါခါတွန် (ခ) ဆော်ရော်တာခါတူအား မေးမြန်းစဉ်



ရခိုင်ချောင်းဂွဆုံကျေးရွာမှ ရွာခန့်စာရေး ဆော်လီမော်လာအား မေးမြန်းစဉ်



ဦးရှင်းကျားကျေးရွာမှ ကျပန်းလုပ်ကိုင်သူ မာမက်ရော်ဖီးအား မေးမြန်းစဉ်

◆ *ကျောဖုံးမှ*

ထို့ကြောင့် သက်ဆိုင်ရာက Zafor Alam နှင့်ပတ်သက်ပြီး လိုက်လံစုံစမ်းခဲ့ရာ ဦးရှင်းကျားကျေးရွာတွင် Zafor Alam ဆိုသူတစ်ဦးရှိရာ ၎င်းမှာ လွန်ခဲ့သည့် နှစ်လခန့်ကတည်းက ကျောက်ဖြူအကျဉ်းထောင်တွင် ပြစ်ဒဏ်ကျခံနေရသူဖြစ်ပြီး ဓာတ်ပုံဖြင့် တိုက်ဆိုင်စစ်ဆေးရာ သတင်းဌာနများမှ မေးမြန်းခဲ့သည့် Zafor Alam မဟုတ်ကြောင်း စုံစမ်းသိရှိရသည်။

သက်ဆိုင်ရာက သတင်းတွင်ပါရှိသော Zafor Alam နှင့်ပတ်သက်၍ ဆက်လက်စုံစမ်းရာ Zafor Alam မှာ ရခိုင်ချောင်းဂွဆုံကျေးရွာတွင် နေထိုင်သူဖြစ်သည်ကို သိရှိရပြီး ကျေးရွာအုပ်ချုပ်ရေးမှူး မာမောက်ဇလင်းအား မေးမြန်းရာ Zafor Alam ကို ကောင်းစွာသိရှိကြောင်း၊ ၎င်းမှာ ရခိုင်ချောင်းဂွဆုံကျေးရွာတွင် နေထိုင်ကြောင်း၊ ၎င်း၏ဖခင် ဒူဒူမီယာနှင့် မိခင် မရှိဆက်မှာ လွန်ခဲ့သည့် ၁၀ နှစ်ခန့်က မလေးရှားနိုင်ငံတွင် သွားရောက်အလုပ်လုပ်ကိုင်နေကြောင်း၊ ၎င်းမှာ သားအကြီးဆုံး ဖြစ်ကြောင်း၊ ၎င်းတွင် သားနှစ်ဦးရှိပြီး ဆိုဖိုက်တ် သုံးနှစ်နှင့် တစ်နှစ်ခြောက်လအရွယ် မိုဟာမက်ရှုဟာဘတ်တို့ရှိကြောင်း၊ လွန်ခဲ့သည့် နှစ်လခန့်က နေအိမ်မီးရှို့ခံရပြီး ဘင်္ဂလားဒေ့ရှ်နိုင်ငံ LADA စခန်းသို့ ထွက်ပြေးသွားကြောင်း၊ ၂၀၁၆ ခုနှစ် ဒီဇင်ဘာ ၄ ရက်၊ ၅ ရက်တို့တွင် ဦးရှင်းကျားချောင်းနှင့် ချောင်းဝတွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ခိုးထွက်သည့် လောင်းလှေတိမ်းမှောက်သည်ကို မကြားသိကြောင်း၊ မြန်မာနယ်ခြားစောင့်ရဲတပ်ဖွဲ့မှ သေနတ်များဖြင့် ပစ်ခတ်မှုကြောင့် ကလေးငယ်များနှင့် အမျိုးသမီးများ သေဆုံးကြောင်းကို မကြားသိကြောင်း ပြောကြားခဲ့သည်။

အလားတူ ရခိုင်ချောင်းဂွဆုံကျေးရွာ ဆယ်အိမ်မှူး မာမောက်ရော်ရှီးက မိမိမှာ ရခိုင်ချောင်းဂွဆုံကျေးရွာနေထိုင်သူဖြစ်ပြီး လွန်ခဲ့သည့် ၁၄ ရက်က ဆယ်အိမ်မှူး တာဝန်ထမ်းဆောင်ကြောင်း၊ Zafor Alam ကို ကောင်းစွာသိရှိကြောင်း၊ အိမ်ထောင်စု ၁၁၂ တွင် နေထိုင်သူဖြစ်ပြီး လွန်ခဲ့သည့် နှစ်လခန့်က ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ထွက်ပြေးသွားသည်ဟု သိရကြောင်း၊ ၂၀၁၆ ခုနှစ် ဒီဇင်ဘာ ၄ ရက်၊ ၅ ရက်တို့တွင် ဦးရှင်းကျားချောင်းနှင့် ချောင်းဝတွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ခိုးထွက်သည့် လောင်းလှေတိမ်းမှောက်သည်ကို မကြားသိကြောင်း၊ မြန်မာနယ်ခြားစောင့်ရဲတပ်ဖွဲ့မှ သေနတ်များဖြင့် ပစ်ခတ်မှုကြောင့် ကလေးငယ်များနှင့် အမျိုးသမီးများ သေဆုံးကြောင်းကို မကြားသိကြောင်း ပြောကြားသည်။

ရွာခန့်စာရေး ဆော်လီမော်လာကလည်း မိမိမှာ ရခိုင်ချောင်းဂွဆုံကျေးရွာဇာတိဖြစ်ပြီး လွန်ခဲ့သော သုံးနှစ်က ကျေးရွာအုပ်ချုပ်ရေးမှူးရုံးတွင် ရွာခန့်စာရေးအဖြစ် တာဝန်ထမ်းဆောင်နေကြောင်း၊ Zafor Alam ကို ကောင်းစွာသိရှိပြီး အိမ်ထောင်စု ၁၁၂ တွင် နေထိုင်ကြောင်း၊ လွန်ခဲ့သည့် နှစ်လခန့်က ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ထွက်ပြေးသွားသည်ဟု သိရကြောင်း၊ ၂၀၁၆ ခုနှစ် ဒီဇင်ဘာ ၄ ရက်၊ ၅ ရက်တို့တွင် ဦးရှင်းကျားချောင်းနှင့် ချောင်းဝတွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ခိုးထွက်သည့် လောင်းလှေတိမ်းမှောက်သည်ကို မကြားသိကြောင်း၊ မြန်မာနယ်ခြားစောင့်ရဲတပ်ဖွဲ့မှ သေနတ်များဖြင့် ပစ်ခတ်မှုကြောင့် ကလေးငယ်များနှင့် အမျိုးသမီးများ သေဆုံးကြောင်းကို မကြားသိကြောင်း ပြောကြားသည်။

ရပ်မိရပ်ဖ မာမက်တာလောင်ကလည်း မိမိမှာ ရခိုင်ချောင်းဂွဆုံကျေးရွာဇာတိဖြစ်ပြီး Zafor Alam ကို ကောင်းစွာသိရှိပြီး အိမ်ထောင်စု ၁၁၂ တွင်နေထိုင်ကြောင်း၊ လွန်ခဲ့သည့် နှစ်လခန့်က ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ထွက်ပြေးသွားသည်ဟု သိရကြောင်း၊ ၂၀၁၆ ခုနှစ် ဒီဇင်ဘာ ၄ ရက်၊ ၅ ရက်တို့တွင် ဦးရှင်းကျားချောင်းနှင့် ချောင်းဝတွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ခိုးထွက်သည့် လောင်းလှေတိမ်းမှောက်သည်ကို မကြားသိကြောင်း၊ မြန်မာနယ်ခြားစောင့်ရဲတပ်ဖွဲ့မှ သေနတ်များဖြင့် ပစ်ခတ်မှုကြောင့် ကလေးငယ်များနှင့် အမျိုးသမီးများသေဆုံးကြောင်းကို မကြားသိကြောင်း ပြောကြားသည်။

ဦးရှင်းကျားကျေးရွာနေထိုင်ပြီး ကျပန်းအလုပ်လုပ်ကိုင်သူ မာမက်ရော်ဖီးကလည်း Zafor Alam ကို ကောင်းစွာသိရှိပြီး ကုန်စုံဆိုင်ဖွင့်လှစ်ရောင်းချသူဖြစ်ကြောင်း၊ ၎င်းထံမှ ပစ္စည်းဝယ်ယူလေ့ရှိသည့်အတွက် ကောင်းစွာသိရှိ ရင်းနှီးပါကြောင်း၊ ၂၀၁၆ ခုနှစ် ဒီဇင်ဘာ ၄ရက်၊ ၅ ရက်တို့တွင် ဦးရှင်းကျားချောင်းနှင့် ချောင်းဝတွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ခိုးထွက်သည့် လောင်းလှေတိမ်းမှောက်သည်ကို မကြားသိကြောင်း၊ မြန်မာနယ်ခြားစောင့်ရဲတပ်ဖွဲ့မှ သေနတ်များဖြင့် ပစ်ခတ်မှုကြောင့် ကလေးငယ်များနှင့် အမျိုးသမီးများ သေဆုံးကြောင်းကို မကြားသိကြောင်း ပြောကြားသည်။

Zafor Alam ၏ ညီမအရင်းဖြစ်သူ ရခိုင်ချောင်းဂွဆုံကျေးရွာနေ ဆေဒါခါတွန် (ခ)ဆော်ရော်တာခါတူ (ဘ)ဒူဒူမီယာက မှတ်တမ်းဓာတ်ပုံပါ Zafor Alam (ခ) ဇာဖာဟူဆင်အား ကောင်းစွာသိရှိပြီး မိမိ၏အစ်ကိုအရင်းဖြစ်ပါကြောင်း၊ အိမ်ထောင်စု ၁၁၂ တွင် နေထိုင်သူဖြစ်ပြီး ၎င်းတွင် သားနှစ်ဦးရှိကြောင်း၊ ဆိုဖိုက်တ် သုံးနှစ်နှင့် တစ်နှစ်ခြောက်လအရွယ် မိုဟာမက်ရှုဟာဘတ်တို့ဖြစ်ကြောင်း၊ Zafor Alam (ခ) ဇာဖာဟူဆင်မှာ နေအိမ်မီးလောင်ခံရသဖြင့် လွန်ခဲ့သည့် နှစ်လခန့်က ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ထွက်ပြေးသွားပြီး LADA ဒုက္ခသည်စခန်းတွင် နေထိုင်လျက်ရှိကြောင်း၊ ဇနီးနှင့် သားနှစ်ဦးမှာ လွန်ခဲ့သည့် နှစ်လခန့်က နေအိမ်မှ ထွက်ခွာသွားပြီး ယနေ့အထိ ပြန်လည်ရောက်ရှိလာခြင်းမရှိဘဲ သေဆုံးသွားသည်ဟု သတင်းကြားသိရပါကြောင်း၊ ၂၀၁၆ ခုနှစ် ဒီဇင်ဘာ ၄ ရက်၊ ၅ ရက်တို့တွင် ဦးရှင်းကျားချောင်းနှင့် ချောင်းဝတွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ခိုးထွက်သည့် လောင်းလှေတိမ်းမှောက်သည်ကို မကြားသိကြောင်း၊ နယ်ခြားစောင့်ရဲတပ်ဖွဲ့မှ သေနတ်များဖြင့် ပစ်ခတ်မှုကြောင့် ကလေးငယ်များနှင့် အမျိုးသမီးများသေဆုံးကြောင်းကို မကြားသိကြောင်း ပြောကြားသည်။

သတင်းမီဒီယာအချို့တွင် ဦးရှင်းကျားကျေးရွာမှ Zafor Alam ဟု ဖော်ပြခဲ့သော်လည်း လက်တွေ့မြေပြင်တွင် ဦးရှင်းကျားကျေးရွာမှ Zafor Alam ဆိုသူမှာ မောင်တောဒေသအကြမ်းဖက်တိုက်ခိုက်ခံရမှုများမဖြစ်ပွားမီကပင် ဘီဒီပြေးအဖြစ် ကျောက်ဖြူအကျဉ်းထောင်တွင် ပြစ်ဒဏ်ကျခံနေရသူဖြစ်ကြောင်း သိရှိရသည်။

သတင်းဌာနပါ Zafor Alam ၏ ဓာတ်ပုံဖြင့် လိုက်လံရှာဖွေရာ ရခိုင်ချောင်းဂွဆုံကျေးရွာတွင် နေထိုင်ခဲ့သည့် အထောက်အထားများ တွေ့ရှိရသော်လည်း ၂၀၁၆ ခုနှစ် ဒီဇင်ဘာ ၄ ရက်နှင့် ၅ ရက်တို့တွင် လှေတိမ်းမှောက်သည့်ဖြစ်စဉ်သတင်းများ မတွေ့ရှိရပေ။ သို့သော်လည်း သတင်းမီဒီယာများတွင် ဖော်ပြပါရှိသော ဖြစ်စဉ်သတင်းနှင့် စပ်လျဉ်း၍ ပိုမိုတိကျစွာ သိရှိနိုင်ရန် ဆက်လက်စုံစမ်းဖော်ထုတ်လျက်ရှိကြောင်း နိုင်ငံတော်အတိုင်ပင်ခံရုံးသတင်းထုတ်ပြန်ရေးကော်မတီမှ သတင်းထုတ်ပြန်ထားသည်။

**(သတင်းစဉ်)**



ရခိုင်ချောင်းဂွဆုံကျေးရွာမှ ဆယ်အိမ်မှူး မာမောက်ရော်ရှီးအား မေးမြန်းစဉ်



ရခိုင်ချောင်းဂွဆုံကျေးရွာမှ အုပ်ချုပ်ရေးမှူး မာမောက်ဇလင်းအား မေးမြန်းစဉ်



ရခိုင်ချောင်းဂွဆုံကျေးရွာမှ ရပ်မိရပ်ဖ မာမက်တာလောင်အား မေးမြန်းစဉ်



## ချင်းပြည်နယ်အတွင်း လမ်းများတိုးချဲ့ တံတားများတည်ဆောက်

**ဟားခါး ဇန်နဝါရီ ၁၉**

ချင်းပြည်နယ်ဝန်ကြီးချုပ် ဆလိုင်းလျန်လွယ်သည် ပြည်နယ်လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ကျော်ကျော်၊ ပြည်နယ်လူမှုရေးဝန်ကြီး ဦးပေါင်လွန်းမင်ထန်၊ ပြည်နယ်အစိုးရအဖွဲ့အတွင်းရေးမှူး ဦးပြုံးချိုနှင့် ပြည်နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ဇန်နဝါရီ ၁၅ ရက်မှ ၁၈ ရက်အထိ ဖလမ်း၊ တီးတိန်၊ တွန်းဇန်၊ ကျီခါးမြို့နယ်များအတွင်း ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများကြည့်ရှုစစ်ဆေးရာ **(ဓါတ်ပုံ)** ဇန်နဝါရီ ၁၅ ရက်က ဖလမ်းမြို့နယ်ရှိ အိုင်ရဲဘွာလ်-ငါလ်သီး-ဇန်ဗား-ကြောင်ဟော့မြေသား လမ်းပြုပြင်မွမ်းမံခြင်းလုပ်ငန်း၊ ဇန်နဝါရီ ၁၆ ရက်က သိုင်းငင်း-တီးတိန်ကြား လမ်းတာချဲ့ခြင်းလုပ်ငန်း၊ တီးတိန်-တွန်းဇန်- ကျီခါး လမ်းပေါ်ရှိ ဗျဲလ်ကျင်း-ဂမ်လိုင်အကြား မဏိပူရ်မြစ်ကူးကြိုးတံတားကိုလည်းကောင်း၊ အရှည်ပေ ၁၅၀ရှိ ဗျဲလ်ကျင်းတံတားတည် ဆောက်နေမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးခဲ့သည်။

ဇန်နဝါရီ ၁၇ ရက် နံနက်ပိုင်းတွင် တွန်းဇန်-ကျီခါး ကားလမ်းပေါ်ရှိ(မဏိပူရ်မြစ်) နတ်ဇန်တံတားတည်ဆောက်ရေးလုပ်ငန်း ခွင်ကို လည်းကောင်း၊ ညနေပိုင်းတွင် ကျီခါးမြို့ အိန္ဒိယ-မြန်မာနယ်စပ် မှတ်တိုင်-၄၁(၁) ၁၉၆၉-၁၉၇၀ နေရာသို့လည်းကောင်း ကြည့်ရှုစစ်ဆေးပြီး ဒေသခံတိုင်းရင်းသားများနှင့် တွေ့ဆုံခဲ့သည်။

ဇန်နဝါရီ ၁၈ ရက်တွင် တွန်းဇန်မြို့နယ် နတ်ဇန်ရွာသစ်နှင့်ရွာဟောင်းအကြား 'တွီးဆောမ်း'ချောင်း ကားကူးကြိုးတံတား၊ ဇာလွီး-လဲဇန်အကြား မဏိပူရ်မြစ် တွီးထန်ကားကူးကြိုးတံတားတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**(ပြည်နယ် ပြန်/ဆက်)**

## လူမျိုးအလိုက် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ(ကရင်) ဒုတိယနေ့ ဆက်လက်ကျင်းပ

**ဘားအံ ဇန်နဝါရီ ၁၉**

လူမျိုးအလိုက်အမျိုးသားအဆင့်နိုင်ငံရေး ဆွေးနွေးပွဲ (ကရင်) ဒုတိယနေ့ကို ယနေ့နံနက် ၉ နာရီတွင် ဘားအံဟိုတယ်၌ ဆက်လက် ကျင်းပရာ သဘာပတိအဖွဲ့ဝင်များ စင်မြင့်ထက်တွင်နေရာယူ၍ ကရင်အမျိုးသားအလံအားအလေးပြုပြီး အခမ်းအနားကို ဖွင့်လှစ်ကာ သဘာပတိအဖွဲ့ဝင် နော်ဒါးဒါးက အမှာစကားပြောကြားသည်။

ဆက်လက်၍ အခမ်းအနားမှူး နော်ဖောဂေက ဆွေးနွေးပွဲဆိုင်ရာစည်းကမ်းချက်များအားဖတ်ကြားပြီး Facilitator Team ကိုယ်စား စောဇော်လင်းက ကဏ္ဍအလိုက် ဆွေးနွေးမှုပုံစံများအားရှင်းလင်းတင်ပြကာ တက်ရောက်လာသည့်ကိုယ်စားလှယ်များ အားအုပ်စု လေးစုခွဲ၍ နိုင်ငံရေးကဏ္ဍ၊ လူမှုရေးကဏ္ဍ၊ စီးပွားရေးကဏ္ဍနှင့် မြေယာနှင့် သဘာဝသယံဇာတကဏ္ဍတို့ကို ဆွေးနွေး ခဲ့ကြသည်။ **(ယာပုံ)**

ထို့နောက် ကဏ္ဍအလိုက်အုပ်စုဖွဲ့ ဆွေးနွေးခဲ့သည့် အတွေ့အကြုံများနှင့်ပတ်သက်၍ Facilitator Team အဖြစ် တာဝန်ယူခဲ့ကြသူများက ဆွေးနွေးတင်ပြကြပြီး သဘာပတိအဖွဲ့ဝင် KNU ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ပဒိုစောသမိန်ထွန်းက နိဂုံးချုပ်စကားပြောကြားကာ လူမျိုးအလိုက် အမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးပွဲ ဒုတိယနေ့ကို အောင်မြင်စွာ ရုပ်သိမ်းလိုက်သည်။

ဆွေးနွေးပွဲဒုတိယနေ့တွင် ကရင်အမျိုးသားကိုယ်စားလှယ်များက ကဏ္ဍအလိုက် စာတမ်းများဆွေးနွေးခဲ့ကြပြီး စာတမ်းပြင်ဆင် အချောသပ်ခြင်းကို သက်ဆိုင်ရာကဏ္ဍအလိုက် လုပ်ငန်းအဖွဲ့များနှင့်မှတ်တမ်းအဖွဲ့များက ပြန်လည်ပြင်ဆင်ဆောင်ရွက်ပြီး တတိယ နေ့တွင် ကိုယ်စားလှယ်များထံ ပြန်လည်တင်ပြသွားမည်ဖြစ်ကြောင်း သိရသည်။ **စောမျိုးမင်းသိန်း(ပြန်/ဆက်)**




## မြန်မာ့တိုင်းရင်းဆေးပညာရှင်များ နှီးနှောဖလှယ်ပွဲကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၁၉**

မြန်မာ့တိုင်းရင်းဆေး ပညာရှင်များ နှီးနှောဖလှယ်ပွဲကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည် ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၂)၌ ကျင်းပရာသဘာပတိအဖြစ် တိုင်းရင်း ဆေးပညာဦးစီးဌာန ညွှန်ကြားရေးမှူး ချုပ် ဒေါက်တာရီရီမြင့်က ဆောင်ရွက်ပြီး သဘာပတိအဖွဲ့ဝင်များအဖြစ် ညွှန်ကြား ရေးမှူး(ငြိမ်း) ဦးဝင်းမြင့်နှင့် မြန်မာနိုင်ငံ တိုင်းရင်းဆေးဆရာအသင်းဝင် ဒေါ်လေး မြင့်တို့က ဆောင်ရွက်သည်။

ရှေးဦးစွာ သဘာပတိက အမှာ စကားပြောကြားပြီး (၁၇)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေး သမားတော်များ ညီလာခံတွင် တင်သွင်းခဲ့သည့် အဆိုပြု ချက်၊ ထောက်ခံချက်များနှင့် ပတ်သက် ပြီး ရှေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို အုပ်စုများအလိုက် ရှင်းလင်းတင်ပြကြရာ တိုင်းရင်းဆေး ကောင်စီဝင် မြန်မာ့တိုင်းရင်းဆေးသမား တော်ကြီးများ၊ မြန်မာနိုင်ငံတိုင်းရင်း ဆေးဆရာအသင်းဝင်များ၊ ကျန်းမာရေး နှင့် အားကစားဝန်ကြီးဌာန၊ နှီးနွှယ် ဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များ၊ မြန်မာ့တိုင်းရင်းဆေး ဆရာများနှင့် တိုင်းရင်းဆေးဝါးထုတ်လုပ်သူ လုပ်ငန်း ရှင်များက တိုင်းရင်းဆေးပညာကဏ္ဍ ပိုမိုတိုးတက်ဖွံ့ဖြိုးရေးအတွက် ဝိုင်းဝန်း အကြံပြုဆွေးနွေးကြသည်။

နေ့လယ်ပိုင်း အစီအစဉ်တွင် "တိုင်းရင်းဆေးဝါး ထုတ်လုပ်ခြင်းနှင့် ကောင်းမွန်သော ထုတ်လုပ်မှုကျင့်စဉ် (GMP)" စာတမ်းကို FAME ဆေးဝါး ထုတ်လုပ်ရေးလုပ်ငန်း Managing Director ဒေါက်တာခင်မောင်လွင်က လည်းကောင်း၊ "တိုင်းရင်းဆေးဆိုင်ရာ အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်နှင့် နာဂိုယာ သဘောတူညီချက်စာတမ်း" ကို ပညာ ရေးဝန်ကြီးဌာန၊ သုတေသနနှင့် တီထွင် ဆန်းသစ်မှုဦးစီးဌာန၊ အသိဉာဏ်ပစ္စည်း မူပိုင်ခွင့်ဌာန ညွှန်ကြားရေးမှူး ဒေါက်တာ မိုးမိုးသွယ်ကလည်းကောင်း ရှင်းလင်း တင်ပြရာ နှီးနှောဖလှယ်ပွဲ တက်ရောက် လာသူများက သိလိုသည်များ မေးမြန်း ဆွေးနွေးခဲ့ကြပြီး ညနေပိုင်းတွင် မြန်မာ့ တိုင်းရင်းဆေးပညာရှင်များ နှီးနှော ဖလှယ်ပွဲ၊ ပိတ်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပသည်။

အခမ်းအနားတွင် မြန်မာ့တိုင်းရင်း ဆေးကျမ်းများဆိုင်ရာ စာပေပြိုင်ပွဲတွင် ဆုရရှိသူများအား ဆုချီးမြှင့်ခြင်းနှင့် (၁၇)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေး သမားတော်များ ညီလာခံဖြစ်မြောက်ရေး အတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီ ပံ့ပိုးပေးခဲ့ကြသော တိုင်းရင်းဆေးဝါး ထုတ်လုပ်ရေးလုပ်ငန်းရှင်များအား ဂုဏ် ပြုမှတ်တမ်းလွှာများကို ညွှန်ကြားရေးမှူး ချုပ်နှင့် တာဝန်ရှိသူများက ပေးအပ်ခဲ့ပြီး တိုင်းရင်းဆေးပညာဦးစီးဌာန ညွှန်ကြား ရေးမှူးချုပ် ဒေါက်တာရီရီမြင့်က နိဂုံးချုပ် အမှာစကားပြောကြားကာ မြန်မာ့ တိုင်းရင်းဆေးပညာရှင်များ နှီးနှော ဖလှယ်ပွဲကို အောင်မြင်စွာကျင်းပပြီးစီး ခဲ့သည်။

ယနေ့ကျင်းပသည့် မြန်မာ့တိုင်းရင်း ဆေးပညာရှင်များ နှီးနှောဖလှယ်ပွဲတွင် အသိဉာဏ်ပစ္စည်းမူပိုင်ခွင့် ရရှိသင့်သည့် တိုင်းရင်းဆေးပညာရပ်များ၊ ကုသနည်း စနစ်များ၊ ဆေးပင်များ၊ ဆေးပစ္စည်းများ၊ ဆေးနည်းများကို ဖော်ထုတ်သတ်မှတ် ဆောင်ရွက်ရန်၊ ဉာဏပစ္စည်းမူပိုင်ခွင့် ဆိုင်ရာများနှင့် Nagoya Protocol ကို လေးစားလိုက်နာသော ပတ်ဝန်းကျင် အသိုင်းအဝိုင်း ဖြစ်ပေါ်လာစေရေးအတွက် ပညာပေးရန်၊ သုတေသနလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ရန်နှင့် သုတေသန နယ်ပယ်များသတ်မှတ်ရန်၊ ကျင့်ဝတ်နှင့် ညီပြီး တိုင်းရင်းဆေးပညာပိုင်းအရ မှန်ကန်မှုရှိသည့် တိုင်းရင်းဆေးပညာရပ် ဆိုင်ရာ စာအုပ်၊ စာပေ၊ ကြော်ငြာများ ထွက်ပေါ်လာရေး၊ ကျင့်ဝတ်နှင့် ကိုက်ညီ သော တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး လုပ်ငန်းများဖြစ်ပေါ်လာရေး၊ အာဆီယံ စီးပွားရေးအသိုက်အဝန်း (AEC) တွင် တိုင်းရင်းဆေးနှင့် ကျန်းမာရေးဖြည့်စွက် စာများနှင့် ပတ်သက်၍ လွတ်လပ်သော ကုန်သွယ်မှုသဘောတူညီချက်နှင့် အညီ ဆောင်ရွက်မည်ဖြစ်ရာ တိုင်းရင်းဆေးဝါး ထုတ်လုပ်သူများဘက်မှ ကောင်းမွန် သည့် ထုတ်လုပ်မှုကျင့်စဉ် (GMP Guideline) အတိုင်း အတတ်နိုင်ဆုံး ကိုက်ညီအောင် ပြင်ဆင်ထားရှိ ဆောင် ရွက်ရေးတို့နှင့် ပတ်သက်ပြီး ရှေ့ ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်း စဉ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



## နိုဘယ်လ်-မြန်မာစာပေပွဲတော် ၂၀၁၇ တွင် စာတမ်း ၁၁ စောင် ဖတ်ကြားရန် ရသစာပေဝိုင်း ခုနစ်ဝိုင်း ပါဝင်မည်

**ရန်ကုန် ဇန်နဝါရီ ၁၉**

ရန်ကုန်မြို့ မြို့မကျောင်းလမ်း အမျိုးသားဇာတ်ရုံ၌ ၂၀၁၇ ဇန်နဝါရီ ၂၂၊ ၂၃၊ ၂၄ ရက်တို့တွင်ကျင်းပမည့် နိုဘယ်လ်-မြန်မာစာပေပွဲတော် ၂၀၁၇ တွင် စာတမ်း ပေါင်း ၁၁ စောင်ဖတ်ကြားမည်ဖြစ်ပြီး စာပေစကားဝိုင်း ခုနစ်ဝိုင်း ပြုလုပ်ကျင်းပ မည်ဖြစ်ကြောင်း စာပေပွဲတော်ကျင်းပရေးကော်မတီက သတင်းထုတ်ပြန် ထားသည်။

ဇန်နဝါရီ ၂၂ ရက်တွင် မောင်ခင်မင်(ဓနုဖြူ) က စာပေတွင် ရသဖန်တီးမှုနှင့် ခံစားသူတို့ဆက်သွယ်မှု၊ သစ္စာနီက မျက်မှောက်မြန်မာကဗျာ (ခေတ်ပြိုင်/ ခေတ်ပေါ်) နှင့် မောင်ဇေယျာက ရသစာပေနှင့် စာပေဝေဖန်ရေးစာတမ်းတို့ကို ဖတ်ကြားမည်ဖြစ်သည်။ ဇန်နဝါရီ ၂၃ ရက်တွင် မြဝင်း(ဒဿန) က မြန်မာရနံ့နှင့် စပ်လျဉ်းသောမှတ်ချက်များ၊ တော်ကောင်းမင်းက ရှိတ်စပီးယားပြဇာတ်များကို မြန်မာ ပြန်ဆိုခြင်း၊ ဒေါက်တာ မိုးဟိန်းဇော်(မြန်မာစာ)က မြန်မာကလေးကဗျာ များကပေးသောရသနှင့် မြင့်ဆွေဦးက နဂါးနီမှ ရသဝတ္ထုများဖတ်ကြားမည်ဖြစ်ပြီး ဇန်နဝါရီ ၂၄ ရက်တွင် ရာသက်ပန် (တောင်ငူဆောင်) က မင်းလူဝတ္ထုတိုများမှ ဇာတ်ဆောင်ရွေးချယ်ဖန်တီးမှု၊ ဒေါက်တာ အောင်ကြီးက မော်စီတုံး ကဗျာတစ်ပုဒ် ကို ဘာသာပြန်ဆိုခြင်း၊ ကိုတာက ကဗျာနှစ်ပုဒ် ဘာသာပြန်ခြင်း၊ ငြိမ်းမင်းက ရသစာပေဖန်တီးမှု စာတမ်းများကို ဖတ်ကြားကြမည် ဖြစ်သည်။

စာပေစကားဝိုင်းအနေဖြင့် ဇန်နဝါရီ ၂၂ ရက်တွင် ရသစာပေနဲ့ဖန်တီးမှု (ချစ်ဦးညို၊ နေဝင်းမြင့်၊ ဂျူး)၊ အက်ဆေးတစ်ပုဒ်မွေးဖွားခြင်း(ကြည်မင်း၊ မြဝင်း၊ ဒဿန)၊ မောင်ရင့်မာ(ကျောင်းကုန်း)၊ မင်းချမ်းမွန်၊ သွယ်သွယ်မျိုးညွှန့်၊ ဇန်နဝါရီ ၂၃ ရက်တွင် ယနေ့မြန်မာကဗျာ မနက်ဖြန်အတွက် မြန်မာကဗျာ(မင်းထက်မောင်၊ ကိုရွှေ၊ မောင်လင်းရိပ်၊ မောင်ဒေး၊ အိန္ဒြာ)၊ ရသပျိုးခင်း (မော်လင်း၊ မောင်ခင်မင် (ဓနုဖြူ)၊ သစ္စာနီ၊ ငြိမ်းမင်း၊ မြေလတ်မောင်မြင့်သူ)၊ ဇန်နဝါရီ ၂၄ ရက်တွင် ဘာသာပြန်ရသဖန်တီးမှု (မောင်သာမညာ၊ မောင်ရဲခိုင်၊ တင့်ဇော်၊ ဒီနိုဗို)၊ ဝတ္ထုရှည် တစ်ပုဒ်ဖန်တီးခြင်း (မင်းခိုက်စိုးစံ၊ မြနှောင်းညို၊ ဂျူး၊ လက်ာရည်ကျော်၊ ဒေါက်တာ စိုးလွင်)၊ ရသရေစီး (ဒေါက်တာ ခင်မောင်ညို၊ ကောင်းသန့်၊ ရာသက်ပန် (တောင်ငူ ဆောင်)၊ မြေမှုန်လွင်) တို့က စကားဝိုင်းဖွဲ့ကြမည်ဖြစ်သည်။

အဆိုပါစာတမ်းဖတ်ပွဲ၊ စာပေစကားဝိုင်း အစီအစဉ်တို့အပြင် ရသစာဖတ်ဝိုင်း၊ ကဗျာရွတ်ပွဲ၊ ကာတွန်းပြပွဲ၊ ကယ်ရီကေးချားပုံတူဆွဲပွဲတို့အပြင် စာအုပ်ဆိုင်ပေါင်း ၁၅၀ ကျော်ပါဝင်သည့် စာအုပ်ဈေးခင်းကြီးပါ ဖွင့်လှစ်ရောင်းချသွားမည် ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

# မောင်တောခရိုင်၌ ရေချိုငါးမွေးမြူရေးနှင့် ငါးသားပေါက်ဖြန့်ဖြူးရေးကို တိုးချဲ့ဆောင်ရွက်လျက်ရှိ



**မောင်တော ဇန်နဝါရီ ၁၉**

မောင်တောခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှ စားသုံးသူလိုအပ်ချက်အရ ပင်လယ်ပြင် ငါးဖမ်းဆီးရေးလုပ်ငန်းအပြင် ရေချိုငါး မွေးမြူရေးလုပ်ငန်းများပါ တိုးချဲ့ ဆောင်ရွက်လျက်ရှိကြောင်း ခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှ ဒုတိယညွှန်ကြား ရေးမှူး ဦးနိုင်ဝင်းသိန်းက ပြောသည်။

လက်ရှိ မောင်တောခရိုင် ဘူးသီး တောင်နှင့် မောင်တောမြို့နယ်အတွင်း ရေချိုငါးမွေးမြူရေးစခန်းနှစ်ခု ဆောင် ရွက်လျက်ရှိပြီး ၂၀၁၆-၁၇ ဘဏ္ဍာရေး နှစ်အတွင်း ငါးသားပေါက်ကောင်ရေ ဆယ်သိန်းခန့် ဖြန့်ဖြူးပေးခဲ့ပြီးဖြစ် ကြောင်း သိရသည်။ ယခုလအတွင်း ဘူးသီးတောင်နှင့် မောင်တောငါးသား ပေါက်မွေးမြူရေးစခန်း၌ ရွှေဝါငါးကြင်း သားပေါက်ကောင်ရေ နှစ်သိန်းခန့် ဆက်လက် ဖြန့်ဖြူးပေးမည်ဖြစ်ကြောင်း သိရသည်။

မောင်တောခရိုင် ငါးမွေးမြူရေး ကန်နှစ်ခုတွင် ရွှေဝါငါးကြင်း၊ ငါးမြစ်ချင်း၊ ထိုင်းငါးခုံးမကြီး၊ တီလားပီးယားနှင့် ငါးတန်ငါးမျိုးများကို သားဖောက်ဖြန့်ဖြူး ပေးလျက်ရှိပြီး အဆိုပါငါးမျိုးများကို ရန်ကုန်တိုင်းဒေသကြီးအတွင်းမှ မျိုးငါး များကိုဝယ်ယူ၍ သားဖောက်ဆောင်ရွက် ခြင်းဖြစ်ကြောင်း သိရသည်။

၂၀၁၃ - ၁၄ ဘဏ္ဍာနှစ်တွင် ဘူးသီး တောင် ငါးသားပေါက်မွေးမြူရေးစခန်း၊ ၂၀၁၅-၁၆ ဘဏ္ဍာနှစ်အတွင်း မောင်တော ငါးသားပေါက်မွေးမြူရေး စခန်းများကို စတင် ဖွင့်လှစ်ဆောင်ရွက်ခဲ့ခြင်းဖြစ် သည်။ စတင်ဆောင်ရွက်ချိန်တွင် ရေချို ငါးမွေးမြူရေး လုပ်ငန်းလုပ်ကိုင်သူ နည်းပါးသဖြင့် ဧက ၁၀၀ ခန့်မှသာ စတင်ဆောင်ရွက်နိုင်ခဲ့သော်လည်း ယခု အချိန်တွင် ရေချိုငါးမွေးမြူရေးကန် ဧက ၄၀၀ ခန့်နှင့် ငါးမွေးမြူရေး လုပ်ကိုင် သူ ၁၀၀ ခန့်ရှိကြောင်း သိရသည်။

"ကျွန်တော်တို့ ဒေသမှာတင်မကဘဲ ကမ္ဘာ့ငါးသယံဇာတဟာလည်း ရှားပါး လာနေပြီး ဒီအတိုင်းဆက်ပြီးတော့ ငါး ဖမ်းဆီးနေမယ်ဆိုရင် ၂၀၅၀ ပြည့်နှစ် လောက်မှာ ငါးမျိုးလုံးဝပြုန်းတီးတဲ့ထိ ဖြစ်သွားနိုင်ပါတယ်။ အဲဒီအတွက်ကြောင့် လူဦးရေကလည်းတိုးပွားလာတယ်၊ ငါးက လည်း ရှားလာတာဖြစ်တဲ့အတွက် ငါး စားသုံးရေးအတွက်ပိုပြီးတော့ လိုအပ်လာ ပါတယ်။ ဒါကြောင့် ငါးပွားလာဖို့အတွက် မောင်တောခရိုင်အတွင်းမှာ ဖမ်းဆီးရေး ကိုပဲတစ်ခုတည်း ဦးမတည်ဘဲနဲ့ မွေးမြူ ရေးပိုင်းကိုလည်းကြိုးစားပြီး ဦးတည် ဆောင်ရွက်နေပါတယ်"ဟု ဦးနိုင်ဝင်း သိန်း (ဝဲပုံ)က ပြောသည်။

မောင်တောခရိုင်အတွင်း ယခင်က ရေငန်ပုစွန်မွေးမြူရေးကန် ဧက ၁၅၀၀၀ ခန့်ရှိရာမှ အချို့ကန်များ၌ ယခုအခါ ရေချိုငါးမွေးမြူရေးလုပ်ငန်းကို စတင် ဆောင်ရွက်လျက်ရှိပြီဖြစ်သည်။ ငါးဖမ်း လုပ်ငန်းအပြင် မွေးမြူရေးပါ ဆက်လက် ဆောင်ရွက်ကာ ပင်လယ်ပြင်မှ ငါးမဖမ်းရ ရာသီတွင်လည်း ငါးမဖမ်းဆီးရေးအတွက် အာဏာပိုင်အဖွဲ့အစည်းများနှင့် ပူးပေါင်း ထိန်းချုပ်သွားမည်ဆိုပါက ပင်လယ်ပြင် တွင်လည်း ငါးသယံဇာတပေါများလာ မည်ဖြစ်ကြောင်း၊ ကုန်းတွင်းပိုင်းကလည်း ထုတ်လုပ်မှုပိုမိုလာသဖြင့် ပြည်သူလူထု ငါးစားသုံးမှုလည်းဖူလုံလာပြီး ဒေသခံ များအတွက် အလုပ်အကိုင်အခွင့် အလမ်းများပါ ပိုမိုတိုးတက်လာနိုင် ကြောင်း ၎င်းက ဆက်လက်ပြောသည်။

"အရင်တုန်းကတော့ ဒီဒေသမှာ ရေငန်ငါးပဲစားတော့ ရေချိုငါးမွေးတဲ့ အလေ့အထမရှိဘူး။ စားလည်းမစားကြ ဘူး။ အခုတော့ ရေချိုငါးကိုတော်တော် လေးစားလာကြပါပြီ။ အခုလက်ရှိမှာ တော့ မွေးမြူရေးငါးက ပြည်တွင်းစားသုံး မှု မဖူလုံသေးတာ ဖြစ်တဲ့အတွက်ကြောင့် ပြည်ပထိမပို့နိုင်သေးပါဘူး။ ရန်ကုန်မှာ ငါးမြစ်ချင်း တစ်ပိဿာ ၁၈၀၀ လောက် သာရှိပြီးတော့ အခုကျွန်တော်တို့ဒေသ မှာ ငါးမြစ်ချင်းတစ်ပိဿာ ၈၀၀၀ ဈေး လောက်ထိ ပေါက်နေတဲ့အတွက် ပြည်တွင်းစားသုံးမှုမှာတင်ကို စားသုံးသူ တွေအတွက် မဖူလုံသေးဘူးဖြစ်နေပါ တယ်။ အဲဒီအတွက်ကြောင့်မို့ ရေချိုငါး မွေးမြူရေးလုပ်ငန်းတွေ တိုးတက်ဖို့ အတွက် လက်ရှိမှာလည်း ဆောင်ရွက်နေ ပါတယ်"ဟု မောင်တောခရိုင် ငါးလုပ်ငန်း ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးက ပြောကြားသည်။

မောင်တောခရိုင်ရှိ ရွာပေါင်း ၉၆ ရွာ၌ ငါးမြစ်ချင်းမွေးမြူမည့် ငါးမွေး ကန်များကို အကောင်အထည်ဖော် ဆောင်ရွက်မည်ဖြစ်ပြီး ငါးမွေးမြူနိုင်ရန် လိုအပ်သော ငွေအရင်းအနှီးများကိုလည်း အတိုးနှုန်းသက်သာစွာဖြင့် ဘဏ်ချေးငွေ များရရှိအောင် ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း ခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှ သိရသည်။

**သတင်း - ဇင်ဦး(မြန်မာ့အလင်း)**

**ဓာတ်ပုံ - သီဟစည်သူ**







ဇေကမ္ဘာဝင်း၌ လိုက်လံပို့ဆောင်သူများကို တွေ့ရစဉ်

# အင်ဒိုနီးရှားနိုင်ငံမှ လူသားချင်းစာနာထောက်ထားမှု အထောက်အပံ့ပစ္စည်းများကို ရခိုင်ပြည်နယ်သို့တင်ပို့

**ရန်ကုန် ဇန်နဝါရီ ၁၉**

ရခိုင်ပြည်နယ်အတွက် အင်ဒိုနီးရှားနိုင်ငံကပေးထားသော လူသားချင်းစာနာမှု အထောက်အပံ့ပစ္စည်းများပါဝင်သော ကုန်သေတ္တာ ၁၀ လုံးကို ဇန်နဝါရီ ၁၈ ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂ နာရီက ရန်ကုန်မြို့ မင်္ဂလာဒုံမြို့နယ် ဇေကမ္ဘာဝင်းအတွင်း JAPFA ကုမ္ပဏီ မော်တော်ယာဉ် ၁၈ စီးဖြင့် ရခိုင်ပြည်နယ်သို့ ထွက်ခွာသွားကြောင်း သိရသည်။

အဆိုပါ ထောက်ပံ့ပစ္စည်းများကို အင်ဒိုနီးရှားနိုင်ငံ သမ္မတကြီး မစ္စတာ ဂျိုကိုဝီဒိုဒိုက မြန်မာနိုင်ငံအစိုးရအစီအစဉ်ဖြင့် ရခိုင်ပြည်နယ်အတွက် အကူအညီ လိုအပ်နေသူများအတွက် ခွဲဝေပေးအပ်နိုင်ပါရန် ဂျကာတာမြို့ရှိ Tanjung Priok. ဆိပ်ကမ်းမှ သင်္ဘောဖြင့် ဒီဇင်ဘာ ၂၉ ရက်က တင်ပို့ပေးလိုက်ပြီး မြန်မာနိုင်ငံ ဆိပ်ကမ်းသို့ ဇန်နဝါရီ ၁၂ ရက်တွင် ရောက်ရှိခြင်းဖြစ်သည်။

အဆိုပါ ထောက်ပံ့ရေးပစ္စည်းများမှာ လုံချည် (Sarong) အထည် ၁၀၀၀၀ ပါဝင်သည့် ကွန်တိန်နာတစ်လုံး၊ အသင့်စားခေါက်ဆွဲခြောက် ပုံး ၁၅၀၀ ပါဝင်သည့် ကွန်တိန်နာငါးလုံး၊ ဘီစကစ်နှင့်ကွေကာအုပ် အစရှိသော ကလေးအစားအစာများ ပါဝင်သည့် ပုံးပေါင်း ၁၀၅၀ ပါ ကွန်တိန်နာတစ်လုံး၊ ဂျုံအိတ် ၉၂၀ ပါဝင်သည့် ကွန်တိန်နာသုံးလုံး စုစုပေါင်းကွန်တိန်နာ သေတ္တာ ၁၀ လုံးဖြစ်ကြောင်း သိရသည်။

ရန်ကုန်မြို့ရှိ အင်ဒိုနီးရှားသံရုံးမှ ဒုတိယအတွင်းဝန်ဖြစ်သူ Ms.Yaslltha Febrlany Murthias နှင့် ဝန်ထမ်းတစ်ဦးပါဝင်သည့် ရှေ့ပြေးအဖွဲ့က ရခိုင် ပြည်နယ်သို့ရောက်ရှိနေပြီး အင်ဒိုနီးရှားနိုင်ငံ NGOs အဖွဲ့အစည်းများမှ တာဝန်ရှိသူ ငါးဦးက သံရုံးရှေ့ပြေးအဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်သည်။ ယခင်က လည်း အင်ဒိုနီးရှားနိုင်ငံအစိုးရ၏ လူသားချင်းစာနာထောက်ထားမှု အကူအညီများ ဖြင့် အင်ဒိုနီးရှားနိုင်ငံ NGOs တစ်ခုဖြစ်သော PKPU မှ ရခိုင်ပြည်နယ်၌ ဆောက်လုပ်ပေးထားသည့် စာသင်ကျောင်းနှစ်ကျောင်းကို အင်ဒိုနီးရှားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးတက်ရောက်၍ အခမ်းအနားဖြင့် ပေးအပ်သွားမည်ဖြစ်ကြောင်း လည်း သိရသည်။

ထို့အပြင် ဇန်နဝါရီ ၂၃ ရက်အထိ လက်ရှိ ထိုအဖွဲ့ကနေထိုင်ပြီး ရခိုင်ပြည်နယ် အစိုးရအဖွဲ့နှင့်ပူးပေါင်းကာ အထူးသဖြင့် ရခိုင်ပြည်နယ် မောင်တောနှင့်ဘူးသီးတောင် မြို့နယ်ဒေသများရှိ လူ့အသိုက်အဝန်းနှစ်ရပ် အရေးပေါ်လိုအပ်ချက်များကို ဆန်းစစ်ချက်အချို့ပြုလုပ်ပြီး ယင်းလိုအပ်ချက်များကို ရခိုင်ပြည်နယ်သို့ နောက် တစ်ကြိမ် လာရောက်နိုင်ရန် လူသားချင်းစာနာထောက်ထားမှုပစ္စည်းများ ပေးအပ် ရေးအဖွဲ့သို့ အသိပေးတင်ပြသွားမည်ဖြစ်ကြောင်း တိုင်းဒေသကြီး ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနရုံး ညွှန်ကြားရေးမှူး ဦးဝင်းရွှေထံမှ သိရ သည်။

**မျိုးမင်းသိန်း(မရမ်းကုန်း)**

# မြေမြို့ပြမ်းချမ်းရေးနှင့် တည်ဆောက်ရေးရန်ပုံငွေဖြင့် နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်

**သံတွဲ ဇန်နဝါရီ ၁၉**

ရခိုင်ပြည်နယ် သံတွဲခရိုင် သံတွဲမြို့နယ် အတွင်း နယ်စပ်ဒေသ ဖွံ့ဖြိုးရေးရန်ပုံငွေ ငြိမ်းချမ်းရေးနှင့် တည်ဆောက်ရေး ရန်ပုံငွေများဖြင့် ဆောင်ရွက်လျက်ရှိသော ကျောက်တန်း-တောင်ပေါက်-ဇီးကုန်း- ဒေါ်ပွေးခုံ မြေသားလမ်း (၁/၅) မိုင်၊ ကွေ့ချောင်း-လယ်တီ ကျောက်ချောလမ်း (၁/၂)မိုင်၊ တောင်သာရွာ ကျောက်ချော လမ်း(၂/၀)မိုင်၊ လက်ပံစုကျေးရွာ ဘုန်းတော်ကြီးကျောင်း ပေ(၃၀×၆၀) အာရ်စီစီ နှစ်ထပ်အဆောက်အအုံ ဆောက်လုပ်ခြင်း၊ မြို့နယ်နှစ်ခန်းတွဲ ဝန်ထမ်းနေအိမ် ၃၆×၅၂×၁၂ပေ အာရ်စီစီ တစ်ထပ်အဆောက်အအုံ ဆောက်လုပ် ခြင်း၊ သာယာကုန်းကျေးရွာ အစီစီ စက်ရေတွင်း လေးလက်မ× ပေ၂၀၀ တူးဖော်ခြင်းလုပ်ငန်းများကို ရခိုင် ပြည်နယ် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး (စစ်တွေ)မှ ပြည်နယ်ကြီးကြပ်ရေးမှူး၊ ဦးခင်မောင်ထွင် (ညွှန်ကြားရေးမှူး)၊ သံတွဲမြို့နယ် ဖွံ့ဖြိုးမှုကြီးကြပ်ရေးမှူး ဦးသန်းထိုက်အောင် (လ/ထ ညွှန်ကြား ရေးမှူး)နှင့်အဖွဲ့တို့သည် ဇန်နဝါရီ ၁၅ ရက်မှ ၁၆ ရက်အထိ လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရ သည်။

လုပ်ငန်းများ တာဝန်ယူဆောင်ရွက် သည့် ကုမ္ပဏီများက လုပ်ငန်းများ ဆောင်ရွက်နေမှုများတွင် အရည်အသွေး ပြည့်မီခြင်း ရှိ/မရှိကို တာဝန်ရှိသူများ က သေချာစွာတိုင်းတာစစ်ဆေးခဲ့ပြီး လုပ်ငန်းဆောင်ရွက်သည့် ကုမ္ပဏီများ အနေဖြင့် အရည်အသွေးပြည့်မီအောင် ဆောင်ရွက်ရန်နှင့် သတ်မှတ်စံချိန် စံနှုန်းမပြည့်မီပါက တာဝန်ယူဆောင်ရွက် သည့် ကုမ္ပဏီများ၏ တာဝန်သာဖြစ် ကြောင်း အသိပေးမှာကြားကာ လုပ်ငန်း နှင့်ပတ်သက်သည့် အခက်အခဲများ၊ လိုအပ်ချက်ရှိသည်များကို ပေါင်းစပ် ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရ သည်။

**(ခရိုင် ပြန်/ဆက်)**

# လက်နက်ကိုင်အဖွဲ့များအတွက် ငွေကြေးထောက်ပံ့ကူညီခြင်း၊ သတင်းပေးခြင်း၊ လူသစ်စုဆောင်းပေး ခြင်းနှင့် မဟုတ်မမှန်လုပ်ကြံဝါဒဖြန့်ခြင်းများ ဆောင်ရွက်ခဲ့သူနှစ်ဦးကို ဖော်ထုတ်ဖမ်းဆီးစစ်ဆေး

**နေပြည်တော် ဇန်နဝါရီ ၁၉**

မုံးကိုးတိုက်ပွဲဖြစ်စဉ်တွင် လက်နက်ကိုင်အဖွဲ့များအတွက် လူသစ်စုဆောင်းပေးခြင်း၊ သတင်းပေးခြင်း၊ မဟုတ်မမှန် လုပ်ကြံဝါဒဖြန့်ခြင်းများကို ပါဝင်လုပ်ဆောင်ခဲ့ကြသူ များ မုံးကိုးမြို့အတွင်း ပြန်လည်ရောက်ရှိနေကြောင်း သတင်းဖော်ထုတ်ချက်များအရ တပ်မတော်စစ်ကြောင်းများက ဖော်ထုတ်ရှာဖွေခဲ့ရာ ၂၀၁၆ ခုနှစ် ဒီဇင်ဘာ ၂၄ ရက် ည ၆ နာရီခွဲခန့်က မုံးကိုးမြို့ အမှတ်(၁)ရပ်ကွက်နေ မသက်ဘွယ် (ဘ) ဦးဒေါ့နော် ၏သား ဒီဒီနောင်လတ်နှင့် မုံးကိုးမြို့ ကောင်းလုံကျေးရွာနေ (ဘ) ဦးလန်ဂျော်လဖုန်း ၏သား လန်ဂျော်ဂမ်ဆိုင်းတို့နှစ်ဦးကို ဖမ်းဆီးရမိခဲ့သည်။

၎င်းတို့နှစ်ဦးသည် ဒီဇင်ဘာ ၄ ရက်က မုံးကိုးမြို့သို့ တပ်မတော်စစ်ကူစစ် ကြောင်းများ ရောက်ရှိထိန်းချုပ်နိုင်ခဲ့ပြီးနောက် နယ်မြေရှင်းလင်းလျက်ရှိစဉ် တစ်ဖက်နိုင်ငံသို့ ခေတ္တထွက်ပြေးတိမ်းရှောင်နေခဲ့ကာ ဒီဇင်ဘာ ၇ ရက်က မုံးကိုးမြို့အတွင်းသို့ စစ်ဘေးရှောင်ပြည်သူများနှင့်အတူ ပြန်လည်ဝင်ရောက်နေထိုင် လာစဉ် ရှာဖွေဖမ်းဆီးခံရခြင်းဖြစ်ကြောင်း သိရှိရသည်။

ထိုသို့ အသေးစိတ်ဖော်ထုတ် စစ်ကြောမေးမြန်းချက်များအရ ဒီဒီနောင်လတ် ဆိုသူသည် မုံးကိုးတိုက်ပွဲဖြစ်စဉ်ကာလအတွင်း မုံးကိုးမြို့ နှစ်ခြင်းခရစ်ယာန် အသင်း၏ ဥက္ကဋ္ဌအဖြစ် အသွင်ယူ၍ တပ်မတော်စစ်ကြောင်းများ၏ လှုပ်ရှားမှုများ ကို လက်နက်ကိုင်အဖွဲ့များထံသို့ သတင်းပေးခြင်း၊ ငွေကြေးထောက်ပံ့ပေးခြင်း၊ ပြည်ပမီဒီယာများနှင့်ချိတ်ဆက်၍ တပ်မတော်အပေါ် နိုင်ငံတကာနှင့် ပြည်သူလူထုမှ အထင်အမြင်လွဲမှားစေရန် မဟုတ်မမှန်လုပ်ကြံဝါဒဖြန့်ခြင်း၊ မုံးကိုးတိုက်ပွဲဖြစ်စဉ် မတိုင်မီနှင့် တိုက်ပွဲကာလများအတွင်း KIA လက်နက်ကိုင်အဖွဲ့နှင့် အကြိမ်ကြိမ် ဆက်သွယ်ဆောင်ရွက်ခဲ့ခြင်းများကို လုပ်ဆောင်ခဲ့သူဖြစ်ကြောင်းနှင့် လန်ဂျော်ဂမ်ဆိုင်း ဆိုသူသည်လည်း တိုက်ပွဲဖြစ်စဉ်ကာလအတွင်း KIA လက်နက်ကိုင်အဖွဲ့များအား တပ်မတော်သတင်းများပေးခြင်း၊ လက်နက်ကိုင်အဖွဲ့များအတွက် လူသစ်စုဆောင်း ပေးခြင်းနှင့် သွားလာမှုအဆင်ပြေစေရန် စက်သုံးဆီများ သယ်ယူပို့ဆောင်ပေးခြင်း များကို ကူညီလုပ်ဆောင်ပေးခဲ့သူဖြစ်ကြောင်း စစ်ဆေးဖော်ထုတ်သိရှိရသည်။



ဖမ်းဆီးရမိသူနှစ်ဦးကို တွေ့ရစဉ်

တပ်မတော်စစ်ကြောင်းများက လက်နက်ကိုင်အဖွဲ့များ၏ အမာခံများ ထပ်မံ ဖမ်းဆီးရမိရေးနှင့် ဒေသတည်ငြိမ် အေးချမ်းရေးအတွက် ဆက်လက်စိစစ် ဖော်ထုတ် ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ယာဉ်ပိုင်ရှင်တွေအနေနဲ့ တိုင်းဒေသကြီးအစိုးရအဖွဲ့နဲ့ ပူးပေါင်းဖို့လိုပါတယ်

## ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး နော်ပန်းသဥ္ဇာမျိုးနှင့် တွေ့ဆုံခြင်း

**တွေ့ဆုံမေးမြန်း - ရဲခေါင်ညွန့်၊ ဇော်ကြီး(ပဏ္ဍိတ)၊ ဓာတ်ပုံ - ဖိုးဇော်**

ရန်ကုန်တိုင်းဒေသကြီးအစိုးရအနေဖြင့် ရန်ကုန်မြို့နေပြည်သူများအတွက် ကောင်းမွန်သည့် ဝန်ဆောင်မှုကိုပေးနိုင်ရန် အများပြည်သူသယ်ယူပို့ဆောင်ရေး ယာဉ်လိုင်းစနစ်(YBS) တစ်ခုကို ပြောင်းလဲခဲ့ပြီဖြစ်သည်။

ပြောင်းလဲခြင်းအစပြုမှု၏ နောက်ကွယ်တွင် ပြည်သူ၊ ယာဉ်ပိုင်ရှင်၊ ယာဉ်မောင်းနှင့် မ.ထ.သဝန်ထမ်းများ အခက်အခဲအချို့နှင့် ကြုံတွေ့ခဲ့ရသည်။ ထိုအခက်အခဲများအားကျော်လွှား၍ ကောင်းမွန်သည့် ခရီးသွားဝန်ဆောင်မှုစနစ်တစ်ခုရရှိလာစေရန် တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် ကြိုးစားဆောင်ရွက်လျက်ရှိနေသည်။

ထိုသို့ ဆောင်ရွက်ရာတွင် ပြောင်းလဲလိုက်သည့် စနစ်နှင့်ပတ်သက်၍ ပြည်သူတို့ လက်ရှိကြုံတွေ့နေရသည့် အခက်အခဲများအပြင် ဆက်လက်ဆောင်ရွက်သွားမည့်အပေါ် ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး နော်ပန်းသဥ္ဇာမျိုးအား သွားရောက်တွေ့ဆုံမေးမြန်းခဲ့သည်များကို ဖော်ပြလိုက်ပါသည်။

**မေး။ ။ ရန်ကုန်မြို့နေ ပြည်သူတွေရဲ့ သယ်ယူပို့ဆောင်ရေးကဏ္ဍအတွက် မော်တော်ယာဉ်လိုင်းပေါင်းစုံ ထိန်းသိမ်းကြီးကြပ်ရေးကော်မတီ (မ.ထ.သ) စနစ်ကိုဖျက်သိမ်းပြီး အများပြည်သူ သယ်ယူပို့ဆောင်ရေးယာဉ်လိုင်း စနစ်(YBS) ကို ပြောင်းလိုက်ရတဲ့ ရည်ရွယ်ချက်နဲ့ ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမယ့်အပိုင်းကို သိပါရစေ။**

ဖြေ။ ။ ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာ မ.ထ.သစနစ်ကနေ YBS စနစ်ကို ပြောင်းလိုက်ရတဲ့ ရည်ရွယ်ချက်ကတော့ ရန်ကုန်မြို့နေပြည်သူတွေကို တကယ်ကောင်းမွန်တဲ့ ဝန်ဆောင်မှုတစ်ခုကို ပေးနိုင်ဖို့အတွက်ပဲ ဖြစ်ပါတယ်။ မ.ထ.သဆိုတာက အာဏာပိုင်အဖွဲ့အစည်း မဟုတ်တဲ့အတွက် သူ့မှာ အာဏာဆိုတာမရှိပါဘူး၊ အာဏာမရှိတဲ့အတွက် ယာဉ်ပိုင်ရှင်၊ ယာဉ်မောင်းတွေနဲ့ ယာဉ်အကူတွေကို ညွှန်ကြားချက်ထုတ်တဲ့အခါမှာ အားနည်းမှုတွေ အများကြီးရှိခဲ့ပါတယ်။ ဒီလိုအားနည်းမှုတွေကြောင့် ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းတွေ လုပ်တဲ့အခါမှာ လိုအပ်ချက်များစွာရှိခဲ့ပါတယ်။ ဒါကို ပြည်သူတစ်ရပ်လုံးက ပြောင်းလဲစေချင်တဲ့ ကဏ္ဍတစ်ခုအဖြစ် တောင်းဆိုတဲ့အတွက် အစိုးရအဖွဲ့အနေနဲ့ မ.ထ.သ ကနေ YBS ဖြစ်လာအောင် ဖော်ဆောင်ခဲ့ခြင်းပဲ ဖြစ်ပါတယ်။ မ.ထ.သ က ဘတ်စ်ကားလိုင်းပြေးဆွဲဖို့ စနစ်တစ်ခုထဲကို ရည်ရွယ်ခြင်းပဲ ဖြစ်ပါတယ်။ YBS ကတော့ ရန်ကုန်တိုင်းအတွင်းမှာရှိတဲ့ ဘတ်စ်ကားစနစ်တွေကို ပိုမိုကောင်းမွန်တဲ့ ဝန်ဆောင်မှုတစ်ခုဖြစ်အောင် ဖော်ဆောင်ခြင်းဖြစ်ပါတယ်။

အဲဒီလို ဖော်ဆောင်တဲ့အခါမှာလည်း တိုင်းဒေသကြီးအစိုးရအနေနဲ့ ပြည်သူတွေကို ခရီးသွားဝန်ဆောင်မှုပေးနိုင်မယ့် အာဏာပိုင်အဖွဲ့အစည်းတစ်ခုကို ဖွဲ့စည်းထားပါတယ်။ အဲဒါကတော့ ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့(YRTA) ပါ။ YRTA အောက်မှာ သူ့ရဲ့အစိတ်အပိုင်းတစ်ခုဖြစ်တဲ့ အများပြည်သူသယ်ယူပို့ဆောင်ရေးယာဉ်လိုင်းစနစ် (YBS) ကို စတင်အကောင်အထည်ဖော်လိုက်ပါတယ်။ YRTA အောက်မှာ YBS အပြင် ရေရှည်မှာ ရေလမ်းခရီးဝန်ဆောင်မှု (Water Bus Service)နဲ့ပတ်သက်တဲ့ အဖွဲ့အစည်းတွေ ပေါ်လာမှာဖြစ်သလို ခရီးဝေးနဲ့ပတ်သက်ပြီးတော့လည်း ရန်ကုန် Hi-way Bus Service ဆိုတာလည်း ပေါ်ပေါက်လာမှာဖြစ်တယ်။ နောက်ထပ်လည်း တက္ကစီတွေကို ထိန်းချုပ်ဖို့အတွက် YBS လို အဖွဲ့အစည်းတွေ ဆောင်ရွက်ဖို့ရှိပါတယ်၊ နောင်များမှာလည်း မြို့ပတ်ရထားလမ်းတွေကို အဆင့်မြှင့်တင်နိုင်တဲ့အခါမှာ ရထားတွေကို အဆင့်မြှင့်တင်တဲ့ YBS လိုအဖွဲ့အစည်းတွေ ဆက်လက်ပေါ်ပေါက်လာဖို့ရှိပါတယ်။ ပို့ဆောင်ရေးကဏ္ဍတွေ အားလုံးရဲ့ အာဏာပိုင်အဖွဲ့ကတော့ YRTA ပဲ ဖြစ်ပါတယ်။

**မေး။ ။ YBS စနစ်ကို ပြောင်းလဲလိုက်တဲ့အတွက် ယာဉ်ပိုင်ရှင်တွေနဲ့ ပတ်သက်ပြီး ကြုံတွေ့နေတဲ့ အခက်အခဲနဲ့ သူတို့ရရှိလာမယ့် အကျိုးခံစားခွင့်တွေအပေါ် ဆောင်ရွက်ပေးနေမှုကို သိပါရစေ။**

ဖြေ။ ။ ယာဉ်ပိုင်ရှင်အများစုဟာ အများပိုင်စနစ်ကိုကျင့်သုံးရတဲ့ ဘုံစနစ်ကို တော်တော်များများ နားမလည်ကြသေးဘူး၊ ဘုံစနစ်ကိုနားလည်ဖို့အတွက် စုပေါင်းအလုပ်အယက် ရှာဖွေစားသောက်နေရမယ့်အစား အေးအေးဆေးဆေးနဲ့ ကုမ္ပဏီပုံစံဖွဲ့စည်းပြီးတော့ အချိုးကျခွဲဝေယူပြီး ရယူမယ်ဆိုရင် သူတို့ရဲ့ဝင်ငွေဟာ ပူပန်စရာမလိုဘဲ ကောင်းမွန်တဲ့စနစ်အောက်မှာ လျှောက်လှမ်းနိုင်မှာဖြစ်ပါတယ်။ ယာဉ်ပိုင်ရှင်အနေနဲ့ စိတ်ပူတာက ကိုယ်ရကိုယ်ယူစနစ်နဲ့ နှစ်ပေါင်းများစွာ ကျင်လည်ခဲ့ကြတယ်။ ကိုယ်ရကိုယ်ယူစနစ်ဖြစ်တဲ့ အတွက်ကြောင့် လမ်းပေါ်မှာ ကားတွေအပြိုင်လုပြီး မောင်းတဲ့စနစ်တွေဖြစ်သွားတယ်။ နောက်ဆိုရင် ကိုယ်ရကိုယ်ယူ စနစ်မဟုတ်တော့ဘဲ အများပိုင်စနစ်ဖြစ်သွားတဲ့အခါမှာ အပြိုင်အဆိုင် ရှာဖွေမှုတွေနည်းသွားပြီး ကိုယ်ပါဝင်ထားတဲ့ အစုရှယ်ယာအလိုက် အချိုးကျ အကျိုးခံစားခွင့်ရရှိမှာဖြစ်ပါတယ်။ တစ်ဦးတစ်ယောက်ကောင်းခြင်းအတွက် မဟုတ်ဘဲ အများကောင်းဖို့အတွက်ရည်ရွယ်ပြီး မျှဝေခံစားရတဲ့ စနစ်တစ်ခုဖြစ်တဲ့ အတွက်ကြောင့် အနာဂတ်မှာ စိတ်ပူပန်သောကရောက်စရာမလိုဘဲ ပါဝင်ထားတဲ့ အချိုးအစားအတိုင်း ဝင်ငွေရရှိနေမှာဖြစ်ပါတယ်။ တကယ်ကောင်းမွန်တဲ့စနစ်တစ်ခုဖြစ်ပါတယ်ဆိုတာကို အလေ့အကျင့်ရအောင် စတင်ပြီး ပြုစုပျိုးထောင်နေခြင်းပဲဖြစ်ပါတယ်။

ယာဉ်အများကြီးပိုင်တဲ့ ယာဉ်ပိုင်ရှင်တွေရှိသလို တစ်စီးနှစ်စီးပိုင်တဲ့ ယာဉ်ပိုင်ရှင်တွေလည်းရှိတဲ့အတွက် YBS ရဲ့အောက်မှာ အများပိုင်ကုမ္ပဏီအဖွဲ့တွေ ထပ်ဖွဲ့ရခြင်းပဲဖြစ်ပါတယ်။ လောလောဆယ်စာရင်းသွင်းထားတဲ့ ကုမ္ပဏီရှစ်ခုကလည်း ဝန်ဆောင်မှုပေးတဲ့ ကုမ္ပဏီတစ်ခုပဲ ပြန်ဖြစ်သွားမှာဖြစ်ပါတယ်။ ယာဉ်လိုင်းတစ်လိုင်းချင်းစီမှာပါဝင်တဲ့ ယာဉ်စီးရေတွေနဲ့ပတ်သက်ပြီး ယာဉ်မောင်းတွေ ယာဉ်အကူတွေ စသည်ဖြင့် ဒါတွေကို တစ်ဦးတစ်ယောက်ချင်းစီ စီမံခန့်ခွဲမှုအနေနဲ့ လုပ်စရာမလိုတော့ဘဲ ကျွမ်းကျင်တဲ့ကုမ္ပဏီဝန်ထမ်းက စီမံခန့်ခွဲမှုလုပ်သွားမယ့်ပုံစံဖြစ်ပါတယ်။ ယာဉ်ပိုင်ရှင်သည် သူ့ရဲ့ယာဉ်ကို ထည့်ထားပြီး ရရှိလာမယ့်ဝေစုကို အေးအေးဆေးဆေးရယူရမယ့် စနစ်ပုံစံမျိုးကို သွားနေတာပါ။

**မေး။ ။ (မ.ထ.သ)ဝန်ထမ်းတွေနဲ့ပတ်သက်ပြီး အလုပ်အကိုင်ပြန်လည်ရရှိရေးအတွက် ဖြေရှင်းဆောင်ရွက်သွားမယ့် အပိုင်းတွေကိုလည်း ပြောပြပေးပါဦး။**

ဖြေ။ ။ မ.ထ.သ မှာရှိတဲ့ ဝန်ထမ်းတစ်ထောင်ကျော် အားလုံးကို ဝန်ထမ်းလျှောက်လွှာပုံစံတွေကို ပေးထားပါတယ်။ ၉၀၀ ကျော်က ဖြည့်ထားပြီးပြီ ဖြစ်ပါတယ်၊ ဝန်ထမ်းတွေကို ဖွဲ့စည်းပုံနှစ်မျိုးနဲ့ ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။ တစ်မျိုးက ဝန်ထမ်းတွေဆီက သဘောထားဆန္ဒ ကောက်ခံယူထားပါတယ်။ YBS အောက်မှာ ဌာနတွေရှိပါတယ်။ ဥပမာ နည်းပညာဌာနရှိမယ်၊ စာရင်းအင်းဌာနရှိမယ်၊ စက်ပြင်ထိန်းသိမ်းရေးဌာနရှိမယ်၊ စည်းကမ်းထိန်းသိမ်းရေးဌာနစသဖြင့် ဌာနတွေရှိသလို သက်ဆိုင်ရာ ယာဉ်လိုင်းတွေမှာလည်း ကုမ္ပဏီပိုင်အဖွဲ့အစည်းတွေ ရှိပါတယ်။ ဝန်ထမ်းတွေကို သဘောထားခံယူချက်တောင်းယူထားတဲ့နေရာမှာ ကုမ္ပဏီအဖြစ် ပြောင်းလဲဖွဲ့စည်းလိုက်တဲ့အခါမှာ ကုမ္ပဏီဝန်ထမ်းအဖြစ် ဝင်ရောက်လုပ်ကိုင်လိုသလား၊ ဒါမှမဟုတ် အဲဒီ ကုမ္ပဏီဝန်ထမ်းဌာနတွေမှာ သူတို့ရဲ့ကျွမ်းကျင်ရာအလိုက် ဘယ်ဌာနမှာဝင်ရောက် အလုပ်လိုပါသလဲဆိုတဲ့ လျှောက်လွှာပုံစံကို ပေးထားပြီးဖြစ်ပါတယ်။ နောက်တစ်ပိုင်းက YRTA ရဲ့ အုပ်ချုပ်မှုအောက်မှာရှိတဲ့ YBS ရဲ့ ဌာနတွေမှာ ဝင်ရောက်အလုပ်လုပ်လိုတဲ့ ဝန်ထမ်းတွေကိုလည်း စာရင်းကောက်ယူထားပါတယ်၊ သူတို့ကတော့ အစိုးရကနေခန့်ထားတဲ့ အစိုးရလစာပုံစံမျိုးနဲ့သွားမယ့် ဝန်ထမ်းတွေဖြစ်ပါတယ်။ YBS အောက်မှာလည်း စက်ပြင်ထိန်းသိမ်းရေးဌာန၊ နည်းပညာဌာန၊ ဘဏ္ဍာရေးဌာန စသည်ဖြင့်ဌာနတွေရှိပါတယ်။ ဒီဌာနတွေကို ဝန်ထမ်းတွေအားလုံးအား အသိပေးပြီးဖြစ်ပါတယ်။ အစိုးရလက်အောက်မှာ လုပ်မယ်ဆိုရင်လည်း ဘယ်ဌာနတွေမှာလုပ်ချင်လဲဆိုတဲ့ သဘောထားမှတ်ချက်ကိုလည်း ရယူထားပြီးဖြစ်ပါတယ်။ လျှောက်လွှာပုံစံတွေရဲ့အပေါ်မှာမူတည်ပြီး သူတို့ရဲ့လုပ်သက်နဲ့ တတ်ကျွမ်းထားတဲ့ အတွေ့အကြုံအပေါ်မှာ တစ်ယောက်ချင်းစီကို အင်တာဗျူးပြီး ဌာနအသစ်တွေမှာ သင့်လျော်တဲ့နေရာမှာ သင့်လျော်သလို ပြန်နေရာချပေးမှာဖြစ်ပါတယ်။ ကုမ္ပဏီဘက်ကို သွားချင်တဲ့သူတွေကိုလည်း သူတို့ရဲ့လျှောက်လွှာပုံစံတွေကို ကုမ္ပဏီဘက်ကိုပေးလိုက်မှာ ဖြစ်ပါတယ်။ သက်ဆိုင်ရာကုမ္ပဏီတွေအနေနဲ့ သူတို့ကို အင်တာဗျူးပြီး လက်ခံသွားမှာ ဖြစ်ပါတယ်။

**မေး။ ။ စနစ်သစ်ကိုပြောင်းလဲဖို့ ဆောင်ရွက်တဲ့အခါမှာ လိုအပ်တဲ့ဘတ်ဂျက်နဲ့ စီမံခန့်ခွဲမှုအပိုင်းကို ဘယ်လိုဆောင်ရွက်ထားပါသလဲ။**

ဖြေ။ ။ တိုင်းဒေသကြီးအစိုးရအဖွဲ့အနေနဲ့ မ.ထ.သ ရဲ့ရှိပြီးသား ဘတ်ဂျက်နဲ့ ငွေစာရင်းရှင်းတမ်းတွေကို လုပ်ဆောင်နေပါတယ်။ မ.ထ.သ ရဲ့ပိုင်ဆိုင်တဲ့ အဆောက်အအုံ၊ ငွေကြေးတွေကို တိုင်းဒေသကြီးအစိုးရအနေနဲ့ လက်လွှဲယူလိုက်တယ်၊ နောက်တစ်ပိုင်းကတော့ အခုလက်ရှိအခြေအနေနဲ့ နောင်ဆက်သွားမယ့် အခြေအနေမှာ ယာဉ်လိုင်းတစ်လိုင်းချင်းစီကို ကောက်ခံတဲ့နှုန်းထားတွေရှိပါတယ်၊ နေ့စဉ်ပြေးဆွဲနေတဲ့ ယာဉ်အစီးရေအလိုက် ယာဉ်အမျိုးအစားနဲ့ ယာဉ်လိုင်းပေါ်မူတည်ပြီး ကောက်ခံတဲ့ငွေကြေးရှိပါတယ်၊ ဒီငွေကြေးက ဒီမှာခန့်ထားတဲ့ ဝန်ထမ်းတွေရဲ့ လစာငွေဖြစ်လိမ့်မယ်၊ နောက်တစ်ခုက ဒီငွေကြေးကို မူတည်ပြီးတော့ ကားတွေ သန့်ရှင်းရေးလုပ်ဖို့နဲ့ ယာဉ်တွေအိပ်ဖို့နေရာ စတဲ့လိုအပ်တဲ့ဖြည့်ဆည်းမှုမျိုး လုပ်ပေးဖို့အတွက် သက်ဆိုင်ရာကားဝင်းတွေကိုစီစဉ်ပြီး YRTA ရဲ့ဦးဆောင်မှုနဲ့လုပ်ပေးဖို့ စီစဉ်ရမှာဖြစ်တဲ့အတွက် ကုန်ကျစရိတ်တွေရှိပါတယ်၊ ဒါတွေအပြင် သက်ဆိုင်ရာဂိတ်စု၊ ဂိတ်ရင်းတွေကိုသွားမယ့် လမ်းတစ်လျှောက်မှာရှိတဲ့ ပျက်စီးယိုယွင်းမှုတွေကို YRTA ကနေ ဦးဆောင်ပြီး ပြင်ပေးရမယ့် ကဏ္ဍတွေ အများကြီးရှိပါတယ်။ ဒီနေရာမှာ လိုင်းကားတွေဆီက ကောက်ခံထားတဲ့ငွေကို စနစ်တကျနဲ့ ပြန်လည်သုံးစွဲမှာဖြစ်ပါတယ်၊ လိုင်းတစ်လိုင်းချင်းစီမှာရှိတဲ့ ကုမ္ပဏီ အော်ပရေတာအဖွဲ့တွေ အကုန်လုံးက ပုဂ္ဂလိကဝန်ထမ်းတွေပဲ ဖြစ်ပါတယ်။ အဲဒီအဖွဲ့တွေအားလုံးကို YBS က တာဝန်ရှိသူတွေကပဲ ထိန်းချုပ်သွားမှာဖြစ်ပါတယ်။ အဲဒီလိုထိန်းချုပ်နိုင်ဖို့အတွက်ကို နိုင်ငံခြားကပညာရှင်တွေ ငှားရမ်းသွားရမှာဖြစ်တဲ့အတွက် ကုန်ကျစရိတ်တွေရှိပါတယ်၊ အဲဒီကုန်ကျစရိတ်တွေကိုလည်း ကောက်ခံရရှိထားတဲ့ငွေထဲက အသုံးပြုသွားမှာပါ၊ ဘယ်လိုအသုံးပြုလိုက်တယ်ဆိုတာကိုလည်း ပြည်သူတွေသိအောင် ပြန်လည်ချပြသွားမှာဖြစ်ပါတယ်။




ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး နော်ပန်းသဥ္ဇာမျိုး

**မေး။ ။ ယာဉ်မောင်း၊ ယာဉ်နောက်လိုက်တွေနဲ့ ပတ်သက်ပြီး ယာဉ်စည်းကမ်းဖောက်ဖျက်မှုတွေအပြင် ခရီးသည်တွေနဲ့ ဖြစ်ပွားတဲ့ ပြဿနာတွေအပေါ် ဘယ်လိုဆောင်ရွက်သွားမယ်ဆိုတာ သိပါရစေ။**

ဖြေ။ ။ ဒါကအရေးကြီးပါတယ်။ သေချာတိကျတဲ့ ဥပဒေတွေရှိပါတယ်၊ အဲဒီဥပဒေမှာပါဝင်တဲ့ အချက်တွေကို ကောင်းကောင်းအသုံးမချနိုင်ခဲ့တာတွေရှိပါတယ်၊ အခုအကောင်အထည်ဖော် ဆောင်ရွက်နေတဲ့အပေါ်မှာ သက်သေအထောက်အထားအဖြစ် တိုင်ကြားရင် ချက်ချင်းအရေးယူတာမျိုးတွေ လုပ်နေပါတယ်။ စည်းကမ်းဖောက်ဖျက် ကျူးလွန်တဲ့သူတွေကိုလည်း Yangon Police ရဲ့ လူမှုကွန်ရက်စာမျက်နှာနဲ့ YBS ဝက်ဆိုက်မှာလည်း ဓာတ်ပုံနဲ့တကွ ဖော်ပြသွားမှာဖြစ်ပါတယ်။ တကယ်ချိုးဖောက်ရင် တကယ်အရေးယူနေတယ်ဆိုတာကို ပြည်သူကိုချပြသွားမှာ ဖြစ်ပါတယ်။ ဒါမှလည်း ခရီးသွားပြည်သူတွေ လုံခြုံစိတ်ချမှုကို ရမှာဖြစ်ပါတယ်။

*စာမျက်နှာ ၉ သို့*




ရန်ကုန်မြို့အတွင်း ပြေးဆွဲလျက်ရှိသည့် ခရီးသည်တင်မော်တော်ယာဉ်တစ်စီးကို တွေ့ရစဉ်

စာမျက်နှာ ၈ မှ

**မေး။ ။ ယာဉ်စီးရေလုံလောက်မှုမရှိတဲ့အတွက် ပရဟိတကားတွေနဲ့ပါ ပြေးဆွဲပေးနေရတာတွေ့ရပါတယ်။ ကြုံတွေ့နေရတဲ့ အခက်အခဲတွေနဲ့ လက်ရှိယာဉ်အစီးရေဘယ်လောက်နဲ့ ပြေးဆွဲနေတယ်ဆိုတာကို သိချင်ပါတယ်။**

ဖြေ။ ။ လက်ရှိမှာ ယာဉ်အစီးရေ ၃၂၀၀ ကျော်လောက် ပြေးဆွဲနေပါတယ်၊ ပြေးဆွဲနေတဲ့ထဲမှာ ဟောင်းနွမ်းနေတဲ့ ယာဉ်တွေလည်းပါတယ်၊ အဲဒီထဲမှာ ဟောင်းနွမ်းနေတဲ့အတွက် ပြေးဆွဲတဲ့အခါမှာအခက်အခဲဖြစ်နေလို့ လဲရမယ့်ယာဉ်တွေက ၂၀ ရာခိုင်နှုန်းလောက်ရှိနေပါတယ်။ အဲဒါကြောင့် နေ့စဉ်ပြေးဆွဲနိုင်တဲ့ ယာဉ်အစီးရေက မငြိမ်ဘူးဖြစ်နေတယ်။ဒါကအမြန်ဆုံးအစားထိုးရမယ့် အစိတ်အပိုင်းတစ်ခုပါ။ဟောင်းနွမ်းနေတဲ့ယာဉ်တွေနဲ့ပတ်သက်ပြီး ယာဉ်အသစ်တွေကို အစားထိုးလိုက်မယ်ဆိုရင် ဒီနေ့ ပြည်သူလူထုအတွက်လိုအပ်နေတဲ့ ယာဉ်အစီးရေကိုလည်း ဖြည့်ဆည်းပေးနိုင်မှာ ဖြစ်ပါတယ်။ မနေ့က အစည်းအဝေးဆုံးဖြတ်ချက်အရ ယာဉ်အစီးရေ ၁၀၀၀ လောက်ကို ဝန်ကြီးချုပ်က ဝယ်ဖို့ရှိပါတယ်။ လောလောလတ်လတ် လက်ရှိတင်သွင်းပြီးသားကုမ္ပဏီတွေကလည်း ကားတွေထပ်ဝယ်ဖို့ရှိပါတယ်။ ဒါက မလဲမနေရ ယာဉ်အိုယာဉ်ဟောင်းနေရာမှာ အစားထိုးဖို့ပါ။ ရေရှည်အတွက်ကတော့ ကားအစီးရေတော်တော်များများကိုအသစ်တွေနဲ့ ပြန်လဲသွားမှာပါ။ ယာဉ်ပိုင်ရှင်တွေအနေနဲ့လည်းတိုင်းဒေသကြီးအစိုးရအဖွဲ့နဲ့ ပူးပေါင်းလိုပါတယ်။ ဒါပေမယ့် ပါဝင်ဖို့အခက်အခဲဖြစ်နေတာက ယာဉ်မောင်းနဲ့ ယာဉ်အကူတွေပဲဖြစ်ပါတယ်။ ဘုံစနစ်ကိုကျင့်သုံးလိုက်တဲ့အတွက် အရင်လို နေ့တိုင်း ပိုက်ဆံမရတော့မှာကို စိုးရိမ်တဲ့ပုံစံမျိုးတွေဖြစ်နေကြတယ်။ ဒီလိုဖြစ်နေတာကလည်း အရင်တုန်းက စနစ်အရ သူတို့ စိတ်ကြိုက်ယာဉ်လိုင်းက ယာဉ်နဲ့ ယာဉ်ပိုင်ရှင်တွေကို ပြောင်းရွှေ့လုပ်ကိုင်ခွင့်ရခဲ့တဲ့အတွက်ကြောင့်ပါ။ အခုတော့ ယာဉ်ပိုင်ရှင်တွေဆီက ယာဉ်မောင်းနဲ့ ယာဉ်အကူတွေစာရင်းကိုတောင်းပြီး အရင်လိုပုံစံမျိုး လုပ်လို့မရတဲ့ စနစ်တွေနဲ့ ထိန်းချုပ်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ သူတို့အတွက် လိုအပ်တဲ့သင်တန်းပေးမှုတွေကို လေ့ကျင့်ရေးစင်တာတစ်ခုဖွင့်ပြီး ပြုလုပ်ပေးသွားမှာပါ။ နောက်ပိုင်းကတ်စနစ်ကို အကုန်လုံးပြောင်းလိုက်ပြီဆိုရင် ယာဉ်အကူမလိုတော့ဘဲ ယာဉ်မောင်းတစ်ဦးပဲ လိုတော့မှာပါ။ အဲဒီအခါမှာအကျင့်ပျက်ခြစားမှုတွေလည်း ပပျောက်သွားမှာဖြစ်ပါတယ်။ဒါကဒုတိယအဆင့်မှာ စတင်မှာပါ။

**မေး။ ။ လက်ရှိပြောင်းလဲလိုက်တဲ့ YBS စနစ်မှာသုံးဆင့်လောက် စီးနေရတဲ့ ပြည်သူတွေရှိပါတယ်။ အဲ့ဒီအခက်အခဲတွေကိုဆောင်ရွက်ပေးသွားဖို့ရှိပါသလား။**

ဖြေ။ ။ သုံးဆင့်လောက် စီးရတဲ့ နေရာတွေ ရှိပါတယ်။ အဲ့ဒီလိုသုံးဆင့်လောက်စီးရတဲ့နေရာတွေမှာဆို ကျွန်မတို့ကို Complain တက်တာမျိုးရှိပါတယ်။ လောလောဆယ်က ကျွန်မတို့က ဒီလိုယာဉ်လမ်းကြောင်းတွေ သွားမယ်ဆိုတာကို ပြည်သူကို ချပြလိုက်တယ်။ ပြည်သူက ပြန်လည်ပြောလာတဲ့အသံကို ကျွန်မတို့ နားထောင်တယ်။ အခုသန်လျင်လိုမျိုးဆို အဆင်မပြေဘူး။ နှစ်ဆင့် သုံးဆင့် စီးရတဲ့အတွက် စရိတ်ပိုတယ်။ ဒီတော့ ကျွန်မတို့က ဘယ်ယာဉ်လိုင်းကတော့ ဗိုလ်တထောင်အထိမထားတော့ဘဲ ပန်းဆိုးတန်းအထိဒါမှမဟုတ် ဆူးလေလောက်အထိ ပြေးဆွဲခွင့်ပြုမလဲဆိုတာကို ကျွန်မတို့ ညှိနေပါတယ်။ လက်ရှိကြုံတွေ့နေရတဲ့အခက်အခဲတွေနဲ့ပတ်သက်ပြီး ပြည်သူတွေကြုံတွေ့နေရတဲ့အခက်အခဲကို စေတနာ့ဝန်ထမ်းတွေက ပြန်လည်ပြောပြပါတယ်။

**မေး။ ။ သတ်မှတ်ထားတဲ့ယာဉ်လိုင်းတွေရှိပေမယ့် ပြေးဆွဲခြင်းမရှိတဲ့ ကားတွေကို ဘယ်လိုဆောင်ရွက်မလဲ။**

ဖြေ။ ။ ပြည်သူတောင်းဆိုချက်နဲ့ လိုအပ်ချက်အရလိုင်းအသစ်တွေ ထပ်ထွက်လာတယ်။ လိုင်းအသစ်တွေမှာပြေးဆွဲလိုတဲ့ ကုမ္ပဏီတွေ၊ ယာဉ်ပိုင်ရှင်တွေမရှိဘူးဆိုရင်တော့ ကျွန်မတို့ YRTA ရဲ့ စီစဉ်မှုနဲ့ ပြေးဆွဲမှာဖြစ်ပါတယ်။ အခုက ယာဉ်လိုင်းတွေက မငြိမ်သေးဘူး။ ပြည်သူကအသုံးမလိုတဲ့ လိုင်းတွေကို ပြန်ဖြုတ်ချပြီး ပြည်သူကအသစ်တောင်းဆိုတဲ့ယာဉ်လိုင်းတွေ ထပ်ထည့်မယ်။ အခုကတော့ ချိန်ဆပြေးဆွဲပေးနေတဲ့ သဘောပါ။

**မေး။ ။ ပရဟိတယာဉ်တွေနဲ့စေတနာ့ဝန်ထမ်းတွေ အခုလိုဆောင်ရွက်ပေးနေတဲ့ အပေါ်မှာ ဘာများပြောချင်ပါသလဲ။**

ဖြေ။ ။ စေတနာ့ဝန်ထမ်းတွေရှိတယ်။ ယာဉ်တွေကူညီပြီး အခမဲ့ပြေးဆွဲတာရှိတယ်။ စေတနာ့ဝန်ထမ်းတွေစားဖို့ ငွေအားဖြင့် ကူညီတာတွေရှိတယ်။ ဒါကို တကယ်ကျေးဇူးတင်တယ်။ ဒါပေမယ့် သူတို့ရဲ့ပံ့ပိုးကူညီမှုက ငါးရက်လောက်ပဲရှိမယ်ဆိုတာသိပါတယ်။ သူတို့မရှိတဲ့အခါ YBS အနေနဲ့ ဆက်လက်လုပ်ဆောင်နိုင်မယ့်အခြေအနေတွေကို ဝန်ကြီးချုပ်က ပြင်ဆင်ထားပြီးဖြစ်ပါတယ်။

**မေး။ ။ ပြောင်းလဲလိုက်တဲ့စနစ်နဲ့ပတ်သက်ပြီး ဘာများ ဖြည့်စွက်ပြောကြားချင်ပါသလဲ။**

ဖြေ။ ။ ပြည်သူတွေအနေနဲ့ (Yangon Bus Service-YBS) ဝက်ဆိုက်ကို ကြည့်ပေးပါ။ မီဒီယာတွေအနေနဲ့လည်း YBS ဝက်ဆိုက်ကနေ တရားဝင်တင်ထားတာတွေကိုကြည့်ရှုပြီး အများပြည်သူသိအောင် ဖြန့်ဝေပေးပါလို့ ပြောလိုပါတယ်။

အခုလို တွေ့ဆုံမေးမြန်းခွင့်ပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်ခင်ဗျာ

# အာဆီယံခရီးသွားလုပ်ငန်းဖိုရမ် ၂၀၁၇ တွင် ခရီးသွားပြခန်း သုံးခန်းပါဝင်ပြသမည်

**နေပြည်တော် ဇန်နဝါရီ ၁၉**

အာဆီယံခရီးသွားလုပ်ငန်းဖိုရမ် ၂၀၁၇ ကို စင်ကာပူနိုင်ငံ Marina Bay Sands Expo & Convention Centreတွင် ဇန်နဝါရီ ၁၈ ရက်မှ ၂၀ ရက်အထိ ကျင်းပမည်ဖြစ်ရာ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် အာဆီယံခရီးသွားလုပ်ငန်းဝန်ကြီးများအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ တက်ရောက်ရန် စင်ကာပူ နိုင်ငံသို့ ရောက်ရှိလျက်ရှိသည်။

အာဆီယံခရီးသွားလုပ်ငန်းဖိုရမ် ၂၀၁၇ နှင့်အတူ အာဆီယံခရီးသွားပြပွဲ ၂၀၁၇ကို တစ်ဆက်တည်း ကျင်းပမည်ဖြစ်ပြီး အဆိုပါခရီးသွားပြပွဲတွင် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၏ ဦးဆောင်မှုဖြင့် မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံဈေးကွက်မြှင့်တင်ရေးအသင်း၊ ခရီးသွားကုမ္ပဏီများ၊ ဟိုတယ်များနှင့်ခရီးသွားလုပ်ငန်းဆောင်ရွက်သူများက မြန်မာနိုင်ငံကိုယ်စားပြု ခရီးသွားပြခန်း သုံးခန်းဖြင့် ပါဝင်ပြသကြမည်ဖြစ်သည်။ အဆိုပါပြခန်းတွင် မြန်မာနိုင်ငံ၏ ခရီးသွားဆွဲဆောင်မှု အထင်ကရနေရာဖြစ်သည့် တနင်္သာရီတိုင်းဒေသကြီး မြိတ်ကျွန်းစုဒေသအား အထူးမြှင့်တင်လျက် ပါဝင်ပြသမည်ဖြစ်ကာ မြန်မာ့ရိုးရာအစားအစာများ၊ အမှတ်တရပစ္စည်းများကိုလည်း ခင်းကျင်းပြသသွားမည်ဖြစ်သည်။ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဇန်နဝါရီ ၂၀ ရက်အထိကျင်းပမည့် အာဆီယံခရီးသွားလုပ်ငန်းဝန်ကြီးများအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကိုလည်း ဆက်လက်တက်ရောက်သွားမည်ဖြစ်သည်။

မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဇန်နဝါရီ ၂၀ ရက်တွင် အာဆီယံ အထွေထွေအတွင်းရေးမှူးချုပ်ရုံးမှ ကျင်းပမည့် "ASEAN Community Based Tourism Award 2017" အခမ်းအနားသို့ တက်ရောက်၍ မြန်မာနိုင်ငံ၏ ကယားပြည်နယ် လွိုင်ကော်မြို့ရှိ ပန်ပက်နှင့် တနီးလာလဲကျေးရွာများ၊ ရှမ်းပြည်နယ် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိ လွယ်ခေါ်၊ အင်းနီ၊ ထီးနဲ့နှင့် ကက္ကူကျေးရွာများ၊ မကွေးတိုင်းဒေသကြီး မြိုင်မြို့နယ်ရှိ ကျေးရွာများတွင် ဆောင်ရွက်နေသော ရပ်ရွာလူထုအခြေပြု ခရီးစဉ်ဒေသ သုံးခုတို့အတွက် ပေးအပ်သည့် "ASEAN Community Based Tourism Award 2017"ဆုကို လက်ခံယူမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# စစ်တောင်းမြစ်ရေတိုက်စားမှုခံခဲ့ရသော ဆင်ဂွေကျေးရွာတွင် မြစ်ကြောင်းရေကာတန်းများ ဆောင်ရွက်

**ရေတာရှည် ဇန်နဝါရီ ၁၉**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ဆင်ဂွေကျေးရွာသည် စစ်တောင်းမြစ်နှင့် ကပ်လျက်တည်ရှိပြီး မြစ်ကြောင်းအကွေ့ ရေဦးတိုက်အနေအထားဖြစ်၍ ယခင်နှစ်မိုးရာသီကာလတွင် မြစ်ကမ်းပါးများ ပြိုကျကာ လူနေအိမ်များနှင့်အနီးဆုံးသို့ ရောက်ရှိလာခဲ့သည်ကို တွေ့ရသည်။ မြစ်ကမ်းပါးများ ဆက်လက်ပြိုကျခြင်းမှ ကာကွယ်နိုင်ရန် လွှတ်တော်ရန်ပုံငွေမှ ထောက်ပံ့ပေးအပ်သော ငွေကျပ် ၂၅ သိန်း၊ ကျေးရွာဒေသခံပြည်သူများမှ စုပေါင်းထည့်ဝင်ငွေ ၂၅ သိန်းဖြင့် ရေကာတန်းများ ရိုက်ခြင်း၊ ဝါးကပ်များကာရံခြင်းနှင့် ကျောက်များချ၍ မြေဖို့ခြင်းလုပ်ငန်းများ အချိန်မီပြီးစီးနိုင်ရန် ဆောင်ရွက်နေကြခြင်းဖြစ်ကြောင်း ဆင်ဂွေကျေးရွာအုပ်ချုပ်ရေးမှူး ဦးမျိုးဝင်းက ပြောသည်။



ထိုသို့ မြစ်ကြောင်းထိန်းသိမ်းရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်ခြင်းဖြင့် မြစ်ကမ်းပါးနှင့် အနီးဆုံးဖြစ်သော လူနေအိမ်များအတွက် များစွာ အဆင်ပြေသွားနိုင်မည်ဖြစ်သည်။

**ကိုလွင် (ဆွာ)**

# သုံးခွမြို့နယ်၌ ဆေးတက္ကသိုလ်(၂) ရန်ကုန်မိသားစု ကွင်းဆင်းကုသပေး

**ရန်ကုန် ဇန်နဝါရီ ၁၉**

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ် အမှတ်(၁၁)ရပ်ကွက်ရှိ မဟာအတုလဝေယံသာသနာ့ဗိမာန်တော်ကြီး၌ ပြည်သူများကျန်းမာရေးအဆင့်အတန်းမြင့်မားစေရေးအတွက် ဇန်နဝါရီ ၁၅ ရက်က ဆေးတက္ကသိုလ်(၂) ရန်ကုန်မှ ဒုတိယပါမောက္ခချုပ် ပါမောက္ခ ဒေါက်တာဌေးလှ၊ ပါမောက္ခဒေါက်တာမိုးမိုးတင်(ခွဲစိတ်အထူးကု ဆရာဝန်ကြီး)၊ ဆေးတက္ကသိုလ်(၂)ကျောင်းသား ကျောင်းသူဟောင်းများအသင်းဥက္ကဋ္ဌ ပါမောက္ခဒေါက်တာဝင်းမြင့်၊ ပါမောက္ခ ဒေါက်တာခင်မေအုန်းတို့ပါဝင်သော ဆေးတက္ကသိုလ်(၂)ရန်ကုန်မိသားစုမှ အထူးကုဆရာဝန်ကြီးများက အထွေထွေရောဂါ၊ ခွဲစိတ်ရောဂါ၊ သားဖွားနှင့်မီးယပ်ရောဂါ၊ ကလေးကျန်းမာရေးရောဂါ၊ အရိုးရောဂါ၊ မျက်စိရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ အရေပြားရောဂါများ ကုသပေးခဲ့ရာ လူနာပေါင်း ၅၃၇ ဦးအား ကျန်းမာရေးစောင့်ရှောက်မှု ပေးခဲ့ကြောင်း သိရသည်။

ထို့ပြင် အသည်းရောင်အသားဝါ(ဘီ)ပိုးရောဂါကာကွယ်ဆေးအား ပြည်သူ ၃၀၄ ဦးကို အခမဲ့ထိုးနှံပေးခဲ့ကြောင်း သိရသည်။ ပြည်သူများအား ကျန်းမာရေးအသိပညာပေးဟောပြောခြင်း၊ ဝိဇ္ဇာဒယနှင့် လောကမာရဇိန်ကျောင်းသစ်ကျောင်းတိုက်(ဘုန်းတော်ကြီးသင်ပညာရေးကျောင်း)တို့၌ ကျောင်းသား ကျောင်းသူများကို ကဗျာပုံပြင်များဖြင့် သဘာဝပတ်ဝန်းကျင် ချစ်မြတ်နိုးလာစေရန်၊ အသိပညာတိုးပွားလာစေရန် ဟောပြောခဲ့ကြောင်း သိရသည်။

**ကိုကျော်(သုံးခွ)**

*✻ ကျောဖုံးမှ*

ကျိုက္ခမီမြို့မှ ဆုတောင်းပြည့်ရေလယ်ဆံတော်ရှင်ဘုရားကြီးကို ဖူးမြော်ကြည်ညိုပြီးနောက် စက်စဲကမ်းခြေ၌အပန်းဖြေကာ မော်လမြိုင်မြို့သို့ ပြန်အိပ်၍လည်းရသည်။ စက်စဲကမ်းခြေသည် ကျောက်ဆောင်များကင်းပြီး ကမ်းခြေမိုင်အရှည် သုံးမိုင်ခန့်ရှိသောကြောင့် အပန်းဖြေအနားယူကြသူများရေကူးခြင်း၊ လှိုင်းစီးခြင်း၊ စပိဘုတ်မော်တော်စီးခြင်း၊ ကမ်းခြေတွင် မြင်းစီးခြင်း၊ နှစ်ယောက်နင်းစက်ဘီးစီးခြင်းတို့ကို ငှားရမ်းအသုံးပြုနိုင်သည်။ ကမ်းခြေတွင် ပုဂ္ဂလိကဟိုတယ် နှစ်လုံးရှိပြီး စားသောက်ဆိုင်များ၊ ပင်လယ်ထွက်ငါးခြောက်အရောင်းဆိုင်များ၊ အခပေးရေချိုးခန်းများ၊ ရေလောင်းအိမ်သာများကို ပုဂ္ဂလိကလုပ်ကိုင်ခွင့်ပေးထားသည်။

စက်စဲကမ်းခြေအပန်းဖြေစခန်းကို ကမ်းခြေသာယာလှပရေးကော်မတီနှင့် စည်းကမ်းထိန်းသိမ်းရေးကော်မတီတို့က ကြီးကြပ်ဆောင်ရွက်နေသည်ဟု သိရသည်။

## နေရာကွက်ကျား မိုးရွာနိုင်

**နေပြည်တော် ဇန်နဝါရီ ၁၉ -** ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေသည်။ မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။ နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။ ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ တနင်္သာရီတိုင်း ဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးရွာနိုင်သည်။ **(မိုး/ဇလ)**



# မိုင်းခတ်မြို့နယ်အတွင်း မူးယစ်ဆေးဝါးများနှင့် လက်နက်ခဲယမ်းများ ဖမ်းဆီးရမိ

**နေပြည်တော် ဇန်နဝါရီ ၁၉**

ရှမ်းပြည်နယ်အရှေ့ပိုင်း မိုင်းခတ်မြို့နယ် မိုင်းနှုန်း-ဟုတ်ပုံ လမ်းကြောင်းပေါ်တွင် တပ်မတော်စစ်ကြောင်းက လမ်းကြောင်းလုံခြုံရေးဆောင်ရွက်လျက်ရှိစဉ် ယမန်နေ့မွန်းလွဲ ၁၂ နာရီ ၁၅ မိနစ်ခန့်တွင် ဟုတ်ပုံကျေးရွာဘက်မှ မိုင်းနှုန်းဘက်သို့ ဦးအားကော်(ဘ)ဦးအားကြည် မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်အား မသင်္ကာသဖြင့် ရပ်တန့်စစ်ဆေးရာ စိတ်ကြွရူးသွပ်ဆေးပြား ၄၉၈၀ အား သိမ်းဆည်းရမိခဲ့သည်။

ဦးအားကော်အား စစ်ဆေးချက်အရ ဟုတ်ပုံကျေးရွာနေ ဦးအိုက်လွတ် (ခ) ဦးအိုက်ဖူး(ဘ)ဦးလုံစိုင်းထံမှ ဝယ်ယူလာကြောင်း သိရှိရသဖြင့် ဦးအိုက်လွတ်၏ နေအိမ်အား ညနေ ၃ နာရီခန့်တွင် လုံခြုံရေးပူးပေါင်းအဖွဲ့ဖြင့် သွားရောက်စစ်ဆေးရာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၁၃၇၀ ခန့်၊ ဘိန်းစိမ်း ၁ ကီလိုဂရမ်ခန့်၊ ငွေကျပ် ၁၀၂၀၀၀၊ ယွမ်ငွေ ၂၀၂၈ ယွမ်၊ ဘတ်ငွေ ၁၀၀ နှင့် ပစ္စတို တစ်လက်၊ ၎င်းကျည် ၅၅ တောင့်၊ ကျည်အိမ်နှစ်ခု၊ AK-47 ကျည် ၁၆ တောင့်တို့အား သိမ်းဆည်း ရမိခဲ့သည်။

အဆိုပါ ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများ စုစုပေါင်းကာလတန်ဖိုးငွေကျပ် ၅၄၅ သိန်းကျော်၊ လက်နက်ခဲယမ်းများ၊ မော်တော်ဆိုင်ကယ်နှင့် ဖမ်းဆီးရမိသူနှစ်ဦးအား တရားဥပဒေအရ အရေးယူဆောင်ရွက်နိုင်ရေး မိုင်းခတ်မြို့နယ်ရဲစခန်းသို့ စနစ်တကျ လွှဲပြောင်းအပ်နှံခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## အီတလီ အလယ်ပိုင်းတွင် ငလျင်အကြိမ်ကြိမ်လှုပ်ခတ်

**ရုမ်း ဇန်နဝါရီ ၁၉**

အီတလီနိုင်ငံ အလယ်ပိုင်းဒေသတွင် ယမန်နေ့က ပြင်းအား (ရစ်ချ်တာစကေး) ၅အထက်ရှိ ငလျင်လေးကြိမ်လှုပ်ခတ်ခဲ့ပြီး တစ်ဦးသေဆုံးကာ လေးဦးပျောက်ဆုံးနေကြောင်း မီဒီယာဖော်ပြချက်များအရ သိရသည်။

သေဆုံးသူမှာ အသက် ၈၃ နှစ်အရွယ်ရှိ အဘိုးအိုတစ်ဦးဖြစ်ပြီး ပျောက်ဆုံးသူလေးဦးအနက် တစ်ဦးမှာ မြေပြိုမှုဒဏ်ကိုခံရနိုင်ပြီး ကျန်သုံးဦးမှာ နှင်းများဖုံးလွှမ်းခံရခြင်းဖြစ်နိုင်ကြောင်း မီဒီယာများတွင် ဖော်ပြခဲ့သည်။ ယမန်နေ့ ဒေသစံတော်ချိန် နံနက် ၁၀ နာရီ ၂၅ မိနစ်တွင် ပြင်းအား ၅ ဒသမ ၃ အဆင့်ရှိငလျင်၊ ၁၁ နာရီ ၁၄မိနစ်၊ ၂၅ မိနစ်နှင့် ၃၃ မိနစ်တို့တွင် ပြင်းအား ၅ ဒသမ ၄ အဆင့်နှင့် ပြင်းအား ၅ ဒသမ ၁ အဆင့်ရှိ ငလျင်များ အသီးသီးလှုပ်ခတ်ခဲ့ကြောင်း အီတလီနိုင်ငံ ဘူမိရူပနှင့် မီးတောင်သုတေသနဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။

နာရီအနည်းငယ်အတွင်း ပြင်းအား ၅ အထက်ရှိ ငလျင်လေးကြိမ်လှုပ်ခတ်ခြင်းသည် ဖြစ်စဉ်အသစ်တစ်ခုဖြစ်ပြီး သမိုင်းတွင် တစ်ကြိမ်မျှ မကြုံဖူးသေးကြောင်း အီတလီနိုင်ငံ ဘူမိရူပနှင့် မီးတောင် သုတေသနဌာနပညာရှင်တစ်ဦးက ပြောခဲ့သည်။ အီတလီပြည်ထဲရေးဝန်ကြီးဌာနက ကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်နိုင်ရန် ဝန်ထမ်း ၈၅၀ အား တာဝန်များချထားခဲ့ကြောင်း သိရပြီး တပ်မတော်မှလည်း ငလျင်ဖြစ်ပွားရာဒေသသို့ သွားရောက်နေပြီဖြစ်ကြောင်း သိရသည်။ **(ဆင်ဟွာ)**

## အီရန်အဆောက်အအုံပြိုကျရာတွင် ပိတ်မိနေသူများကိုရှာဖွေကယ်ဆယ်မှုများလုပ်ဆောင်



**တီဟီရန် ဇန်နဝါရီ ၁၉**

တီဟီရန်မြို့စွန်၌ အဆောက်အအုံတစ်ခုမီးလောင်မှုဖြစ်ပွားခဲ့ရာ မီးငြိမ်းသတ်ရန် သွားရောက်ခဲ့သည့် မီးသတ်ကယ်ဆယ်ရေးသမား ၂၅ ဦးမှာ မီးလောင်နေသည့် အဆောက်အအုံပြိုကျမှုကြောင့် အဆောက်အအုံအတွင်း ပိတ်မိနေခဲ့ကြသဖြင့် ကယ်ဆယ်ရေးအဖွဲ့များက ရှာဖွေကယ်ဆယ်မှုများကို အပူတပြင်း လုပ်ဆောင်လျက်ရှိသည်။ ဒဏ်ရာရရှိသူများစွာရှိခဲ့ပြီး ကုသမှုများလုပ်ဆောင်ခဲ့ရကြောင်း မြို့တော်ဝန်က ပြောကြားခဲ့သည်။

အထပ်ပေါင်း ၁၇ ထပ်ရှိသည့် လုပ်ငန်းသုံးအဆောက်အအုံသည် သည်းထိတ်ရင်ဖိုရုပ်ရှင်ဇာတ်လမ်းများထဲမှ မြင်ကွင်းကဲ့သို့ ကြောက်မက်ဖွယ်ရာ ပြိုလဲကျသွားခဲ့သည်ဟု မျက်မြင်သက်သေတစ်ဦးက ပြောကြားခဲ့သည်။

အဆောက်အအုံသည် ကြာသပတေးနေ့ နံနက်အစောပိုင်းတွင် ပြိုကျခဲ့ပြီး မီးသတ်ကယ်ဆယ်ရေးသမား ၄၅ ဦး အပါအဝင် လူ ၇၅ ဦးထက်မနည်း ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း နိုင်ငံပိုင်ရုပ်မြင်သံကြားဌာနက ထုတ်လွှင့်ခဲ့သည်။ မီးသတ်သမား ၂၅ ဦးတို့မှာ အဆောက်အအုံအတွင်း၌ ပိတ်မိနေခဲ့ပြီး ၎င်းတို့အား ကယ်ထုတ်နိုင်ရန် ကယ်ဆယ်ရေးအဖွဲ့များက ကြိုးပမ်းနေကြောင်း မြို့တော်ဝန်မိုဟာမက်ဘက်ကွာကာလီဘတ်က အခင်းဖြစ်ပွားမှုကို ရုပ်မြင်သံကြားဌာနသို့ ပြောကြားခဲ့သည်။ ဒဏ်ရာရရှိသူများကိုဆေးရုံသို့အရေးပေါ်ပို့ဆောင်ခဲ့သည်။အဆောက်အအုံပြိုကျမှု၏အကြောင်းရင်းကို အမြန်ဆုံးစုံစမ်းစစ်ဆေးမှုပြုလုပ်ရန် သမ္မတဟာဆန်ရိုဟာနီက ညွှန်ကြားခဲ့ကြောင်း နိုင်ငံပိုင် IRNAသတင်းအေဂျင်စီက ဖော်ပြသည်။ **(ရိုက်တာ)**

## အာဖဂန်သတင်းထောက်များ ခြိမ်းခြောက်မှုများနှင့်ရင်ဆိုင်နေရ

**ကဘူးလ် ဇန်နဝါရီ ၁၉**

အာဖဂန်နစ္စတန်တွင် သတင်းထောက်များသည် ပုန်ကန်ထကြွလှုပ်ရှားသူများနှင့် မူဝါဒမရှိသည့် အစိုးရအာဏာပိုင်များ၏ ပိုမိုဆိုးရွားလာသော ခြိမ်းခြောက်မှုအန္တရာယ်များကို ရင်ဆိုင်နေရကြောင်း သိရသည်။

ပြီးခဲ့သည့်နှစ်က အာဖဂန်နစ္စတန်တွင် ဂျာနယ်လစ် ၁၃ ဦးထက်မနည်း အသတ်ခံခဲ့ရပြီး အာဖဂန်မီဒီယာ အသိုက်အဝန်းတွင် အသေအပျောက်အများဆုံး နှစ်တစ်နှစ်အဖြစ် မှတ်တမ်းဝင်ခဲ့ကြောင်း အာဖဂန်ဂျာနယ်လစ်များ ဘေးကင်းလုံခြုံရေးကော်မတီက ဗုဒ္ဓဟူးနေ့တွင် ပြောကြားခဲ့သည်။

သတင်းမီဒီယာသမားများ အသတ်ခံနေရခြင်းသည် အကျည်းတန်ဆိုးရွားပြီး ယင်းကိစ္စရပ်များအပေါ် အရေးယူဆောင်ရွက်မှု တစ်စုံတစ်ရာ မလုပ်ဆောင်ပါက ၂၀၁၇ ခုနှစ်သည် အဆိုးဆုံးနှစ်တစ်နှစ် ဖြစ်လာနိုင်ဖွယ်ရှိကြောင်း အာဖဂန်သတင်းထောက်များ ဘေးကင်းလုံခြုံရေးအဖွဲ့အကြီးအကဲ နာဂျစ်ရှာရီဖီက ပြောကြားခဲ့သည်။

အာဖဂန်၏ အဓိကမြို့ကြီးများတွင် သတင်းထောက်များသည် အနောက်နိုင်ငံများက ကျောထောက်နောက်ခံပြုထားသည့် အစိုးရအဖွဲ့နှင့် တာလီဘန် အုပ်စုကဲ့သို့သော အစွန်းရောက်အဖွဲ့များ အကြား ဖြစ်ပွားလျက်ရှိသည့် ပဋိပက္ခများအတွင်း ကြားညှပ်နေပြီး ခြိမ်းခြောက်မှုများစွာကို ရင်ဆိုင်ရလျက်ရှိသည်။ **(ရိုက်တာ)**

## မက္ကဆီကိုကျောင်းတစ်ကျောင်းတွင် သေနတ်ပစ်ခတ်မှုဖြစ်ပွား

**မက္ကဆီကို ဇန်နဝါရီ ၁၉**

မက္ကဆီကိုနိုင်ငံ နျူးဗိုလီယွန်ပြည်နယ်မြို့တော်တစ်ခုဖြစ်သည့် မွန်တယ်ရီမြို့ရှိ ကျောင်းတစ်ကျောင်းတွင် ယမန်နေ့က ကျောင်းဆရာတစ်ဦးနှင့် ကျောင်းသားသုံးဦးကို ကျောင်းသားတစ်ဦးက သေနတ်ဖြင့် ပစ်ခတ်ပြီးနောက် မိမိကိုယ်မိမိ အဆုံးစီရင်ခဲ့ကြောင်း ဆင်ဟွာသတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။

ကျောင်းသားတစ်ဦးသည် စာသင်ကြားနေစဉ် ရုတ်တရက် သေနတ်ထုတ်ကာ ရှေ့တွင်ရှိသော ကျောင်းသားတစ်ဦးကို ပစ်ခတ်ခဲ့ကာ ကျောင်းဆရာနှင့် ကျောင်းသားနှစ်ဦးကို ဆက်လက်ပစ်ခတ်ခဲ့ပြီးနောက် မိမိကိုယ်မိမိ အဆုံးစီရင်သွားသည်ကို ကျောင်းတွင်းတပ်ဆင်ထားသော စီစီတီဗွီတွင် တွေ့မြင်ရသည်။

နျူးဗိုလီယွန်ပြည်နယ် အစိုးရ၏ သတင်းထုတ်ပြန်ချက်တွင် သေနတ်ဖြင့် ပစ်ခတ်ခဲ့သည့် ကျောင်းသားသည် အသက် ၁၅ နှစ်ရှိပြီး မိမိကိုယ်မိမိ သေနတ်ဖြင့် အဆုံးစီရင်ခဲ့ပြီးနောက် ဆေးရုံသို့ အချိန်မီ အသက်ကယ်နိုင်ရန် ပို့ဆောင်ခဲ့သော်လည်း သေဆုံးခဲ့ကြောင်း၊ အသက် ၂၄နှစ်အရွယ်ကျောင်းဆရာနှင့် အသက် ၁၄ နှစ်အရွယ် ကျောင်းသားနှစ်ဦးသည် ဦးခေါင်းပိုင်းအား အပစ်ခံရပြီး ဒဏ်ရာအလွန်ပြင်းထန်ကြောင်း၊ ကျန် ၁၅ နှစ်အရွယ်ကျောင်းသားတစ်ဦးမှာလည်း လက်မောင်းကို ပစ်ခတ်ခံရကြောင်း ထုတ်ပြန်ကြေညာခဲ့သည်။

သေနတ်ဖြင့် ပစ်ခတ်ခဲ့သည့် ကျောင်းသားသည် စိတ်ဝေဒနာခံစားနေရသည်ဟု သံသယရှိသူဖြစ်ပြီး စိတ်ပိုင်းဆိုင်ရာ ဆေးကုသမှုခံယူနေသူဖြစ်ကြောင်း မီဒီယာများတွင် ဖော်ပြခဲ့သည်။

ယခုဖြစ်ပွားခဲ့သည့် သေနတ်ပစ်ခတ်မှုသည် မက္ကဆီကိုနိုင်ငံတွင် သုံးရက်အတွင်း ဖြစ်ပွားခဲ့သည့် တတိယအကြိမ်မြောက် သေနတ်ပစ်ခတ်မှုဖြစ်ကြောင်း သိရသည်။ **(ဆင်ဟွာ)**






## ပြင်သစ်၊ ဂျာမနီနှင့် ရုရှား ခေါင်းဆောင်များ မင့်စ်သဘောတူညီချက်အရေးဆွေးနွေး

**ပါရီ ဇန်နဝါရီ ၁၉**

ပြင်သစ်နိုင်ငံ၊ ဂျာမနီနိုင်ငံနှင့် ရုရှားနိုင်ငံခေါင်းဆောင်များသည် အက်စတာနာမြို့တွင်ပြုလုပ်မည့် ဆီးရီးယားနိုင်ငံတွင်း ပဋိပက္ခဆွေးနွေးပွဲများအကြောင်းနှင့် ယူကရိန်းအရှေ့ပိုင်း အခြေအနေ၊ မင့်စ်သဘောတူညီချက် ပြီးမြောက်အောင်ဆောင်ရွက်ရေးများကို ယမန်နေ့က ဖုန်းဖြင့်ပြောဆိုဆွေးနွေးခဲ့ကြောင်း ပြင်သစ်သမ္မတရုံးက ထုတ်ပြန်ခဲ့သည်။

ပြင်သစ်နိုင်ငံသမ္မတ ဖရန်ဆွာဟော်လန်က ယူကရိန်းပဋိပက္ခငြိမ်းချမ်းစွာ ပြီးဆုံးရန် တစ်ခုတည်းသောနည်းလမ်းဖြစ်သည့် မင့်စ်သဘောတူညီချက်အား ပြီးမြောက်အောင် အားလုံးပူးပေါင်းကာ အကောင်အထည်ဖော်ဆောင်ရွက်ပေးကြရန် တောင်းဆိုခဲ့သည်။

ဟော်လန်က ရုရှားနိုင်ငံနှင့် ယူကရိန်းနိုင်ငံတို့သည် အကျဉ်းသားများ လွှတ်ပေးခြင်းနှင့် ရေထောက်ပံ့မှု ပြန်လည်လုပ်ဆောင်ခြင်းတို့အပါအဝင် လူသားချင်းစာနာထောက်ထားမှုလုပ်ဆောင်ချက်များကို မဖြစ်မနေ ဆောင်ရွက်ရမည်ဖြစ်ကြောင်း တိုက်တွန်းပြောဆိုခဲ့သည်။

ဆီးရီးယားဆွေးနွေးမှုတွင် သမ္မတဟော်လန်က အတိုက်အခံများကို ကိုယ်စားပြုသည့် အဖွဲ့တစ်ဖွဲ့ ပြုလုပ်ရန် တောင်းဆိုခဲ့ပြီး ၂၀၁၆ ဒီဇင်ဘာလကုန်တွင် ပြုလုပ်ခဲ့သည့် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်အား လေးစားရန် ပြောဆိုခဲ့သည်။

**(ဆင်ဟွာ)**

# (၆၉)နှစ်မြောက် လွတ်လပ်ရေးနေ့တွင် ကမ္ဘာ့နိုင်ငံအသီးသီးမှ ခေါင်းဆောင်များက သဝဏ်လွှာများပေးပို့

နေပြည်တော် ဇန်နဝါရီ ၁၉

**၂၀၁၇ ခုနှစ် ဇန်နဝါရီ ၄ ရက်၌ ကျရောက်သည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၆၉)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် ကမ္ဘာ့နိုင်ငံအသီးသီးမှ နိုင်ငံတော်အကြီးအကဲများက ဝမ်းမြောက်ကြောင်းသဝဏ်လွှာများ အသီးသီးပေးပို့ကြသည်။**

**ဂျပန်နိုင်ငံ**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၆၉)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံသို့ ဂျပန်ဧကရာဇ်အကီဟီတိုက ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

အဆိုပါသဝဏ်လွှာ၌ မြန်မာနိုင်ငံ၏ လွတ်လပ်ရေးနေ့ အခါသမယတွင် အဆွေတော်နှင့် မြန်မာနိုင်ငံပြည်သူပြည်သားများ ကျန်းမာခြင်းနှင့်ပြည့်စုံ၍ စီးပွား၊ ဥစ္စာခနေများ တိုးပွားပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်ဟု ဖော်ပြပါရှိပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၆၉)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံသို့ ရန်ကုန်မြို့အခြေစိုက် မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီး မစ္စတာ တာတဲရှိဟီဂူချိက ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

အဆိုပါသဝဏ်လွှာတွင် မြန်မာနိုင်ငံ၏ လွတ်လပ်ရေးနေ့ အခါသမယတွင် အဆွေတော် ကျန်းမာချမ်းသာပြီး နိုင်ငံတော်၏ အကျိုးစီးပွားတိုးတက်ရေးနှင့် နိုင်ငံသစ်တည်ထောင်နိုင်ရေး အားထုတ်ကြိုးပမ်းဆောင်ရွက်နေမှုများ အောင်မြင်မှုရရှိပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။ နှစ်နိုင်ငံအကြား ခင်မင်ရင်းနှီးစွာ ဆက်ဆံလာခဲ့သည့် ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှုကို ရေရှည်တည်တံ့အောင် ဆက်လက်ထိန်းသိမ်းနိုင်ပြီး နှစ်နိုင်ငံ အပြန်အလှန်အကျိုးစီးပွားကို ပိုမိုအားဖြည့်ဆောင်ရွက်သွားနိုင်လိမ့်မည်ဖြစ်ပါသည်ဟု ဖော်ပြပါရှိပါသည်။

**ကိုရီးယားသမ္မတနိုင်ငံ**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၆၉) နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတဦးထင်ကျော်ထံသို့ ကိုရီးယားသမ္မတနိုင်ငံသမ္မတ မစ္စတာဟွမ်ကျိုအန်းက ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

အဆိုပါ သဝဏ်လွှာတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့အခါသမယတွင် အဆွေတော်နှင့် မြန်မာနိုင်ငံပြည်သူတစ်ရပ်လုံးထံသို့ ဂုဏ်ယူဝမ်းမြောက်ကြောင်းနှင့် နွေးထွေးသည့် ဆုတောင်းမေတ္တာများပို့သအပ်ပါသည်။ မြန်မာနိုင်ငံတွင် ပြီးခဲ့သည့်နှစ်က ဖြစ်ပေါ်ခဲ့သည့် ဒီမိုကရေစီဆိုင်ရာ တိုးတက်မှုများနှင့် အမျိုးသားပြန်လည်စည်းလုံးညီညွတ်မှုရရှိရေးအတွက် အားထုတ်လုပ်ဆောင်ခဲ့မှုများကို များစွာချီးကျူးအသိအမှတ်ပြုပါကြောင်းဟု ဖော်ပြထားသည်။

**သြစတြေးလျမနေသဟာယနိုင်ငံ**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏(၆၉)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံသို့ သြစတြေးလျမနေသဟာယနိုင်ငံဘုရင်ခံချုပ် ဆာပီတာကော့စ်ဂရိုစ်က ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

အဆိုပါသဝဏ်လွှာ၌ မြန်မာနိုင်ငံ၏လွတ်လပ်ရေးနေ့ အခါသမယတွင် အဆွေတော်နှင့် မြန်မာနိုင်ငံပြည်သူများထံသို့ သြစတြေးလျအစိုးရအဖွဲ့နှင့် ပြည်သူလူထုတစ်ရပ်လုံးက နွေးထွေးစွာဖြင့် ဆုမွန်ကောင်းများ တောင်းအပ်ပါသည်။ မြန်မာနိုင်ငံ၏ ခေတ်သစ်သမိုင်းကြောင်းသည် ၂၀၁၆ ခုနှစ်တွင် စတင်ခဲ့ပြီ ဖြစ်ပါသည်။ သြစတြေးလျနိုင်ငံသည် မြန်မာနိုင်ငံ၏ နိုင်ငံရေးနှင့် စီးပွားရေးပြုပြင်ပြောင်းလဲမှုများနှင့် ငြိမ်းချမ်းရေးဖြစ်စဉ်များကို ကာလရှည်ကြာထောက်ခံခဲ့သည့် နိုင်ငံဖြစ်ပါသည်။ ကျွန်ုပ်တို့၏ ဖွံ့ဖြိုးတိုးတက်မှုအထောက်အကူပြု အစီအစဉ်များသည် ပညာရေးဖွံ့ဖြိုးတိုးတက်မှုကိုသာမက ငြိမ်းချမ်းရေးဖြစ်စဉ်နှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတို့အတွက်ပါ ရည်ရွယ်ပါသည်။ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုများသည် လာမည့်နှစ်များအတွင်း ပိုမိုခိုင်မာလာလိမ့်မည်ဟု မျှော်လင့်ထားပါသည်ဟု ဖော်ပြပါရှိပါသည်။

**တရုတ်ပြည်သူ့သမ္မတနိုင်ငံ**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၆၉) နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံသို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ ရှီကျင့်ဖျင်က ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

အဆိုပါ သဝဏ်လွှာ၌ မြန်မာနိုင်ငံ၏လွတ်လပ်ရေးနေ့ အခါသမယတွင် တရုတ်နိုင်ငံပြည်သူများကိုယ်စား မြန်မာနိုင်ငံပြည်သူလူထုထံသို့ လှိုက်လှဲစွာဖြင့် ဆုတောင်းမေတ္တာများ ပို့သအပ်ပါသည်။ ပြီးခဲ့သည့်နှစ်အတွင်း မြန်မာ့နိုင်ငံရေးအခြေအနေတည်ငြိမ်လာပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်ကာ ပြည်သူလူထုဘဝ စဉ်ဆက်မပြတ်ကောင်းမွန်လာခဲ့ပါသည်။ ထို့အပြင် ပြည်ပနှင့်ကူးလူးဆက်ဆံရေးတစ်နေ့ထက်တစ်နေ့ တိုးတက်များပြားလာပြီး နိုင်ငံတကာတွင်လည်း ရပ်တည်ချက်ပိုမိုမြင့်တက်လာသည်ကို တွေ့မြင်ရသည့်အတွက် ကျွန်ုပ်အလွန်ဝမ်းမြောက်မိပါသည်။ အဆွေတော်သမ္မတကြီးနှင့်တကွ မြန်မာနိုင်ငံအစိုးရခေါင်းဆောင်များ၏ ဦးဆောင်မှုအောက်တွင် မြန်မာပြည်သူလူထုသည် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်အတွင်း ပိုမိုကောင်းမွန်လာသော ရလဒ်အသစ်များဆွတ်ခူးနိုင်မည်ဟု ယုံကြည်ပါသည်။

တရုတ်-မြန်မာ ရှေးရိုးစဉ်ဆက်ဆွေမျိုးပေါက်ဖော်ချစ်ကြည်ရေးသည် နက်ရှိုင်းလျက်ရှိပြီး လက်ရှိနှစ်နိုင်ငံဆက်ဆံရေး ဖွံ့ဖြိုးတိုးတက်မှုအလားအလာသည် ကောင်းမွန်ပါသည်။ ကျွန်ုပ်သည် တရုတ်-မြန်မာဆက်ဆံရေးအား များစွာအလေးထားပြီး အဆွေတော်နှင့်အတူတကွကြိုးပမ်းကာ နှစ်နိုင်ငံဘက်စုံမဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်မှုမိတ်ဖက်ဆက်ဆံရေး ပိုမိုဖွံ့ဖြိုးတိုးတက်ရေးအတွက် တွန်းအားပေး၍ နှစ်နိုင်ငံနှင့် နှစ်နိုင်ငံပြည်သူလူထုအား ပိုမိုအကျိုးပြုနိုင်ရန် ဆန္ဒရှိပါသည်။ မြန်မာနိုင်ငံ စည်ပင်သာယာဝပြောပြီး ပြည်သူလူထုသာယာချမ်းမြေ့ပါစေ။ အစစအရာရာအဆင်ပြေချောမွေ့ပါစေဟု ဆုမွန်ကောင်းတောင်းအပ်ပါသည်ဟု ဖော်ပြပါရှိပါသည်။

# ရန်ကုန်ဘတ်စ်ကား ပြုပြင်ပြောင်းလဲမှုနှင့် ပရဟိတစိတ်ဓာတ်

**ရန်ကုန်တိုင်းဒေသကြီး၌ ဇန်နဝါရီ ၁၆ ရက်မှစတင်ကာ ယခင်အများပြည်သူသယ်ယူပို့ဆောင်ရေးအတွက် ဖွဲ့စည်းခဲ့သည့် မော်တော်ယာဉ်လိုင်းပေါင်းစုံ (မထသ)ကိုဖျက်သိမ်းပြီး အများပိုင်ယာဉ်လိုင်းစနစ်(YBS)သို့ ပြောင်းလဲကာ ခရီးသည်ပို့ဆောင်ရေးစနစ်သစ်ကို စတင်ခဲ့သည်။**

၂၀၀၈ ခုနှစ် နာဂစ်ဆိုင်ကလုန်းမုန်တိုင်း တိုက်ခတ်ပြီးချိန်မှစတင်ပြီး ရှင်သန်အားကောင်းလာခဲ့သည့် ပရဟိတစိတ်ဓာတ်သည် ရန်ကုန်ဘတ်စ်ကားယာဉ်လိုင်းစနစ် ပြုပြင်ပြောင်းလဲမှုနှင့်အတူ ကနဦးကြုံတွေ့နေရသည့် အခက်အခဲများကို ပြည်သူများ၊ ပရဟိတအသင်းအဖွဲ့များ၊ တက္ကသိုလ်ကျောင်းသားကျောင်းသူများ၊ စီးပွားရေးလုပ်ငန်းများမှ ကုမ္ပဏီများ၊ အဝေးပြေး ယာဉ်လိုင်းများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ တစ်ကိုယ်တော်ပရဟိတစိတ်ရှိသူများ တူညီလက်တွဲကာ ဝိုင်းဝန်းဖြေရှင်းနေသည်ကို မြို့တွင်းနေရာအနှံ့ တွေ့မြင်ကြားသိနေရသည်။

“ယာဉ်လိုင်းသစ် စပြေးဆွဲတော့ ခရီးသည်တွေက ဘယ်ကားစီးရမှန်းမသိဘူး ဖြစ်နေတယ်။ ဘတ်စ်ကားတွေကလည်း အထွက်နည်းသေးတော့ မှတ်တိုင်တွေမှာခရီးသည်တွေက စုပုံနေတယ်။ အစိုးရကိုကူညီတယ်ပဲပြောပြော၊ ခရီးသည်တွေကို ကူညီတယ်ပဲပြောပြော ခရီးသည်တွေကို လိုက်ပို့ရတဲ့အချိန်လေးမှာ ရတဲ့ပီတိကိုလိုချင်တာပါ။ ထူးထူးထွေထွေ ဘာမျှော်လင့်ချက်မှမရှိဘူး”ဟု တစ်ကိုယ်တော်ပရဟိတဆောင်ရွက်နေသည့် တက္ကစီအငှားယာဉ်မောင်း ဦးစိုးတင့်က ပြောသည်။

နာရေးကူညီမှုအသင်း(ရန်ကုန်)နှင့် ပရဟိတအသင်းအဖွဲ့များကလည်း ဘတ်စ်ကားစီး ခရီးသွားပြည်သူများကို အကူအညီပေးနေသည့် အများပိုင်ယာဉ်လိုင်း (YBS) စေတနာ့ဝန်ထမ်းများအား ကျန်းမာရေးစောင့်ရှောက်မှုများပေးခြင်း၊ ခရီးသွားပြည်သူများအား အခက်အခဲမရှိစေရန် ယာဉ်လိုင်း လမ်းညွှန်ကူညီပေးခြင်းများကို ဆောင်ရွက်ပေးနေသည်ကိုလည်း တွေ့ရသည်။

နာရေးကူညီမှုအသင်း (ရန်ကုန်)တွင် ပရဟိတဆောင်ရွက်နေသည့် သရုပ်ဆောင်ထွန်းကိုကိုက “ယာဉ်လိုင်းသစ်စတင်ပြေးဆွဲကတည်းက သွားလာမှုအခက်အခဲတွေ့နေတဲ့ ပြည်သူတွေကို ဖြေရှင်းပေးဖို့ လုပ်အားပေးနေတာပါ။ နာရေးကူညီမှုအသင်း(ရန်ကုန်)အနေနဲ့ နေရာတော်တော်များများမှာ ရှိတဲ့လူအင်အားနဲ့ ဖြန့်ကြက်ဆောင်ရွက်နေပါတယ်”ဟု ပြောသည်။

ယာဉ်လိုင်းစနစ်သစ်ဖြင့် စတင်ပြေးဆွဲသည့်နေ့တွင် ဘတ်စ်ကားစီးခရီးသည်များအနေဖြင့် စီးရမည့်ယာဉ်လိုင်း မသိခြင်းနှင့် ယာဉ်စီးရေအပြည့်အဝ ပြေးဆွဲပေးနိုင်ခြင်းမရှိခြင်းတို့ကြောင့် ခရီးသည်များ အခက်အခဲတွေ့ရသော်လည်း တက္ကသိုလ် ကျောင်းသား ကျောင်းသူများ၊ အရပ်ဘက်လူမှုရေးအဖွဲ့အစည်းများ၊ ပြည်သူလူထုပါဝင်သည့် လုပ်အားပေးအဖွဲ့များမှ လမ်းညွှန်ကူညီမှုများ ပြုလုပ်ပေးခဲ့သည်။



လွှတ်တော်ကိုယ်စားလှယ်များ၊ အရပ်ဘက်အဖွဲ့အစည်းများ၊ တက္ကသိုလ်ကျောင်းသား ကျောင်းသူများနှင့် ကုမ္ပဏီပိုင်ရှင်များပါဝင်သည့် ဗဟိုကွပ်ကဲရေးရုံးကို မဟာဗန္ဓုလပန်းခြံအတွင်း ဖွင့်လှစ်ကာ ယာဉ်လိုင်းသစ် စတင်ချိန်မှစ၍ ပြည်သူများတင်ပြတိုင်ကြားလာသည့် အခက်အခဲများကို အချိန်နှင့်တစ်ပြေးညီ ဖြေရှင်းပေးလျက်ရှိနေသည်။

“တိုင်ကြားရေးစင်တာတွေလည်း ဖွင့်ထားတယ်။ ယာဉ်လိုင်းသမားတွေ ရင့်ရင့်သီးသီး မောက်မောက်မာမာရှိရင် အရေးယူဖို့၊ နောက်ဆုံးကားသိမ်းဖို့အထိ ထိထိရောက်ရောက် ဆောင်ရွက်မယ်လို့ ဝန်ကြီးချုပ်က ကတိပြုထားတယ်၊ အခုဆိုရပ်ကွက်တွေမှာ ပါဝင်ကူညီတဲ့ လုပ်အားပေးတွေက မှတ်တိုင်တွေမှာ ခရီးသည်စုပုံနေရင် ကားတွေငှားပြီး ခရီးစဉ်အပိုင်းလိုက်အခမဲ့ပြေးဆွဲပေးနေတယ်။ အခုလှူထားတဲ့ကားတွေ၊ ကူညီနေတဲ့ကားတွေနဲ့ လိုအပ်တဲ့နေရာတွေမှာ ဖြည့်ပြီး ပြေးဆွဲပေးနေတယ်”ဟု တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးရန်အောင်က ပြောသည်။

ထို့အတူ စီးပွားရေးလုပ်ငန်းရှင်များနှင့် ကုမ္ပဏီများ၊ အဝေးပြေးယာဉ်လိုင်းများနှင့် တက္ကစီကားတချို့ကလည်း လိုအပ်နေသည့် ခရီးသည်တင် ဘတ်စ်ကားများအစား ၎င်းတို့ယာဉ်များဖြင့် အစားထိုးပြေးဆွဲပေးကာ ပြည်သူများ၏ အခက်အခဲများကို ဝိုင်းဝန်းကူညီဖြေရှင်းပေးလျက်ရှိသည်။ ဘတ်စ်ကားစီးခရီးသည်များ အခက်အခဲမဖြစ်စေရန် ရန်ကုန်မြို့တွင်း ပြေးဆွဲပေးနေသည့် ရွှေပုလဲသီ၊ ရန်ကုန်-ထားဝယ်-မြိတ် ခရီးသည်ပို့ဆောင်ရေးယာဉ်လိုင်းမှ ယာဉ်မောင်းကြီးကြပ် ကိုစိုးမိုးနိုင်က “နယ်ကပြန်လာရင် ရန်ကုန်မှာ တစ်ညအိပ်ရတယ်။ ရန်ကုန်ရောက်တုန်း သူ့ဌေးကခရီးသည်တွေ အခက်အခဲဖြစ်နေတဲ့အတွက် ကူညီဖို့ပြောလို့ ယာဉ်နှစ်စီးနဲ့လာပြီး ပြေးဆွဲပေးတာပါ။ လိုင်းက အခက်အခဲပြေလည်တဲ့အထိ ပြေးဆွဲပေးမှာပါ”ဟု ပြောသည်။

ထို့အတူ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ရဲတပ်ရင်းများနှင့် ယာဉ်ထိန်းရဲတပ်ဖွဲ့တို့ကလည်း ခရီးသွားပြည်သူများ အဆင်ပြေချောမွေ့စွာသွားလာနိုင်ရန်အတွက် မော်တော်ယာဉ်များဖြင့် ပို့ဆောင်ပေးလျက်ရှိသည်။

“ရန်ကုန် ရဲတပ်ရင်းအမှတ် ၅၊ လုံခြုံရေးရဲတပ်ဖွဲ့၊ လုံခြုံရေးရဲတပ်ဖွဲ့ခွဲမှ ဒုရဲအုပ်ဝင်းမြင့်က ရဲတပ်ရင်း(၅)က ကားငါးစီးနဲ့ ဝါယာလက်ကနေ ဆူးလေအထိ နံနက်ခင်းတစ်ကြောင်း၊ ညနေခင်းတစ်ကြောင်း ပြည်သူတွေအဆင်ပြေစွာသွားနိုင်ဖို့ အခမဲ့ပြေးဆွဲပေးတယ်။ နောက်ရက်တွေလည်း ပြေးဆွဲပေးမှာပါ။ ရန်ကုန်မြို့ပေါ်မှာရှိတဲ့ ရဲတပ်ရင်းတစ်ရင်းစီကလည်း ကားငါးစီးစီ ပြေးဆွဲ ပေးနေတယ်”ဟု ပြောသည်။

“ကျွန်တော်တို့ကတော့ ပြည်သူအတွက် အသင့်ရှိအောင်လုပ်နေတယ်။ ပြည်သူတွေ အခက်အခဲဖြစ်လာရင် ကူညီရမယ်ဆိုတာ ရဲတပ်ဖွဲ့ရဲ့ဆောင်ပုဒ်ပဲ။ ကူညီရတဲ့အတွက် ဝမ်းလည်းသာတယ်။ ပီတိလည်းဖြစ်တယ်။ သာမန်ထမ်းဆောင်နေရတဲ့တာဝန်တွေထက် ထူးထူးခြားခြားလေးဆောင်ရွက်ရတော့ ပီတိဖြစ်တာပေါ့။ ပြည်သူတွေ လည်း ပျော်နေကြတယ်”ဟု အမှတ် (၅) လုံခြုံရေးရဲတပ်ဖွဲ့၊ လုံခြုံရေး ရဲတပ်ဖွဲ့ခွဲမှ ဒုရဲအုပ်ဝင်းမြင့်က ပြောသည်။

ရန်ကုန်တိုင်းဒေသကြီး ယာဉ်ထိန်းရဲတပ်ဖွဲ့ကလည်း ရန်ကုန်ရှိ ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်အင်အား တစ်ထောင်အပြင် နေပြည်တော်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ယာဉ်စည်းကမ်းလမ်း စည်းကမ်း တက်ရောက်နေသည့် သင်တန်းသားများဖြင့် ပြည်သူများ အခက်အခဲမဖြစ်စေရန် ယာဉ်ကြောသွားလာမှုများသည့်နေရာများ၊ ပြည်သူများ ယာဉ်စီးနင်းမှုများသည့်နေရာများ၌ ယာဉ်ထိန်းတပ်ဖွဲ့ဝင်အင်အား အလုံအလောက်ချထားခြင်း၊ ခရီးသည်တင်ယာဉ်လိုင်းများနှင့် အခမဲ့ကူညီနေသည့် ယာဉ်များပေါ်သို့ သက်ကြီးရွယ်အိုများ၊ ကိုယ်ဝန်ဆောင်မိခင်များကို ဖေးမကူညီမှုများလည်း ပြုလုပ်ပေးလျက်ရှိသည်။

ရန်ကုန်အနောက်ပိုင်းခရိုင် အမှတ်(၇) ယာဉ်ထိန်းရဲတပ်ဖွဲ့ ဒုတပ်ဖွဲ့ခွဲမှူး ရဲမှူးမျိုးအောင်မြင့်က “စနစ်တစ်ခုကနေတစ်ခုပြောင်းတဲ့အခါ အခက်အခဲဆိုတာ ကြုံရစမြဲပါ။ ဒီအခက်အခဲတွေကို လူမှုရေးအသင်းအဖွဲ့တွေ၊ ပရဟိတအဖွဲ့တွေနဲ့ ပူးပေါင်းပြီး အားတက်သရော ဝိုင်းဝန်းဆောင်ရွက်ပေးနေပါတယ်” ဟု ပြောသည်။

“ဒီအစီအစဉ်မလုပ်ခင်ကတည်းက အခက်အခဲရှိမယ်ဆိုတာသိတယ်။ ထင်ထားတာထက် ပိုပြီးခက်ခဲတာကိုလည်း တွေ့ရတယ်။ ဘာလို့လဲဆိုတော့ တချို့ယာဉ်လိုင်းတွေက ကြိုးစားပမ်းစား ပြေးဆွဲတာတွေ့ရတယ်။ တချို့ယာဉ်လိုင်းတွေက အဆင်သင့်မဖြစ်သေးဘူး၊ ယာဉ်လိုင်းသစ်ကတော့ ဖြစ်သင့်တာကြာပြီ။ မထသက တာဝန်ယူမှု၊ တာဝန်ခံမှုအားနည်းတယ်။ လုပ်နိုင်စွမ်းအားနည်းတော့ မလိုလားအပ်တာတွေဖြစ်လာတယ်။ ယာဉ်နောက်လိုက်တွေရဲ့ တုံ့ပြန်မှုက ဆိုးရွားလာတယ်။ အုပ်စုဖွဲ့ရိုက်တာတွေရှိလာတယ်။ လူဂုဏ်သိက္ခာမဲ့ခဲ့တာတွေ အများကြီးဖြစ်ခဲ့တယ်”ဟု လွှတ်တော်ကိုယ်စားလှယ် ဦးရန်အောင်က ပြောသည်။

ယခုကဲ့သို့ ဒီမိုကရေစီအစိုးရသစ်လက်ထက် မြန်မာနိုင်ငံ၏ စီးပွားရေးမြို့တော် ရန်ကုန်မြို့၌ ကြီးမားသော အပြောင်းအလဲဖြစ်သည့် ရန်ကုန်ယာဉ်လိုင်းသစ်စတင်ချိန်တွင် အခက်အခဲများရှိသော်လည်း ပြည်သူများ၏ လိုအပ်ချက်ကို တစ်ထောင့်တစ်နေရာမှ တက်စွမ်းသရွေ့ပရဟိတစိတ်ဓာတ်အပြည့်ဖြင့် ပါဝင်ကူညီမှုသည် နိုင်ငံ၏ကောင်းမွန်သော အရွေ့တစ်ခုကို သွားနေခြင်းပင်ဖြစ်သည်။

**သတင်းဆောင်းပါး-မင်းသစ်(သတင်းစဉ်)၊**

**ဓာတ်ပုံ - ဇော်မင်းလတ်(ဒလ)**

# သီလဝါအထူးစီးပွားရေးဇုန် တိုးချဲ့အကောင်အထည်ဖော်ရန်အတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့က ဒေသခံတောင်သူများအား လျော်ကြေးငွေပေးအပ်

**ရန်ကုန် ဇန်နဝါရီ ၁၉**

ဆက်လက်အကောင်အထည်ဖော်မည့် သီလဝါအထူးစီးပွားရေးဇုန် ဇုန်ဧရိယာ ၂-၁ နှင့် ၂-၂ တို့အတွက် အဆိုပါဧရိယာအတွင်းပါဝင်သည့် ရွှေပျောက်ကျေးရွာ၊ ရွှေပြည်သာယာကျေးရွာ၊ အေးမြသီတာကျေးရွာတို့မှ ဒေသခံတောင်သူ ၁၀၀ ကျော်အတွက် ပေးအပ်ရန်ကျန်ရှိသည့် မြေယာလျော်ကြေးပေးအပ်ပွဲကို ယမန်နေ့နံနက်ပိုင်းက ကျောက်တန်းမြို့နယ်ရှိ သီလဝါအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီယာယီရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် သီလဝါအထူးစီးပွားရေးဇုန်စီမံခန့်ခွဲမှု ကော်မတီဒုတိယဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီး လျှပ်စစ်၊ စက်မှုလက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဒေါ်နီလာကျော်က "ဒီလိုမြေယာနဲ့ပတ်သက်တဲ့သူတွေအတွက်လည်း ထိခိုက်နစ်နာမှုမရှိရအောင် ရသင့်ရထိုက်တဲ့ အကျိုးကျေးဇူးကို ခံစားရပါလိမ့်မယ်လို ကတိပြုထားတာလည်း ဒီကပြည်သူတွေ အသိပါပဲ။ ဒေသခံတွေအနေနဲ့လည်း မြေကိုပေးလိုက်ရလို့ လျော်ကြေးရတယ်လို့မထင်ပါနဲ့။ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်အောင်လုပ်တာပါ။ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှ ဒေသခံတွေရော ပြည်သူတွေပါ အဆင်ပြေစွာနေကြရမှာပါ။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေလုပ်ရမယ်။ ပို့ကုန်လုပ်ငန်းဖွံ့ဖြိုးတိုးတက်အောင် ကျွန်မတို့ဆောင်ရွက်ရပါမယ်။ အဲ့ဒီအတွက် ဝိုင်းဝန်းကူညီကြတယ်လို့ ခံယူပါတယ်" ဟု ပြောကြားသည်။

ယင်းနောက် ဒေသခံတောင်သူ ၁၂ ဦးအား မြေယာလျော်ကြေးငွေနှင့် ကရုဏာကြေးငွေများကို ပေးအပ်သည်။ လျော်ကြေးငွေပေးအပ်ပြီးနောက် ဒေသခံတောင်သူ ဦးတင်အုန်းက ကျေးဇူးတင်စကားပြောကြားသည်။

ဦးတင်အုန်းက "ကျွန်တော်တို့ ဒီအထူးစီးပွားရေးဇုန်ကြီး ဆောက်မယ်ဆိုကတည်းက အမြဲတမ်းဝမ်းသာစွာကြိုဆိုပြီး စောင့်မျှော်နေတာပါ။ မြန်မာနိုင်ငံမှာ မြေဧရိယာအများကြီးရှိတဲ့အထဲကမှ ကျွန်တော်တို့ သန်လျင်-ကျောက်တန်းနေရာလေးမှာ ဒီလိုဇုန်ပေါ်ပေါက်လာတာ ဂုဏ်ယူပါတယ်။ ကျန်တဲ့နေရာမှာရှိတဲ့ ဒေသခံတောင်သူတွေကလည်း အကောင်အထည်ဖော်ဖို့ ကြိုဆိုနေပါတယ်။ ဆက်လက်အကောင်အထည်ဖော်နိုင်ဖို့ အတွက်လည်း ကျွန်တော်တို့က ဝိုင်းဝန်းကြိုးပမ်းပေးမှာဖြစ်ပါတယ်"ဟုပြောသည်။

ဆက်လက်၍ ဒေါ်နီလာကျော်က ကျေးဇူးတင်စကား ပြောကြားရာတွင် ယခုဒေသခံများ လက်အတွင်းသို့ ပေးအပ်လိုက်သည့် မြေယာတန်ဖိုးငွေကြေးကို အကျိုးရှိစွာ အသုံးချစေလိုကြောင်း၊ ရရှိလာသည့်ငွေကြေးကို အိမ်တွင်းတစ်နိုင်တစ်ပိုင် အသေးစားစက်မှုလုပ်ငန်း (SMEs) လုပ်ဆောင်၍ ရနိုင်ကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် လိုအပ်သည့် အကူအညီများရှိပါက အကူအညီပေးမည်ဖြစ်ကြောင်း၊ ရရှိလာသည့် ငွေကြေးကို သုံး၍ကုန်သွားတာမျိုး မဖြစ်စေဘဲ တိုးပွားအောင် ဆောင်ရွက်ရန်တိုက်တွန်းလိုကြောင်း ပြောကြားသည်။

ယခု ရွှေပျောက်ကျေးရွာ၊ ရွှေပြည်သာယာကျေးရွာ၊ အေးမြသီတာကျေးရွာတို့မှ ဒေသခံတောင်သူ ၁၀၀ ကျော်အနက် တောင်သူ ၁၂ ဦး တို့အား လျော်ကြေးငွေနှင့် ကရုဏာကြေးများ ပေးအပ်ခဲ့ပြီး ကျန်ရှိနေသေးသည့် ဒေသခံတောင်သူများကိုလည်း ဆက်လက်ပေးအပ်သွားမည်ဖြစ်သည်။ ဆုံးရှုံးသွားသည့်မြေနေရာနှင့် လိုအပ်သည့် အိမ်များအတွက် အိမ်ခြေ ၈၇ လုံးအား မြိုင်သာတိုးချဲ့ရပ်ကွက်သစ် ဆောက်လုပ်ရန် အကောင်အထည်ဖော်လျက်ရှိသည်။

**သတင်း-ရဲခေါင်ညွန့်၊ ဓာတ်ပုံ-ဖိုးထောင်**



သီလဝါအထူးစီးပွားရေးဇုန်စီမံခန့်ခွဲမှုကော်မတီ ယာယီရုံးမြေယာလျော်ကြေးနှင့် ကရုဏာကြေးပံ့ပိုးမှုအခမ်းအနားတွင် လျော်ကြေးငွေ ပေးအပ်စဉ်

## ဇန်နဝါရီ ၁၉ ရက် လယ်ယာထွက်ကုန်နှင့် သစ်သီးဝလံဈေးနှုန်းများ

၂၀၁၇ ခုနှစ် ဇန်နဝါရီ၁၉ ရက် (ကြာသပတေးနေ့) ဈေးပိတ်ချိန် လယ်ယာထွက်ကုန်နှင့် သစ်သီးဝလံဈေးနှုန်းများ

| စဉ် | အမျိုးအစား | ထွက်ရှိရာဒေသ | ယူနစ် | ဈေးကွက် | ဈေးနှုန်း(ကျပ်)ပျမ်းမျှ အနိမ့်ဆုံးမှ အမြင့်ဆုံး |
|---|---|---|---|---|---|
| ၁။ | ပေါ်ဆန်း(ဆန်) | နယ်စုံ(ဖျာပုံ၊ ဒေးဒရဲ၊ မြောင်းမြ၊ ပုသိမ်၊ ရွှေဘို) | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၃၁၀၀၀ မှ ၄၄၅၀၀ |
| ၂။ | ဧည့်မထ(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၁၆၅၀၀ မှ ၁၉၅၀၀ |
| ၃။ | ငစိန်(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၁၇၀၀၀ မှ ၁၉၀၀၀ |
| ၄။ | မြီးတုံး(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၁၉၀၀၀ မှ ၂၁၀၀၀ |
| ၅။ | မိုးသုခ(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၄၀၀၀ မှ ၂၅၀၀၀ |
| ၆။ | နွေသီးထပ်(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၁၉၀၀၀ မှ ၂၀၀၀၀ |
| ၇။ | မတ်ပဲ FAQ/RC | | တစ်တန် | ဘုရင့်နောင်ကုန်စည်ဒိုင် | ၁၀၈၄၀၀၀ |
| ၈။ | ပဲစင်းငုံနီ RC | | တစ်တန် | ဘုရင့်နောင်ကုန်စည်ဒိုင် | ၈၅၀၀၀၀ |
| ၉။ | ပဲတီစိမ်း(ပဲ) | နယ်စုံ(ပခုက္ကူ၊ ရွှေဝါ၊ ပဲခူး၊ ဝါးခယ်မ) | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၁၂၃၀ မှ ၁၈၇၀ |

လယ်ယာစိုက်ပျိုးရေးနှင့် ဈေးကွက်သတင်းအချက်အလက်အေဂျင်စီ (AMIA) မှ ပေးပို့သည်။

## သီးနှံထောက်ပံ့ကြေးပေးအပ်မှုအား မကျေနပ်သူ ၃၀၀ ခန့်က ဆန္ဒထုတ်ဖော်

**အရာတော် ဇန်နဝါရီ ၁၉**

၂၀၁၆ ခုနှစ် ဧပြီလအတွင်း သဘာဝဘေးဒဏ်ကြောင့် သီးနှံများပျက်စီးခဲ့သဖြင့် သီးနှံထောက်ပံ့ကြေးပေးအပ်ခြင်းနှင့် ပတ်သက်၍ မကျေနပ်သူ ၃၀၀ ခန့်သည် ဇန်နဝါရီ ၁၈ ရက် နံနက် ၁၀ နာရီ ခန့်ကစတင်၍ အရာတော်မြို့ကျောက်တိုင်၌ စုရပ်ပြုလုပ်ကာ စီတန်းလှည့်လည်ဆန္ဒပြခဲ့ကြကြောင်း သိရသည်။

အရာတော်မြို့နယ် ခင်သာကျေးရွာနေ ဦးကျော်လင်းနှင့် ဦးအံ့ဇော်တို့ တောင်သူနှစ်ဦး ဦးဆောင်၍ အရာတော်မြို့နယ်တွင် ၂၀၁၆ ခုနှစ် ဧပြီလအတွင်းက သဘာဝဘေးဒဏ်ကြောင့် သီးနှံများပျက်စီးခဲ့သဖြင့် နိုင်ငံတော်က သီးနှံထောက်ပံ့ကြေးငွေများပေးအပ်ခဲ့ရာတွင် စာရင်းမှန်ကန်မှုမရှိသလို သီးနှံစိုက်ပျိုးခြင်းမရှိသော တောင်သူများကို ထောက်ပံ့မှုများပေးကာ ထောက်ပံ့ငွေပေးအပ်ရာတွင်လည်း နစ်နာသူတောင်သူများ၏ သဘောတူညီမှုကိုမရယူဘဲ အရာတော်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ၂၀ ရာခိုင်နှုန်း ဖြတ်တောက်ရယူခြင်းများအပေါ်မကျေနပ်သဖြင့် ဆန္ဒထုတ်ဖော်ခြင်းဖြစ်သည်ဟု သိရသည်။

လူဦးရေ ၃၀၀ ခန့်သည် အရာတော်ကျောက်တိုင်၌ စုရပ်ပြုလုပ်ကာ အရာတော်-မြင်းမူလမ်းအတိုင်း အရာတော်မြို့ဝင်ဆိုင်းဘုတ်အထိ၊ ထိုမှလာလမ်းအတိုင်း မြို့လယ်ဓမ္မာရုံ အရာတော်-မုံရွာလမ်းအတိုင်း ကျားကြီးရေအိုးစင်အထိ၊ ဆက်လက်၍ အဆိုပါနေရာမှ ပြန်လှည့်ကာ အရာတော်-ရွှေဘိုလမ်းအတိုင်း မြို့ဝင်ဆိုင်းဘုတ်မှ စုရပ်အထိ လှည့်လည်ဆန္ဒထုတ်ဖော်ခဲ့ကြသည်။ ထိုကဲ့သို့ လှည့်လည်ဆန္ဒထုတ်ဖော်နိုင်ရန် ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် စီတန်းလှည့်လည်ခွင့်ပြုပါရန် ဇန်နဝါရီ ၁၆ ရက်က အရာတော်မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးသို့ ဦးဆောင်သူ ဦးကျော်လင်းနှင့်ဦးအံ့ဇော်တို့က တင်ပြကာ လှည့်လည်ဆန္ဒပြခြင်းဖြစ်ကြောင်း သိရသည်။

**မျိုးဝင်းထွန်း (မုံရွာ)**

### မိခင်အမည်မှန်

မွန်ပြည်နယ်၊ ပေါင်မြို့နယ်၊ အလကခွဲ (ပုသိမ်ကွင်း)ကျောင်း ပဋ္ဌမတန်းမှ မောင်စိုးမင်းသန်း၏ မိခင်အမည်မှန်မှာ ဒေါ်တင်တင်ထွေး ဖြစ်ပါသည်။ **ဒေါ်တင်တင်ထွေး ၁၀/ပမန(နိုင်)၀၉၇၈၅၅**

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 9B/9285 Nissan Diesel cw53AHV Dump Truck (6x4) ယာဉ်လက်ဝယ်ရှိသူ ဦးစည်သူအောင် ၁၀/မဒန(နိုင်)၀၀၀၂၆၅ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။
**ကညန၊ တိုင်းဒေသကြီးရုံးခွဲ (ရွာသာကြီး)၊ ရန်ကုန်မြို့**

### လူပျောက်ကြော်ငြာ

စစ်ကိုင်းတိုင်းဒေသကြီး၊ အရာတော်မြို့နယ်၊ ဇရစ်ကျေးရွာအုပ်စု ကူးတို့ကိုင်းကျေးရွာနေ (ဘ) ဦးသောင်းမြင့် ၅/အရတ(နိုင်)၀၀၄၅၁၉ ၏ သမီး မယဉ်ယဉ်ပြုံး ၅/အရတ(နိုင်)၁၅၄၇၇၃ သည် ၉-၁-၂၀၁၇ ရက် နံနက် ၉ နာရီခန့်တွင် နေအိမ်မှ ပျောက်ဆုံးနေပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်နှင့် ဖြားယောင်းသွေးဆောင် လက်ခံထားရှိသူများအား တရားဥပဒေအရ အရေးယူဆောင်ရွက်မည်ဖြစ်ပါကြောင်း။

**ဦးသောင်းမြင့်
၅/အရတ(နိုင်)၀၀၄၅၁၉
အရာတော်မြို့
ဖုန်း-၀၉-၄၀၀၄၅၀၇၈၁**

### ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာနမှ သက်တမ်းလွန်ပစ္စည်းများ ရောင်းချရန်အတွက် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန လက်အောက်ရှိ အောင်ဆန်းပုံနှိပ်စက်ရုံမှ အောက်ပါသက်တမ်းလွန်ပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ရောင်းချလိုပါသည်-

| | | |
|---|---|---|
| (က) | စက္ကူ | ၄ မျိုး |
| (ခ) | မင် | ၈ မျိုး |
| (ဂ) | ပုံနှိပ်ရေးပစ္စည်း | ၃ မျိုး |
| (ဃ) | အခြား | ၁၁ မျိုး |
| (င) | စက်အရန်ပစ္စည်း | ၆ မျိုး |
| | | ၃၂ မျိုး |

၂။ အိတ်ဖွင့်တင်ဒါဖောင်များကို ၁၉-၁-၂၀၁၇ရက်မှ ၂၄-၁-၂၀၁၇ရက်အထိ ရုံးဖွင့်ရက်များ၌ နေ့စဉ် ၉း၃၀နာရီမှ ၁၆း၃၀နာရီအတွင်း ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေး ဦးစီးဌာန၊ အမှတ် ၂၂၈၊ သိမ်ဖြူလမ်း၊ ရန်ကုန်မြို့တွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၂၅-၁-၂၀၁၇ရက်မှ ၂၇-၁-၂၀၁၇ရက်အထိ ၀၉း၃၀နာရီမှ ၁၆း၃၀ နာရီအတွင်း ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန၊ အမှတ် ၂၂၈၊ သိမ် ဖြူလမ်း၊ ရန်ကုန်မြို့ရှိ တင်ဒါအဖွဲ့ဝင်များရှေ့မှောက်၌ လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။ သတ်မှတ်ကာလထက်ကျော်လွန်သောတင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဖုန်း-၀၁-၃၈၀၈၀၄၊ ၀၁-၃၈၂၀၇၀တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါဖောင်ပုံစံများထုတ်ယူရန်လိပ်စာ**
ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန
ပြန်ကြားရေးဝန်ကြီးဌာန
အမှတ်(၂၂၈)၊ သိမ်ဖြူလမ်း၊
ရန်ကုန်မြို့။
ဖုန်း-၀၁-၃၈၀၈၀၄၊ ၀၁-၃၈၂၀၇၀

**တင်ဒါဖောင်တင်သွင်းရန်လိပ်စာ**
ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန
ပြန်ကြားရေးဝန်ကြီးဌာန
အမှတ် ၂၂၈၊ သိမ်ဖြူလမ်း၊
ရန်ကုန်မြို့။
ဖုန်း-၀၁-၃၈၀၈၀၄၊ ၀၁-၃၈၂၀၇၀

**POST** မူလတန်းပြဆရာဝင်ခွင့်ဖွင့်နေပြီ
စနေ၊တနင်္ဂနွေ(၂၁၊၁၊ ၂၀၁၇) တနင်္ဂနွေသီးသန့်(၂၂၊၁၊ ၂၀၁၇)
စာမေးပွဲအနီးကပ် မတ်လ၅ရက်စမည် ဘာသာစုံစာအုပ်ရပြီ
၁၆၅(ပထပ်)ဆိပ်ကမ်းသာလမ်း(လယ်)ကျောက်တံတားမြို့နယ် ၀၉၄၂၀၁၂၉၃၃၃

မြန်မာမြတ်ချယ်ရီ Travel & Tours 01-551240, 09-5003647
ဟိုချီမင်း-မိုးနဲ-ဒါလတ် (5 ရက်) $355
ဟနွိုင်း-ဟာလောင်း-နင့်ဘင်း-ထရန်အန်း-Tam coc (4 ရက်) $495
စီယက်နမ် - ကမ္ဘောဒီးယား (6 ရက်) $595
ဒါနန်း-Ba Na Hills-ဟွေ့အန်း (4 ရက်) $490
စင်္ကာပူ (4 ရက်) $599
Feb-10, 23, 24, Mar 24,25
အမှတ်(၁၂၂/၁၂၄၊ကျိုက္ကသံလမ်း၊တာမွေ။ Fb: Myanmar Myat Cherry Travel & Tours

မြန်မာမြတ်ချယ်ရီ Travel & Tours 01-551240, 09-5003647
သင်္ကြန်အထူးခရီးစဉ်များ
ဟနွိုင်း-ဟာလောင်း-နင့်ဘင်း-ထရန်အန်း-Tam coc (4ရက်) $550 13-16(April)
ဟိုချီမင်း-မိုးနဲ-ဒါလတ် (5 ရက်) $460 13-17(April)
ဟိုချီမင်း - မိုးနဲ - ဒါလတ် - ညချမ်း (7 ရက်) $695 13 - 19 (April)
ဟနွိုင်း - ဟာလောင်း (သင်္ဘောပေါ်ညအိပ်) - ကိုရီးယား (ဆိုးလ်) - နာမီဆောင်ကျွန်း - အဲဗားလန်း ခရီးစဉ် (9 ရက်) $1850 13 - 21 (April)
စီယက်နမ် - ကမ္ဘောဒီးယား (6 ရက်) $650 14 - 19 (April)
အမှတ်(၁၂၂/၁၂၄၊ကျိုက္ကသံလမ်း၊တာမွေ။ Fb: Myanmar Myat Cherry Travel & Tours

"ဝါရွှေစင်" ပိုးထည်
ဆိုင်ဖွင့်လှစ်ခြင်း(၈)နှစ်ပြည့်အထူးဈေးရောင်းပွဲတော်ကြီး
(Big Sales 20% to 50% Off)
"ဝါရွှေစင် ပိုးထည်" ၏ ဆိုင်ဖွင့်လှစ်ခြင်း (၈)နှစ်ပြည့် အထူးဈေးရောင်းပွဲတော်ကြီးကို ဝါရွှေစင် ချစ် Customer များအား ကျေးဇူးတုံ့ပြန်သောအနေဖြင့် (၂၀-၁-၂၀၁၇ မှ ၂၄-၁-၂၀၁၇)အထိ ၅ ရက်တိုင်တိုင် အထူးဈေးနှုန်းများဖြင့် ရောင်းချပေးသွားမည် ဖြစ်ပါကြောင်း "ဝါရွှေစင်" ချစ်မိတ်ဟောင်းမိတ်သစ် Customer များကို သတင်းကောင်း ပါးအပ်ပါသည်။ အထူးကံစမ်းမဲအစီအစဉ်များလည်းပါရှိပါသည်။ အားပေးမှုကို ကျေးဇူးအထူး တင်ရှိပါသည်။
နေရာ။ ။အမှတ်(၁၇၁)၊ သစ္စာလမ်းမကြီးမိုးကောင်းမှတ်တိုင်အနီး၊ ရန်ကင်းမြို့နယ်။
ဖုန်း - ၀၉ ၅၁၁၂၅၀၆၊ ၀၉ ၄၀၀၀၂၈၈၇၇၊ ၀၉ ၄၂၀၀၀၆၅၂၅၊ ၀၉ ၄၉၃၄၄၅၅၃

# ဓာတ်ငွေ့ပိုက်လိုင်းယိုစိမ့်မှုမှတစ်ဆင့် မီးလောင်

**ရန်ကုန် ဇန်နဝါရီ ၁၉**

ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ် (၁၄) ရပ်ကွက် စီမံကိန်း (၂) သံသုမာလမ်းမနှင့် ရတနာလမ်းဆုံမီးပွိုင့်အနီး၌ရပ်ထားသော ဒိုင်နာကုန်တင်ယာဉ်၊ တိုယိုတာပရိုဘောက်ကိုယ်ပိုင်ယာဉ်နှင့် တိုယိုတာကိုယ်ပိုင်ယာဉ်တို့ ဇန်နဝါရီ ၁၉ ရက် နံနက် ၈ နာရီခန့်က မီးလောင်မှုဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ တောင်ဥက္ကလာပမြို့နယ် ဂက်စ်ဆိုင်အမှတ်(၀၁၇) ဆိုင်သို့ ပို့လွှတ်သော သံသုမာလမ်းမမြေအောက်၌ သွယ်တန်းထားသော ဂက်စ်ပိုက်လိုင်း ယိုစိမ့်သောအငွေ့နှင့် လမ်းဆုံအနီး ဓာတ်တိုင်သုံးတိုင်ပေါ်၌ သွယ်တန်းထားသော လျှပ်စစ်ကြိုးများ ပွတ်တိုက်မှုမှထွက်ရှိသော မီးပွင့်နှင့်ထိတွေ့ကာ ယာဉ်များ မီးလောင်ကျွမ်းခဲ့ခြင်း ဖြစ်သည်။



မီးလောင်နေသော မော်တော်ယာဉ်နှစ်စီးကို မီးသတ်တပ်ဖွဲ့ဝင်များက မီးငြိမ်းသတ်ကြစဉ်

မီးလောင်ရာသို့ မီးသတ်ဦးစီးဌာနမှ တပ်ဖွဲ့ဝင်များနှင့် ပြည်သူများ ပူးပေါင်းငြိမ်းသတ်ကြရာ နံနက် ၈ နာရီ ၄၂ မိနစ်တွင် မီးငြိမ်းသွားကြောင်း သိရသည်။

အဆိုပါ ယာဉ်များ မီးလောင်မှုနှင့် ပတ်သက်၍ တောင်ဥက္ကလာပမြို့နယ်မြို့မရဲစခန်းက စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**တင်ကြည်-သယံဇာတနှင့်ပတ်ဝန်းကျင်**

# အမြန်လမ်း၌ ပန်တော်ဦးခရီးသည်ယာဉ်အား ခဲဖြင့်ပစ်ပေါက်သူကို ဖမ်းဆီးအရေးယူ

**နေပြည်တော် ဇန်နဝါရီ ၁၉**

ရန်ကုန်-မန္တလေး အမြန်လမ်း မိတ္ထီလာမြို့နယ် မိုင်တိုင်အမှတ် (၃၀၈/၄ )နှင့် (၃၀၈/၅) အကြား မကွေးဘက်မှ မန္တလေးဘက်သို့ ယာဉ်မောင်း နန်းအောင် မောင်းနှင်လာသော ပန်တော်ဦးခရီးသည်တင်ယာဉ်ကို ယနေ့နံနက် စောစောပိုင်းက လူငယ်နှစ်ဦးက ခဲဖြင့်ပစ်ပေါက်မှုဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်ကြောင့် ယာဉ်ပေါ်ပါခရီးသည်များ တစ်စုံတစ်ရာထိခိုက်မှုမရှိဘဲ ယာဉ်မှာ ခြောက်သိန်းခွဲဖိုးခန့် ပျက်စီးသွားသည်။ ခဲဖြင့်ပစ်ပေါက်သူ လူငယ်နှစ်ဦးကို ယာဉ်မောင်းနှင့် ယာဉ်ပေါ်ပါ အဖွဲ့များက လိုက်လံဖမ်းဆီးရာ ကျော်နိုင်ဝင်းကို ဖမ်းဆီးရမိပြီး သီးကုန်းအမြန်လမ်းရဲစခန်းသို့ အပ်နှံပေးခဲ့သည်။

သို့ဖြစ်၍ ခဲဖြင့်ပစ်ပေါက်နှစ်ဦးကို ရာဇသတ်ကြီးပုဒ်မ ၂၇၉-က အရ အရေးယူစစ်ဆေးလျက်ရှိကြောင်း သိရသည်။

**သန်းဦး (လေးမျက်နှာ)**

# (၁၀၅)မိုင်၌ ဖုန်းအရောင်းဆိုင်တစ်ဆိုင် ဖောက်ထွင်းခံရ

**မူဆယ် ဇန်နဝါရီ ၁၉**

ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ်ခရိုင် မူဆယ်မြို့နယ် မိုင်းယု (၁၀၅) မိုင်ကျေးရွာကုန်သွယ်ရေးဇုန်အနီး၌ ဖွင့်လှစ်ရောင်းချနေသော ကော်မိန် Mobile Electronic ဖုန်းပစ္စည်းအရောင်းဆိုင်မှာ ဇန်နဝါရီ ၁၈ ရက် နံနက် ၂ နာရီခွဲက ဖောက်ထွင်းခံခဲ့ရကြောင်း သိရသည်။

ဖုန်းဆိုင်မှာ (၁၀၅)မိုင် ကုန်သွယ်ရေးဇုန်အနီး ပြည်ထောင်စုကားလမ်းမကြီးနံဘေး၌ ဖွင့်လှစ်ရောင်းချသည့် ဆိုင်ဖြစ်ပြီး ဆိုင်ပိုင်ရှင်ဖြစ်သူ ဒေါ်ဂျူးနီချန်းနှင့် ဆိုင်အကူ အမျိုးသမီးငယ်တစ်ဦးတို့ ဆိုင်းအတွင်း အိပ်စောင့်နေစဉ် ဇန်နဝါရီ ၁၈ ရက် နံနက် ၂ နာရီခွဲက ဆိုင်ရှေ့တံခါးကိုဆွဲမပြီး ဆိုင်အတွင်း၌ အသင့်ရောင်းချရန်ထားရှိသော ဖုန်းနှင့်ဆက်စပ်ပစ္စည်းများ ခိုးယူသွားခြင်းဖြစ်သည်။

ဖောက်ထွင်းခိုးယူသွားသောပစ္စည်းများမှာ ဟွာဝေးဖုန်းခြောက်လုံး၊ ဆမ်ဆောင်း သုံးလုံး၊ ကူးပက် ၂၄ လုံး၊ အခြားတံဆိပ်ဖုန်းအမျိုးအမျိုး ၄၆ လုံးနှင့် MPT ဆင်းကတ်တို့ဖြစ်ပြီး ကာလတန်ဖိုးငွေကျပ် သိန်း ၇၀ ကျော်ဖိုး ခိုးယူသွားကြောင်း သိရသည်။

**သန့်ဇင် (မူဆယ်)**

**ဥပဒေဘောင်အတွင်းနေထိုင်ခြင်း ဘေးကင်းရန်ကွာ စိတ်ချမ်းသာ**

# လမ်းဖြတ်ကူးသူကို တိုက်ပြီး မောင်းပြေးသည့်ယာဉ်အား လှည့်ကင်းအဖွဲ့ လိုက်လံဖမ်းဆီး

**ရန်ကုန် ဇန်နဝါရီ ၁၉**

ကြည့်မြင်တိုင်ကမ်းနားလမ်းအတိုင်း မြောက်ဘက်မှတောင်ဘက်သို့ ယာဉ်မောင်းရဲလေး(ခ)ရဲမြင့် (၂၃ နှစ်) လှိုင်သာယာမြို့နယ်နေသူ မောင်းနှင်လာသည့် 4G/---- မီနီဘတ်စ်လိုင်းကားယာဉ်သည် ဇန်နဝါရီ ၁၉ ရက် နံနက် ၂ နာရီခန့်က အမှတ်(၁) သစ်စက်လမ်းထိပ်သို့အရောက်၌ လမ်းဖြတ်ကူးသူ ဦးမြင့်နိုင် (၄၉ နှစ်)ကို တိုက်မိပြီး မောင်းနှင်ထွက်ပြေးသွားခဲ့သည်။ မောင်းနှင်ထွက်ပြေးသွားသည့် ယာဉ်နောက်သို့ လှည့်ကင်းလှည့်နေသည့် ကြည့်မြင်တိုင်မြို့မရဲစခန်းမှ တပ်ကြပ် တင်ဝင်းစိန်နှင့်အဖွဲ့က လိုက်လံဖမ်းဆီးခဲ့ရာ ထီးတန်းကွန်တိန်နာဝင်းရှေ့၌ ယာဉ်နှင့် ယာဉ်မောင်းကို ဖမ်းမိခဲ့ပြီး ယာဉ်ထိန်းတပ်ဖွဲ့သို့ အပ်နှံပေးခဲ့သည်။

ယာဉ်တိုက်ခံရမှုဒဏ်ရာကြောင့် ဦးမြင့်နိုင်သည် ရန်ကုန်ပြည်သူ့ဆေးရုံ ကြီး၌ အတွင်းလူနာအဖြစ် ဆေးကုသမှုခံယူနေရပြီး ဖြစ်စဉ်နှင့်ပတ်သက်၍ သက်ဆိုင်ရာ က ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ကိုကြီးတင်**

# အကြွေးတောင်းသည်ကိုမကျေနပ်၍ ကလေးငယ်ကို ဓားဖြင့်ခုတ်ခဲ့

**လက်ပံတန်း ဇန်နဝါရီ ၁၉**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် လက်ပံတန်းမြို့နယ် ယွန်းသွယ်အုပ်စု စာဖြူစုကျေးရွာ၌ ဇန်နဝါရီ ၁၇ ရက်က အကြွေးတောင်းခံရသည်ကိုမကျေနပ်၍ လူသတ်မှုဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ ဇန်နဝါရီ ၁၇ရက် ည ၇ နာရီခန့်က စာဖြူစုကျေးရွာနေ မနန်းစိုးမိုး (၄၄ နှစ်) သည် မအေးသန္တာ၏ဈေးဆိုင်၌ အကြွေးဝယ်ယူခဲ့ရာ မအေးသန္တာက အကြွေးတောင်းရာမှ မကျေနပ်၍ မအေးသန္တာ၏သား မောင်မျိုးမြင့်အောင် (သုံးနှစ်နှင့်ခြောက်လ) သည် ၎င်း၏နေအိမ်သို့လာရောက်စဉ် နေအိမ် အိပ်ခန်းအတွင်း၌ ဓားမဖြင့်ခုတ်သတ်ခဲ့ခြင်းဖြစ်သည်။ မအေးသန္တာသည် သားဖြစ်သူ မျိုးမြင့်အောင်ကို မတွေ့ရှိသဖြင့် လိုက်လံရှာဖွေစဉ် ၎င်း၏နေအိမ်အနောက်ဘက်ရှိ နေအိမ်၌နေထိုင်သော မနန်းစိုးမိုးသည် ဓားမကိုင်ဆောင်ကာ မအေးသန္တာ၏ဈေးဆိုင်ပေါ်၌ ထိုင်နေသည်ကို တွေ့ရသဖြင့် အနီးပတ်ဝန်းကျင်မှလူများကို အကူအညီတောင်း၍ မနန်းစိုးမိုး၏ နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ နေအိမ်အိပ်ခန်းအတွင်း၌ သားဖြစ်သူ မျိုးမြင့်အောင်မှာ သေဆုံးနေသည်ကို တွေ့ရသည်။

အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ မနန်းစိုးမိုးကို လက်ပံတန်းမြို့နယ် သာရဝေါနယ်မြေရဲစခန်းက အရေးယူဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# ဖားကန့်မြို့နယ်၌ ဘိန်းဖြူနှင့် စိတ်ကြွရူးသွပ်ဆေးပြားများဖမ်းဆီးရမိ

**နေပြည်တော် ဇန်နဝါရီ ၁၉**

မိုးညှင်းခရိုင် ရဲတပ်ဖွဲ့မှူးရုံးမှတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇန်နဝါရီ ၁၈ ရက်က ဖားကန့်မြို့နယ် ဆိပ်မူကျေးရွာအုပ်စု ဘဇံချောက်ကျေးရွာနေ အားဖိန့်၏ နေအိမ်ကိုရှာဖွေရာ ဘိန်းဖြူအလေးချိန် ၁ ဒသမ ၂ ကီလိုနှင့် စိတ်ကြွရူးသွပ်ဆေးပြား ၁၁၄၀၀ တို့ကိုသိမ်းဆည်းရမိသဖြင့် အားဖိန့် (၂၅ နှစ်) ကို မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **ကိုရဲ**



# စီးတီးရန်ကုန်အသင်း ဂိုးပြတ်နိုင်

**ရန်ကုန် ဇန်နဝါရီ ၁၉**

၂၀၁၇ ရာသီ MNL-2 ပထမတန်းအမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၁) တတိယနေ့ကို ယနေ့ညနေပိုင်းက သုဝဏ္ဏကွင်း၌ ကျင်းပရာ စီးတီးရန်ကုန်အသင်းက မဟာယူနိုက်တက်အသင်းကို သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။

MNL မှ တန်းဆင်းလာရသည့် Horizon တစ်ဖြစ်လည်း စီးတီးရန်ကုန်အသင်းသည် ပထမတန်းပြိုင်ပွဲ အဖွင့်ပွဲမှာပင် နိုင်ပွဲရယူနိုင်ခဲ့သည်။ ဦးချစ်နိုင် ကိုင်တွယ်နေသည့် စီးတီးရန်ကုန်အသင်းသည် ပွဲအစတွင် ဂိုးများဆက်တိုက်ရခဲ့သောကြောင့် ပွဲကို ဦးဆောင်နိုင်ခဲ့ပြီး အမှတ်ပြည့်ရခဲ့ခြင်းဖြစ်သည်။ မြန်မာ့လက်ရွေးစင်နောက်ခံလူဟောင်း ဦးဇော်လင်းထွန်း-၂ ကိုင်တွယ်နေသည့် မဟာအသင်းသည် ပွဲထွက်လူစာရင်းမှ ကစားသမားအချို့ခြေစွမ်းမပြနိုင်ခြင်း၊ ပွဲအစ ၁၁ မိနစ်အတွင်း နှစ်ဂိုးဆက်ပေးခဲ့ရခြင်းကြောင့် ဂိုးပြတ်သွားခဲ့ ခြင်းဖြစ်သည်။ စီးတီးရန်ကုန်အသင်းအတွက် အနိုင်ဂိုးများကို ၅ မိနစ်တွင် ငြိမ်းစိုး၊ ၁၁၊ ၅၆ မိနစ်တွင် သီဟတို့က သွင်းယူပေးခဲ့သည်။

ပွဲစဉ်(၁)နောက်ဆုံးနေ့ကို ဇန်နဝါရီ ၂၀ ရက်(ယနေ့)တွင် သုဝဏ္ဏကွင်း၌ ကျင်းပမည်ဖြစ်ပြီး စီးတီးစတားအသင်းနှင့် သန်လျင်ယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**သတင်း-ညီမြတ်သော်တာ၊ ဓာတ်ပုံ-ဖိုးသော်ဇင်**



စီးတီးရန်ကုန်အတွက် ပထမဂိုးကို ငြိမ်းစိုး သွင်းယူနေစဉ်

# အရှေ့တောင်အာရှတံခွန်စိုက်မြားပစ်ပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ရန် အားကစားသမားများ ရောက်ရှိ

**ရန်ကုန် ဇန်နဝါရီ ၁၉**



၂၀၁၇ ခုနှစ် မြန်မာနိုင်ငံမှ အိမ်ရှင်အဖြစ် ကျင်းပမည့် ဆဋ္ဌမအကြိမ်မြောက် အရှေ့တောင်အာရှ တံခွန်စိုက်မြားပစ်ပြိုင်ပွဲသို့ ပါဝင်ယှဉ်ပြိုင်ရန် ထိုင်း၊ ဗီယက်နမ်၊ မလေးရှား၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ ဟောင်ကောင်တို့မှ အားကစားသမားများနှင့် ကမ္ဘာ့မြားပစ်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ အရှေ့တောင်အာရှ မြားပစ်အဖွဲ့ချုပ်ဥက္ကဋ္ဌ Mr.Songuan Kosovinta နှင့် ကမ္ဘာ့အဆင့် မြားပစ်ဒိုင်လူကြီး Mr.Lerlporn Kaenchan တို့သည် ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ရောက်ရှိရာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဒုတိယအမြဲတမ်းအတွင်းဝန် ဒုတိယညွှန်ကြားရေးမှူးချုပ် မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးကျော်ဦးနှင့် အားကစားနှင့် ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများက သွားရောက်ကြိုဆိုခဲ့ကြသည်။

ဆက်လက်၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဒုတိယအမြဲတမ်းအတွင်းဝန် ဒုတိယညွှန်ကြားရေးမှူးချုပ် မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးကျော်ဦးက အရှေ့တောင်အာရှမြားပစ်တံခွန်စိုက်ပြိုင်ပွဲကြီးအား စ၊ လယ်၊ ဆုံး အောင်မြင်စွာကျင်းပနိုင်ရေး၊ အုပ်ချုပ်သူ၊ နည်းပြ၊ ဒိုင်လူကြီးများ၊ စီနီယာ၊ ဂျူနီယာ မခွဲခြားဘဲ မိမိတို့သိရှိပြီးသား အတွေ့အကြုံကောင်းများကို တစ်ဦးနှင့်တစ်ဦး အမြင်ချင်းဖလှယ်နိုင်ရေးကို ရည်ရွယ်၍ ကျင်းပခြင်းဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ်ကို ၁၉၉၅ ခုနှစ်မှ စတင်ဖွဲ့စည်းပြီး အာရှ၊ အရှေ့တောင်အာရှနှင့် ကမ္ဘာ့အဖွဲ့ချုပ်များအထိပါ ပြိုင်ပွဲတိုင်းတွင် ထိုးဖောက်အောင်မြင်မှုများ ရရှိနေခြင်းသည် အဖွဲ့ချုပ်မှ တာဝန်ယူထားကြသည့်သူများအပါအဝင် အားလုံးကြိုးစားခဲ့၍ ယနေ့တိုင်အောင်မြင်နေသည့် အဖွဲ့ချုပ်တစ်ခုအနေဖြင့် ရပ်တည်နေပြီးဖြစ်ကြောင်း ပြောကြားသည်။

**တင်စိုး(မြန်မာ့အလင်း)**

# တရုတ်ဖိတ်ခေါ် အမျိုးသမီးပြိုင်ပွဲတွင် မြန်မာအသင်း ယူကရိန်းကို ရှုံးနိမ့်

**ရန်ကုန် ဇန်နဝါရီ ၁၉**

၂၀၁၇ တရုတ်ဖိတ်ခေါ်အမျိုးသမီးဘောလုံးပြိုင်ပွဲ အုပ်စုပထမနေ့ကို ယနေ့မွန်းလွဲပိုင်းက တရုတ်နိုင်ငံ၌ကျင်းပရာ မြန်မာအသင်းသည် ယူကရိန်းလက်ရွေးစင်အသင်းကို လေးဂိုးပြတ် ရှုံးနိမ့်ခဲ့သည်။

မြန်မာအမျိုးသမီးအသင်းသည် ဥရောပတွင် ခြေစွမ်းမနိမ့်သည့် ယူကရိန်းလက်ရွေးစင်အသင်းနှင့် ကစားရသောကြောင့် ကြိုးစားကစားခဲ့သော်လည်း ဂိုးပြတ်ရှုံးပွဲနှင့် ရင်ဆိုင်ခဲ့ရသည်။ မြန်မာအမျိုးသမီးအသင်း၏ ပွဲထွက်လူစာရင်းတွင် ခင်မိုးဝေမှလွဲ၍ လူစုံပါဝင်ခဲ့ပြီး ခင်မာလာထွန်း(အသင်းခေါင်းဆောင်)၊ စန်းစန်းမော်၊ မေသူကျော်၊ ဝင်းသီဂီထွန်းတို့ ပါဝင်ကစားခဲ့သည်။ မြန်မာအမျိုးသမီးအသင်းသည် ယူကရိန်းအသင်းကို အပြန်အလှန်ကစားနိုင်ရန် ကြိုးပမ်းခဲ့ပြီး ပထမပိုင်းတွင် သုံးဂိုး၊ ဒုတိယပိုင်းတွင် တစ်ဂိုးပေးရကာ ရှုံးနိမ့်ခဲ့ခြင်းဖြစ်သည်။ ယူကရိန်းအသင်းအတွက် အနိုင်ဂိုးများကို ၂၈၊ ၃၇၊ ၄၅+၂၊ ၉၀ မိနစ်တို့တွင် သွင်းယူခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်းသည် ဒုတိယပိုင်းတွင် ယူကရိန်းတိုက်စစ်ကို ထိန်းချုပ်နိုင်ခဲ့ပြီး နာကျင်အချိန်ပိုမှ ဂိုးထပ်ပေးခဲ့ရခြင်းဖြစ်သည်။ ယင်းပြိုင်ပွဲကို လေးသင်းပတ်လည်စနစ်ဖြင့် ကျင်းပခြင်းဖြစ်ပြီး အိမ်ရှင်တရုတ်၊ မြန်မာ၊ ယူကရိန်းနှင့် ထိုင်းအသင်းတို့ ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိသည်။

အုပ်စုဒုတိယနေ့ကို ဇန်နဝါရီ ၂၁ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး မြန်မာနှင့် အိမ်ရှင် တရုတ်၊ ယူကရိန်းနှင့် ထိုင်းအသင်းတို့ ယှဉ်ပြိုက်ကစားမည်ဖြစ်သည်။

**ရဲရင့်ရှိန်း**

## စက်ရေတွင်း တူးဖော်

**သံဖြူဇရပ် ဇန်နဝါရီ ၁၉** - သံဖြူဇရပ်မြို့နယ်တွင် နိုင်ငံတော်ထောက်ပံ့ငွေဖြင့် ဆောင်ရွက်သော သံဖြူဇရပ်မြို့နယ် ဝဝင်ကရာကျေးရွာအုပ်စု သင်္ကော့ကျေးရွာတွင် ၄ လက်မ စက်ရေတွင်း(တွင်းတိမ်) တူးဖော်ဆောင်ရွက်နေမှုကို မြို့နယ်ဦးစီးအရာရှိ(နည်းပညာ)နှင့်အဖွဲ့မှ ဇန်နဝါရီ ၁၈ ရက်က ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ဝဝဓဝ**


## မန္တလေးတိုင်းဒေသကြီးလွှတ်တော်ရုံး
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မန္တလေးတိုင်းဒေသကြီး၊ မန္တလေးခရိုင်၊ အောင်မြေသာစံမြို့နယ်၊ ကွင်းအမှတ် (၄၁၆-ဃ)၊ ယခင်မြင်းပြိုင်ကွင်းဟောင်းတွင် ဆောက်လုပ်လျက်ရှိသည့် မန္တလေးတိုင်းဒေသကြီးလွှတ်တော်ရုံး၏ အောက်ဖော်ပြပါ နောက်ဆက်တွဲလုပ်ငန်းများ ဆောင်ရွက်ရန် ရှိပါသဖြင့် လုပ်ကိုင်ခွင့်လိုင်စင်ရရှိထားသည့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

(က) Lot-1 (Fire Fighting,Fire Protection & Fire Alarm)
(ခ) Lot-2 (Public Announcement, Audio System, PABX System,LED)
(ဂ) Lot-3 (Decoration,Table & Seat)
(ဃ) Lot-4 (Life Installation)

၂။ ဆောင်ရွက်လိုသော လုပ်ငန်းရှင်များသည် တင်ဒါအဆိုပြုလွှာနှင့် စည်းကမ်းချက်များကို ၂၀-၁-၂၀၁၇ရက်မှစ၍ ၂၇-၁-၂၀၁၇ရက်အထိ ၂၄×၆၅ လမ်းထောင့် မန္တလေးတိုင်းဒေသကြီးလွှတ်တော်ရုံးတွင် ရုံးချိန်အတွင်း ဝယ်ယူနိုင်ပြီး ၃၁-၁-၂၀၁၇ရက် ညနေ ၄:၃၀နာရီ နောက်ဆုံးထား၍ မန္တလေးတိုင်းဒေသကြီးလွှတ်တော်ရုံးသို့ ပြန်လည်တင်သွင်းရမည်။ ၃-၂-၂၀၁၇ရက်တွင် တင်ဒါဖွင့်လှစ်မည်ဖြစ်ပါသည်။

၃။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက ညွှန်ကြားရေးမှူး ဖုန်း-၀၉-၈၇၆၅၀၄၅၆၁၊ ရုံးဖုန်း ၀၂-၃၉၀၈၅၊ ၀၂-၆၁၀၅၄တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**ကြီးကြပ်ရေးကော်မတီ**
**မန္တလေးတိုင်းဒေသကြီးလွှတ်တော်**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ တာဝန်ယူတည်ဆောက်မည့် လှိုင်သာယာမြို့နယ်၊ ဗိုလ်အောင်ကျော်လမ်း (ရွှေလင်ပန်းချောင်းကူးတံတားမှ ရွှေပိတောက်လမ်းထိ) ပျက်စီးနေသောလမ်းများအား (၂၂' အကျယ် ၁၂"ထု) Plain Concrete With Dowel Barဖြင့် လမ်းဟောင်းဖျက်၍ လမ်းသစ်ခင်းခြင်းလုပ်ငန်းအတွက် လုပ်ငန်းရှင်များမှ အဆိုပြုတင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါပုံစံများကို အောက်ပါအတိုင်းရောင်းချသွားပါမည်။
(က) **တင်ဒါပုံစံရောင်းချမည့်ရက်** - ၂၀၁၇ခုနှစ် ဇန်နဝါရီ ၂၁ရက်
(ခ) **တင်ဒါပုံစံအရောင်းပိတ်ရက်** - ၂၀၁၇ခုနှစ် ဇန်နဝါရီ ၃၁ရက်
(ဂ) **တင်ဒါပုံစံအရောင်းပိတ်ချိန်** - ညနေ ၃:၃၀နာရီ
(ဃ) **တင်ဒါရောင်းချမည့် နေရာ** - မြို့ပြအခြေခံအဆောက်အအုံ စီမံကိန်း ဖွံ့ဖြိုးရေးဌာနခွဲ (မြို့ပြ) မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ ရုံးအမှတ် ၄၀၊ နေပြည်တော်

၃။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက တင်ဒါပုံစံဝယ်ယူရမည့်နေရာတွင် လူကိုယ်တိုင်လာရောက် စုံစမ်းမေးမြန်းနိုင်ပါသည်။

**စုံစမ်းရန်ဖုန်း-၀၆၇-၄၀၇၆၉၈၊ ၀၆၇-၄၀၇၆၂၉**

## ဝမ်းမြောက်ဂုဏ်ပြုလွှာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတရုံး၏ အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၁၇)ဖြင့် ဒေါ်ကြည်ခင် (ဒုတိယဥက္ကဋ္ဌ၊ Original Group Co., Ltd.) အား သုဓမ္မသီဂိဘွဲ့ကို ထိုက်တန်စွာ ချီးမြှင့်ခြင်းခံရသည့်အတွက် ဝမ်းမြောက်ဂုဏ်ယူမိပါကြောင်းနှင့် နောင်အနာဂတ်တွင် ဘာသာ၊ သာသနာအကျိုးကို သက်ရှည်ကျန်းမာစွာ ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**အမှတ် (၅) ဘ/ကကျောင်းအုပ်ဆရာတော်**
**ဘဒ္ဒန္တပညာဇောတနှင့်တပည့်များ**
**မြတ်ရတနာကျောင်း၊ ချမ်းမြသာစည်မြို့နယ်**

## ဘီးလင်းမြို့၊ အထက(ခွဲ)ကန်သာယာကျောင်း၏ ဒုတိယအကြိမ်မြောက်၊ အာစရိယပူဇော်ပွဲဖိတ်ကြားလွှာ

ဘီးလင်းမြို့နယ်၊ အထက(ခွဲ)ကန်သာယာကျောင်း၏ ဒုတိယအကြိမ်မြောက် အာစရိယပူဇော်ပွဲအား အောက်ပါအစီအစဉ်အတိုင်း ကျင်းပသွားမည်ဖြစ်ပါ၍ အပူဇော်ခံ ဆရာကြီး၊ ဆရာမကြီးများနှင့် ကျောင်းသားကျောင်းသူဟောင်းများမှ တက်ရောက်ပေးပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

**နေ့ရက်** - ၂၀၁၇ခုနှစ် ဇန်နဝါရီ ၂၂ရက် (တနင်္ဂနွေနေ့)
**အချိန်** - နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိ
**နေရာ** - အထက(ခွဲ)ကန်သာယာကျောင်းခန်းမ၊ ဘီးလင်းမြို့။

**အလှူငွေထည့်ရန်နှင့် အသေးစိတ်စုံစမ်းရန်**
၁။ ကိုသီဟစိုး - ဖုန်း-၀၉-၇၉၀၁၅၅၄၉၉
၂။ ကိုဥက္ကာကျော် - ဖုန်း-၀၉-၇၇၉၉၉၄၈၄၀
၃။ မမေသန္တာဦး - ဖုန်း-၀၉-၂၅၅၉၇၆၂၇၅
၄။ ကိုပိုင်စိုးဦး - ဖုန်း-၀၉-၇၇၉၉၉၄၇၈၈
၅။ မခရေဦး - ဖုန်း-၀၉-၂၅၅၇၆၆၀၀၄

## တစ်ဦးတည်းဖြစ်ပါကြောင်း

နောင်ချိုမြို့နယ်၊ ကံကြီးကျေးရွာအုပ်စု၊ လက်ပံကုန်းကျေးရွာနေ ဦးသာဆန်းနှင့် ဦးဖိုးညို ၁၃/နခတ(နိုင်)၀၄၆၁၆၁ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

## ဖြည့်စွက်ဖတ်ရှုပါရန်

၁၇-၁-၂၀၁၇ရက်ထုတ် ဤသတင်းစာ၏ စာမျက်နှာ (၃၀)တွင်ပါရှိသော ဦးပြုံးချို (CA- ၀၅၁၅၄၅)၊ ဒေါ်တင်သန်း (MGE-၀၁၇၃၇၃) နှစ် ၆၀ဂရန်မြေအမည်ပေါက် ကန့်ကွက်နိုင်ကြောင်းကြော်ငြာတွင် မြေပုံကူး လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် စာသားအား ဖြည့်စွက်ဖတ်ရှုပါရန်။

## ယာဉ်မှတ်ပုံတင် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 7L/8146 Toyota Mark II GX 110 SL (4x2) ယာဉ်လက်ဝယ်ရှိသူ U NAY LIN AUNG 5/MAMATA(N)059035က(ကမ-၃) ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မူဆယ်)မူဆယ်မြို့**

## ယာဉ်မှတ်ပုံတင် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၃ယ/၁၄၆၃၂ ယာဉ်လက်ဝယ်ရှိသူ Kaung Thit Lwin Co,Ltd; က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (တောင်ငူ)**

## အမည်ပြောင်း

ပဲခူးမြို့၊ မော်ကန်(၇)လမ်း၊ အမှတ် ၉၁၈ နေ ဦးမင်းကိုဦး - ဒေါ်အေးသင်းအောင်တို့၏သား၊ ပဲခူးမြို့ အထက(၃)မှ မောင်ဟန်းစစ်ကျော်အား မောင်အောင်ပြည့်ဟိန်းဟု ပြောင်းလဲခေါ်ပါရန်။

**မောင်အောင်ပြည့်ဟိန်း**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
**(တရားမကျင့်ထုံး ဥပဒေအမိန့် -၅၊ နည်းဥပဒေ -၂၀)**
**ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး**
**၂၀၁၆ ခုနှစ် တရားမကြီးမှုအမှတ်-၇၁၈**

| | | |
|---|---|---|
| ၁။ ဦးအောင်နိုင်ဦး (၎င်း၏အခွင့်ရကိုယ်စားလှယ် ဦးကျော်ဇင်ဦး) | **နှင့်** | ၁။ ဦးဇော်မင်းနိုင်(ခ)ဆယ်ဒိ<br>၂။ ဦးညွန့်လှ<br>၃။ ဦးကိုလေး |
| **တရားလို** | | **တရားပြိုင်များ** |

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ်၊ ၃၉လမ်း၊ အမှတ် (၁၈၀/၁၈၄)၊ ခုနစ်လွှာတွင်နေထိုင်သူ ဦးဇော်မင်းနိုင်(ခ)ဆယ်ဒိ (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

တရားလိုဖြစ်သူ ဦးအောင်နိုင်ဦးမှ သင့်အပေါ်တွင် သီးခြားသက်သာခွင့်ဥပဒေပုဒ်မ-၉အရ နေအိမ်ခန်းလက်ရောက်ရလိုမှု စွဲဆိုထားသည်ဖြစ်ရာ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးစာအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးတော် အခွင့်အမိန့်အရရှေ့နေဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်အလက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီ ၃ရက် (၁၃၇၈ ခုနှစ် တပို့တွဲလဆန်း ၇ ရက်) နံနက် ၁၀:၀၀နာရီတွင် လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင်၏ မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းများအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၇ ခုနှစ် ဇန်နဝါရီ ၁၇ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ဇော်ထူး)**
**တွဲဖက်ခရိုင်တရားသူကြီး(၂)**
**ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး**

## ဖခင်အမည်မှန်

မွန်ပြည်နယ်၊ ပေါင်မြို့နယ်၊ အလကခွဲ (ပုသိမ်ကွင်း)ကျောင်း ပဉ္စမတန်းမှ မောင်ထက်လင်းအောင်၏ ဖခင်အမည်မှန်မှာ ဦးကံဇော်ဌေး ၁၀/ပမန(နိုင်) ၀၆၂၇၁၅ဖြစ်ပါသည်။

**ဦးကံဇော်ဌေး**

## အမည်ပြောင်း

ဦးကြည်မင်းဟန် ၁၄/ရကန(နိုင်) ၀၉၇၂၅၀၏သမီး၊ မိတ္ထီလာမြို့၊ ပညာရှင် ကိုယ်ပိုင်အထက်တန်းကျောင်းမှ မယဉ်မြတ်အေးအား မထက်မြတ်အေးဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မထက်မြတ်အေး**

## တစ်ဦးတည်းဖြစ်ပါကြောင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ ခင်ဦးမြို့နယ်၊ အလယ်ရှိကျေးရွာနေ ဦးဇော် ၅/ခဉန(နိုင်)၀၇၁၄၉၅နှင့် ဦးမောင်ဇော်မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးဇော်(ခ)ဦးမောင်ဇော်**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ရွှေဘိုမြို့နယ်၊ ပလိုင်းကျေးရွာအုပ်စု၊ ပလိုင်းကျေးရွာနေ မမာမာစန်း ၅/ရဘန(နိုင်)၁၇၅၅၅၄၏တက္ကသိုလ်ဝင်စာမေးပွဲ အောင်လက်မှတ်နှင့် သိပ္ပံ (ဂုဏ်ထူး) ဘွဲ့ရလက်မှတ်တို့မှ ဖခင်အမည် ဦးခင်မောင်မြင့်နှင့် ဦးကုလား ၅/ရဘန(နိုင်)၀၄၅၆၉၅မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးခင်မောင်မြင့်(ခ)ဦးကုလား**

ဥတုရာသီ တောကိုမှီ

ဥပဒေအတွေး ရေးပါရစေ၊ အပိုင်း(၅၂)

# ညွှန်ကြားချက်များ၏အနှစ်သာရ



ဦးဟန်ညွန့်(ဥပဒေ)

**ညွှန်ကြားချက်များရှိပြီးသား**

“ရှိပြီးသားညွှန်ကြားချက်တွေ ဘယ်သွားထားမလဲ။ ညွှန်ကြားချက်တွေကို တိတိကျကျစောင့်ထိန်းလိုက်နာနိုင်ကြပြီဆိုလျှင် ကိုယ်သာလျှင်ကိုယ့်ဘဝပဲ့ကိုင်ပီသကြလျှင်၊ ကိုယ့်ဌာန၊ ကိုယ့်အဖွဲ့အစည်းကို ကိုယ်ကိုယ်တိုင် တိတိကျကျညွှန်ကြား၊ တိတိကျကျ လိုက်နာနိုင်ကြပြီဆိုလျှင်၊ မည်သူတစ်ဦးတစ်ယောက်ကမှ (ပြင်ပက) လာပြီး စောင့်ကြည့်ဖို့မလို” ဟု ကျွန်တော်စေတနာအတွေးတွေးခဲ့သည်ပါ။

**အနှစ်သာရ**

ဘယ်အဖွဲ့အစည်း၊ ဘယ်ဌာနမှာမဆို ညွှန်ကြားချက်တွေရှိစမြဲပါ။ လိုက်နာစေချင်သည့် စေတနာ၊ ကောင်းစေချင်သည့်စေတနာ၊ အုပ်ချုပ်သူ၏ စေတနာ၊ သိစေလိုသည့် စေတနာ၊ မပျက်ကွက်စေလိုသည့် စေတနာ၊ အမှာစာဟု ရေးသူကရေး။ ညွှန်ကြားချက်ဟု ဆိုသူကဆို။ ညွှန်ကြားလွှာဟု ဖော်ပြသူကဖော်ပြ။ အနှစ်သာရကတော့ လိုက်နာစေခြင်းပါပဲ။

**ထွက်ပြေးနေသောတရားသူကြီး**

အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၆ အရ တရားစွဲအရေးယူခံရသော မြို့နယ်တရားသူကြီးတစ်ဦး ထွက်ပြေးတိမ်းရှောင်နေသော သတင်းနှင့်အပိုင်စားရှေ့နေ(နယ်တစ်နယ်မှာအပိုင်စားရထားသော၊ သူမှသူဖြစ်သောရှေ့နေ)များ အကြောင်းသတင်း၊ အမှုပွဲစားဒလံများ သတင်းစသည်စသည်များပါ သတင်းစာများမှာ ဖတ်နေရသည်။

**လုံးဝမပျောက်နိုင်သော်ငြား**

အဂတိလိုက်စားမှုများ လုံးဝမပျောက်နိုင်သော်ငြား အများပြည်သူအကျိုးထမ်းချင်စိတ်၊ ဥပဒေနှင့်အညီတာဝန်ထမ်းချင်စိတ်၊ ဝန်ထမ်းတာဝန် ကျေစေလိုသောစိတ်တွေ၊ ကောင်းသောအလေ့အကျင့်တွေ ဖွံ့ဖြိုးဖို့အရေးကြီးလှသည်။ ငါးခုံးမတစ်ကောင်ကြောင့် တစ်လှေလုံးမပုပ်အောင်၊ အဖွဲ့အစည်းနာမည်မပျက်ရအောင် ရှက်ဆောင်ကြဖို့ လိုပေသည်။ အဓိကအချက်များဖြစ်ပေသည်။

**နိုင်ငံ့ဝန်ထမ်းဥပဒေ**

နိုင်ငံ့ဝန်ထမ်းဥပဒေ၊ အခန်း(၄)၊ ပုဒ်မ ၁၀ တွင် ဝန်ထမ်းသည် အောက်ပါတို့ကို လိုက်နာရန် တာဝန်ရှိသည်ဟု ပြဋ္ဌာန်းထားသည်-

(က) နိုင်ငံတော်၏ ကျေးဇူးသစ္စာကိုစောင့်သိရိုသေခြင်း၊
(ခ) ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်တည်ဆဲဥပဒေများပါပြဋ္ဌာန်းချက်များကို လိုက်နာခြင်း၊
(ဂ) နိုင်ငံတော်နှင့်နိုင်ငံသားတို့၏ အကျိုးစီးပွားကို အလေးထား၍ ဆောင်ရွက်ခြင်း၊
(ဃ) နိုင်ငံတော်ပိုင်ပစ္စည်း၊ နိုင်ငံတော်ဘဏ္ဍာများ လေလွင့်ဆုံးရှုံးမှုမရှိစေရေးနှင့်အလွဲသုံးစားမှုမပြုရေးတို့အတွက် ထိန်းသိမ်းစောင့်ရှောက်ခြင်း၊
(င) မိမိအားပေးအပ်ထားသောတာဝန်နှင့်ဝတ္တရားကို ကျေပွန်စွာထမ်းဆောင်ခြင်း၊
(စ) ဤဥပဒေအရ ပြုလုပ်သောနည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများ၊ အမိန့်၊ ညွှန်ကြားချက်များ၊ဝန်ထမ်းအဖွဲ့အစည်းအလိုက် သီးခြား သတ်မှတ်ထားသောလုပ်ငန်းခွင်စည်းကမ်းများ၊ အမိန့်နှင့် ညွှန်ကြားချက်များကို လိုက်နာခြင်း၊
(ဆ) ပါတီနိုင်ငံရေးကင်းရှင်းခြင်း၊
(ဇ) ရာထူးဝန်အဖွဲ့က သတ်မှတ်ထားသော သင်တန်းများကိုတက်ရောက်ခြင်း၊
(ဈ) အကျင့်စာရိတ္တပျက်ပြားခြင်းနှင့် သိက္ခာမဲ့စွာပြုမူနေထိုင်ခြင်းတို့မှ ရှောင်ကြဉ်ခြင်း၊
(ည) တာဝန်အရအပ်နှင်းထားသည့် လုပ်ပိုင်ခွင့်ကိုအလွဲသုံးစားပြုခြင်းမှ ရှောင်ကြဉ်ခြင်း၊
(ဋ) လာဘ်ပေးလာဘ်ယူပြုလုပ်ခြင်းမှ ရှောင်ကြဉ်ခြင်းနှင့်
(ဌ) ပြည်သူကိုရိုသေလေးစားခြင်း။

**လဝကနှင့်ညွှန်ကြားချက်**

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနက အချက်(၃၀)ပါ ညွှန်ကြားချက်ထုတ်ပြန်ခဲ့ကြောင်း သတင်းစာများတွင် ဖတ်ရသည်သူ့ညွှန်ကြားချက်က သာမန်မဟုတ် ထူးခြားနေသည်။ အသေးစိတ်ဖော်ပြထားသည်။ သေသေချာချာ ထောက်ပြထားသည့်ညွှန်ကြားချက်။ အချိန်မီပြင်စေချင်သည့်သဘော။ ကိုယ့်ဌာန ပို၍ကောင်းအောင် ပွင့်လင်းမြင်သာ ပြောသည့်သဘော။ ဆုံးမသည့်သဘော။

**ထူးခြားသည့်ဆောင်ရွက်ချက်၊ ညွှန်ကြားချက်ဖြစ်၍ ပြန်လည်ဖော်ပြပါရစေ။**

- ကိုင်ဆောင်သင့်သည့် ကတ်တစ်မျိုးမျိုးရရှိရေးလျှောက်ထားခြင်း၊
- ဝန်ထမ်းများ တာဝန်ထမ်းဆောင်ရာတွင်အားနည်းချက်အချို့ရှိနေ၍ ပြုပြင်ကြရန် ညွှန်ကြားချက်ထုတ်ပြန်ခြင်း၊
- တိုက်နယ်မှူးက ကာယကံရှင်ကို မြို့နယ်မှူးနှင့်တွေ့ခွင့်မပေးခြင်း၊
- မြို့နယ်မှူးကလည်း အတွေ့မခံခြင်း၊
- ကာယကံရှင်အား အမှုအကြောင်းအရာနှင့်လိုအပ်ချက်အား ရှင်းလင်းပြသမှုမရှိခြင်း၊

**တစ်နှစ်တစ်ကြိမ် ပုံမှန်ရုံးစစ်ဆေးခြင်း၊ ရှောင်တခင်ရုံးစစ်ဆေးခြင်း၊ အထူးကိစ္စ စစ်ဆေးခြင်းစသည်ဖြင့်လည်း အထက်ရုံးများက မူလရုံးများကို စစ်ဆေးလေ့ရှိပါသည်။ ရုံးစစ်ဆေးခြင်းတွေ့ရှိချက် အစီရင်ခံစာ တင်ပြရပါသည်။ ပြည်ထောင်စုစာရင်းစစ်ချုပ်၏ နှစ်စဉ်အဆင့်အလိုက် ရုံးစစ်ဆေးမှုများလည်း ရှိစမြဲဖြစ်ပါသည်။ ချို့ယွင်းချက်၊ အားနည်းချက်၊ ငွေစာရင်းဘတ်ဂျက်ကိစ္စများရှိခဲ့ပါလျှင်၊ လုပ်ငန်းချို့ယွင်းချက် ပါမကျန်ပြုပြင်ရမှုများလည်း ရှိစမြဲ**

- ယဉ်ကျေးသိမ်မွေ့စွာ ဆက်ဆံမှုမရှိခြင်း၊
- လာရောက်လျှောက်ထားသူများအပေါ် လူမျိုး၊ကိုးကွယ်သည့်ဘာသာအပေါ်မူတည်၍ ခွဲခြားဆက်ဆံနေခြင်း၊
- ကာယကံရှင်ထံမှ တံစိုးလက်ဆောင် ရယူလိုစိတ်ရှိနေခြင်း၊
- အချို့တိုက်နယ်မှူးများက အမှုတွဲများကိုရုံးတွင်စာရင်းမသွင်း မှတ်ပုံမတင်ဘဲ ၎င်း၏နေအိမ်တွင်ထားရှိခြင်း၊ နေအိမ်တွင်အမှုတွဲတည်ဆောက်ခြင်း၊
- အချို့ဝန်ထမ်းများသည်ငွေမရပါက အမှုတွဲများသိမ်းထားခြင်းနှင့်မကြာကြာအောင်ပြုလုပ်ခြင်း၊
- အမှုကိစ္စအတွက်လာရောက်သည့် ကာယကံရှင်များကိုရုံးအတွက်ရန်ပုံငွေထည့်သွားရန် မသင့်မလျော်ပြောကြားခြင်း၊
- ကာယကံရှင်က ရန်ပုံငွေတစ်ထောင်ကျပ်ထည့်ပါက နည်းသည်၊ ထပ်ထည့်ပါဦးဟု ပြောဆိုခြင်း၊
- မြို့နယ်မှူးများက ၎င်းနှင့်အဆင်ပြေသည့်ဝန်ထမ်းများကိုကောင်းသည့် တိုက်နယ်များ၊ ရပ်ကွက်များပေးထားခြင်း၊
- ငွေရလွယ်သည့် အမှုတွဲများကို မြို့နယ်မှူးက၎င်းနှင့်အဆင်ပြေသည့် ဝန်ထမ်းများကိုသာ တာဝန်ပေးဆောင်ရွက်ခိုင်းထားခြင်း၊
- အချို့ရုံးများသို့ တင်ပြလာသည့်အမှုတွဲများတွင်ပိုက်ဆံထည့်ထားသည့် စာအိတ်ကြားညှပ်ပါရှိမှသာ ယင်းအမှုတွဲကိုလက်ခံဆောင်ရွက်ပေးခြင်း၊
- ကိုင်ဆောင်သင့်သည့် ကတ်တစ်မျိုးမျိုးပျောက်ဆုံး၊ပျက်စီးခြင်းအတွက် မိတ္တူလာရောက်လျှောက်ထားရာတွင် ငွေကြေးလာဘ်ဆောင်ပေးသူအား နေ့ချင်းပြီး ထုတ်ပေးခြင်း၊
- မပေးနိုင်သူများကို ဆိုင်းငံ့ထားခြင်းစသည်ဖြင့်အချက်ပေါင်း (၃၀)အားနည်းချက်ဟုဖော်ပြ၍ညွှန်ကြားချက်ထုတ်ပြန်ခဲ့ကြောင်း သတင်းစာများတွင် ဖော်ပြ၍ဖတ်ရှု သိရပါသည်။ ဤကဲ့သို့ညွှန်ကြားချက်မျိုးကို ဝန်ထမ်းများအား သတိပေးဖော်ပြပညာပေးခြင်းမှုစံပြဖြစ်ပါ၍ အခြားသောဝန်ကြီးဌာနများကလည်း နမူနာယူသင့်ပါသည်။ ယေဘုယျဆန်ဆန် မပြောဘဲ၊ ထဲထဲဝင်ဝင် လေ့လာဆန်းစစ်ပြီးမှ လက်တွေ့ဘဝကို ထောက်ပြသော ညွှန်ကြားချက်များ၏ အနှစ်သာရဖြစ်ပါသည်။

**ညွှန်ကြားချက်အမျိုးမျိုး**

ဌာနအကြီးအကဲ၊ ရုံးအကြီးအကဲတိုင်းသည် မိမိ၏ဌာနဂုဏ်သတင်းကောင်းရန်၊ လက်အောက်ဝန်ထမ်းများ မမှားသင့်သည်များမမှားရန်၊ ဝန်ထမ်းပီသစေရန် ညွှန်ကြားချက် အမျိုးမျိုးထုတ်ပြန်လေ့ရှိပါသည်။ အတွင်းရေး၊ ကန့်သတ်၊ လျှို့ဝှက်၊ ထိပ်တန်းလျှို့ဝှက်စသည်ဖြင့် စာအဆင့်အတန်းသတ်မှတ်၍ ညွှန်ကြားချက်များ ထုတ်ပြန်ပါသည်။ အချို့အရေးကြီးကိစ္စရပ်များကို လူကိုယ်တိုင်ခေါ်ယူတွေ့ဆုံခြင်း၊ အစည်းအဝေးများကျင်းပချိန်တွင် ထုတ်ဖော်သတိပေးခြင်းဝန်ခံလက်မှတ်ရေးထိုးစေခြင်းများ ပြုလုပ်လေ့ရှိပါသည်။

**ရုံးစစ်ဆေးခြင်း**

တစ်နှစ်တစ်ကြိမ်ပုံမှန်ရုံးစစ်ဆေးခြင်း၊ ရှောင်တခင်ရုံးစစ်ဆေးခြင်း၊ အထူးကိစ္စစစ်ဆေးခြင်းစသည်ဖြင့်လည်း အထက်ရုံးများက မူလရုံးများကို စစ်ဆေးလေ့ရှိပါသည်။ ရုံးစစ်ဆေးခြင်းတွေ့ရှိချက် အစီရင်ခံစာတင်ပြရပါသည်။ ပြည်ထောင်စုစာရင်းစစ်ချုပ်၏ နှစ်စဉ်အဆင့်အလိုက် ရုံးစစ်ဆေးမှုများလည်း ရှိစမြဲဖြစ်ပါ သည်။ ချို့ယွင်းချက်၊ အားနည်းချက်၊ ငွေစာရင်းဘတ်ဂျက်ကိစ္စများရှိခဲ့ပါလျှင်၊ လုပ်ငန်းချို့ယွင်းချက် ပါမကျန်ပြုပြင်ရမှုများလည်း ရှိစမြဲပါ။ ထိုအခါ ချို့ယွင်းအားနည်းချက်များ၊ အလွဲသုံးစားမှုများ၊ လာဘ်ပေးလာဘ်ယူမှုများပပျောက်စေပါသည်။ ကောင်းသောဓလေ့ဖြစ်ပါသည်။ ကြိုဆိုအပ်ပါသည်။

**သတင်းထုတ်ပြန်ချက်များ**

မိမိရုံး၊ မိမိဌာနအတွက် အရေးယူဆောင်ရွက်မှုများ၊ ပညာပေးမှုများကိုပြည်သူသို့အစီရင်ခံသင့်ပါသည်။ အားသာချက်များရှိသကဲ့သို့ အားနည်းချက်များရှိမည်အမှန်ဖြစ်ပါသည်။ သို့မှသာ ပြည်သူသိမည်ဖြစ်ပါသည်။ နာမည်ပျက်မည်စိုး၍ ဌာန၏အတွင်းရေး မကောင်းသတင်းကို မပြောလို၊ မကြေညာလိုသောအယူအဆကို ပြုပြင်သင့်ကြပြီ ဖြစ်ပါသည်။ ပွင့်လင်းမြင်သာမှု၊ တာဝန်ယူမှု၊ တာဝန်ခံမှုများမှာ တစ်နေ့တခြား လိုအပ်နေပြီဖြစ်ပါသည်။

**ရုံးစစ်လာခြင်းပုံပြင်တစ်ပုဒ်**

ဌာနတစ်ဌာနတွင် ရုံးစစ်လာခြင်းပုံပြင်တစ်ပုဒ်ရှိပါသည်။ နားဆင်ဖတ်ရှုကြည့်ပါဦး။

- တိုင်းအကြီးအကဲတစ်ဦးက ခရိုင်နှင့်မြို့နယ်အဆင့်ရုံးများသို့ ရုံးစစ်သွားပါသတဲ့။
- သူ့တွင်မက သူ့ဇနီး၊ သူ့မြေး၊ ကလေးထိန်းကိုပါ ခေါ်လာသတဲ့။
- အောက်ခြေဝန်ထမ်းတွေက နေ့စာ၊ ညစာအဆင်သင့်လုပ်ပေးရပါသတဲ့။ မော်တော်ကားဆီထည့်ပေးရ၊ ပါလာသူတွေအတွက်လက်ဆောင် ပေးရပါသတဲ့။ မျက်နှာမညိုးစေရပါဘူးတဲ့ ။
- တိုင်းအကြီးအကဲက ပြန်ခါနီးတော့ လေးစားမှတ်သားဖွယ်ကောင်းသော စကားညွှန်ကြားသွားပါသတဲ့။
  လာဘ် [ဝန်ထမ်းတွေလာဘ်ပေးလာဘ်ယူမလုပ်ကြနဲ့။ ဖြစ်လာရင်၊ ကျုပ်မကယ်နိုင်ဘူး၊ ကြိုပြီးသတိပေးထားပါရဲ့] ဟူသတဲ့။
  သြော်-အပြောတခြား၊ အလုပ်တခြား။
- ညွှန်ကြားချက်က တခြား၊ လက်တွေ့ကတခြား မဖြစ်ပါစေနှင့်...ဟုသာ ဆုတောင်းရပါတော့မည်။

**တင်ပြချက်**

(၁) ဌာန၊ ရုံး၊ အဖွဲ့အစည်းများ၏ဂုဏ်သတင်း ပျံ့သင်းကြဖို့ ဘာလုပ်ကြမည်လဲဗျို့...။
(၂) ညွှန်ကြားချက်များကိုသာ တိတိကျကျ လိုက်နာကြမည်ဆိုပါလျှင် အတိုင်းထက် အလွန်ဟုစဉ်းစားမိသည့်ကျွန်တော်၏စေတနာ၊ ဥပဒေ အတွေးမျှသာပါ။



ရန်ကုန်တိုင်းဒေသကြီးအတွင်းနှင့် သဃ်န်းကျွန်းမြို့နယ်အတွင်း ခရီးသွားလာကြသော ခရီးသွား ကျောင်းသားကျောင်းသူ၊ ပြည်သူတို့လိုရာခရီး အမြန်ရောက်ရှိရေးအတွက် ရန်ကုန်ဘတ်စ်ကား ဝန်ဆောင်မှုစနစ် (YBS) ပြေးဆွဲသည့် ဒုတိယနေ့ ဇန်နဝါရီ ၁၇ ရက် နံနက်ပိုင်းက သဃ်န်းကျွန်းမြို့နယ် သုဝဏ္ဏနယ်မြေရဲစခန်း၊ စခန်းမှူး ရဲအုပ်သန်းစိုး ခေါင်းဆောင်သော ရဲတပ်ဖွဲ့ဝင်များ ၊ YBS ခရီးသွားကြော်ငြာဘုတ်မရှိသော မှတ်တိုင်များနှင့် လက်ကမ်းစာစောင်မရရှိသော ဘတ်စ်ကားစီး ခရီးသည်များအား ခရီးသွားဝန်ဆောင်မှုပေးနိုင်ကြရန် သုဝဏ္ဏသံသုမာလမ်းမကြီးတစ်လျှောက်၊ ပေါ်ဆန်းလမ်းမကြီးတစ်လျှောက်နှင့် ကမာကြည်လမ်းမကြီးတစ်လျှောက် စက်ဘီးယာဉ်များဖြင့် လှည့်လည်ကူညီဆောင်ရွက်ကြစဉ်

တင်ကြည်(သဃ်န်းကျွန်း)

## မောဂ္ဂလာန်ပါဠိသဒ္ဒါကျမ်းအုပ်ရေ ၁၀၀ လှူဒါန်းပွဲကျင်းပ

**မော်လမြိုင် ဇန်နဝါရီ ၁၈**

မွန်ပြည်နယ် မော်လမြိုင်မြို့ ဝဲပုံ့စာသင်တိုက် ဦးစီးပဓာန နာယကဆရာတော်ထံ ပေးပို့လှူဒါန်းခဲ့သည့် အလှူရှင်ဆရာတော် အရှင်သဇ္ဇန(ဒွိပိဋကဓရ၊ ဒွိပိဋကကောဝိဒ၊ အဘိဓမ္မပိဋက ရှေ့ပိုင်းအာဂုံရေးဖြေ၊ သီရိပဝရဓမ္မာစရိယ၊ ဝိနယပါဠိပါရဂူ)၏ ကိုယ်စား ဝဲပုံ့စာသင်တိုက်ဦးစီးပဓာန နာယကဆရာတော်ဘဒ္ဒန္တနန္ဒဝံသ(ပရိယတ္တိသဒ္ဓမ္မအသင်း အနုနာယက)မှ မောဂ္ဂလာန်ပါဠိသဒ္ဒါကျမ်းအုပ်ရေ ၁၀၀ လှူဒါန်းပွဲကို ဇန်နဝါရီ ဒုတိယပတ်က မော်လမြိုင်မြို့ရှိ ပရိယတ္တိသဒ္ဓမ္မပါလအသင်းအစည်းအဝေးခန်းမ၌ ကျင်းပသည်။ မောဂ္ဂလာန်ပါဠိသဒ္ဒါကျမ်းလှူဒါန်းပွဲ၌ အလှူရှင်ကိုယ်စား ဝဲပုံ့ဆရာတော်က မောဂ္ဂလာန်ပါဠိ သဒ္ဒါကျမ်းအုပ်ရေ ၁၀၀ ကို ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**ကျော်သန်း(မော်လမြိုင်)**

# ဒုတိယအကြိမ် ရှင်အပါး ၅၀၀ ရှင်ပြုပွဲ စည်ကားစွာကျင်းပမည်

**မိတ္ထီလာ ဇန်နဝါရီ ၁၉**

မိတ္ထီလာမြို့၌ ဒုတိယအကြိမ် ရှင်အပါး ၅၀၀ ရှင်ပြုပွဲကို မတ်လ ၄ ရက်တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်းနှင့် ရှင်သာမဏေလောင်းလျာအဖြစ် သွတ်သွင်းလိုသည့် ကလေးငယ်များ၏ မိဘများနှင့် အုပ်ထိန်းသူများအနေဖြင့် ကလေးငယ်များစာရင်းကို လာရောက်ပေးသွင်းနိုင်ပြီဖြစ်ကြောင်း ရှင်ပြုပွဲဖြစ်မြောက်ရေး အလှူရှင် သီဟသုဓမ္မသိင်္ဂီ ဒေါ်ခင်ရိုန်၏ မိသားစုဝင်တစ်ဦး က ပြောသည်။

"ပထမအကြိမ် ရှင်အပါး ၅၀၀ ရှင်ပြုပွဲကို မလှိုင်မြို့နယ် ရှစ်မျက်နှာကျောင်းမှာ ၂၀၁၀ ဇူလိုင်လတုန်းက ပြုလုပ်ခဲ့ပါတယ်။ အခုတော့ ဒုတိယအကြိမ် ရှင်အပါး ၅၀၀ ရှင်ပြုပွဲကို မိတ္ထီလာမြို့ အောင်မင်္ဂလာခန်းမမှာ ပြုလုပ်သွားမှာဖြစ်ပါတယ်။ အသက် ခြောက်နှစ်ကနေ ၁၀ နှစ်အတွင်း ကလေးငယ်တွေရဲ့မိဘတွေ ဒါမှမဟုတ် အုပ်ထိန်းသူတွေအနေနဲ့ ကလေးတွေကို ရှင်သာမဏေလောင်းအဖြစ် သွတ်သွင်းလိုတယ်ဆိုရင် လာရောက်စာရင်းပေးသွင်းနိုင်ပါတယ်။ လူမှုရေးအသင်းအဖွဲ့တွေ၊ ပရဟိတကျောင်းတွေက ကလေးငယ်တွေ စုစည်းပြီး လာရောက်စာရင်းပေးမယ်ဆိုလည်း လက်ခံပါတယ်။ ကလေးငယ်တွေကို မောင်ရင်လောင်း၊ ဝင်းလှည့်၊ ဘိက်သိက်ခံပြီး ရှင်သာမဏေဝတ်ပြီးတဲ့အထိ အားလုံး တာဝန်ယူ ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။ အခုတော့ မိတ္ထီလာ၊ ဝမ်းတွင်း ၊ သာစည် ၊ ပျော်ဘွယ် မြို့နယ်တွေဘက်က ကလေးငယ်တွေကို ရှင်သာမဏေပြုပေးနိုင်ဖို့ စီစဉ်ဆောင်ရွက်နေပါတယ်"ဟု ရှင်ပြုပွဲအလှူရှင် သီဟသုဓမ္မသိင်္ဂီ ဒေါ်ခင်ရိုန်(ကျားမင်းပွဲရုံ)၏ သားဖြစ်သူ ကိုမျိုးသန်းနိုင်က ပြောသည်။

အဆိုပါ ရှင်အပါး ၅၀၀ ရှင်ပြုပွဲတွင် ကလေးငယ်များအား ရှင်သာမဏေအဖြစ် သွတ်သွင်းလိုသည့် မိဘများ၊ အုပ်ထိန်းသူများနှင့် လူမှုရေးအသင်းဖွဲ့များ၊ ပရဟိတကျောင်းများ အနေဖြင့် လာရောက်စာရင်းပေးသွင်းသည့်အခါ ကလေးအမည်၊ မိဘ / အုပ်ထိန်းသူအမည်၊ ကလေး၏အသက်၊ မောင်ရင်လောင်းဝတ်စုံအတွက် ကလေးအရပ်အမောင်း၊ ခါးအတိုင်းအထွာ၊ လက်အရှည်၊ ဖိနပ်ဆိုဒ်၊ နေရပ်လိပ်စာတို့ကို စာရင်းပေးသွင်းရန် လိုအပ်ပြီး ဈေးအရှေ့ပြင်ရပ်ကွက်ရှိ ကျားမင်းပဲခွဲစက်နှင့် ပွဲရုံသို့ ဖေဖော်ဝါရီ ၂၈ ရက် နောက်ဆုံးထား၍ လာရောက်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

**ချမ်းသာ(မိတ္ထီလာ)**



ပထမအကြိမ် ရှင်အပါး ၅၀၀ ရှင်ပြုပွဲမှ ရှင်သာမဏေများနှင့် အလှူရှင်မိသားစု

# အခြေခံ အင်္ဂလိပ်သဒ္ဒါသင်တန်း အခမဲ့ဖွင့်လှစ်

**ကလေး ဇန်နဝါရီ ၁၉**

ကလေးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ ပြည်သူ့စာကြည့်တိုက်ကို Community Library နှင့် Community Center အဖြစ် အဆင့်တိုးမြှင့်နိုင်ရေး ဆောင်ရွက်မှုတစ်ရပ်အဖြစ် ပြည်သူ့စာကြည့်တိုက်၌ အခြေခံ အင်္ဂလိပ်သဒ္ဒါသင်တန်း (Basic English Grammar Course)ကို ဇန်နဝါရီ ၁၇ ရက်မှစ၍ အခမဲ့ ဖွင့်လှစ်သင်ကြားခဲ့ကြောင်း သိရသည်။

သင်တန်းဖွင့်ပွဲတွင် ကလေးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးဒိုင်ကျင့်ပါအိုက ယခင် ရုံးစာကြည့်တိုက်၏ အခြေအနေနှင့် ယခု Community Library, Community Center များအဖြစ် တိုးမြှင့်ရာတွင် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကိုလည်းကောင်း၊ Basic English Grammar Course သင်တန်း ပြီးဆုံးပါက ရရှိနိုင်မည့် အကျိုးကျေးဇူးများကိုလည်းကောင်း ရှင်းလင်းပြောကြားသည်။

သင်တန်းကို ဇန်နဝါရီ ၁၇ ရက်မှ ဖေဖော်ဝါရီ ၁၇ ရက်အထိ တစ်လကြာ ဖွင့်လှစ်ပို့ချသွားမည်ဖြစ်ကာ ကျောင်းသား ကျောင်းသူများ ကျောင်းချိန်နှင့် ပြည်သူ့ဝန်ထမ်းများ ရုံးချိန် မထိခိုက်စေဘဲ တက်ရောက်နိုင်ကြရန် နေ့စဉ် ညနေ ၄ နာရီမှ ၅ နာရီအထိ တစ်ရက်လျှင် တစ်နာရီကြာ အခမဲ့သင်ကြားပို့ချပေးမည်ဖြစ်ကြောင်းနှင့် သင်တန်းတွင် ကလေးမြို့ပေါ်မှ အင်္ဂလိပ်စာ စိတ်ပါဝင်စားသူ ပြည်သူ ၃၅ ဦး တက်ရောက်ကြကြောင်း သိရသည်။



ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ကလေးခရိုင်ရုံးအနေဖြင့် စာကြည့်တိုက်ကို လူမှုအခြေပြုဗဟိုဌာန(Community Center)၊ လူမှုအခြေပြုစာကြည့်တိုက် (Community Library)များအဖြစ် ရုပ်လုံးဖော်ဆောင်သည့်အနေဖြင့် ၂၀၁၆ နိုဝင်ဘာ ၁၄ ရက်မှ ဒီဇင်ဘာ ၉ ရက်အထိတွင်လည်း ပထမကြိမ် Basic English Communication skills သင်တန်းကို အခမဲ့ ဖွင့်လှစ်ပို့ချပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။ **ဂျူနိုင်း**

# မော်ဟန်လွှဲခမ်းတောင် တောင်ပတ်လမ်း၌ ကျောက်စီမြေထိန်းနံရံတည်ဆောက်

**မိုးညှင်း ဇန်နဝါရီ ၁၉**

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် မော်ဟန်ကျေးရွာအနီး ရွှေဘို-မြစ်ကြီးနား ပြည်ထောင်စုကားလမ်းမကြီးပေါ်ရှိ မော်ဟန်လွှဲခမ်းတောင် တောင်ပတ်လမ်း၌ ယာဉ်များ သွားလာရေးအဆင်ပြေစေရန်အတွက် ကျောက်စီမြေထိန်းနံရံ တည်ဆောက်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။



အရှည်ပေ ၄၀၀၀ ကျော်ရှိသော လွှဲခမ်းတောင်ပတ်လမ်း၌ တောင်မြေထိန်းနံရံ တည်ဆောက်ခြင်းလုပ်ငန်းကို မိုးညှင်းခရိုင် လမ်း၊ တံတား ဆောက်လုပ်ရေးဌာနက တာဝန်ယူကြီးကြပ်၍ ဆောင်ရွက်နေခြင်းဖြစ်သည်။ အရှည်ပေ ၈၀၊ အမြင့် ၂၃ ပေ လှေကားထစ်ကိုးဆင့်ရှိသော ကျောက်စီမြေထိန်းနံရံကို ဇန်နဝါရီ ၁၀ ရက်မှ စတင်ကာ နေ့စဉ် လုပ်သားအင်အား ၄၀ ကျော်ဖြင့် တည်ဆောက်ခဲ့ရာ ဇန်နဝါရီ ၁၈ ရက်တွင် ပထမ ကျောက်စီမြေထိန်းနံရံကို တည်ဆောက်ပြီးစီးပြီဖြစ်ကြောင်း၊ ဆက်လက်၍ အဆိုပါလမ်းပိုင်းရှိ အန္တရာယ်ရှိနိုင်သော အကွေ့အဝိုက်များတွင် မော်တော်ယာဉ်များ သွားလာရေး အဆင်ပြေစေရန်အတွက် ကျောက်စီမြေထိန်းနံရံများကို ဆက်လက်တည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါလမ်းပိုင်းတွင် ကျောက်စီမြေထိန်းနံရံ တည်ဆောက်ခြင်းအပြင် လမ်းအကျယ် ၁၈ ပေ ကတ္တရာခင်းခြင်း၊ လမ်းတိုးချဲ့ခြင်း၊ သတိပေးဆိုင်းဘုတ်များ တပ်ဆင်ပေးခြင်းလုပ်ငန်းများကိုလည်း ဆောင်ရွက်လျက်ရှိပြီး လုပ်ငန်းအားလုံး ဆောင်ရွက်ပြီးစီးပါက နေ့စဉ်ဖြတ်သန်းသွားလာလျက်ရှိသော မော်တော်ယာဉ်များအနေဖြင့် အန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

**နီတိုး**

# လယ်ယာသုံးစက်ကိရိယာမောင်းနှင်မှုအခြေခံသင်တန်းဖွင့်

**ကြို့ပင်ကောက် ဇန်နဝါရီ ၁၉**

လက်မှုလယ်ယာစနစ်မှ စက်မှုလယ်ယာစနစ်သို့ကူးပြောင်းပြီး သီးနှံထုတ်လုပ်မှု တိုးတက်မြင့်မားလာစေရန်အတွက် သာယာဝတီခရိုင် ကြို့ပင်ကောက်မြို့နယ် အမှတ် (၃၂) စက်မှုလယ်ယာစခန်းတွင် လယ်ယာသုံးစက်ကိရိယာမောင်းနှင်ထိန်းသိမ်းမှု အခြေခံသင်တန်းဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၁၆ ရက်နံနက် ၈ နာရီခွဲက စတင်ကျင်းပခဲ့သည်။

အခမ်းအနားတွင် စက်မှုလယ်ယာဦးစီးဌာန သာယာဝတီခရိုင်ဦးစီးဌာနမှူး ဦးကျော်သောင်းက အမှာစကားပြောကြားပြီး မြို့နယ် ဒုတိယဦးစီးမှူး ဦးထက်ပိုင်လွင်က သင်တန်းသားများလိုက်နာရမည့်စည်းကမ်းချက်များနှင့် ပို့ချသောဘာသာရပ်များကို ဂရုစိုက်လေ့လာသင်ယူကြရန် ပြောကြားသည်။ ထို့နောက်စက်မှုလယ်ယာမြို့နယ်ဦးစီးမှူး ဦးမင်းဆွေက လက်မှုလယ်ယာစနစ်ကနေပြီး စက်မှုလယ်ယာစနစ်ကို ကူးပြောင်းရေးနှင့်တောင်သူများ လယ်ယာသုံးစက်ကိရိယာများကို ကျွမ်းကျင်ပိုင်နိုင်စွာ အသုံးပြုပြီး သီးနှံထုတ်လုပ်မှုစွမ်းအားတိုးတက်လာစေရန်ရည်ရွယ်ပြီး ဖွင့်လှစ်ရကြောင်းပြောကြားပြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဌေးမင်းသိန်းက သင်ထောက်ကူပစ္စည်းများကို သင်တန်းသားခေါင်းဆောင်ထံ ပေးအပ်ခဲ့သည်။

အဆိုပါသင်တန်းသို့ မြို့နယ်အတွင်းရှိ ကျေးရွာများမှ သင်တန်းသား ၃၀ ကို မြို့နယ် စက်မှုလယ်ယာဦးစီးဌာန ဝန်ထမ်းများက စာတွေ့လက်တွေ့ ၁၂ ရက်ကြာ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

# ခွေးရူးပြန်ရောဂါကြိုတင်ကာကွယ်ရေးဆိုင်ရာ သိကောင်းစရာများ ပညာပေးဟောပြော

**လှိုင်းဘွဲ့ ဇန်နဝါရီ ၁၉**

လှိုင်းဘွဲ့မြို့နယ် ပိုင်ကျုံမြို့ ပေါလောက်ကျေးရွာမှ ဒေသခံပြည်သူများအား ခွေးရူးပြန်ရောဂါကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောပွဲကို မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ မြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်းကာ ကျေးရွာဘုန်းတော်ကြီးကျောင်း၌ ဇန်နဝါရီ ၁၇ ရက်က ကျင်းပခဲ့သည်။

ဟောပြောပွဲတွင် ကရင်ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာနိုင်နိုင်ထွန်း၊ မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာဝတ်ရည်သင်းနှင့် ကျန်းမာရေးမှူး(၁)ဒေါ်အဲမွှီတို့က ခွေးရူးပြန်ရောဂါဖြစ်ပေါ်တတ်သည့် လက္ခဏာများ၊ ခွေးကိုက်ခံရလျှင် ပြုလုပ်ဆောင်ရွက်သင့်သည့် လုပ်ငန်းများ၊ ခွေးကိုက်ခြင်းကို အဆင့်(၃)ဆင့် သတ်မှတ်ထားရှိပုံနှင့် ခွေးကိုက်ခံရပါက နီးစပ်ရာကျန်းမာရေးဌာနသို့ အမြန်ဆုံးလာရောက်ရန် စသည့်အချက်များကို ဟောပြောပြီး မြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ဒေါက်တာစိုးအောင်နှင့် ဒေါက်တာရန်နိုင်တို့က တိရစ္ဆာန်များကို ကြိုတင်၍ ကာကွယ်ဆေးထိုးခြင်း၊ ကာကွယ်ဆေးကို တစ်နှစ်တစ်ကြိမ် ပုံမှန်ထိုးရန် လိုအပ်ကြောင်းနှင့် ခွေးကိုက်ခြင်းမှ ကာကွယ်ရန် နည်းလမ်းများကို ရှင်းလင်းဟောပြောသည်။ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူး ဒေါ်ခင်စန်းမြင့်ကလည်း ခွေးရူးကိုက်ခံရခြင်းကြောင့် ဖြစ်ပေါ်လာနိုင်သော နောက်ဆက်တွဲဆိုးကျိုးများနှင့် ခွေးရူးကိုက်ခံရပါက လုပ်ဆောင်ရမည့် လုပ်ငန်းများကို ဟောပြောခဲ့သည်။

ဟောပြောပွဲသို့ ပေါလောက်ကျေးရွာအပြင် ကြက်တူရွေးကျေးရွာ၊ ထီးဖိုးကိန်ကျေးရွာ၊ ရေပူကြီးကျေးရွာနှင့် ပေါင်ကျေးရွာအုပ်စုများမှ ပြည်သူများနှင့် ကျောင်းသားကျောင်းသူများ တက်ရောက်ခဲ့ကြသည်။ ဟောပြောပွဲများကို ယခု ဇန်နဝါရီလအတွင်း အထက(လှိုင်းဘွဲ့)ကျောင်းနှင့် ပိုင်ကျုံ၊ ရွှေဂွန်း၊ မြိုင်ကြီးငူ အထူးဒေသများသို့လည်း ကွင်းဆင်းပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**



# ညောင်ဦးမြို့နယ်အတွင်း ကျေးရွာပေါင်းသုံးဆယ်တွင် ၂၄ နာရီ လျှပ်စစ်မီးလင်းတော့မည်

**ညောင်ဦး ဇန်နဝါရီ ၁၉**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်အတွင်းရှိ ကျေးရွာပေါင်း ၃၀ တွင် ၂၄ နာရီ လျှပ်စစ်မီးလင်းရေးအတွက် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းရန်ပုံငွေဖြင့် သစ်ထောင့်ကျေးရွာ၌ ၆၆/၁၁ ကေဗွီ၊ ၅ အမ်ဗွီအေ ဓာတ်အားလိုင်းခွဲ စက်ရုံတစ်ခုကို တည်ဆောက်ခဲ့ရာ တည်ဆောက်မှုများ ပြီးစီးနေပြီဖြစ်၍ မကြာမီ ၂၄ နာရီ မီးလင်းတော့မည်ဖြစ်ကြောင်း သိရသည်။

ဓာတ်အားလိုင်းခွဲ တည်ဆောက်ပြီးစီးခြင်းကြောင့် မြို့နယ်အတွင်း ညောင်ဦး-မြင်းခြံကားလမ်းဘေးရှိ ပုလင်းအနောက်ရွာ၊ ပုလင်းအရှေ့ရွာ၊ သူကောင်းတည်ရွာ၊ သူကောင်းတည်(ရွာသစ်)၊ အောက်ညဥ့်ရွာ၊ သဖန်းကုန်းရွာ၊ အထက်ညဥ့်ရွာ၊ အထက်ညဥ့်ကျွန်းကျေးရွာ၊ သစ်ထောင့်ကျွန်းကျေးရွာ၊ ဘုရားလေးကုန်းကျေးရွာ၊ သစ်ထောင့်တောင်ရွာ၊ သစ်ထောင့်မြောက်ရွာ၊ ရွာသစ်ကုန်းကျေးရွာ၊ ရွာအိုကျေးရွာ၊ ပျော့ကန်ကျေးရွာ၊ တောင်ဖက်တန်းရွာ၊ ကံတောရွာ၊ အုန်နဲ့ချောင်းရွာ၊ ရွှေပြည်သာရွာ၊ လက်ထုပ်ရွာ၊ ညောင်လုရွာ၊ သရက်ကုန်းရွာ၊ ခက်လန်းကန်ရွာ၊ မြောက်ဖက်တန်းရွာ၊ လက်ပန်ခြေပေါ်ရွာ၊ ကုက္ကိုကုန်းရွာ၊ ရမ်းဇမ်းရွာနှင့် ရွာသာအေးရွာများရှိ လူဦးရေ တစ်သောင်းခန့်အနေဖြင့် လျှပ်စစ်မီးကို အလွယ်တကူ ရယူသုံးစွဲနိုင်တော့မည်ဖြစ်ကာ ပြည်သူများ၏ လူနေမှုအဆင့်အတန်း မြင့်မားလာနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

**ကျော်ဌေး(ညောင်ဦး)**



# ရေတွင်းနက်များတူးဖော်ရန် ကွင်းဆင်းတိုင်းတာ

**မြန်အောင် ဇန်နဝါရီ ၁၉**

ရောဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ် တောင်ရိုးဒေသမှ နွေရာသီတွင် ရေရှားပါးလေ့ရှိသောကျေးရွာများ၌ ရေတွင်းနက်များတူးဖော်ပေးနိုင်ရန် မြေအောက်ရေရရှိနိုင်မှု အခြေအနေ တိုင်းတာခြင်းကို မြို့နယ်တာဝန်ရှိသူများက ဇန်နဝါရီ ၁၅ ရက်က ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

နွေရာသီတွင် ရေရှားပါးလေ့ရှိသော သဲဘိုကျေးရွာအုပ်စု နတ်တောင်ကျေးရွာနှင့် မျှင်ဝါးတောင်ကျေးရွာအုပ်စု ဆင်ကျုံးကျေးရွာများ၌ မြေအောက်ရေရရှိရေး တိုင်းတာခြင်းများ ဆောင်ရွက်ခဲ့ကြခြင်းဖြစ်သည်။ မြေအောက်ရေတိုင်းတာမှုများ ဆောင်ရွက်ပြီးပါက အဆိုပါ ကျေးရွာနှစ်ရွာ၌ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်ရန်ပုံငွေဖြင့် ရေတွင်းနက်တူးဖော်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

**ဝင်းဗိုလ်(ပြန်/ဆက်)**

# ကုလားပဲ မျိုးယှဉ်ပြိုင်စမ်းသပ်ကွက် ကွင်းပြပွဲပြုလုပ်

**ပုလဲ ဇန်နဝါရီ ၁၉**

စစ်ကိုင်းတိုင်းဒေသကြီး ပုလဲမြို့နယ် အလယ်ဘုံကျေးရွာရှိ ကုလားပဲ မျိုးယှဉ်ပြိုင်စမ်းသပ်ကွက်၌ သီးနှံများ ဖြစ်ထွန်းအောင်မြင်မှု အခြေအနေများကို ဒေသခံတောင်သူများကိုယ်တိုင် လေ့လာပြီး မိမိတို့နှင့်သင့်တော်သည့်မျိုးကို ရွေးချယ်စိုက်ပျိုးနိုင်ရန် ရည်ရွယ်၍ တောင်သူကွင်းပြပွဲကို ပုလဲမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ကြီးမှူးပြီး ဇန်နဝါရီ ၁၇ ရက်က ပြုလုပ်ခဲ့သည်။

ပုလဲမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးကြီးညိုက "ပဲစိုက်ပျိုးမှုနှင့်ပတ်သက်လို့ အာဆီယံနိုင်ငံများမှာ မြန်မာနိုင်ငံက ဦးဆောင်နိုင်ငံဖြစ်ပါတယ်။ ဒါကြောင့် ကုလားပဲစိုက်ပျိုးတဲ့ တောင်သူများအနေနဲ့ ဒေသရာသီဥတုနဲ့ ကိုက်ညီဖြစ်ထွန်းပြီး ရောဂါပိုးမွှားဒဏ် ခံနိုင်ရည်ရှိတဲ့ ဈေးကွက်ဝင် အထွက်ကောင်းမျိုးကို ရွေးချယ်စိုက်ပျိုးနိုင်စေရေးအတွက် ကုလားပဲငါးမျိုးကို ယှဉ်ပြိုင်စမ်းသပ်စိုက်ပျိုးပြီး တောင်သူများကို ဖိတ်ခေါ်၍ ကွင်းပြပွဲကို ဆောင်ရွက်ပေးခြင်းဖြစ်ပါတယ်"ဟု ပြောကြားသည်။

တောင်သူများ ပဲမျိုးများရရှိရေးနှင့် အောင်မြင်စွာ စိုက်ပျိုးနိုင်ရေးနှင့် ပတ်သက်၍လည်း "တောင်သူများအနေနဲ့ ကုလားပဲ မျိုးယှဉ်ပြိုင်စမ်းသပ်ကွက် ဖြစ်ထွန်းအောင်မြင်မှု အခြေအနေကို သေချာလေ့လာကြည့်ရှုပြီး စိုက်ပျိုးလိုတဲ့ ကုလားပဲမျိုးကို စိုက်ပျိုးရေးသုတေသနဦးစီးဌာန(နေပြည်တော်)သို့ ဆက်သွယ်မှာယူပေးသွားမှာဖြစ်ပါတယ်။ စိုက်ပျိုးရေးဝန်ထမ်းများက တောင်သူများနှင့်အတူ ကွင်းအရောက်ဆင်းပြီး သိပ္ပံနည်းကျ စိုက်ပျိုးနည်းစနစ်များဖြင့် စိုက်ပျိုးဖြစ်ထွန်း အောင်မြင်အောင်လို့ ကူညီဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်"ဟု ၎င်းက ဆက်ပြောသည်။

အဆိုပါ ကုလားပဲ မျိုးယှဉ်ပြိုင်စမ်းသပ်ကွက် ကွင်းပြပွဲသို့ မြို့နယ်စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ ဦးတိုးတိုးဝင်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ် စိုက်ညှိအဖွဲ့ဝင်များ၊ စိတ်ပါဝင်စားသည့် တောင်သူများ လာရောက်ကြည့်ရှုခဲ့ကြသည်။ ပုလဲမြို့နယ်တွင် ယခုနှစ် ကုလားပဲ လျာထားကေမှာ ၅၅၀၀၀ ဧကရှိခဲ့ပြီး စိုက်ဧကမှာ ၅၂၇၄၈ ဧကဖြစ်ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# သီတဂူဇောတိက စက္ခုဒါနဆေးရုံကြီး ဖွင့်လှစ်နိုင်ရေး အပြီးသတ်ညှိနှိုင်းစည်းဝေး

**အောင်လံ ဇန်နဝါရီ ၁၉**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် အောင်လံမြို့၌ ဖေဖော်ဝါရီ ၄ ရက်တွင် ဖွင့်လှစ်တော့မည့် သီတဂူဇောတိက စက္ခုဒါနဆေးရုံကြီး အောင်မြင်စွာဖွင့်လှစ်နိုင်ရေးအတွက် အပြီးသတ် ညှိနှိုင်းအစည်းအဝေးကို ဆေးရုံကြီးတည်ရှိရာ အောင်လံမြို့ ရွာထောင်ရပ်ကွက်ရှိ ရခိုင်ပရိယတ္တိစာသင်တိုက်၌ ဇန်နဝါရီ ၁၆ ရက်က ကျင်းပခဲ့သည်။

အစည်းအဝေးတွင် ရခိုင်ပရိယတ္တိစာသင်တိုက် ပဓာန နာယကဆရာတော် အရှင်ဇောတိက၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအေးကျော်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ခိုင်ထွန်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဖွင့်ပွဲဖြစ်မြောက်ရေး ဦးစီးကော်မတီနှင့် ဆပ်ကော်မတီဝင်များ တက်ရောက်ကြပြီး ဆရာတော်က သြဝါဒမိန့်ကြားကာ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်က စက္ခုဒါနဆေးရုံကြီး အောင်မြင်စွာ ဖွင့်လှစ်နိုင်ရေးအတွက် အားလုံး တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်ကြရန် မှာကြားသည်။

ထို့နောက် မြို့နယ်အုပ်ချုပ် ရေးမှူး ဦးကျော်ခိုင်ထွန်းက ဆပ်ကော်မတီအလိုက် ဆောင်ရွက်ရန်တာဝန်များနှင့် ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို မေးမြန်းဆွေးနွေးကာ လိုအပ်သည်များကို ဖြည့်စွက်မှာကြားခဲ့သည်။



အောင်လံမြို့ သီတဂူဇောတိက စက္ခုဒါနဆေးရုံကြီး ဖွင့်လှစ်ပြီးပါက မြန်မာနိုင်ငံရှိ သီတဂူ စက္ခုဒါနဆေးရုံများအနက် ၃၂ ခုမြောက်ဆေးရုံဖြစ်လာမည်ဖြစ်ကြောင်း သိရသည်။

**သိန်းလွင်(အောင်လံ)**

# မြန်မာနိုင်ငံဗဟိုဘဏ်မှ Visa Credit ကတ် စတင်သုံးစွဲခွင့်ပြု

**ရန်ကုန် ဇန်နဝါရီ ၁၉**

မြန်မာနိုင်ငံတော် ဗဟိုဘဏ်အနေဖြင့် မြန်မာနိုင်ငံ၏ ဘဏ္ဍာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ငွေပေးချေမှုစနစ်များ ဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်၍ ပြည်တွင်း ပုဂ္ဂလိကဘဏ်များအား Visa ကတ်များ စတင်ခွင့်ပြုထားပြီဖြစ်ကြောင်း ပုဂ္ဂလိကဘဏ်လုပ်ငန်းများမှ သိရသည်။

"မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ငွေပေးချေမှုစနစ်များ ခေတ်မီဖွံ့ဖြိုးတိုးတက်လာစေဖို့ ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ပြည်တွင်း ပုဂ္ဂလိကဘဏ်တွေကို Visa ကတ် စတင်အသုံးပြုခွင့်ပြုလိုက်ပြီဖြစ်ပါတယ်။ ဒီလို ခွင့်ပြုပေးလိုက်ခြင်းဟာလည်း နိုင်ငံတော်ရဲ့ ငွေပေးချေမှုစနစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ခြေလှမ်းသစ်များစတင်လိုက်ခြင်းဖြစ်ပါတယ်။ ဒီအတွက် CB ဘဏ်အနေနဲ့ Visa နဲ့ ပူးပေါင်းပြီး Gold Visa Credit ကတ်နဲ့ Platinum Visa Credit ကတ်တွေကို မြန်မာနိုင်ငံသားများအတွက် ပထမဆုံး စတင်ထုတ်ဝေလိုက်ခြင်းဖြစ်ပါတယ်"ဟု CB ဘဏ်မှ စီအီးအို ဦးကျော်လင်းက ကမ်းနားလမ်း ဘဏ်ရုံးချုပ်၌ ယနေ့ ညနေပိုင်းတွင် ပြုလုပ်သော စာနယ်ဇင်းရှင်းလင်းပွဲတွင် သတင်းထောက်များအား ပြောသည်။







အဆိုပါ Visa ကတ်အမျိုးအစားနှစ်မျိုးစလုံးမှာ မြန်မာနိုင်ငံပြည်တွင်းသာမက ပြည်ပနိုင်ငံများတွင်လည်း အသုံးပြုနိုင်မည်ဖြစ်ကြောင်း၊ ယင်း Visa ကတ်များကို နိုင်ငံပေါင်း ၂၀၀ ကျော်တွင် အသုံးပြုနိုင်မည်ဖြစ်ကြောင်း၊ Visa ကတ်လျှောက်ထားသူ မြန်မာနိုင်ငံသားများအနေဖြင့် အနည်းဆုံးလစာဝင်ငွေကျပ်တစ်သိန်းခွဲမှ ငွေကျပ် နှစ်သိန်းအထက် ဝင်ငွေရှိသူများဖြစ်ရမည်ဖြစ်ကြောင်း၊ ငွေပေးချေမှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် မြန်မာကျပ်ငွေကာလပေါက်ဈေးအပေါ် အခြေခံတွက်ချက် ရှင်းလင်းပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ဘဏ်သည် ATM စက်ဖြင့် ငွေသားထုတ်ပေးခြင်းကို မြန်မာနိုင်ငံတွင် ပထမဆုံးဆောင်ရွက်ခဲ့သည့်အပြင် Visa Prepaid Debit ကတ်ကိုလည်း ၂၀၁၃ ခုနှစ်က ပထမဆုံးသော ထုတ်ဝေခဲ့သော ဘဏ်ဖြစ်ကြောင်း သိရသည်။

**မြင့်မောင်စိုး**
**ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**

# အမှိုက်သိမ်းယာဉ် ဝယ်ယူနိုင်ရေး အလှူငွေပေးအပ်

**ကလော ဇန်နဝါရီ ၁၉**

ရှမ်းပြည်နယ်တောင်ပိုင်း ကလောမြို့သည် ယခင်က သန့်ရှင်းသာယာလှပသော မြို့လေးတစ်မြို့ဖြစ်ခဲ့ပြီး ယခုအခါ မြို့နေလူဦးရေထူထပ်လာသည်နှင့်အမျှ အမှိုက်သရိုက်များကြောင့် လေထု၊ ရေထုများညစ်ညမ်းလာပြီး ကျန်းမာရေးထိခိုက်မှုများ ဖြစ်ပေါ်လာနိုင်သည့်အတွက် အိမ်တိုင်ရာရောက် အမှိုက်သိမ်းဆည်းဝန်ဆောင်မှု ဆောင်ရွက်နိုင်ရေးအတွက် အမှိုက်သိမ်းယာဉ်များ ဝယ်ယူနိုင်ရေး အလှူငွေပေးအပ်ပွဲအခမ်းအနားကို ဇန်နဝါရီ ၁၇ ရက်က မြို့နယ်ခန်းမ၌ ကျင်းပခဲ့သည်။ အခမ်းအနားတွင် မြို့သန့်ရှင်းရေးကော်မတီနာယက ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ပြုံးကေသီနိုင်က အမှာစကားပြောကြားပြီး မြို့သန့်ရှင်းရေးကော်မတီအတွင်းရေးမှူး မြို့နယ်စည်ပင်သာယာရေး အမှုဆောင်အရာရှိ ဦးကျော်မင်းထိုက်က ရပ်ကွက်များအတွင်းသို့ တိုးချဲ့အမှိုက်သိမ်းဆည်း ဝန်ဆောင်မှုလုပ်ငန်းများနှင့်ပတ်သက်၍လည်းကောင်း ရှင်းလင်းပြောကြားခဲ့သည်။ ထို့နောက် အမှိုက်သိမ်းယာဉ် ဝယ်ယူနိုင်ရေးအတွက် အလှူရှင်များက မတည်လှူဒါန်းငွေကျပ် ၂၁၅ သိန်းနှင့် ဒီဇယ်ဆီများ လက်ခံရရှိပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

# အာဆီယံ ရပ်ရွာအခြေပြုခရီးသွားလုပ်ငန်းဆုရ ယင်းတိုင်တောင်ဆည်သို့ သွားရောက်လေ့လာ

**ပခုက္ကူ ဇန်နဝါရီ ၁၉**

အာဆီယံ ရပ်ရွာအခြေပြုခရီးသွားလုပ်ငန်းဆု ရရှိထားသော မြိုင်မြို့နယ် အင်းယောင်ကျေးရွာအုပ်စု ယင်းတိုင်တောင်ဆည်တွင် အခြေပြုတည်ဆောက်ထားသည့် ရပ်ရွာအခြေပြုခရီးသွားလုပ်ငန်း ဆောင်ရွက်နေမှုများကို အလားတူ ရပ်ရွာအခြေပြု ခရီးသွားလုပ်ငန်း ဆောင်ရွက်မည့် ပခုက္ကူမြို့နယ် ရှားပင်ကျေးရွာအုပ်စု ကျွန်းကလေးကျေးရွာမှ ပြည်သူ ၂၅ ဦးအဖွဲ့က ဇန်နဝါရီ ၁၇ ရက်က သွားရောက်လေ့လာခဲ့ကြောင်း သိရသည်။

ယင်းတိုင်တောင်ဆည်တွင် အခြေပြု တည်ဆောက်ထားသည့် ရပ်ရွာအခြေပြုခရီးသွားလုပ်ငန်းကို Action Myanmar ၏ ကူညီပံ့ပိုးမှုဖြင့် ကျေးရွာလေးရွာပူးပေါင်းကာ ၂၀၁၆ ခုနှစ်မှ စတင်တည်ထောင်ခဲ့ပြီး နိုင်ငံခြား ခရီးသွားဧည့်သည်များအနေဖြင့် အဆိုပါခရီးစဉ်ကို ကျေနပ်နှစ်သက်မှုရှိကြောင်း သိရသည်။

ပခုက္ကူမြို့နယ် ကျွန်းကလေးကျေးရွာတွင်လည်း ရပ်ရွာအခြေပြု ခရီးသွားလုပ်ငန်း စတင်လုပ်ဆောင်နေပြီဖြစ်ကာ လုပ်ငန်းကျွမ်းကျင်မှုနှင့် ဧည့်သည်များအား ဝန်ဆောင်မှုပေးနိုင်ရေးအတွက် ယင်းတိုင်တောင်ဆည်ခရီးသွားလုပ်ငန်းတွင် လုပ်ငန်းဆောင်ရွက်နေပုံများကို လာရောက်လေ့လာခြင်းဖြစ်ကြောင်း ကျွန်းကလေးကျေးရွာမှ ဦးမြင့်နိုင်က ပြောသည်။

လေ့လာရေးအဖွဲ့အား ယင်းတိုင်တောင်ဆည်ရှိ ရှင်းလင်းဆောင်တွင် ရပ်ရွာအခြေပြု ခရီးသွားလုပ်ငန်း အကြောင်းအရာများကို Action Myanmar မှ တာဝန်ရှိသူတစ်ဦးက ရှင်းလင်းပြောကြားပေးခဲ့ပြီး ဆက်လက်၍ လေ့လာရေးအဖွဲ့သည် နိုင်ငံခြားခရီးသွားဧည့်သည်များနှင့်အတူ ကန်ကြီးတော်(၂)ကျေးရွာအထိ အတူတကွသွားရောက်၍ ခရီးစဉ်အတွင်း ဆောင်ရွက်မှုများကို လေ့လာခဲ့ကြသည်။ **တင်အောင်ဝင်း**



# စစ်ဘေးရှောင်ပြည်သူများအတွက် စောင်များ လိုအပ်နေ

**ဆဒုံး ဇန်နဝါရီ ၁၉**

ကချင်ပြည်နယ် ဆဒုံးမြို့နယ် ဆနာကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာငါးရွာမှ စစ်ရှောင်ပြည်သူများအနေဖြင့် စစ်တိမ်းရှောင်ရင်း ဇန်နဝါရီ ၁၇ ရက်တွင် ဆဒုံးမြို့သို့ ထပ်မံရောက်ရှိလာကြောင်းနှင့် တာဝန်ရှိသူများက လိုအပ်သော ကူညီစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိကာ လက်ရှိအချိန်တွင် ရာသီဥတုအေးသည့်အတွက် အဝတ်အထည်များ၊ စောင်များ လိုအပ်လျက်ရှိကြောင်း သိရသည်။

အဆိုပါ ကျေးရွာငါးရွာမှ စစ်ရှောင်လာသူများမှာ အိမ်ခြေ ၅၇ အိမ်၊ အိမ်ထောင်စု ၈၂ စုမှ လူဦးရေ ၄၅၀ ကျော်ဖြစ်ပြီး စစ်ဘေးရှောင်ပြည်သူများထဲ၌ သက်ကြီးရွယ်အိုများ၊ ကိုယ်ဝန်ဆောင်မိခင်များ၊ ကျောင်းနေအရွယ်ကလေးငယ်များ ပါဝင်ကြောင်း သိရသည်။ စစ်ဘေးရှောင်ပြည်သူများအား နေရာချထားပေးရေးအတွက် ဆဒုံးမြို့အခြေစိုက် ရှေ့တန်းစစ်ဗျူဟာမှူးက ဦးဆောင်ကာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်အောင်နှင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ ဘာသာရေးအသင်းတော် ဆရာများက ဆောင်ရွက်ပေးလျက်ရှိပြီး ဆဒုံးမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးရှိ ရုံးခန်းမဆောင် သုံးဆောင်နှင့် ခြောက်ခန်းတွဲ ဝန်ထမ်းဆောင်တို့တွင် နေရာချထားပေးကြောင်း သိရသည်။ စစ်ရှောင်ပြည်သူများ စားသောက်ရေးအတွက်လည်း တပ်မတော်မှ ထောက်ပံ့ပေးလျက်ရှိပြီး လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုများကို ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဝန်ထမ်းများက ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# ပွဲစဉ် ၂၂ မှာနိုင်ပွဲသေချာနေတာက

## ချယ်လ်ဆီး

ဝေမိုးဆက်

ပရီမီယာလိဂ်ပွဲစဉ်(၂၂)ကို လာမယ့်ဇန်နဝါရီလ ၂၁၊ ၂၂ ရက်နေ့တွေမှာကျင်းပသွားဖို့ရှိနေပါတယ်။ ဒီပွဲစဉ်မှာတော့ အဲဗာတန်ကို ဂိုးပြတ်အရေးနိမ့်ခဲ့ရတဲ့ မန်စီးတီးက စပါးနဲ့ဆုံတွေ့နေရတာကြောင့် နိုင်ပွဲပြန်လည်ရယူနိုင်မလား ဆိုတာစိတ်ဝင်စားဖို့ကောင်းနေပါတယ်။ ဒါ့အပြင် ပွဲစဉ် (၂၁)မှာ သရေကျခဲ့ရတဲ့ မန်ယူနဲ့ လီဗာပူးတို့အနေနဲ့လည်း နိုင်ပွဲပြန်လည်ရယူနိုင်ပါ့မလားဆိုတာစောင့်ကြည့် ရဖို့ရှိနေပါတယ်။ ဒါပေမယ့်လည်း ထိပ်ဆုံးကဦးဆောင်နေတဲ့ ချယ်လ်ဆီးကတော့ ဟားလ်နဲ့ရင်ဆိုင်ရမှာဖြစ်လို့ နိုင်ပွဲရသွားဖို့ရှိနေပါတယ်။



### စတုတ် VS မန်ယူ

| ပကျော့ | မန်ယူ | ၁ | ၁ | စတုတ် |
|---|---|---|---|---|

စတုတ်က အိမ်ကွင်းပွဲလေးပွဲဆက် ရှုံးပွဲမရှိအောင် ကစားနိုင်ခဲ့ပေမယ့် ခြေစွမ်းပိုင်းတည်ငြိမ်မှုအကောင်းဆုံး အနေအထားမှာမရှိဘူး။ ဒါပေမယ့်စတုတ်ရဲ့ တိုက်စစ်ကတော့ အိမ်ကွင်းမှာ ဂိုးသွင်းခြေရနေတယ်။ မန်ယူကလည်း ပရီမီယာလိဂ်ပြိုင်ပွဲမှာ အနိုင်ရလဒ်ပြန်လည်ရှာဖွေနိုင်ဖို့ အားစိုက်လာမှာပါ။ ထိုးဖောက်ကစားမှုပုံက စတုတ်အသင်းခံစစ်ကို အခက်တွေ့စေနိုင်တယ်။ ခြေစွမ်းပိုင်း ပိုမိုတည်ငြိမ်တဲ့ မန်ယူကပဲ တစ်ဂိုးအသာနဲ့ နိုင်ပွဲရသွားနိုင်တယ်။

### ဆောက်သမ်တန် VS လက်စတာ

| ပကျော့ | လက်စတာ | ၀ | ၀ | ဆောက်သမ်တန် |
|---|---|---|---|---|

ဆောက်သမ်တန်အသင်းရဲ့ခြေစွမ်းပိုင်းက တည်ငြိမ်မှုအားနည်းနေသလို တိုက်စစ်ကလည်း အဆုံးသတ်ပိုင်းအားနည်းနေတယ်။ လက်စတာကလည်းအဝေးကွင်းမှာ အကောင်းဆုံးပုံစံရဖို့ ရုန်းကန်နေရတယ်။ ဒါပေမယ့် လက်စတာရဲ့ ရုန်းအားကြောင့် ဆောက်သမ်တန်အသင်း အခက်တွေ့နိုင်တယ်။ အထူးသဖြင့် လက်စတာက တန်းမဆင်းရဖို့အားစိုက်ကစားရတော့မယ့် အနေအထားကြောင့် ခြေကုန်ထုတ်လာမှာဖြစ်လို့ ဆောက်သမ်တန် သရေလောက်ပဲရမယ်။

### ဝက်စ်ဘရွန်း VS ဆန်းဒါးလန်း

| ပကျော့ | ဆန်းဒါးလန်း | ၁ | ၁ | ဝက်စ်ဘရွန်း |
|---|---|---|---|---|

ဝက်စ်ဘရွန်းကခြေစွမ်းတည်ငြိမ်မှု အနည်းငယ်အားနည်းပေမယ့် အိမ်ကွင်းနောက်ဆုံး ငါးပွဲမှာ လေးပွဲအနိုင်ရအောင် ကစားနိုင်ခဲ့တယ်။ ဒီပွဲမတိုင်ခင် အက်ဖ်အေဖလားပွဲကစားခဲ့ရတဲ့ ဆန်းဒါးလန်းကလည်းအဝေးကွင်းမှာ တိုက်စစ်နဲ့ ခံစစ်ပိုင်း အားနည်းနေတယ်။ အထူးသဖြင့် ဝက်စ်ဘရွန်းက အိမ်ကွင်းပွဲတွေမှာ တိုက်စစ်ပိုင်းကစားပုံကောင်းမွန်တတ်တာကြောင့် ဆန်းဒါးလန်း ခံစစ်ကိုဖိအားပေးနိုင်ဖို့ရှိတယ်။ ဝက်စ်ဘရွန်းပဲအနိုင်ရမယ်။

### အာဆင်နယ် VS ဘန်လေ

| ပကျော့ | ဘန်လေ | ၀ | ၁ | အာဆင်နယ် |
|---|---|---|---|---|

အာဆင်နယ်ဟာ အိမ်ကွင်းမှာ ရှုံးပွဲတစ်ပွဲတည်းသာ ရှိသေးသလိုလက်ရှိခြေစွမ်းပိုင်းလည်း ကောင်းမွန်နေတယ်။ ဂျရူး၊ ဆန်းချက်ဇ်တို့လို အဓိကတိုက်စစ်ကစားသမားတွေ ဂိုးသွင်းခြေရနေသလို နောက်ဆုံးအိမ်ကွင်းပွဲနှစ်ပွဲမှာဂိုးပေးရခြင်း မရှိတဲ့အထိ ခံစစ်ပိုင်းကောင်းမွန်မှုရှိတယ်။ ဘန်လေကတော့ အဝေးကွင်းမှာ နောက်ဆုံးကိုးပွဲဆက်နိုင်ပွဲပျောက်ဆုံးတဲ့ အထိခြေစွမ်းပိုင်း အားနည်းနေတာကြောင့် အာဆင်နယ်သာ ဂိုးပြတ်နိုင်မှာပါ။

### မန်စီးတီး VS စပါး

| ပကျော့ | စပါး | ၂ | ၀ | မန်စီးတီး |
|---|---|---|---|---|

အဲဗာတန်ကိုဂိုးပြတ်ရှုံးနိမ့်ခဲ့မှုကြောင့် မန်စီးတီးနိုင်ပွဲပြန်ရဖို့ အားစိုက်လာမှာဖြစ်ပေမယ့် ဖိအားတွေရှိနေလို့ ခြေစွမ်းပိုင်းအားနည်းမှုရှိလာနိုင်တယ်။ မန်စီးတီးရဲ့တိုက်စစ်ကလည်း အဆုံးသတ်ပိုင်း အားနည်းနေလို့ မာကျော့မှုရှိနေတဲ့ စပါးခံစစ်ကို ဖိအားပေးနိုင်ဖို့ ရုန်းကန်ရနိုင်တယ်။ စပါးက မန်စီးတီးကိုခြေစွမ်းအသာစီးနဲ့ ကစားနိုင်ဖို့ ရုန်းကန်ရနိုင်ပေမယ့်ဟယ်ရီကိန်း၊ အဲရစ်ဆင်၊ အလီတို့ ဦးဆောင်တဲ့ တိုက်စစ်ကတော့ ဂိုးသွင်းခြေရနေတယ်။ စပါးကပ်နိုင်သွားဖို့ များတယ်။

### ချယ်လ်ဆီး VS ဟားလ်

| ပကျော့ | ဟားလ် | ၀ | ၂ | ချယ်လ်ဆီး |
|---|---|---|---|---|

တိုက်စစ်မှူးဒီယေဂိုကော်စတာ မပါဝင်နိုင်တဲ့ လက်စတာနဲ့ပွဲမှာ ချယ်လ်ဆီးတိုက်စစ်က သုံးဂိုးရခဲ့တယ်ဆိုပေမယ့်အပိုင်အခွင့်အရေးရရှိမှု အားနည်းခဲ့တယ်။ ဒါပေမယ့်ချယ်လ်ဆီးရဲ့ ခြေစွမ်းပိုင်းကောင်းမွန်မှုရှိလို့ ဟားလ်စီးတီးကို ဖိအားပေးနိုင်မှာပါ။ ဟားလ်ကတော့ အဝေးကွင်းမှာရုန်းကန်နေရသလို တိုက်စစ်နဲ့ခံစစ်ကလည်း အားနည်းတယ်။ အိမ်ကွင်းမှာနိုင်ပွဲဆက်နိုင်ဖို့အတွက် အားစိုက်လာမယ့် ချယ်လ်ဆီးပဲ နိုင်ပွဲရသွားမယ့်ပွဲပါ။

### လီဗာပူး VS ဆွမ်ဆီး

| ပကျော့ | ဆွမ်ဆီး | ၁ | ၂ | လီဗာပူး |
|---|---|---|---|---|

လီဗာပူးက ဒီပွဲမတိုင်ခင်အက်ဖ်အေဖလား ပြန်ကန်ပွဲကစားခဲ့ရပေမယ့် ကစားပုံမာကျော့မှုရှိပြီး ပရီမီယာလိဂ်ပြိုင်ပွဲမှာ နိုင်ပွဲပြန်ရဖို့ အားစိုက်လာမှာပါ။ ဆွမ်ဆီးကတော့ အဝေးကွင်းနိုင် ပွဲနှစ်ပွဲသာရရှိထားသလို နောက်ဆုံးအဝေးကွင်းပွဲမှာ ပဲလေ့စ်ကိုနိုင်ခဲ့တယ်ဆိုပေမယ့် တိုက်စစ်နဲ့ ခံစစ်က အားနည်းတာကြောင့် လီဗာပူးအသင်းကို ပွဲချိန်ပြည့်ယှဉ်ကစားနိုင်ဖို့ခက်တယ်။ အိမ်ရှင်လီဗာပူးအသင်းသာ ခြေစွမ်းအသာနဲ့ကစားပြီး နှစ်ဂိုးအသာနဲ့အနိုင်ရသွားမယ်။

### အဲဗာတန် VS ပဲလေ့စ်

| ပကျော့ | ပဲလေ့စ် | ၁ | ၁ | အဲဗာတန် |
|---|---|---|---|---|

ခြေစွမ်းပိုင်း သာမန်သာရှိတဲ့ပဲလေ့စ်ဟာ အိမ်ကွင်းမှာဆွမ်ဆီးကိုတောင် အရေးနိမ့်ခဲ့ရသလို နောက်ပိုင်းပွဲတွေမှာ တိုက်စစ်ကလည်း အားနည်းမှုရှိတယ်။ ဒါ့အပြင် ဒီပွဲမတိုင်ခင် အက်ဖ်အေဖလားပွဲလည်း ကစားခဲ့ရတာကြောင့် ပွဲပန်းလာမှာပါ။ အဲဗာတန်ကတော့ ရုန်းအားကောင်းနေသလို မန်စီးတီးကိုတောင် ဂိုးပြတ်အနိုင်ရခဲ့ပြီး တိုက်စစ်ကလည်း ဂိုးသွင်းခြေထက်မြက်နေတယ်။ အဝေးကွင်းဖြစ်ပေမယ့် အဲဗာတန်ပဲနိုင်ပွဲရသွားမှာပါ။

### ဘုန်းမောက် VS ဝက်ဖို့ဒ်

| ပကျော့ | ဝက်ဖို့ဒ် | ၂ | ၂ | ဘုန်းမောက် |
|---|---|---|---|---|

ဘုန်းမောက်က အိမ်ကွင်းမှာ နိုင်ပွဲပြန်ရဖို့ အားစိုက်လာမှာဖြစ်ပြီးအာဆင်နယ်လိုအသင်းကို အိမ်ကွင်းမှာအကောင်းဆုံး ရင်ဆိုင်နိုင်ခဲ့သလို တိုက်စစ်ကလည်း ဂိုးသွင်းခြေရှိတယ်။ ဝက်ဖို့ဒ်ကအသင်းလိုက်ကစားပုံမဆိုးပေမယ့် အဝေးကွင်း နောက်ဆုံး သုံးပွဲဆက်တိုက် ဂိုးသွင်းယူနိုင်မှု မရှိခဲ့တာကြောင့် ဘုန်းမောက်ခံစစ်ကို ဖိအားပေးနိုင်ဖို့ခက်တယ်။ အိမ်ကွင်းမှာ နိုင်ပွဲရယူနိုင်ဖို့အားစိုက်လာမယ့်ဘုန်းမောက်ကသာ နိုင်ပွဲရမယ့်ပွဲပါ။

### မစ်ဒယ်ဘရော့ VS ဝက်စ်ဟမ်း

| ပကျော့ | ဝက်စ်ဟမ်း | ၁ | ၁ | မစ်ဒယ်ဘရော့ |
|---|---|---|---|---|

မစ်ဒယ်ဘရော့ကနောက်ပိုင်း ပရီမီယာလိဂ်ပွဲတွေမှာ နိုင်ပွဲရယူနိုင်ဖို့ ရုန်းကန်နေရပေမယ့်အသင်းလိုက် ကစားပုံမာကျော့မှုရှိပြီး ခံစစ်ပိုင်းကလည်း ကစားအားကောင်းနေတယ်။ ဝက်စ်ဟမ်းကလည်းကစားပုံမဆိုးသလို နောက်ဆုံးပွဲစဉ်မှာ ပဲလေ့စ်ကို ဂိုးပြတ်အနိုင်ရခဲ့တယ်။တိုက်စစ်ကစားသမားတွေလည်းဂိုးသွင်းခြေရနေလို့ ဝက်စ်ဟမ်းတို့ မစ်ဒယ်ဘရော့ကိုဖိအားပေးနိုင်ဖို့ရှိပါတယ်။ ဝက်စ်ဟမ်းကသာအဝေးကွင်းနိုင်ပွဲကပ်ရမယ်။

### ပရီမီယာလိဂ်ပွဲစဉ်(၂၂)

| | | | |
|---|---|---|---|
| **စနေနေ့ (၂၁-၁-၁၇)** | | | |
| ည ၇း၀၀ | လီဗာပူး | - | ဆွမ်ဆီး |
| ည ၉း၃၀ | ဘုန်းမောက် | - | ဝက်ဖို့ဒ် |
| ည ၉း၃၀ | ပဲလေ့စ် | - | အဲဗာတန် |
| ည ၉း၃၀ | မစ်ဒယ်ဘရော့ | - | ဝက်စ်ဟမ်း |
| ည ၉း၃၀ | စတုတ် | - | မန်ယူ |
| ည ၉း၃၀ | ဝက်စ်ဘရွန်း | - | ဆန်းဒါးလန်း |
| နံနက် ၀၀း၀၀ | မန်းစီးတီး | - | စပါး |
| **တနင်္ဂနွေနေ့ (၂၂-၁-၁၇)** | | | |
| ည ၆း၃၀ | ဆောက်သမ်တန် | - | လက်စတာ |
| ည ၈း၄၅ | အာဆင်နယ် | - | ဘန်လေ |
| ည ၁၁း၀၀ | ချယ်လ်ဆီး | - | ဟားလ်စီးတီး |

### စပိန်လာလီဂါပွဲစဉ်(၁၉)

| | | | |
|---|---|---|---|
| **သောကြာနေ့ (၂၀-၁-၁၇)** | | | |
| နံနက် ၂း၁၅ | လက်စ်ပဲလ်မက် | - | တီပို့တီဗို |
| **စနေနေ့ (၂၁-၁-၁၇)** | | | |
| ည ၆း၃၀ | အက်စ်ပန်ညို | - | ဂရန်နာဒါ |
| ည ၉း၄၅ | ရီးရဲမက်ဒရစ် | - | မာလာဂါ |
| နံနက် ၀၀း၀၀ | ဒီပို့တီဗို | - | လီဂါနက်စ် |
| နံနက် ၂း၁၅ | ဗီလာရီးရဲ | - | ဗလန်စီယာ |
| **တနင်္ဂနွေနေ့ (၂၂-၁-၁၇)** | | | |
| ည ၅း၃၀ | အိုဆာဆူနာ | - | ဆီဗီလာ |
| ည ၉း၄၅ | ဘီဘာအို | - | အက်သလက်တီကို |
| နံနက် ၀၀း၀၀ | ဘက်တစ် | - | ဂီဂျွန် |
| နံနက် ၀၀း၀၀ | ဆိုစီဒက် | - | ဆယ်တာဗီဂို |
| နံနက် ၂း၁၅ | အီဘာ | - | ဘာစီလိုနာ |

### စီးရီးအေပွဲစဉ်(၂၁)

| | | | |
|---|---|---|---|
| **စနေနေ့ (၂၁-၁-၁၇)** | | | |
| ည ၁၁း၃၀ | ချီယေဗို | - | ဖီအိုရင်တီးနား |
| နံနက် ၂း၁၅ | အေစီမီလန် | - | နာပိုလီ |
| **တနင်္ဂနွေနေ့ (၂၂-၁-၁၇)** | | | |
| ည ၆း၀၀ | ဂျူဗင်တပ်စ် | - | လာဇီယို |
| ည ၈း၃၀ | ဂျီနိုအာ | - | ခရိုတိုနီ |
| ည ၈း၃၀ | ပါလာမို | - | အင်တာမီလန် |
| ည ၈း၃၀ | ပက်စ်ကာရာ | - | ဆက်ဆူအိုလို |
| ည ၈း၃၀ | ဘိုလော့ဂ်နာ | - | တိုရီနို |
| ည ၈း၃၀ | အမ်ပိုလီ | - | အူဒီးနိစ် |
| ည ၁၁း၃၀ | အတ္တလန္တာ | - | ဆမ်ဒိုးရီးယား |
| နံနက် ၂း၁၅ | ရိုးမား | - | ကယ်ကလီယာရီ |

### ပြင်သစ်ပထမတန်းပွဲစဉ်(၂၁)

| | | | |
|---|---|---|---|
| **သောကြာနေ့ (၂၀-၁-၁၇)** | | | |
| နံနက် ၂း၁၅ | ဘက်စ်တီယာ | - | နိုက်စ် |
| **စနေနေ့ (၂၁-၁-၁၇)** | | | |
| ည ၁၀း၃၀ | နန့်စ် | - | ပီအက်စ်ဂျီ |
| နံနက် ၁း၃၀ | ဘော်ဒိုး | - | တူးလောက်စ် |
| နံနက် ၁း၃၀ | ဒီဂျွန် | - | လေလီ |
| နံနက် ၁း၃၀ | ကိန်းစ် | - | နန်စီ |
| နံနက် ၁း၃၀ | ဂူအင်ဂမ့် | - | ရိန်း |
| နံနက် ၁း၃၀ | မိန့်စ် | - | မောင့်ပယ်လီယာ |
| **တနင်္ဂနွေနေ့ (၂၂-၁-၁၇)** | | | |
| ည ၈း၃၀ | မိုနာကို | - | လောရီယင့် |
| ည ၁၀း၃၀ | စိန့်အက်တီယန် | - | အန်ဂျာစ် |
| နံနက် ၂း၃၀ | လိုင်ယွန် | - | မာဆေး |

## ပေါ့ဂ်ဘာအား မန်ယူလူငယ်ကစားသမားဟောင်း အာမွန်ဒန်ဖီ ဝေဖန်



မန်ယူအသင်း ကွင်းလယ်ကစားသမား ပေါလ်ပေါ့ဂ်ဘာသည် အသင်းအတွက် အသုံးဝင်မှုမရှိဘဲ ကမ္ဘာ့စံချိန်တင်ပြောင်းရွှေ့ကြေးဖြင့် ခေါ်ယူရန် မထိုက်တန်သည့်ကစားသမားဖြစ်ကြောင်း မန်ယူအသင်းလူငယ်ကစားသမားဟောင်း အာမွန်ဒန်ဖီက ဝေဖန်ပြောဆိုလိုက်သည်။ အိုင်ယာလန် ကစားသမားဟောင်း ဒန်ဖီက မန်ယူနှင့် လီဗာပူးတို့ တစ်ဂိုးစီ သရေကျခဲ့သော ပရီမီယာလိဂ်ပွဲအပြီးတွင် ယခုကဲ့သို့ ဝေဖန်ပြောဆိုခဲ့ခြင်းဖြစ်သည်။

ပြင်သစ်ကစားသမား ပေါ့ဂ်ဘာ (၂၃နှစ်)သည် လီဗာပူးနှင့်ပွဲတွင် ခြေစွမ်းပြသနိုင်ခြင်းမရှိခဲ့သကဲ့သို့ မန်ယူအသင်း၏ ပယ်နယ်တီဧရိယာအတွင်း လက်ထိဘောဖြစ်ခဲ့သောကြောင့် မန်ယူအသင်းပယ်နယ်တီပေးခဲ့ရကာ အဆိုပါ ပယ်နယ်တီမှတဆင့် လီဗာပူးအသင်း ဦးဆောင်ဂိုး ရရှိသွားခဲ့သည်။ မန်ယူအသင်းတွင် အကောင်းဆုံးခြေစွမ်းပြသနိုင်ရန် ရုန်းကန်နေရခြင်းကြောင့် ဝေဖန်မှုများနှင့် ရင်ဆိုင်နေရသူ ပေါ့ဂ်ဘာသည် ယခုနှစ်ရာသီတွင် မန်ယူအတွက် စုစုပေါင်း ၂၈ ပွဲ ပါဝင်ကစားထားပြီး ခြောက်ဂိုး သွင်းယူထားသူဖြစ်သည်။

၁၉၆၂ ခုနှစ်မှ ၁၉၆၅ ခုနှစ်အထိ မန်ယူလူငယ်အသင်းတွင် ပါဝင်ကစားခဲ့သူ ဒန်ဖီက “ပေါ့ဂ်ဘာဟာ ပြောင်းရွှေ့ကြေး ပေါင်သန်း ၁၀၀ မထိုက်တန်ပါဘူး။ သူ့အတွက် ပြောင်းရွှေ့ကြေး ပေါင်သန်း ၂၀ ဆိုရင်တောင် ဈေးကြီးလွန်းနေပါပြီ။ မန်ယူအတွက် မော်ရင်ညိုနဲ့ လူးဝစ်ဗန်ဟားလ်တို့ သုံးစွဲခဲ့တဲ့ ငွေကြေးပမာဏအရဆိုရင် မန်ယူဟာ အခုထက် ပိုမိုကောင်းမွန်တဲ့အသင်းအဖြစ် ရှိနေသင့်ပါတယ်။ ပေါ့ဂ်ဘာက အလွန်ကို မရင့်ကျက်သေးသူလည်း ဖြစ်ပါတယ်။ သူဟာ ကလေးတစ်ဦးလိုပဲ ကစားနေတယ်။ မန်ယူက ပေးချေခဲ့တဲ့ ပြောင်းရွှေ့ကြေး ပမာဏဟာ ပေါ့ဂ်ဘာနဲ့ မထိုက်တန်ပါဘူး။ သူဟာ မန်ယူအတွက် အသုံးမဝင်ဘူး”ဟု ပြောဆိုခဲ့သည်။

## ယခုနှစ်ရာသီတွင် လီဗာပူး၏ ရပ်တည်နိုင်မည့်အနေအထားကို မှန်းဆရန် ခက်ခဲကြောင်း ဂိုးသမား ဘော့ဒန် ပြောဆို



၂၀၁၆-၁၇ ခုနှစ် အင်္ဂလန် ပရီမီယာလိဂ်ပြိုင်ပွဲ၌ ချန်ပီယံဖြစ်ရေး ယှဉ်ပြိုင်နေမှုအနေအထားကြောင့် ရာသီကုန်ချိန်တွင် လီဗာပူးအသင်းအနေဖြင့် မည်သည့်နေရာတွင် ရပ်တည်နိုင်မည်ဆိုသည်ကို မှတ်ချက်ပြုရန် ခက်ခဲကြောင်း လီဗာပူးဂိုးသမား အဒမ်ဘော့ဒန်က ထုတ်ဖော်ပြောဆို လိုက်သည်။

ဟန်ဂေရီဂိုးသမား ဘော့ဒန် (၂၉ နှစ်)သည် ပြီးခဲ့သည့် ဇူလိုင်လတွင် လီဗာပူးမှ ဝီဂန်သို့ တစ်ရာသီအငှားဖြင့် ပြောင်းရွှေ့ခဲ့သော်လည်း ၂၀၁၆ ခုနှစ် နိုဝင်ဘာ ၁၉ ရက်တွင် ဝီဂန်နှင့် ဘန်စလေတို့ ဂိုးမရှိ သရေကျခဲ့သော လိဂ်ချန်ပီယံရှစ်ပွဲစဉ်၌ ရရှိခဲ့သည့် တံကောက်ကြောဒဏ်ရာကြောင့် ကာလရှည်အနားယူနေရပြီး လီဗာပူးသို့ ပြန်လည်ရောက်ရှိလာသူဖြစ်သည်။

“အခုနှစ် ပရီမီယာလိဂ်ပြိုင်ပွဲမှာ ချန်ပီယံဖြစ်ရေး ယှဉ်ပြိုင်မှုကတကယ့်ကို စိတ်လှုပ်ရှားဖို့ ကောင်းပါတယ်။ ဒီရာသီဟာ နှစ်အနည်းငယ်အတွင်း အကောင်းဆုံး ပရီမီယာလိဂ်ပြိုင်ပွဲလို့တောင် ပြောရမှာပါ။ ဒီရာသီမှာ ချန်ပီယံဖြစ်နိုင်တဲ့အသင်းက ခြောက်သင်းလောက်ရှိနေတယ်။ လက်ရှိအချိန်မှာတော့ ချန်ပီယံဖြစ်ရေးယှဉ်ပြိုင်မှုဟာ ချယ်လ်ဆီးအသင်းက အားသာမှုအချို့ ရရှိထားပါတယ်။ ဒါပေမယ့် အခြားအသင်းကြီးတွေမှာလည်း အခွင့်အရေးတွေ ရှိနေဆဲပါ။ ဒါကြောင့် ဘယ်အသင်းက ဗိုလ်စွဲနိုင်မလဲဆိုတာက ပြောဖို့ခက်ပါတယ်။ ဒါပေမယ့် လက်ရှိအချိန်မှာတော့ ချန်ပီယံဖြစ်ဖို့ ချယ်လ်ဆီးအသင်းက ရေပန်းအစားဆုံးဖြစ်နေတယ်။ လီဗာပူးအသင်းဟာ ပုံစံကောင်းတစ်ခုရရှိနေပြီး ဘယ်ပွဲမှာမဆိုအနိုင်ရနိုင်တဲ့အခြေအနေမှာရှိတယ်။ လီဗာပူးအသင်းမှာလည်း ပရီမီယာလိဂ်ချန်ပီယံဖြစ်ဖို့အခွင့်အရေးရှိနေတယ်။ ဒါပေမယ့် အဆင့် (၃)ဒါမှမဟုတ် ၄ နေရာမှာသာ ရပ်တည်နိုင်တာမျိုးလည်းဖြစ်လာနိုင်တယ်။ ပရီမီယာလိဂ်ချန်ပီယံဆုဖလားနဲ့ ပတ်သက်ပြီး ပြောဖို့ စောလွန်းနေပါသေးတယ်”ဟု ဂိုးသမား အဒမ်ဘော့ဒန်က ပြောသွားသည်။

## အလန်ရှီးယားနှင့် အဂူရိုတို့၏ ပရီမီယာလိဂ်ပြိုင်ပွဲ၌ စွမ်းဆောင်နိုင်မှုတစ်ခုကို အီဘရာဟီမိုဗစ် တူညီစေရန် စွမ်းဆောင်နိုင်ခဲ့



မန်ယူအသင်း တိုက်စစ်မှူး အီဘရာဟီမိုဗစ်သည် မန်ယူနှင့် လီဗာပူးတို့ တစ်ဂိုးစီ သရေကျခဲ့သော ပရီမီယာလိဂ်ပွဲစဉ်၌ မန်ယူအတွက် ချေပဂိုးသွင်းယူပေးနိုင်ခဲ့ပြီးနောက် ပရီမီယာလိဂ်ပြိုင်ပွဲတွင် နာမည်ကျော်တိုက်စစ်မှူး နှစ်ဦး၏ စွမ်းဆောင်နိုင်မှု တစ်ခုနှင့်တူညီသွားခဲ့ကြောင်း သတင်းများတွင် ရေးသားဖော်ပြထားသည်။

ဆွီဒင်တိုက်စစ်မှူး အီဘရာဟီမိုဗစ် (၃၅နှစ်)သည် မန်ယူအတွက် ပရီမီယာလိဂ်ပြိုင်ပွဲ၌ ပွဲ ၂၀ ပါဝင်ကစားပြီးချိန်တွင် ၁၄ ဂိုး သွင်းယူထားနိုင်သူဖြစ်ပြီး ယခုနှစ် ပရီမီယာလိဂ်ပြိုင်ပွဲ၏ ဂိုးသွင်းအများဆုံး ကစားသမားစာရင်းတွင် ချယ်လ်ဆီးတိုက်စစ်မှူး ဒီယေဂိုကော်စတာ၊ အာဆင်နယ် တောင်ပံတိုက်စစ်ကစားသမား အလက်ဇီဆန်းချက်ဇ်တို့နှင့်အတူ ထိပ်ဆုံးတွင် ရပ်တည်နေသူဖြစ်သည်။

တိုက်စစ်မှူး အီဘရာဟီမိုဗစ်သည် နယူးကာဆယ်တိုက်စစ်မှူးဟောင်း အလန်ရှီးယားနှင့် မန်စီးတီးတိုက်စစ်မှူး ဆာဂျီယိုအဂူရိုတို့ကဲ့သို့ ပရီမီယာလိဂ်ပြိုင်ပွဲ၌ ပထမဆုံးပွဲ ၂၀ ကစားပြီးချိန်၌ သွင်းဂိုး ၁၄ ဂိုး ရရှိရန် စွမ်းဆောင်နိုင်ခဲ့ခြင်းဖြစ်သည်။ ပရီမီယာလိဂ်ပြိုင်ပွဲ၌ ပထမဆုံး ပွဲ ၂၀ ပါဝင်ကစားပြီးချိန်တွင် ဂိုးသွင်းအများဆုံးကစားသမားအဖြစ် ရပ်တည်နေသူမှာ ၁၉၉၉-၂၀၀၀ ပြည့်နှစ် ဘောလုံးရာသီ၌ ပရီမီယာလိဂ်ပြိုင်ပွဲတွင် ပထမဆုံး ပွဲ ၂၀ အား ဆန်းဒါးလန်းအသင်းနှင့်အတူ ပါဝင်ကစားခဲ့ကာ ၁၉ ဂိုး အထိ သွင်းယူနိုင်ခဲ့သူ တိုက်စစ် မှူးဟောင်း ကီဗင်ဖီးလစ်ဖြစ်သည်။မန်ယူအသင်းနှင့်အတူ ပရီမီယာလိဂ်ပြိုင်ပွဲတွင် ပထမဆုံးပွဲ၂၀ ပါဝင်ကစားခဲ့ပြီးနောက် ဂိုးသွင်းအများဆုံး ကစားသမားအဖြစ် ၁၅ ဂိုးစီ သွင်းယူနိုင်ခဲ့သည့် နစ္စတဲလ်ရွိုင်းနှင့် ဒွိုက်ယော့ခ်တို့က ရပ်တည်နေပြီး အီဘရာဟီမိုနှင့် တိုက်စစ်မှူး ဗန်ပါစီတို့က ၁၄ ဂိုးစီသွင်းယူပေးနိုင်ခဲ့သည်။

ထက်အောင်

# အဲဗာတန်ရဲ့အနာဂတ်နဲ့အတူ စောင့်ကြည့်ရမယ့် ကြယ်ပွင့်သစ်

သို့မဟုတ်

# လွတ်မန်း

● အောင်က

**ပရီမီယာလိဂ်** ပွဲစဉ် (၂၁)အပြီးမှာတော့ ထူးခြားမှုတွေရှိတဲ့ပွဲစဉ်တွေကတော့အများကြီးရှိပါတယ်။ အဲ့ဒီပွဲစဉ်တွေထဲမှာမှမထင်မှတ်တဲ့ရလဒ်တွေနဲ့အတူ ထူးခြားမှုရှိခဲ့တဲ့ပွဲစဉ်ကတော့ အဲဗာတန်အသင်းက အိမ်ကွင်းမှာ မန်စီးတီးအသင်းကို လေးဂိုး-ဂိုးမရှိနဲ့ အနိုင်ကစားခဲ့တဲ့ပွဲဖြစ်ပါတယ်။ အဲဒီပွဲစဉ်မှာ ထူးခြားမှုအရှိဆုံးကတော့ အဲဗာတန်အသင်းရဲ့ လူငယ်တိုက်စစ်မှူးလွတ်မန်းလို့ ဆိုရမယ်။ လွတ်မန်းဟာ အဲ့ဒီပွဲစဉ်မှာ ပွဲပြီးခါနီးနာကျင်အချိန်ပိုမှ ပါဝင်ကစားခဲ့ပြီး အသင်းအတွက် စတုတ္ထမြောက်ဂိုးကို သွင်းယူပေးခဲ့တာ ဖြစ်ပါတယ်။ အဲ့ဒီဂိုးဟာသူ့အတွက်တော့ အဲဗာတန်အသင်းနဲ့အတူ ပထမဦးဆုံးပါဝင်ကစားတဲ့ပွဲမှာ ပထမဦးဆုံး သွင်းယူနိုင်တဲ့ဂိုးလည်းဖြစ်တယ်။ ဒါ့ကြောင့်လည်း ပရီမီယာလိဂ်ပြိုင်ဘက်အသင်းတွေသာမက ဥရောပအသင်းတွေကပါ လွတ်မန်းနဲ့ပတ်သက်ပြီး စိတ်ဝင်စားစွာ စောင့်ကြည့်နေကြပြီဖြစ်ပါတယ်။

**အခြေတည်ရာ**

အဲဗာတန်အသင်းရဲ့လူငယ်ကစားသမား လွတ်မန်းဟာ ပြီးခဲ့သည့် ဇန်နဝါရီ ၅ ရက်နေ့ကမှ အဲဗာတန်အသင်းကို ပြောင်းရွှေ့ကြေးပေါင် ၁၁ သန်းနဲ့ ပြောင်းရွှေ့လာခဲ့တာဖြစ်ပြီး လေးနှစ်ခွဲစာချုပ်ချုပ်ဆိုထားခဲ့သူလည်းဖြစ်ပါတယ်။ လွတ်မန်းရဲ့ကစားသမားဘဝ အစကတော့ လန်ဒန်အခြေစိုက် ဝါတာလူးအက်ဖ်စီမှာစခဲ့တာဖြစ်ပြီး ၂၀၁၄ခု နှစ်မှာတော့ ချာလ်တန်အသင်းလူငယ်အကယ်ဒမီကိုရောက်ခဲ့တာလည်း ဖြစ်ပါတယ်။ ဒါပေမယ့် အရည်အချင်းရှိတဲ့ လွတ်မန်းဟာ လူငယ်အကယ်ဒမီမှာတော့ တစ်ရာသီသာ ကစားရပြီး ၂၀၁၅ ခုနှစ်မှာတော့ ချာလ်တန်အသင်းကြီးမှာ ပါဝင်ကစားခွင့် ရရှိခဲ့တဲ့သူဖြစ်ပါတယ်။

သူရဲ့ ချာလ်တန်အသင်းနဲ့ အတူ ပထမဦးဆုံး ပွဲဝင်ကစားခွင့်ရရှိခဲ့တဲ့ပွဲကတော့ မီလ်တန်အသင်းနဲ့ပွဲဖြစ်ပြီး တစ်ဂိုး-ဂိုးမရှိနဲ့ ရှုံးနိမ့်ခဲ့ကာ ၃၅ မိနစ်ပါဝင်ကစားခွင့် ရရှိခဲ့ပါတယ်။ အဲ့ဒီပွဲမှာသူဟာ အသင်းအတွက် အနိုင်ရရှိအောင်မကစားပေးနိုင်ခဲ့ပေမယ့်သူ့ရဲ့ခြေစွမ်းပိုင်းကို အသင်းအနေနဲ့ နှစ်သက်မှုရှိခဲ့ပါတယ်။ ဒါကြောင့်လည်း သူဟာ ဘရိုက်တန်အသင်းကို တစ်ဂိုး-ဂိုးမရှိနဲ့ နိုင်ခဲ့တဲ့ပွဲမှာတော့ အသင်းမှာ ပထမဦးဆုံး ပါဝင်ကစားနိုင်ခဲ့ပါတယ်။ ဒါပေမယ့် အသင်းတိုင်းက သူ့ရဲ့ခြေစွမ်းကို သတိထားမိစေခဲ့တဲ့အသင်းကတော့ ဒီဇင်ဘာမှာကစားခဲ့တဲ့ ဘရိုင်တန်အသင်းနဲ့ပွဲဖြစ်ပါတယ်။ အဲ့ဒီပွဲမှာ သူဟာ အသင်းအတွက်ပထမဦးဆုံးဂိုးကို သွင်းယူပေးခဲ့တာလည်း ဖြစ်ပါတယ်။ သူဟာ ချာလ်တန်အသင်းနှင့်အတူ ကစားခဲ့တဲ့ ကာလအတွင်း ၄၅ ပွဲမှာ ၁၀ ဂိုးအထိ သွင်းယူပေးနိုင်ခဲ့ပါတယ်။ ဒါကြောင့်လည်း အဲဗာတန်အသင်းဟာ သူ့ကို ခေါ်ယူဖို့ အတွက် ကနဦးကမ်းလှမ်းထားတဲ့ ၇ဒသမ ၅ သန်းကို ပေါင် ၁၁သန်းအထိ တိုးမြှင့်ပေးပြီးခေါ်ယူခဲ့တာဖြစ်ပါတယ်။ ဘောလုံးပညာရှင်တွေကတော့ လွတ်မန်းဟာ အဲဗာတန်အသင်းနဲ့တူ တောက်ပလာခဲ့တဲ့ ရွန်နေး၊ ဂျွန်စတုန်း၊ ရိုစ့်ဘာကလေတို့လို့ကစားသမားတစ်ဦးဖြစ်လာနိုင်တယ်လို့လည်း ဟောကိန်းထုတ်ထားခဲ့ကြပါတယ်။

**လွတ်မန်းနဲ့ပတ်သက်တဲ့ မန်နေဂျာအမြင်များ**

လူငယ်တိုက်စစ်မှူး လွတ်မန်းနဲ့ ပတ်သက်ပြီးလည်း ချာလ်တန်အသင်း မန်နေဂျာ ရော်ဘင်ဆန်က “ကျွန်တော်ဟာ ပရီမီယာလိဂ်ပြင်ပမှာ အခုလို လူငယ်ကစားသမားကောင်းတစ်ဦးကို ကိုင်တွယ်ခွင့်ရတဲ့အတွက် စိတ်လှုပ်ရှားမိပါတယ်။ သူဟာအဲဗာတန်အသင်းရဲ့ ထိပ်တန်းကစားသမားတစ်ဦး ဖြစ်လာလိမ့်မယ်လို့လည်း ခံစားမိပါတယ်။ အဲဗာတန်အသင်းကနေနဲ့ သူ့ကိုစိတ်ဝင်စားနေတယ်ဆိုတာကို ကြားသိရစဉ်ကတည်းက သူ့အတွက်တော့ မှန်ကန်သင့်တော်တဲ့နေရာ ဖြစ်မယ်ဆိုတာကို သိနေခဲ့ပါတယ်” လို့လည်း ပြောဆိုခဲ့ပါတယ်။ ဒါတင်မကပါဘူး။ အဲဗာတန်အသင်းရဲ့ မန်နေဂျာရော်နယ်ကိုးမန်းကလည်း“လွတ်မန်းဟာ အသက် ၁၉ နှစ်သာရှိနေသေးပေမယ့် ပါရမီရှင်ကစားသမားတစ်ဦးပါ။ သူ့မှာကြီးမားတဲ့ အနာဂတ်တွေရှိနေပါတယ်။ သူ့ကို အသင်းကို ခေါ်ယူနိုင်ခဲ့တဲ့အတွက်လည်း အလွန်ကို ပျော်ရွှင်ရပါတယ်။ အသင်းအနေနဲ့ကလည်း လူငယ် ကစား သမားတိုင်းကို အခွင့်အရေးတွေ ပေးပါတယ်။ ဒါမှလည်း အသင်း အနေနဲ့ တိုးတက်မှုတွေနဲ့အတူ ရှေ့ဆက်နိုင်မှာ ဖြစ်ပါတယ်။ သူဟာအသင်းရဲ့ အနာဂတ်အတွက်တော့ ကြီးမားတဲ့ အစိတ်အပိုင်းအဖြစ် ရှိနေမှာလည်း ဖြစ်ပါတယ်” လို့လည်း ပြောဆိုခဲ့ပါတယ်။ အဲဗာတန်အသင်း အနာဂတ်နဲ့အတူ တောက်ပလာနိုင်တဲ့ ကစားသမားတစ်ဦးအဖြစ် ရှိနေသူလည်း ဖြစ်ပါတယ်။

**ခက်ခဲတဲ့ခေါ်ယူမှု**

အဲဗာတန်အသင်းအနေနဲ့ လူငယ်တိုက်စစ်မှူး လွတ်မန်းကို ချာလ်တန်အသင်းကနေ အလွယ်တကူနဲ့တော့ ခေါ်ယူနိုင်ခဲ့တာမဟုတ်ပါဘူး။ သူ့ကိုခေါ်ယူဖို့အတွက် ပရီမီယာလိဂ်ပြိုင်ဘက်အသင်းတွေဖြစ်တဲ့ ခရစ္စတဲလ်ပဲလေ့စ်၊ ဝက်စ်ဘရွန်းအသင်းတို့နဲ့အပြိုင်ခေါ်ယူခဲ့ရတာလည်း ဖြစ်ပါတယ်။ ပြီးခဲ့တဲ့နွေ ရာသီဈေးကွက်ကတည်းကလည်း ပရီမီယာလိဂ်အသင်း တော်တော်များများဟာ လွတ်မန်းကိုခေါ်ယူဖို့ကြိုးစားခဲ့ပေမယ့် သူဟာ အသင်းမှာပဲဆက်လက်ရှိနေခဲ့တာဖြစ်ပါတယ်။ ဒါကြောင့်လည်း လူငယ်တိုက်စစ်မှူးလွတ်မန်းရဲ့ ခြေစွမ်းကိုတော့ အစောပိုင်းကတည်းက ပရီမီယာလိဂ်အသင်းတွေက စောင့်ကြည့်နေကြတယ်ဆိုတာကလည်း မြင်သာထင်သာရှိပါတယ်။ ဒါပေမယ့်အဲဗာတန်အသင်းကတော့ လွတ်မန်းကို ရအောင်ခေါ်ယူထားနိုင်ခဲ့ပါတယ်။

အခုအချိန်မှာတော့ လွတ်မန်းဟာ အဲဗာတန်အသင်းမှာ မိနစ်ပိုင်းအနည်းငယ်သာကစားရပြီး တစ်ပွဲ တစ်ဂိုးသွင်းယူပေးထားတဲ့သူဖြစ်ပါတယ်။ ဒါကြောင့် လာမယ့်အဲဗာတန်အသင်းနဲ့ပွဲတွေမှာတော့ လူငယ်ကစားသမား လွတ်မန်းအနေနဲ့ ဘယ်လောက်အထိ ခြေစွမ်းပြကစားနိုင်မလဲ ဆိုတာကတော့ စောင့်ကြည့်ရဦးမှာဖြစ်ပါတယ်။











**အသင်းတိုင်းက သူ့ရဲ့ခြေစွမ်းကို သတိထားမိစေခဲ့တဲ့အသင်းကတော့ ဒီဇင်ဘာမှာကစားခဲ့တဲ့ ဘရိုင်တန်အသင်းနဲ့ပွဲဖြစ်ပါတယ်။ အဲ့ဒီပွဲမှာ သူဟာအသင်းအတွက် ပထမဦးဆုံးဂိုးကို သွင်းယူပေးခဲ့တာလည်း ဖြစ်ပါတယ်။ သူဟာ ချာလ်တန်အသင်းနှင့်အတူ ကစားခဲ့တဲ့ကာလအတွင်း ၄၅ ပွဲမှာ ၁၀ ဂိုးအထိ သွင်းယူပေးနိုင်ခဲ့ပါတယ်။ ဒါကြောင့်လည်း အဲဗာတန်အသင်းဟာ သူ့ကို ခေါ်ယူဖို့အတွက် ကနဦးကမ်းလှမ်းထားတဲ့ ၇ ဒသမ ၅ သန်းကိုပေါင် ၁၁သန်းအထိ တိုးမြှင့်ပေးပြီးခေါ်ယူခဲ့တာ ဖြစ်ပါတယ်။ ဘောလုံးပညာရှင်တွေကတော့ လွတ်မန်းဟာ အဲဗာတန်အသင်းနဲ့တူ တောက်ပလာခဲ့တဲ့ ရွန်နေး၊ ဂျွန်စတုန်း၊ ရိုစ့်ဘာကလေတို့လို့ ကစားသမားတစ်ဦးဖြစ်လာနိုင်တယ်လို့လည်း ဟောကိန်းထုတ်ထားခဲ့ကြပါတယ်။**


C B BANK
VISA
မြန်မာနိုင်ငံတွင် ပထမဦးဆုံး
ပြည်တွင်း / ပြည်ပနိုင်ငံများတွင်
အသုံးပြုနိုင်သော VISA Credit Card ကို
CB Bank တွင် ရယူလိုက်ပါ . . .
C B BANK
4838 6300 1234 5678
4838
GOOD THRU 10/21
CARD HOLDER NAME
VISA
PLATINUM
C B BANK
4838 6400 1234 5678
4838
GOOD THRU 10/21
CARD HOLDER NAME
VISA
CB Bank
No. ( 334/336 ) , Corner of 23rd Street and Strand Road,
Latha Township, Yangon, Myanmar.
Tel : (95 -1) 370145, 370146
Call Center : (95 -1) 2317770
www.cbbank.com.mm
YOUR DIGITAL BANK



သင့်အနာဂတ်ကို ရိုးမဘဏ်၏
ကာလတိုစာရင်းပိုချေးငွေ နှင့်
အောင်မြင်စွာ တည်ဆောက်ပါ။
ဤဝန်ဆောင်မှုမှာ
အချိန်ကာလသတ်မှတ်ထားပါ၍
ဘဏ်ခွဲများသို့ ယခုပင် အမြန်
လာရောက်လျှောက်ထားလိုက်ပါ။*
Email: info@yomabank.com | www.yomabank.com
*သက်ဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များ အကျုံးဝင်ပါသည်။
ရိုးမဘဏ်
ကျင့်ဝတ်မှန်ကန် ရိုးမဘဏ်




MOMO - My Ooredoo, My Offer
အူရီဒူးသုံးစွဲသူတစ်ယောက်ချင်းစီအတွက် MOMO ရဲ့ ၅၀% ငွေဖြည့်
အပိုလက်ဆောင်၊ အခမဲ့ အင်တာနက်၊ ၃ ဆ အပိုလက်ဆောင်၊
Unlimited Facebook အပြင် အခြားစိတ်လှုပ်ရှားစရာ
အစီအစဉ်များစွာကို ရယူလိုက်ပါ
ooredoo
*234# ကို
အပတ်တိုင်း
ခေါ်ဆိုပါ
စည်းမျဉ်းစည်းကမ်း အသေးစိတ်ကို ooredoo.com.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်

**ပျောက်ဆုံးကြောင်း**

ကျွန်မမိသိုက်ချမ်း ၁၀/ပမန(နိုင်)၂၂၈၁၃၉ ၏ Passport (N0.မမှတ်မိ) သည်ပျောက်ဆုံးသွားပါသဖြင့်တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၉၇၀၁၆၅၀၇၀**

## ဝန်ထမ်းအလိုရှိသည်

မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း နေပြည်တော်ရုံးတွင် အောက်ဖော်ပြပါ ရာထူးနေရာများအတွက် ဝန်ထမ်းခန့်ထားရန် အလိုရှိပါသည်-

| | | | |
|---|---|---|---|
| (၁) | **အထက်တန်းစာရင်းကိုင်** | (၁) ဦး | ကျား/မ |
| (၂) | **ကြီးကြပ်ရေးမှူး** | (၁) ဦး | ကျား |
| (၃) | **ဒု-ကြီးကြပ်ရေးမှူး** | (၂) ဦး | ကျား/မ |
| (၄) | **Website တာဝန်ခံ** | (၁) ဦး | ကျား |
| (၅) | **ကြီးကြပ်ရေးဝန်ထမ်း** | (၆) ဦး | ကျား/မ |
| (၆) | **IT (Operator)** | (၁) ဦး | ကျား |

လျှောက်ထားသူများသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) ကျန်းမာရေးကောင်းမွန်ရမည်။
(ဂ) အမှတ်စဉ်(၁)ရာထူးအတွက် B.Com(or)LCCI III အောင်ရမည်။ အသက်၂၅နှစ်မှ ၄၅နှစ်အတွင်းဖြစ်ရမည်။ Computer ကျွမ်းကျင်စွာ အသုံးပြုနိုင်ရမည်။ စာရင်းကိုင်လုပ်ငန်းအတွေ့အကြုံအနည်းဆုံး (၃)နှစ်ရှိရမည်။
(ဃ) အမှတ်စဉ်(၂)ရာထူးအတွက် ဘွဲ့ရဖြစ်ရမည်။ အသက် ၃၀မှ ၄၅နှစ်အတွင်းဖြစ်ရမည်။ အုပ်ချုပ်မှုနှင့်စီမံခန့်ခွဲမှုလုပ်ငန်းအတွေ့အကြုံအနည်းဆုံး(၃)နှစ်ရှိရမည်။ ရုံးလုပ်ငန်းများအား ကျွမ်းကျင်စွာဆောင်ရွက်နိုင်ရမည်။ ဌာနဆိုင်ရာများနှင့် ဆက်သွယ်ဆောင်ရွက်နိုင်ရမည်။
(င) အမှတ်စဉ်(၃)ရာထူးအတွက် အသက်၃၀မှ ၄၀အတွင်းဖြစ်ရမည်။ ဘွဲ့ရဖြစ်ရမည်။ရုံးစာနှင့် အစည်းအဝေးမှတ်တမ်းများ ကျွမ်းကျင်စွာ ဆောင်ရွက်နိုင်ရမည်။ ကွန်ပျူတာ တတ်ကျွမ်းရမည်။
(စ) အမှတ်စဉ်(၄)ရာထူးအတွက် အသက် ၂၀မှ ၃၅နှစ်အတွင်းဖြစ်ရမည်။ ဘွဲ့ရဖြစ်ရမည်။ Website အခြေခံနားလည်ရမည်။ Photoshop, Pagemaker, Microsoft Office ကျွမ်းကျင်ရမည်။ Computer Hard Ware ပြင်ဆင်နိုင်ပြီး Operation System Installation ပြုလုပ်နိုင်ရမည်။ Networking အခြေခံရရှိသူဖြစ်ရမည်။
(ဆ) အမှတ်စဉ်(၅)ရာထူးအတွက် အသက် ၂၀မှ ၃၅နှစ်အတွင်းဖြစ်ရမည်။ ဘွဲ့ရဖြစ်ရမည်။ Computer စာစီစာရိုက် ကျွမ်းကျင်ရမည်။ လုပ်ငန်းအတွေ့အကြုံရှိရမည်။
(ဇ) အမှတ်စဉ်(၆)ရာထူးအတွက် အသက် ၂၀မှ ၃၀အတွင်းဖြစ်ရမည်။ ဘွဲ့ရဖြစ်ရမည်။ Computer နှင့် Networking အခြေခံရှိသူဖြစ်ရမည်။

အထက်ပါရာထူးသို့ လျှောက်ထားသူများသည် လျှောက်လွှာနှင့်အတူ ပတ်(စ်)ပို့ ဓာတ်ပုံ(၂)ပုံ၊ ကိုယ်ရေးရာဇဝင်အကျဉ်း၊ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊ ပညာအရည်အချင်း အောင်လက်မှတ်မိတ္တူ၊ အိမ်ထောင်စုဇယားမိတ္တူ၊ ပြစ်မှုကင်းရှင်းကြောင်း သက်ဆိုင်ရာရပ်ကွက်နှင့် ရဲစခန်းထောက်ခံချက်မိတ္တူတို့ကို ပူးတွဲလျက် ၃၁-၁-၂၀၁၇ရက် နောက်ဆုံးထား၍ မဏိရတနာကျောက်စိမ်းခန်းမ၊ သပြေကုန်း၊ နေပြည်တော်သို့ လာရောက်လျှောက်ထားနိုင်ပါသည်။

သတ်မှတ်ရက်ထက်ကျော်လွန်ရောက်ရှိလာသော လျှောက်လွှာများနှင့် ပြည့်စုံမှုမရှိသော လျှောက်လွှာများကို လက်ခံစဉ်းစားမည်မဟုတ်ပါ။ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၆၇-၄၃၂၃၈၄၊ ၀၆၇-၄၃၂၂၈၆တို့ကို ဆက်သွယ်စုံစမ်းနိုင်ပါသည်။

## ဦးစောနေလင်းသိန်း၊ ဦးစောဇာလီနှင့်တကွ အများသိစေရန် ကြေညာခြင်း

ကျွန်ုပ်တို့၏အမှုသည်ဖြစ်သော ဦးစောဖိုးလှကူး ၃/ဘအန(နိုင်)၃၅၃၇၉၄ တောင်ကုန်းကျေးရွာ၊ အထက်ကော့ရင်းကျေးရွာအုပ်စု၊ ဘားအံမြို့နယ်၊ ကရင်ပြည်နယ်နေသူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

ဘားအံမြို့နယ်၊ အထက်ကော့ရင်းကျေးရွာအုပ်စု၊ တောင်ကုန်းကျေးရွာအနီးရှိ ကျောက်တောင်မှာ သတ္တုတွင်းဝန်ကြီးဌာနမှ ဘားအံမြို့၊ အမှတ်(၄)ရပ်ကွက်တွင် နေထိုင်သော ဦးခင်မောင်ကျော်ဆိုသူအား ကျောက်ထုတ်လုပ်ကိုင်ခွင့်ချထားပေးသည့် ကျောက်တောင်ဖြစ်ပြီး အဆိုပါ ကျောက်တောင်မှ ကျောက်ထုတ်လုပ်ခြင်းအား ဦးခင်မောင်ကျော်မှ တိမ်တံခွန်ကုမ္ပဏီလီမိတက်နှင့်ပူးပေါင်း၍ အကျိုးတူလုပ်ကိုင်ခဲ့ကြောင်း၊ ဦးခင်မောင်ကျော်နှင့်တိမ်တံခွန်ကုမ္ပဏီလီမိတက်တို့အနေဖြင့် အဆိုပါကျောက်တောင်မှ ကျောက်ထုတ်လုပ်ရာတွင် ကျောက်တောင်အနီးရှိ ကျွန်ုပ်အမှုသည်၏လယ်အား အသုံးပြုမှုနှင့် လယ်ပျက်စီးဆုံးရှုံးမှုအတွက် နစ်နာကြေးအဖြစ် (၁)နှစ်လျှင် ငွေကျပ်(၁၈)သိန်းပေးခဲ့သည့်အပြင် ဘားအံမြို့နယ်၊ အထက်ကော့ရင်းကျေးရွာအုပ်စုရှိ ကျေးရွာ(၅)ရွာအတွက် လိုအပ်သည့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကိုလည်း ကူညီဆောင်ရွက်ပေးလျှက်ရှိကြောင်း၊ ယင်းသို့ဆောင်ရွက်ခဲ့မှုအပေါ် သင် ဦးစောနေလင်းသိန်းနှင့် ဦးစောဇာလီတို့မှ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတိုးတက်မှုကို အနှောင့်အယှက်အဟန့်အတားဖြစ်စေရန်နှင့် ကျွန်ုပ်အမှုသည်၏ အကျိုးစီးပွားကို ထိခိုက်နစ်နာစေရန်အတွက် ရည်ရွယ်ပြီး မဟုတ်မမှန်လုပ်ကြံဖော်ပြ၍ သက်ဆိုင်ရာဌာနများနှင့် အစိုးရအဖွဲ့အစည်းများထံသို့ တိုင်ကြားစာများ ပေးပို့တိုင်ကြားခဲ့သဖြင့် ကျောက်ထုတ်လုပ်ငန်းမှာ အပြည့်အဝထုတ်လုပ်နိုင်ခြင်းမရှိတော့သည့်အတွက် ကျွန်ုပ်၏အမှုသည် ရသင့်ရထိုက်သည့် နစ်နာကြေးငွေများမှာလည်း အပြည့်အဝမရရှိတော့သည့်အပြင် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းအတွက် အလှူငွေများမှာလည်း ယခင်ကကဲ့သို့ မရရှိတော့သဖြင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများမှာလည်း တိုးတက်သင့်သလောက် မတိုးတက်ဘဲ အဟန့်အတားဖြစ်ခဲ့ရကြောင်း သိရှိရပါသည်။

သို့ဖြစ်ပါ၍ ဦးစောနေလင်းသိန်းနှင့် ဦးစောဇာလီတို့အနေဖြင့်လည်းကောင်း၊ အခြားသူများအနေဖြင့်လည်းကောင်း၊ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ တိုးတက်မှုကို အနှောင့်အယှက်ဖြစ်စေရန်နှင့် ကျွန်ုပ်အမှုသည် ရသင့်ရထိုက်သည့် နစ်နာကြေးငွေများ ဆုံးရှုံးနစ်နာစေရန်အတွက် ရည်ရွယ်ပြီး မဟုတ်မမှန်လုပ်ကြံဖော်ပြတိုင်ကြားမှုများ ထပ်မံပြုလုပ်ပါက ဥပဒေအရ အရေးယူဆောင်ရွက်သွားရလိမ့်မည်ဖြစ်ကြောင်း ဦးစောနေလင်းသိန်း၊ ဦးစောဇာလီနှင့်တကွ အများသိစေရန် ကြေညာအပ်ပါသည်။

**(ဦးစောဖိုးလှကူး၏ လွှဲအပ်ညွှန်ကြားချက်အရ)**

| | |
|---|---|
| **ဦးမောင်ပု LL.B** | **ဒေါ်နော်ပိုပိုထွေး LL.B** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၅၇၉၄)** | **အထက်တန်းရှေ့နေ (စဉ်-၄၂၆၁၇)** |

**အိမ်အမှတ် (၄/၇၉၀)၊ သာယာကုန်း(၂)လမ်း၊ အမှတ်(၄)ရပ်ကွက်၊ ဘားအံမြို့၊ ကရင်ပြည်နယ်**

## ရွှေတိဂုံစေတီတော် ရုပ်ပွား၊ စေတီများကို ရွှေသင်္ကန်းကပ်လှူရန်ကြော်ငြာ

၁။ ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့သည် စေတီတော်ကြီး၏ရင်ပြင်တော်ပေါ်ရှိ အထက်ပစ္စယာစေတီရံများ၊ နောင်တော်ကြီးစေတီနှင့် အရံစေတီများ၊ ရွှေသင်္ကန်းကပ်လှူသက်တမ်း(၄)နှစ်ရှိ မြေစိုက်စေတီများ၊ ဆီမီးခုံစေတီများ၊အာရုံခံလေးဖက်အတွင်းနှင့် တန်ဆောင်းများအတွင်းရှိ ရုပ်ပွားတော်များ၊ အုတ်ပြာသာဒ်စေတီများကို ယခုနှစ် ပွင့်လင်းရာသီတွင် ရွှေသင်္ကန်းတော်ကပ်လှူခြင်းလုပ်ငန်းများ ဆောင်ရွက်မည်ဖြစ်ပါသည်။

၂။ အထက်ပါ စေတီ၊ ရုပ်ပွားတော်များ၏ မူလအလှူရှင်များအနေဖြင့် ဆက်လက်လှူဒါန်းလိုပါက ၁၅-၂-၂၀၁၇ရက် နောက်ဆုံးထား၍ ဂေါပကအဖွဲ့သို့ ဆက်သွယ်လှူဒါန်းပါရန် ဖိတ်ခေါ်အပ်ပါသည်။ဆက်သွယ်လှူဒါန်းလိုခြင်းမရှိပါက ဂေါပကအဖွဲ့အစီအစဉ်ဖြင့် ရွှေသင်္ကန်းကပ်လှူခြင်းလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

၃။ အသေးစိတ်အချက်အလက်များသိရှိလိုပါကရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့ရုံး ဖုန်း-၀၁-၃၇၅၇၆၇၊၀၁-၃၇၁၀၈၉တို့ကို ရုံးချိန်အတွင်းဆက်သွယ်စုံစမ်းနိုင်ပါသည်။

**ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့ရုံး**

## တိပိဋက ယောဆရာတော်၏ တိပိဋကဘွဲ့ရ (၃၂)နှစ်ပြည့် ကုသိုလ်ပွဲနှင့် မဟာဝိသုဒ္ဓါရုံတိုက်တည် နှစ်ပတ်လည်ပွဲကျင်းပမည်

ဗဟန်းမြို့နယ်၊ မဟာဝိသုဒ္ဓါရုံရွှေကျင်တိုက်သစ် ဦးစီးပဓာန နာယက တိပိဋကရေ၊ ဓမ္မဘဏ္ဍာဂါရိက ယောဆရာတော် ဘဒ္ဒန္တသိရိန္ဒာဘိဝံသသည် ၁၃၄၆ခုနှစ် (၃၇)ကြိမ်မြောက် တိပိဋက ရွေးချယ်ရေးစာမေးပွဲကြီးတွင် သင်ရိုးပိဋကတ်သုံးပုံကို အာဂုံပြန်ရော သဘောရေးဖြေပါ ပြီးစီးအောင်မြင်၍ မြန်မာနိုင်ငံ၌ ပဉ္စမမြောက် တိပိဋကရေ-တိပိဋကကောဝိဒဘွဲ့ထူးကို ဆွတ်ခူး ရရှိခဲ့သည်ဖြစ်ရာ တိပိဋကယောဆရာတော်၏ တိပိဋကဘွဲ့ရ(၃၂)နှစ်ပြည့်ကုသိုလ်ပွဲနှင့် မဟာဝိသုဒ္ဓါရုံကျောင်းတိုက်တည် (၅၈)နှစ်ပြည့်ကုသိုလ်ပွဲ စာအောင်သံဃာပူဇော်ပွဲကို ၁၃၇၈ခုနှစ် တပို့တွဲလဆန်း၂ရက် (၂၉-၁-၂၀၁၇)ရက် တနင်္ဂနွေနေ့ ၉း၀၀နာရီတွင် မဟာဝိသုဒ္ဓါရုံရွှေကျင်တိုက်သစ်တွင် ကျင်းပမည်ဖြစ်ပါ၍ ကုသိုလ်ရှင်များကြွရောက်ကြည်ညိုကုသိုလ်ယူနိုင်ရန် ဖိတ်ကြားအပ်ပါသည်။

**ကျောင်းတိုက်ဝေယျာဝစ္စအဖွဲ့**

ညစဉ်(၇း၀၀)နာရီတွင် အောက်ပါဆရာတော်ကြီးများအား တရားချီးမြှင့်ကြပါမည်။

**၂၆-၁-၂၀၁၇ ရက်- ဆရာတော်အရှင်ရာဇိန္ဒ (ရဝေနွယ်၊ အင်းမ)**
**၂၇-၁-၂၀၁၇ ရက်- သီတဂူဆရာတော် ဒေါက်တာအရှင်ဉာဏိဿရ**
**၂၈-၁-၂၀၁၇ ရက်- ဓမ္မဒူတဆရာတော် ဒေါက်တာအရှင်ဆေကိန္ဒ**

## ငြင်းချက်ထုတ်ရန်ဆင့်စာ

**(တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံး**
**၂၀၁၆ ခုနှစ် တရားမကြီးမှုအမှတ်-၆၅**

ဦးလှမော် **နှင့်** ဒေါ်ခင်ခင်ရီ
(၎င်း၏အခွင့်ရကိုယ်စားလှယ်
ဒေါ်ဝင်းလင်းယု)
**တရားလို** **တရားပြိုင်**

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၆)ရပ်ကွက်၊ အေးရိပ်ငြိမ်(၁)လမ်း၊ အမှတ် ၃၃၄နေ ဒေါ်ခင်ခင်ရီ(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုဦးလှမော်(၎င်း၏အခွင့်ရကိုယ်စားလှယ် ဒေါ်ဝင်းလင်းယု)က "ပဋိညာဉ်အတိုင်း မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆို ပေးစေလိုမှု" လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊၂၀၁၇ ခုနှစ် ဇန်နဝါရီ ၂၃ရက် (၁၃၇၈ခုနှစ် ပြာသိုလပြည့်ကျော် ၁၁ ရက်) မွန်းမတည့်မီ၁၀း၀၀နာရီတွင် အထက်ကအမည်ပါရှိသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် အထက်ပါနေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့် အတူ ယူဆောင်လာရမည်။သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၇ ခုနှစ် ဇန်နဝါရီ ၁၀ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးပေးလိုက်သည်။

**(ဇင်မာဦး)**
**တွဲဖက်မြို့နယ်တရားသူကြီး(၂)**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံး**

## ကန့်ကွက်နိုင်ပါသည်

ကျောက်ဆည်မြို့၊ ကြက်မင်းတွန်ရပ်ကွက်၊ အကွက်အမှတ်(၃၁)၊ ဦးပိုင်(၁၆၃)၏ အစိတ်အပိုင်း၊ ဧရိယာ ၀ ဒသမ ၀၄၇ ဧကနှင့် အကွက်အမှတ်(၃၂)၊ဦးပိုင်အမှတ် (၅၃က)၏အစိတ်အပိုင်း၊ဧရိယာ ၀ ဒသမ ၀၈၀ဧကရှိ ဝိုင်းမြေကွက်များအား ဦးဝင်းနိုင်မှ အရောင်းအဝယ်စာချုပ်စာတမ်းပြုလုပ်မည်ဖြစ်ပါ၍ အကျိုးသက်ဆိုင်သူများအနေဖြင့် ကန့်ကွက်လိုပါကကြော်ငြာပါသည့်ရက်မှစ၍ ရက်ပေါင်း(၃၀)အတွင်း ကန့်ကွက်နိုင်ပါကြောင်းအသိပေးကြော်ငြာအပ်ပါသည်။

**ဦးဝင်းနိုင် ၉/ကဆန(နိုင်)၁၁၆၁၅၅**
**ကြက်မင်းတွန်ရပ်၊ကျောက်ဆည်မြို့**

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

လားရှိုးမြို့၊ ရပ်ကွက်(၁၂)၊ ဟိုမွန်းလမ်း၊ နယ်မြေ(၉)နေ ဦးစိုင်းနွံမ်-ဒေါ်ခင်မြတို့၏သားဖြစ်သူ မောင်စိုင်းလှိုင်မိန်း ၁၃/လရန(နိုင်)၁၄၈၆၁၉ သည်မိဘများ၏ဆိုဆုံးမမှုကို မနာခံဘဲ ဂုဏ်သိက္ခာညှိုးနွမ်းစေသော အပြောအဆိုအပြုအမူများကို အကြိမ်ကြိမ် အခါခါပြုလုပ်သည့်အပြင် မိဘများ၏ အသက်အန္တရာယ်ကိုပါ ရန်ပြုခြိမ်းခြောက်မှုများ ပြုလုပ်လာပါသဖြင့် ၎င်းအားယနေ့မှစ၍ သွာနုတ္တသားအဖြစ် သတ်မှတ်ပြီး အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်သော မည်သည့်ကိစ္စအဝဝကိုမျှ လုံးဝတာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါကြောင်းနှင့် လုံးဝမသက်ဆိုင်တော့ပါကြောင်း ကြေညာအပ်ပါသည်။

**ဖခင်-ဦးစိုင်းနွံမ် ၁၃/နခန(နိုင်)၀၀၄၃၃၄**
**မိခင်-ဒေါ်ခင်မြ ၁၃/မဆတ(နိုင်)၀၀၄၁၆၈**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ ပညာရေးဝန်ကြီးဌာန နည်းပညာ၊သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန စာစစ်ဌာနများတိုးမြှင့်သတ်မှတ်ခြင်း

၁။ နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာနမှ အလုပ်လျှောက်လွှာခေါ်ယူခဲ့ရာတွင် B.E ဘွဲ့ရ သတ်မှတ်ချက်နှင့်ကိုက်ညီသူများအတွက် ရေးဖြေစာမေးပွဲများကို အထက်မြန်မာပြည်မှ အလုပ်လျှောက်သူများအတွက် အစိုးရစက်မှုလက်မှုသိပ္ပံ(မန္တလေး) နှင့် အောက်မြန်မာပြည်မှ အလုပ်လျှောက်သူများတွက် အစိုးရနည်းပညာအထက်တန်းကျောင်း(ရွှာမ)တို့တွင် ကျင်းပစစ်ဆေးမည်ဖြစ်ကြောင်း ကြေညာခဲ့ပြီးဖြစ်ပါသည်။

၂။ B.E ဘွဲ့ရ သတ်မှတ်ချက်နှင့်ကိုက်ညီသူများ ရေးဖြေစာမေးပွဲဖြေဆိုရာတွင် ပိုမိုအဆင်ပြေလွယ်ကူစေရန်အတွက် စာစစ်ဌာနများကို အောက်ဖော်ပြပါအတိုင်း တိုးမြှင့်သတ်မှတ်လိုက်ပြီး ရေးဖြေစာမေးပွဲ အောင်မြင်ပြီးပါက လူတွေ့စစ်ဆေးခြင်းကို မိမိတို့ရေးဖြေစာမေးပွဲဖြေဆိုခဲ့သည့် စာစစ်ဌာနများတွင် ပြုလုပ်သွားမည်ဖြစ်ပါသည်-

| စဉ် | စာစစ်ဌာနအမည် | သက်ဆိုင်ရာစာစစ်ဌာနသို့ သွားရောက်ဖြေဆိုရမည့်ကျောင်းစာရင်း |
|---|---|---|
| (၁) | GTC (မိုးညှင်း) | GTC (မိုးညှင်း)၊ GTHS (မြစ်ကြီးနား၊ ဗန်းမော်) |
| (၂) | GTC (မြင်းခြံ) | GTC (မြင်းခြံ)၊ GTHS (မြင်းခြံ) |
| (၃) | GTC (ရွှေဘို) | GTC (ရွှေဘို)၊ GTI (ကန့်ဘလူ) |
| (၄) | GTI (ရေနံချောင်း) | GTI (ရေနံချောင်း၊ ကျောက်ပန်းတောင်း)၊ |
| (၅) | GTI (ချောက်) | GTI (ချောက်) |
| (၆) | GTHS (ရွှာမ) | GTHS (ရွှာမ)၊ GTI (ဝါးခယ်မ၊ လပွတ္တာ၊ ကျိုက်လတ်) |
| (၇) | GTHS (ပခုက္ကူ) | GTHS (ပခုက္ကူ)၊ GTI (ဂန့်ဂေါ) |
| (၈) | GTHS (ပြည်) | GTHS (ပြည်)၊ GTI (သရက်၊ လက်ပံတန်း) |
| (၉) | GTI (ကျောက်ဆည်) | GTI (ကျောက်ဆည်)၊ GTHS (လားရှိုး)၊ TPTC (ဘယ်လင်း)၊ မော်တော်ယာဉ်နည်းပညာသုတေသနဌာန(ပြင်ဦးလွင်) |
| (၁၀) | GTI (မော်လမြိုင်) | GTI (မော်လမြိုင်)၊ GTHS (မော်လမြိုင်၊ ဘားအံ) |
| (၁၁) | GTI (မကွေး) | GTI (မကွေး)၊ GTHS (မကွေး) |
| (၁၂) | GTI (မန္တလေး) | GTI (မန္တလေး) |
| (၁၃) | GTHS (မန္တလေး) | GTHS (မန္တလေး)၊ GTI (မန္တလေး) |
| (၁၄) | GTHS (မုံရွာ) | GTHS (မုံရွာ၊ ချောင်းဦး) |
| (၁၅) | GTHS (တောင်ကြီး) | GTHS (တောင်ကြီး၊ ပင်လုံ၊ ပင်းပက်၊ လွိုင်ကော်) |
| (၁၆) | GTHS (မိတ္ထီလာ) | GTHS (မိတ္ထီလာ၊ နေပြည်တော်)၊ DTVET |
| (၁၇) | GTI (ရွှေပြည်သာ) | GTI (ရွှေပြည်သာ)၊ GTHS (တောင်ငူ၊ မအူပင်၊ ပုသိမ်) |
| (၁၈) | GTHS (ဟင်္သာတ) | GTHS (ဟင်္သာတ) |
| (၁၉) | GTI (သံတွဲ) | GTI (သံတွဲ) |
| (၂၀) | GTI (ဟားခါး) | GTI (ဟားခါး) |
| (၂၁) | GTI (ပူတာအို) | GTI (ပူတာအို)၊ GTHS (ပူတာအို) |
| (၂၂) | GTI (ခန္တီး) | GTI (ခန္တီး)၊ GTHS (ခန္တီး) |
| (၂၃) | GTI (ကျောက်ဖြူ) | GTI (ကျောက်ဖြူ) |
| (၂၄) | GTHS (ကျိုင်းတုံ) | GTHS (ကျိုင်းတုံ) |
| (၂၅) | GTHS (စစ်တွေ) | GTHS (စစ်တွေ) |
| (၂၆) | GTHS (ထားဝယ်) | GTHS (ထားဝယ်) |
| (၂၇) | GTHS (မြိတ်) | GTHS (မြိတ်) |
| (၂၈) | GTHS (တီးတိန်) | GTHS (တီးတိန်) |
| (၂၉) | GTHS (ကလေး) | GTHS (ကလေး) |
| (၃၀) | GTHS (မင်းတပ်) | GTHS (မင်းတပ်) |

၃။ A.G.T.I လက်မှတ်ရများနှင့် GTHS, ITC, TTS ကျောင်းဆင်းများအား လူတွေ့စစ်ဆေးမှုကို အထက်အပိုဒ် (၂)ပါ စာစစ်ဌာနများတွင်သာ ပြုလုပ်မည်ဖြစ်ပါသည်။

၄။ အသေးစိတ်သိရှိလိုပါက သက်ဆိုင်ရာစာစစ်ဌာနများတွင် စုံစမ်းနိုင်ပါသည်။

**နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ပါသည်

ကျောက်ဆည်မြို့၊ ၄ က်ကတောင်မြို့ကွက်သစ်၊ မြေကွက်အမှတ် (ဈ/၂၅၊စီ-၁)မြေကွက်သည် ဦးအောင်ထွဋ် (လ/ထည္ဘန်မှူး၊ဆည်မြောင်းဦးစီးဌာန၊ မြစ်သား)အမည်ဖြင့် ချထားပေးသောမြေကွက်ဖြစ်သည်။ထိုမြေကွက်ကို ကျွန်မဒေါ်ဖြူစင်သန့်က အရပ်ကတိစာချုပ်ဖြင့်ဝယ်ယူခဲ့ပါသည်။ ယခုအခါ ထိုမြေကွက်ကို တရားဝင်အရောင်းအဝယ်စာချုပ် ပြုလုပ်လိုပါသဖြင့် မူလပိုင်ရှင်အား ဆက်သွယ်ရာ ဆက်သွယ်၍မရသဖြင့် ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ ၁၅ရက်အတွင်းကန့်ကွက်နိုင်ကြောင်းကြေညာအပ်ပါသည်။

**ဒေါ်ဖြူစင်သန့် ၉/ကဆန(နိုင်)၁၁၅၅၁၉**
**စုကြီးရပ်၊ ကျောက်ဆည်မြို့**

## ၁၁-၁-၂၀၁၇ရက် မြန်မာ့အလင်းသတင်းစာပါ သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း ကြော်ငြာနှင့်ပတ်သက်၍ ပြန်လည်ရှင်းလင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ တိုးချဲ့(၂)ရပ်ကွက်၊ ဗွီ(၂)နေ ဒေါ်သန်းသန်းကြူ ၁၂/မဘန(နိုင်)၀၂၆၅၇၆၏ လွှဲအပ်ချက်အရ အောက်ပါအတိုင်း ပြန်လည်ရှင်းလင်းကြေညာအပ်ပါသည်။

၁။ ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်သန်းသန်းကြူသည် မှော်ဘီမြို့နယ်၊ မြို့မတိုးချဲ့ (၂)ရပ်ကွက်၊ ကွင်းအမှတ် (၅၈၀-အေ)၊ ဘုရားကြီးကွင်း၊ ဦးပိုင်အမှတ်(V -၃)၊ ဧရိယာ၀ဒသမ၀၆ ဧကရှိ နှစ် ၃၀ဂရန်မြေအား ယောက္ခမဖြစ်သူ ဒေါ်လှကြည်က (၂၀၀၅ခုနှစ် မတ်လ၁၁ရက်)ရက်စွဲပါ မေတ္တာဖြင့် အပိုင်ပေးကမ်းခြင်းပြုလုပ်၍ မှတ်ပုံတင်စာချုပ်အမှတ် BI -၀၀၄/၂၀၀၅ဖြင့် မှော်ဘီမြို့နယ် စာချုပ်စာတမ်းမှတ်ပုံတင်အရာရှိရှေ့မှောက်တွင် အပြီးအပိုင်ပေးကမ်းခဲ့ပြီး ဖြစ်ပါသည်။

၂။ ထိုသို့ပေးကမ်းစဉ်က ဒေါ်လှကြည်၏သား ဒေါ်သန်းသန်းကြူ၏ ခင်ပွန်းဖြစ်သူ ဦးထွန်းအောင်ကြူ(ခ)သံလုံးသည် ၁၈-၆-၂၀၀၂မှ၁၅-၃-၂၀၀၆အထိ သင်္ဘောလိုက်နေချိန်ဖြစ်ပြီး သင်္ဘောလိုက်ပါခွင့်ကိစ္စရရှိရန်အတွက် အာမခံအဖြစ်တင်ပြရန် ဟန်ဆောင်စာချုပ်ချုပ်ဆိုပေးအပ်ခဲ့သည်ဆိုခြင်းမှာ လုံးဝမမှန်ကန်ပါ။ အပေးစာချုပ်ချုပ်ဆိုသည်မှာ ၁၁-၃-၂၀၀၅ ဖြစ်ပြီး ဦးထွန်းအောင်ကြူ သင်္ဘောလိုက်ခဲ့သည်မှာ ၁၈-၆-၂၀၀၂ ဖြစ်၍ သင်္ဘောလိုက်ပါခွင့်ရရှိရန်အတွက် အာမခံတင်ပြရန်ဆိုသောကိစ္စမှာ လုံးဝအခြေအမြစ်မရှိပါ။

၃။ ယောက္ခမဖြစ်သူ ဒေါ်လှကြည်က ချွေးမဖြစ်သူ ဒေါ်သန်းသန်းကြူအား အထက်အပိုဒ်(၁)ပါ မြေကွက်ကို မှတ်ပုံတင်စာချုပ်ဖြင့် အပြီးအပိုင်ပေးကမ်းခဲ့ပြီးဖြစ်သည့်အတွက် ထိုမြေကွက်သည် ဒေါ်သန်းသန်းကြူပိုင်မြေကွက်အဖြစ်သာ တည်ရှိလျက်ရှိနေပါသည်။

၄။ ဒေါ်သန်းသန်းကြူ၏ခင်ပွန်းဖြစ်သူ ဒေါ်လှကြည်၏သား ဦးထွန်းအောင်ကြူ(ခ) သံလုံးကလည်း မိခင်ဖြစ်သူအား တရားစွဲဆိုမည်ဖြစ်ကြောင်း လုံးဝပြောဆိုခဲ့ရခြင်းမရှိသည့်အပြင် မိခင်ကိုလည်း ရိုင်းစိုင်းစွာပြောဆိုခြင်း၊ မိဘစကားနားမထောင်ခြင်း အလျဉ်းမရှိခဲ့ပါ။ သားသမီးဝတ္တရားနှင့်အညီ မိဘကို ရိုသေလေးစားသူသာဖြစ်ပါသည်။

၅။ မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရ မိဘများသည် သားသမီးတို့အား မိမိဆန္ဒတစ်ခုတည်းဖြင့် အမွေမှဖယ်ထုတ်ခြင်း မပြုနိုင်သည့်အလျောက် သတင်းစာမှအမွေပြတ်စွန့်လွှတ်ကြောင်း ကြေညာရုံဖြင့်လည်း သားသမီးတို့၏ အမွေဆက်ခံခွင့်အခွင့်အရေးအလိုအလျောက် ဆုံးရှုံးသွားလိမ့်မည်မဟုတ်ပါကြောင်း အများသိစေရန် ပြန်လည်ရှင်းလင်းကြေညာအပ်ပါသည်။

**လွှဲအပ်ချက်အရ-**

| | |
|---|---|
| **ဦးဇော်ဝင်းထွန်း LL.B, LL.M** | **ဦးမိုးကျော်လှိုင် LL.B** |
| **အထက်တန်းရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **စဉ်-၄၄၉၇၈** | **စဉ်-၈၀၇၈** |

**ရှေ့နေများရုံးခန်း၊ မှော်ဘီမြို့နယ်တရားရုံးဝင်း၊ ဖုန်း-၀၉-၅၀၉၇၇၅၁**

## အမည်ပြောင်း

တောင်ကြီးမြို့၊ အလက(၄)၊ အဋ္ဌမတန်း(ခ)မှ မောင်အာကာမျိုးမြတ်အား ယနေ့မှစ၍ မောင်ဘုန်းမြတ်ကျော်ဟု ပြောင်းလဲခေါ်ပါရန်။

**မောင်ဘုန်းမြတ်ကျော်**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် SHN 9G/9294 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ တောင်ကြီး**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၁ယ/၇၇၂၀၆ယာဉ်လက်ဝယ်ရှိသူ ဦးအေးမောင် ၉/ပဘန(နိုင်)၀၆၀၅၉၇က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရမည်းသင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၉ယ/၁၆၆၅၈ ယာဉ်လက်ဝယ်ရှိသူ ဦးကျော်မိုးအောင် ၉/လဝန(နိုင်)၀၅၁၇၃၆က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရမည်းသင်း)**

**ဒဂုံမြို့သစ်**
အရှေ့ပိုင်း ဆိပ်ကမ်းမြို့နယ်
တောင်ပိုင်း၊
မြောက်ပိုင်းများရှိ
မြေကွက်များကို
ဈေးကောင်းပေးဝယ်သည်။
ဖုန်း-၀၉-၈၆၂၃၁၈၈
ဖုန်း-၀၉-၅၀၈၄၁၂၉

**အောင်သရဖူ**
အိမ်ပြောင်း၊ အိမ်ရွှေ့
ဝန်ဆောင်မှုလုပ်ငန်း
09254009334,
09254009335,
09254009336

**အမည်မှန်နှင့် မွေးသက္ကရာဇ်အမှန်**

မိတ္ထီလာမြို့နယ်၊ ညောင်ပင်လှိုအုပ်စု၊ ပျော်ဘွယ်လေးရွာမှ မောင်ဝေယံဖြိုးထွန်း ၉/မထလ(နိုင်)၂၇၁၉၈၅၏ အမည်မှန်မှာ မောင်ဝေယံဖြိုးဖြစ်ပါသည်။ မွေးသက္ကရာဇ်အမှန်မှာ ၁၇-၇-၁၉၉၁ ဖြစ်ပါသည်။





**မြန်မာနိုင်ငံသားတိုင်း အကောင်းစား Laptop တစ်လုံးကိုပိုင်ဆိုင်နိုင်ရန်**

Core2Duo, RAM 1GB, HDD 40GB, DVD, WiFi ကို ၈၅၀၀၀ ကျပ် (Latitude)

Core2Duo, RAM 1GB, HDD 40GB, DVD, WiFi ကို ၈၀၀၀၀ ကျပ် (FMV)

သတိုးအောင်ဇေယျ ကွန်ပျူတာအရောင်းဆိုင်မှ (၃၁. ၁. ၂၀၁၇)အထိ ရောင်းချပေးနေပါပြီ. .

Facebook တွင် TTAZY ဟု ရိုက်လိုက်ပါ. . .

သိချင်တာအားလုံးကို ရှင်းလင်းစွာဖော်ပြထားပါသည်။

အရစ်ကျစနစ်ဖြင့်ဝယ်ယူလိုပါက ဆက်သွယ်ရမည့်ဖုန်း ၀၉၄၄၄၄၆၆၆-၈၁/၈၂/၈၃/၈၄/၈၅/၈၆/၈၇/၈၉

အမှတ်(၁၁၆)၊ ဆိပ်ကမ်းသာလမ်း(မဟာဗန္ဓုလလမ်းနှင့် ကုန်သည်လမ်းကြား)။ ဖုန်း - ၀၁ ၂၅၀၀၈၄၊ ၀၉ ၅၀၇၁၇၈၉၊ ၀၉ ၄၃၀၈၅၃၁၀

အမှတ်(၆၆/၆၈) တိုက်(က)၊ အခန်း(ယ)၊ စံရိပ်ငြိမ်မှတ်တိုင်(ကမ္ဘာ့ဖွင့်ကုန်တိုက်အနီး)၊ အင်းစိန်လမ်းမကြီး။ ဖုန်း - ၀၉ ၄၃၀၈၅၃၁၀၊ ၀၉ ၉၇၇၂၂၁၃၃၄

အမှတ်(၆၃)၊ မင်းလမ်းမှတ်တိုင်၊ ဆရာစံ(တောင်)ရပ်ကွက်၊ ဦးချစ်မောင်လမ်းမကြီး။ ဖုန်း - ၀၉ ၅၀၇၁၇၈၉၊ ၀၉ ၄၂၁၁၈၇၀၃၄၊ ၀၉ ၄၄၄၄၆၆၆၈၁

အမှတ်(ပ-၅၃)၊ ပွဲရုံအထွက်လမ်း၊ ရေတာ့ဘီဘက်လမ်း၊ ပြို့မရေး၊ နေပြည်တော်မြို့။ ဖုန်း - ၀၉ ၄၂၁၁၈၇၀၃၄၊ ၀၉ ၉၇၇၂၂၁၃၃၂

OK$

**အောက်ဖော်ပြပါ ပညာရှင်များ အလိုရှိသည်။**

▲ အရောင်း (အကြီးတန်း) ၅ဦး

▲ အရောင်း (အငယ်တန်း) ၂၀ ဦး

▲ စာရင်းကိုင် (ကွန်ပျူတာ) ၁၀ ဦး

▲ ငွေကိုင် ၅ဦး

▲ ယာဉ်မောင်း ၅ဦး

☞ အောက်ပါရုံးခွဲများသို့ လျှောက်ထားနိုင်ပါသည်။

- ၁၇-စ၊ ကျိုတော်ကုန်း၊ ဦးပိုင်အမှတ် (၃)၊ ဝမ်းတော်ပြည့်တိုးချဲ့ရပ်ကွက်၊ မိတ္ထီလာမြို့။ ဖုန်း - ၀၉ ၅၅၆၆၀၀၀၊ ၀၉ ၄၃၁၂၂၇၂၇
- အိမ်အမှတ် (၃၉)၊ အမှတ် (၁၃)ဘုရားလမ်း၊ ပန်းခြံရှေ့မျက်နှာချင်းဆိုင်၊ မြင်းခြံမြို့။ ဖုန်း - ၀၉ ၅၅၆၆၀၀၀၊ ၀၉ ၄၃၁၂၂၇၂၇
- စ(၁၇-၁၈/၂၅-၂၆)၊ မြို့ပြဧရိယာ(၁)၊ ဌက္ကတောင်၊ ကျောက်ဆည်မြို့။ ဖုန်း - ၀၉ ၅၅၆၆၀၀၀
- အမှတ် (၇၈)စီလမ်း၊ ကွက်သစ်ရပ်၊ မြိတ်မြို့။ ဖုန်း - ၀၉ ၅၆၄၁၂၄၂၊ ၀၉ ၅၃၇၀၃၃၅
- သစ်တောရုံးလမ်း၊ ဗြောတောဝရပ်ကွက်၊ စိုက်ပျိုးရေးဂိုဒေါင်၊ ထားဝယ်မြို့။ ဖုန်း - ၀၉ ၄၅၀၀၀၃၆၉၉
- အမှတ် (၂၁)၊ တောင်နောက်လမ်း၊ ရွှေဟသာရပ်ကွက်၊ အင်ပါယာကားပစ္စည်းဆိုင်အနီး၊ ကော့သောင်းမြို့။ ဖုန်း - ၀၉ ၄၅၂၁၀၃၈၄၅
- သလ္လာအမှတ်(၅)ရပ်ကွက်၊ မြို့နယ်လယ်ယာစိုက်ပျိုးရေးဦးစီးဝင်းအတွင်း၊ ကျောက္ကာလမ်းမကြီးဘေး၊ မုံရွာမြို့။ ဖုန်း - ၀၉ ၄၄၀၁၄၂၉၀
- (၁၅)လမ်း၊ ပွဲကြိုရပ်၊ စိုက်ပျိုးရေးဂိုဒေါင်ဝင်း၊ မကွေးမြို့။ ဖုန်း - ၀၉ ၅၃၇၄၄၉၉
- ပုဏ္ဏဝတီလမ်း နှင့် ငမင်လမ်းထောင့်၊ မကျီးတောကျောင်းထိပ်၊ သောင်ပြင် (၂)ရပ်ကွက်၊ တောင်တွင်းကြီးမြို့။ ဖုန်း - ၀၉ ၄၃၁၉၂၇၇၀
- အနောက်မြောက်ရပ်ကွက်၊ အနောက်လမ်းမတော်၊ ကြို့ပင်ကောက်မြို့။ ဖုန်း - ၀၉ ၄၃၀၆၆၄၅၇

OK$




**စိန်ငါးလုံးဆံပင်ပေါက်ဆေး**

အမှတ်တံဆိပ်

ဆံပင်၊ မုတ်ဆိတ်၊ ပါးသိုင်းမွေး မျက်ခုံးမွေးများ ကျွတ်ခြင်း ပါးခြင်း၊ မသန်ခြင်း၊ မပေါက်ခြင်း၊ ဦးခေါင်းယားခြင်း ခေါင်းချွေးထွက်ခြင်း၊ နာစေးနာပိတ်ခြင်း၊ ဖောက်သန်းယားခြင်းတို့ဖြစ်လျှင် စိန်ငါးလုံးဆံပင်ပေါက်ဆေးကိုလိမ်းပါ။

၀၉-၇၃၁၅၅၃၅၇
၀၉-၄၂၁၀၄၀၀၈၅

ပင်ရင်း - ဆ/(၁၀၁)၊ ဓမ္မာသီ(၄) လမ်း၊ ရတနာသီဂီဈေးပတ်လမ်း၊ ယခင် (ဈ) ဈေး မြောက်ဥက္ကလာမြို့နယ်၊ ရန်ကုန်မြို့

**အမြို့မြို့ဆေးဆိုင်တိုင်းတွင်ဝယ်ယူရရှိနိုင်ပါသည်။**


**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာန၏ အစီအစဉ်ဖြင့်**

ဂျပန်နည်းပညာ စင်တီမီတာဖြင့် အကျီချုပ်နည်း၊ မိန်းမဝတ် ရင်ဖုံး၊ ရင်ဖုံး နှင့် ခေတ်ပေါ်ပုံ အမျိုးမျိုးအတွက် စက်ချုပ် သင်တန်း ဖွင့်လှစ်မည်ဖြစ်ပါသည်။

ဖွင့်လှစ်မည့်နေ့ (၁၁.၂.၂၀၁၇)

သင်တန်းချိန် နံနက်(၀၉:၃၀)နာရီမှ ညနေ(၀၃:၀၀)နာရီထိ

သင်တန်းကာလ ၈ပတ်(စနေ+တနင်္ဂနွေနေ့တိုင်း)

သင်တန်းလျှောက်လွှာများကို အောက်ပါလိပ်စာတွင် ရယူနိုင်ပါသည်-

မသန်စွမ်းသက်ကြီးသင်တန်းကျောင်း၊ အမှတ်(၆၅)၊ ကျိုက်ဝိုင်းဘုရားလမ်း၊ လူမှုဝန်ထမ်းအတတ်သင်သိပ္ပံဝင်းအတွင်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း-၀၁-၉၆၆၁၇၁၂၊ ၀၉-၄၂၀၀၇၃၅၆၀၊ ၀၉-၂၅၀၇၉၇၀၂၀။

**ငြင်းချက်ထုတ်ရန်သမ္မန်စာ**

**(တရားမကျင့်ထုံး ကိုဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**

**သန်လျင်မြို့နယ်တရားရုံးတော်၌**

**၂၀၁၆ ခုနှစ် တရားမကြီးမှုအမှတ်-၁၂၂**

ဦးခင်မောင်ဝင်း နှင့် ၁။ ဦးဂျေအက်စ်အင်ဒရူး
၂။ ဒေါ်စိုးမိုးအောင်

တရားလို တရားပြိုင်များ

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့၊ ဘုရားကုန်းကျေးရွာ၊ ကွမ်းခြံကုန်း မြို့ပြကွက်သစ်နေ ၁။ ဦးဂျေအက်စ်အင်ဒရူး၊ ၂။ ဒေါ်စိုးမိုးအောင် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးခင်မောင်ဝင်းက ပဋိညာဉ်အတိုင်း အရောင်းအဝယ်စာချုပ်ကို မှတ်ပုံတင်ပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရ ရှေ့နေဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၇ ခုနှစ် ဇန်နဝါရီ ၂၄ရက် (၁၃၇၈ခုနှစ် ပြာသိုလပြည့်ကျော် ၁၂ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်က ဆိုခဲ့သည့်ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၇ ခုနှစ် ဇန်နဝါရီ ၁၀ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(ချောစုလှိုင်)
မြို့နယ်တရားသူကြီး
သန်လျင်မြို့နယ်တရားရုံး

## အထူးကျေးဇူးတင်ရှိပါကြောင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

**ဒေါ်အင်မြင့် (၈၈နှစ်)**

ဂုဏ်ထူးဆောင်နာယက၊ ကြို့ပင်ကောက်မြို့နယ်အသင်း(ရန်ကုန်)

(ဦးသန်းဝေ)[စပယ်ရတနာရောင်းဝယ်ရေး၊ ဗိုလ်ချုပ်အောင်ဆန်းဈေး]၏ဇနီး၊ ဦးမြင့်ဝေ-ဒေါ်ခင်သန်းရီ၊ ဦးမြင့်သန်း-ဒေါ်မိုးထားထားထွေး၊ ဒေါက်တာသက်ဆွေ-ဒေါက်တာခင်ခင်စိန်၊ ဦးခင်မောင်သန့်ဇင်-ဒေါ်ဖြူသာယာကျော်တို့၏မိခင်၊ မြေးကိုးယောက်တို့၏အဘွား၊ ဦးဇော်ဟိန်း-ဒေါ်တင်မိုးဖြူ၏အဒေါ်သည် ၁၅-၁-၂၀၁၇ရက် ည ၇နာရီ မိနစ် ၄၀တွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၉-၁-၂၀၁၇ ရက်တွင် ရေဝေးသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်ပြီးဖြစ်ပါသည်။

ဒေါ်အင်မြင့် နာမကျန်းဖြစ်နေစဉ် အထူးကြပ်မတ်ကုသပေးခဲ့သော ရန်ကုန်ပြည်သူ့ဆေးရုံကြီးမှ တာဝန်ရှိဆရာဝန်နှင့်သူနာပြုများ၊ ဝန်ထမ်းအားလုံးနှင့်တကွ မေတ္တာထား၍ကူညီခဲ့ကြသော ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းကို အထူးပင်ကျေးဇူးတင်ရှိပါသည်။ **ကျန်ရစ်သူမိသားစု**

---

### ဒေါက်တာဒေါ်ခင်ဝင်းမေ
**(တိမ္မေးကုဆရာဝန်)**
**အသက်(၆၁)နှစ်**

မကွေးမြို့၊ ကန်သာရပ်၊ မေတ္တာလမ်း၊ အမှတ်(စီ-၁၀)နေ (ဦးမြဟန်-ဒေါ်အေးပိုင်)တို့၏သမီး၊ ဒေါက်တာဦးဝင်းမြင့်(တိ/ကု ဆရာဝန်)၏ဇနီး၊ မဝင်းလဲ့လဲ့ဖြိုး(ခေတ္တ-စင်ကာပူ)၊ မောင်အောင်မြတ်ကျော်-ဒေါက်တာအေးမြချမ်းသာ၊ ဒေါက်တာမင်းကိုအောင်-ဒေါက်တာဝင်းပြည့်ပြည့်ဖြိုးတို့၏မိခင်သည် ၁၇-၁-၂၀၁၇ရက် နံနက် ၈း၃၀နာရီတွင် မကွေးမြို့ ကောင်းမွန်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၉-၁-၂၀၁၇ရက် ညနေ ၃နာရီတွင် မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၂၃-၁-၂၀၁၇ရက်တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ရပ်နီးရပ်ဝေးမှ မိတ်ဆွေများအား ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

### ဒေါ်အေးကြူ(ခ) ဒေါ်ကြူကြူ
**အသက်(၈၈)နှစ်**

ရန်ကုန်မြို့နေ (ဦးမောင်မောင်သောင်း)၏ဇနီး၊ (ဦးမြင့်ဆွေ)-ဒေါ်နွယ်နီသောင်း၊ ဦးအောင်ဝင်း-ဒေါ်အေးမြကြည်၊ (ဦးကောင်းမြင့်သောင်း)တို့၏မိခင်၊ ဒေါ်မြင့်နန္ဒာဆွေ၊ ဒေါ်မြင့်အိန္ဒာဆွေ၊ ဒေါ်မြသော်တာဝင်းတို့၏အဘွား၊ မောင်ကြည်ဇင်မောင်၊ မောင်နေလင်းမောင်တို့၏အဘွားသည် ၁၈-၁-၂၀၁၇ ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၃း၀၅နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၀-၁-၂၀၁၇ရက် (သောကြာနေ့)တွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (ကျောက်မြောင်း၊ ကျားကွက်သစ်ရပ်ကွက်၊ မလွကုန်းလမ်း၊ လေးလွှာ-A၊ အမှတ် ၂၇ နေအိမ်မှကားများ နံနက် ၉နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၂၄-၁-၂၀၁၇ရက် (အင်္ဂါနေ့)တွင် နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

### ရဟန်းအမကြီး
### ဒေါ်အုန်းကြည်
**စက်မှု(၁)**
**အသက်(၉၄)နှစ်**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်းအရှေ့ ဉယျာဉ်လမ်း၊ အမှတ် ၁နေ(ဦးမျိုးမြင့်)၏ဇနီး၊ ဦးထွန်းအောင်ကြည်-ဒေါ်ငွေငွေကြည်၊ ဒေါ်ခင်သန်းမြင့်၊ ဒေါ်ခင်စန်းမြင့်၊ ဟသ်ာတဦးမြင့်ငွေ-ဒေါ်တင်တင်အေး၊ ဦးမြင့်ငွေ-ဒေါ်ခင်စန်းယဉ်တို့၏မိခင်၊ မြေး ၁၄ယောက်၊ မြစ်သုံးယောက်တို့၏ဘွားဘွားကြီးသည် ၁၉-၁-၂၀၁၇ရက် (ကြာသပတေးနေ့) နံနက် ၁၀း၂၅နာရီတွင် သျှင်ပါကူဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၁-၁-၂၀၁၇ရက် (စနေနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

---

### အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း
### ဟာဂျီမဒေါ်ဇော်ဒါဘီ
**အသက်(၈၂)နှစ်**

ရန်ကုန်မြို့၊ သဃ်ာန်းကျွန်းမြို့နယ်၊ င/ခရပ်ကွက်၊ ပြည်ထောင်စုလမ်း၊ အမှတ် ၂၇နေ (ဟာဂျီ အဗ်ဒုလ်ကာဒရ်)၏ဇနီး၊ ဟာဂျီ ဦးစိန်သန်း @ Haji Yacoob-ဟာဂျီမဒေါ်သီတာရွှေ၊ ဦးမောင်မောင်လေး @ Eliyas-ဒေါ်မာယာရွှေတို့၏မိခင်၊ မောင်ကောင်းမြတ်ကျော်-မမေပုလဲ၊ မောင်ကောင်းမြတ်သူ၊ မသက်ဦးခင်၊ မောင်ကောင်းထက်ကျော်၊ မဆုလေးနွယ်၊ မောင်ကောင်းခန့်ကျော်၊ မောင်ကောင်းထက်အာကာကျော်၊ Farahanတို့၏ဘွားဘွားကြီးသည် ၁၈-၁-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၃း၃၀နာရီတွင် အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ၁၉-၁-၂၀၁၇ရက်တွင် ရေဝေးမွတ်စလင်သုသာန်၌ ဒါဖနာပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
### ဒေါ်လှလှဝင်း(ခ)ဒေါ်ရီရီမြင့်(ခ)ဒေါ်ရီစီ
**အသက်(၇၃)နှစ်**

ဖျာပုံမြို့နေ (ဦးညွန့်တင်-ဒေါ်သန်းစိန်)တို့၏သမီး၊ နေပြည်တော်၊ တပ်ကုန်းမြို့နေ (ဦးကြည်-ဒေါ်ခင်ရင်)တို့၏သမီးချွေးမ၊ ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ မဟာဗေယျလမ်း၊ အမှတ် ၁၇ (ပထမထပ်)နှင့် ရန်ကင်းမြို့နယ်၊ ပါရမီရိပ်သာ၊ မဥ္ဇူလမ်းသွယ်(၃)လမ်း၊ အမှတ် ၂၀(R)နေ ဦးသန်းထွန်း၏ချစ်လှစွာသောဇနီး၊ ဦးသန်းငွေ(ဌာနမှူး၊ အင်ဂျင်နီယာဌာန၊ အဆောက်အအုံ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ)-ဒေါ်နွယ်နီထွန်း၊ ဒေါ်မေသန္တာထွန်းတို့၏ ချစ်လှစွာမိခင်၊ ဒေါက်တာစုမြတ်နိုးနွယ် (ပင်လုံဆေးရုံ)၊ မောင်ရဲဂေါင်ကျော် (5th yr McE, YTU)တို့၏အဘွားသည် ၁၉-၁-၂၀၁၇ရက် နံနက် ၁း၂၇နာရီတွင် အောင်ရတနာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၁-၁-၂၀၁၇ရက် (စနေနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (ပါရမီနေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၅-၁-၂၀၁၇ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ ပါရမီနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

### ဝမ်းနည်းကြေကွဲခြင်း
### ဒေါ်လှလှဝင်း(ခ)ဒေါ်ရီရီမြင့်(ခ)ဒေါ်ရီစီ
**အသက်(၇၃)နှစ်**

ရန်ကင်းမြို့နယ်၊ ပါရမီရိပ်သာ၊ မဥ္ဇူလမ်းသွယ် (၃)လမ်း၊ အမှတ် (၂၀-R)နေ ဦးသန်းငွေ (ဌာနမှူး၊ အင်ဂျင်နီယာဌာန၊ အဆောက်အအုံ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ) - ဒေါ်နွယ်နီထွန်းတို့၏မိခင် ဒေါ်လှလှဝင်း(ခ)ဒေါ်ရီရီမြင့်(ခ)ဒေါ်ရီစီသည် ၁၉-၁-၂၀၁၇ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**
**အင်ဂျင်နီယာဌာန(အဆောက်အအုံ)မှ**
**ဝန်ထမ်းများ**

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
### ဦးလှစိန် (ဗဟိုရ်စည်)
**ဝါးခယ်မမြို့နယ်အသင်းဝင်၊ မြန်မာနိုင်ငံဂီတအစည်းအရုံးဝင်**
**တောင်ဒဂုံမြို့နယ် ဂီတအစည်းအရုံးအဖွဲ့ဝင်**
**ဓမ္မရက္ခိတဗဟိုစည်ဓမ္မာရုံ(ဥက္ကဋ္ဌဟောင်း)၊ နာယကကြီး**
**အသက် (၉၂)နှစ်**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၅၃)ရပ်ကွက်၊ စံပယ်မြိုင်လမ်း၊ အမှတ် ၇၅၇နှင့် ဝါးခယ်မမြို့နယ်နေ(ဦးဘိုးကာ-ဒေါ်နှင်းရီ)တို့၏သား၊ အုတ်ကျင်းမြို့နယ်နေ (ဒေါ်အေးမြင့်)၊ ပြည်မြို့နေ ဦးမောင်မောင်ကြည်- ဒေါ်ခင်သန်းဝင်း၊ ကြည့်မြင်တိုင်မြို့နယ်နေ ဦးသန်းအောင်-ဒေါ်နွယ်နွယ်၊ ဦးလှမြင့်၊ ဒေါ်သန်းသန်းချို၊ (ဦးခင်မောင်ငွေ)၊ ဦးခင်မောင်အေး-ဒေါ်ငွေငွေမာ၊ (ဦးစိုးမင်းဦး)-ဒေါ်ထွေးထွေးချို၊ ဦးတင့်လွင်-ဒေါ်နေဝင်းသူတို့၏ဖခင်၊ မြေး ၁၉ယောက်၊ မြစ် ၁၄ယောက်တို့၏အဘိုး၊ (ဒေါ်တင်ကြည်)၏ချစ်လှစွာသောခင်ပွန်းသည် ၁၈-၁-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၁-၂၀၁၇ရက် (သောကြာနေ့) မွန်းလွဲ ၂နာရီတွင် ကျီစုသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
### မဟာသဒ္ဓမ္မဇောတိကဓဇ ဦးကိုကိုမြိုင်
**(တက္ကသိုလ်သျှင်သီရိ၊ ဓမ္မာစရိယ ဘီ-အေ)**
**ဒုတိယညွှန်ကြားရေးမှူး(ငြိမ်း)**
**သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန**
**တွဲဖက်ပါမောက္ခ၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)**
**ကထိကဆရာကြီး၊ ရေကူး၊ သံဃတက္ကသိုလ်**
**အသက်(၇၆)နှစ်**

ရန်ကုန်မြို့၊ မြောက်ဉက္ကလာပမြို့နယ်၊ သုနန္ဒာ ၃လမ်း၊ အမှတ် (၈/၅၅)နေ ဒေါ်တင်အေး၏ချစ်လှစွာသောခင်ပွန်း၊ ဦးမြတ်သူ-ဒေါ်စန္ဒာလင်း၊ ဦးအောင်ကျော်သူ-ဒေါ်ခင်သူဇာ(သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန)၊ ဦးမင်းမင်းစိုး-ဒေါ်စန္ဒာမြင့်တို့၏ချစ်လှစွာသောဖခင်၊ မြေးငါးယောက်တို့၏အဘိုးသည် ၁၉-၁-၂၀၁၇ရက် (ကြာသပတေးနေ့)နံနက် ၂း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၁-၂၀၁၇ရက်(စနေနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၂၅-၁-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့)တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

### အထူးဝမ်းနည်းကြေကွဲခြင်း
### ဒေါက်တာဒေါ်ခင်ဝင်းမေ (မင်းဘူး/မကွေး)
**အသက်(၆၁)နှစ်**

မကွေးမြို့၊ ကန်သာရပ်၊ မေတ္တာလမ်း၊ အမှတ်(စီ-၁၀)နေ (ဦးမြဟန်-ဒေါ်အေးပိုင်)တို့၏သမီး၊ ဒေါက်တာဦးဝင်းမြင့်၏ဇနီး၊ မဝင်းလဲ့လဲ့ဖြိုး(ခေတ္တ-စင်ကာပူ)၊ Capt: အောင်မြတ်ကျော်-ဒေါက်တာအေးမြချမ်းသာ၊ ဒေါက်တာမင်းကိုအောင်-ဒေါက်တာဝင်းပြည့်ပြည့်ဖြိုးတို့၏မိခင် ဒေါက်တာဒေါ်ခင်ဝင်းမေသည် ၁၇-၁-၂၀၁၇ရက်(အင်္ဂါနေ့)နံနက် ၈း၃၀နာရီတွင် မကွေးမြို့ ကောင်းမွန်အထူးကုဆေးရုံ၌ ရုတ်တရက်ကွယ်လွန်ကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

**တူမ - ဒေါ်ဂျိုးဖြူငြိမ်း (ခေတ္တ-စင်ကာပူ)**
**တူများ - ဦးကိုကိုလတ်[လ/ထ-စက်ရုံမှူး၊ အမှတ်(၃)သံမဏိစက်ရုံ၊ရွာမ)-ဒေါ်ကျော့ကျော့ခိုင်**
**- ဒေါက်တာကိုကိုမြတ် (ညွှန်ကြားရေးမှူး၊ နေပြည်တော်စည်ပင်)-ဒေါ်ဖြူဖြူအောင်**
**- ဦးရဲထွဋ် (ညွှန်ကြားရေးမှူး၊ မောင်တောခရိုင်အုပ်ချုပ်ရေးမှူး၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန)-ဒေါ်ရတနာတင်မြင့်ထွန်း**

---

### အထူးဝမ်းနည်းကြေကွဲခြင်း
### ဒေါက်တာဒေါ်ခင်ဝင်းမေ (တိ/ကု ဆရာဝန်)
**အသက်(၆၁)နှစ်**

မကွေးမြို့၊ ကန်သာရပ်၊ မေတ္တာလမ်း၊ အမှတ်(စီ-၁၀)နေ (ဦးမြဟန်-ဒေါ်အေးပိုင်)တို့၏သမီး၊ ဒေါက်တာဦးဝင်းမြင့်(တိ/ကု ဆရာဝန်)၏ဇနီး၊ မဝင်းလဲ့လဲ့ဖြိုး(ခေတ္တ-စင်ကာပူ)၊ မောင်အောင်မြတ်ကျော်-ဒေါက်တာအေးမြချမ်းသာ၊ ဒေါက်တာမင်းကိုအောင်-ဒေါက်တာဝင်းပြည့်ပြည့်ဖြိုးတို့၏မိခင်သည် ၁၇-၁-၂၀၁၇ရက် နံနက် ၈း၃၀နာရီတွင် မကွေးမြို့ ကောင်းမွန်ဆေးရုံ၌ ရုတ်တရက်ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

**ဦးချိုမြင့်-ဒေါ်ကြွယ်ကြွယ်စိမ်း**

---

### အထူးဝမ်းနည်းကြေကွဲခြင်း
### ဒေါက်တာဒေါ်ခင်ဝင်းမေ (တိ/ကု ဆရာဝန်)
**အသက်(၆၁)နှစ်**

မကွေးမြို့၊ ကန်သာရပ်၊ မေတ္တာလမ်း၊ အမှတ်(စီ-၁၀)နေ (ဦးမြဟန်-ဒေါ်အေးပိုင်)တို့၏သမီး၊ ဒေါက်တာဦးဝင်းမြင့်(တိ/ကု ဆရာဝန်)၏ဇနီး၊ မဝင်းလဲ့လဲ့ဖြိုး(ခေတ္တ-စင်ကာပူ)၊ မောင်အောင်မြတ်ကျော်-ဒေါက်တာအေးမြချမ်းသာ၊ ဒေါက်တာမင်းကိုအောင်-ဒေါက်တာဝင်းပြည့်ပြည့်ဖြိုးတို့၏မိခင်သည် ၁၇-၁-၂၀၁၇ရက် နံနက် ၈း၃၀နာရီတွင် မကွေးမြို့ ကောင်းမွန်ဆေးရုံ၌ ရုတ်တရက်ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

**ဗိုလ်မှူးမင်းသူအောင်-ဒေါ်ငယ်ငယ်ငြိမ်း**

---

### အထူးဝမ်းနည်းကြေကွဲခြင်း
### ဒေါက်တာဒေါ်ခင်ဝင်းမေ (တိ/ကု ဆရာဝန်)
**အသက်(၆၁)နှစ်**

မကွေးမြို့၊ ကန်သာရပ်၊ မေတ္တာလမ်း၊ အမှတ်(စီ-၁၀)နေ (ဦးမြဟန်-ဒေါ်အေးပိုင်)တို့၏သမီး၊ ဒေါက်တာဦးဝင်းမြင့်(တိ/ကု ဆရာဝန်)၏ဇနီး၊ မဝင်းလဲ့လဲ့ဖြိုး(ခေတ္တ-စင်ကာပူ)၊ မောင်အောင်မြတ်ကျော်-ဒေါက်တာအေးမြချမ်းသာ၊ ဒေါက်တာမင်းကိုအောင်-ဒေါက်တာဝင်းပြည့်ပြည့်ဖြိုးတို့၏မိခင်သည် ၁၇-၁-၂၀၁၇ရက် နံနက် ၈း၃၀နာရီတွင် မကွေးမြို့ ကောင်းမွန်ဆေးရုံ၌ ရုတ်တရက်ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

**ဦးသန်းနိုင်လင်း-ဒေါ်သူဇာထွန်း**
**ဒေါက်တာမျိုးဝင်းကြိုင်-ဒေါ်မြရည်လင်း**

---

**သင့်သွေးဖြင့် အသက်ကယ်ပါ**

---

### ဦးမောင်စံထွန်း(ခ) ဦးမောင်ဒုံ
**(မောလိပ်ရပ်ကွက်၊ စစ်တွေမြို့)**
**အသက်(၆၁)နှစ်**

ရခိုင်ပြည်နယ်၊ စစ်တွေမြို့၊ မောလိပ်ရပ်ကွက်နေ (ဦးထွန်းအောင်ရီ-ဒေါ်ဦးမစိန်)တို့၏သား၊ (ဦးခတီးအောင်)-ဒေါ်မယေတို့၏သားသမက်၊ ဒေါ်ဆန်းနုယဉ်၏ချစ်လှစွာသောခင်ပွန်း၊ ဦးမောင်ထွန်းအေး-(ဒေါ်မဒုံ)တို့၏မောင်၊ (ဦးစံထွန်းလှ)-ဒေါ်အမာတင်၊ ဦးသာထွန်းလှ-ဒေါ်ဆွေဆွေသန်းတို့၏အစ်ကို၊ ကိုဦးထွန်းဝင်း-(မချိုမာဝင်း)၊ ကိုထွန်းမင်းဦး-မဥမ္မာဝင်း၊ ကိုထွန်းလင်းအောင်-မနန္ဒာဝင်း(ခ)စုစုတို့၏ ချစ်လှစွာသောဖခင်၊ မောင်မင်းသန့်ကျော်၊ မပြုံးပွင့်ပိုင်တို့၏အဘိုးသည် ၁၉-၁-၂၀၁၇ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁း၄၅နာရီတွင် စစ်တွေမြို့ ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၀-၁-၂၀၁၇ရက် (သောကြာနေ့) ညနေ ၃နာရီတွင် စစ်တွေမြို့အာကျိတ်တော်ကုန်းသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

---

### ဦးအောင်ကျော်ဇံ(စစ်တွေမြို့)
**အသက်(၅၇)နှစ်**

ရခိုင်ပြည်နယ်၊ စစ်တွေမြို့၊ ကျောင်းကြီးလမ်းရပ်ကွက်နေ(ဦးဒိုးအောင်ဖြူ)-ဒေါ်တင်နုတို့၏သား၊ရန်ကုန်မြို့၊ရွှေပြည်သာမြို့နယ်၊ ဂန္ဓမာလမ်း၊ အမှတ် ၁၉/၄၈/၁၅၈၀နေ ဒေါ်ခင်သန်းရီ၊ ဒေါ်မိုးစိန်-ဦးမောင်ကျော်သာ၊ ဒေါ်မရှင်၊ ဒေါ်မဲရှင်(ဗဟိုအမျိုးသမီးဆေးရုံ)တို့၏မောင်၊ ဦးစိန်ရွှေမောင်(တပ်မတော်-ရေ၊ ငြိမ်း)၊ ဒေါ်ခင်အေးမြင့်တို့၏ အစ်ကိုသည် ၁၉-၁-၂၀၁၇ရက် နံနက် ၉နာရီတွင် ရွှေပြည်သာမြို့နယ်နေအိမ်၌ ကွယ်လွန်သွားပါ၍ ၂၁-၁-၂၀၁၇ရက် မွန်းလွဲ ၁နာရီတွင် ရွှေပြည်သာ ကျူးချောင်းသုသာန်၌မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟတို့အားအကြောင်းကြားသိစေအပ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

---

### ဦးတင့်လွင် (ကျိုက်လတ်)
**အကောက်ခွန်ဦးစီးဌာန(ငြိမ်း)**
**အသက်(၆၄)နှစ်**

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ (၈)ရပ်ကွက်၊ကမာကြည်လမ်း၊ ကမာကြည်အိမ်ရာ၊ တိုက် ၁၂/A၊ အခန်း ၃၀၁နေ (ဦးတင်စိန်-ဒေါ်ကြင်တင်)တို့၏ သား၊ (ဦးထွန်းကြိုင် - ဒေါ်ထားရီ)တို့၏သားသမက်၊ ဒေါ်နှင်းရီ၊ ဒေါ်အေးသန်း၊ ဦးအောင်ကျော်တို့၏အစ်ကို၊ ဒေါ်တင်တင်လှ(ခ)မငယ်၏ ချစ်လှစွာသောခင်ပွန်း၊ ဦးဇင်မိုရ်လင်း-ဒေါ်ဥမ္မာလွင်(ခ)ဂျူးမေ၊ ဦးမျိုးမင်း-ဒေါ်ဇင်မာလွင်(ခ)ဂျူးလီ၊ ဦးမိုးမင်းငွေ-ဒေါ်အေးသီတာလွင်(ခ)ဒီဇင်ဘာတို့၏ဖခင်၊ မြေးငါးယောက်တို့၏အဘိုးသည် ၁၈-၁-၂၀၁၇ရက်(ဗုဒ္ဓဟူးနေ့) ည ၁၁း၀၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၁-၂၀၁၇ရက်(သောကြာနေ့)နံနက် ၁၀း၄၅နာရီတွင် ကျီစုသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀း၄၅နာရီတွင် ထွက်ခွာပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၂၄-၁-၂၀၁၇ရက် (အင်္ဂါနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
### ဒေါ်မြသစ် အသက်(၇၅)နှစ်
**ကုန်သွယ်/စားထွေ(ငြိမ်း)**

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ထူပါရုံ ၄လမ်းအရှေ့၊ ၁/ထူပါရုံရပ်ကွက်၊ အမှတ် ၃၅/၁၂၂၀(ခ)နေ(ဦးချစ်ဆွေ-ဒေါ်ငွေကြူ)တို့၏သမီး၊ (ဒေါ်စီ)၊ (ဒေါ်ထားရင်)၊ (ဦးမောင်ငွေ)၊ (ဒေါ်ခင်မြင့်)၊ ဦးမောင်အိတို့၏ညီမ၊ ဦးညွန့်တင်၏ဇနီး၊ ဦးမင်းညွန့်ဦး (ရန်ကုန်ဘတ်စ်ကားအများနှင့် သက်ဆိုင်သောကုမ္ပဏီ) - ဒေါ်ခင်ခင်စိုး၊ ဦးစိုးမိုးဦး (UNICEF)-ဒေါ်ခင်မျိုးယု(UNICEF)၊ ဒေါ်ယဉ်မင်းဦးတို့၏မိခင်၊ မြေးငါးယောက်တို့၏အဘွားသည် ၁၈-၁-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့) ည ၈း၁၅နာရီတွင် ကွယ်လွန်သွားပါ၍ ၂၀-၁-၂၀၁၇ရက် (သောကြာနေ့) ညနေ ၄နာရီတွင် ကျီစုအအေးတိုက်မှ ကျီစုသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ မွန်းလွဲ ၂း၄၅နာရီတွင်ထွက်ခွာပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၂၄-၁-၂၀၁၇ရက်(အင်္ဂါနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

### ဦးမောင်မောင်(ခ)ကြူလျှံလုံ အသက်(၇၆)နှစ်
**(ကောင်းကျက်ဘုံကျောင်းဥက္ကဋ္ဌ)**

[ဦးချင်းရီ(ခ)ကျူရှင်း-ဒေါ်အေးရွှေ]တို့၏သား၊ ဒေါ်သိန်းကြည်၊ ဒေါ်တင်တင်ငြိမ်း၊ ဒေါ်သင်းသင်းမြင့်တို့၏ခင်ပွန်း၊ (မမေလွင်ဦး)၊ မမေလွင်ခိုင်၊ ကိုကြူသိန်းအောင်၊ မမေလွင်အောင်၊ ကိုနေဝင်းနိုင်၊ မစန်းစန်းနိုင်၊ ကိုရဲသွေးအောင်၊ ကိုရဲရင့်မောင်၊ ကိုထိန်လင်း၊ ကိုတာရာတို့၏ဖခင်၊ မောင်ကောင်းမြတ်ဇော်၊ မောင်အောင်ထက်လင်း၊ မောင်ဇေယျာဖြိုး၊ မထက်ထက်လွင်၊ မောင်မင်းဟိန်းထက်၊ မောင်အောင်ပိုင်ဦး၊ မောင်ထက်အောင်ကျော်၊ မောင်ပြည့်ဖြိုးအောင်၊ မကြည်စင်သန့်၊ မောင်ဉာဏ်ထက်လင်း၊ မောင်ကျော်ထက်လင်း၊ မောင်အောင်ထက်ထွန်း၊ မောင်ကောင်းထက်စံတို့၏အဘိုးသည် ၁၈-၁-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၅း၃၀နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၀-၁-၂၀၁၇ရက် (သောကြာနေ့) မွန်းလွဲ ၁း၃၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း မိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (ရန်ကုန်ပြည်သူ့ဆေးရုံကြီးမှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

---

### ဦးစိုင်းလုံးဆိုင်တစ်(ပ်) (ကျိုင်းတုံ) အသက်(၇၆)နှစ်
**MSc. Agronomy (Russia)**
**ကထိက၊ မွေးမြူရေးပညာဌာန**
**မွေးမြူရေးနှင့်ကုသရေးဆေးတက္ကသိုလ်(ငြိမ်း)**
**မန်နေဂျာ(ငြိမ်း)၊မွေးမြူရေး၊အစားအစာနှင့်နို့ထွက်ပစ္စည်းလုပ်ငန်း**

ကျိုင်းတုံမြို့နေ (ဦးတစ်ပ်-ဒေါ်နန်းတွီ)တို့၏သား၊ (ဦးစိန်ရှင်း-ဒေါ်ခင်ကြည်)တို့၏သားသမက်၊ ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ ၄၃လမ်း၊ အမှတ် ၉၇နေ ဒေါ်ကြူကြူသင်း၏ခင်ပွန်း၊ (ဦးစိုင်းယီတစ်ပ်-နန်းစံခမ်း)၊ ဦးညီညီလွင်-နန်းစီဖောင်း၊ ဦးစိုင်းဆမ်တစ်ပ်-နန်းခင်သီတာ၊ ဒေါက်တာဦးတင်ဝင်း-ဒေါက်တာနန်းကိန်ဖောင်းတစ်ပ်တို့၏အစ်ကို၊ စိုင်းကောင်ဇိုင်းတစ်ပ်၊ ဇော်မျိုးဦး-နန်းစမ်ဆိုင်တစ်ပ်တို့၏ဖခင်၊ ရွှန်းလဲ့ဝေ၊ ဟိဏ်းထက်အောင်တို့၏အဘိုးသည် ၁၈-၁-၂၀၁၇ရက် နံနက် ၉း၄၅နာရီတွင် ကွယ်လွန်သွားပါ၍ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (သင်္ဂြိုဟ်မည့်အချိန် ထပ်မံကြေညာပါမည်။) (နေအိမ်မှကားများ နံနက် ၈နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

---

### အနူးအညွတ်တောင်းပန်ခြင်း

၁၆-၁-၂၀၁၇ရက်ထုတ်၊ မြန်မာ့အလင်းနှင့် ကြေးမုံသတင်းစာများတွင် ဖော်ပြခဲ့သော ဒေါ်ခင်မေဝင်း(ခ)ဒေါ်အင်းယား၊ မော်လမြိုင်မြို့၊ အသက်(၇၂)နှစ်၏ နာရေးကြော်ငြာတွင် ကွယ်လွန်သူ၏ နေအိမ်လိပ်စာအား ဖော်ပြခဲ့ရာ၌ 'တိုက်(စီ)၊ အခန်း(၁)၊ ရွှေအင်ကြင်းရိပ်မွန်၊ သံသုမာလမ်းနှင့် ဝေဇယန္တာလမ်းဆုံ၊ သဃ်ာန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့'ဟု မှားယွင်းဖော်ပြခဲ့ပြီး လိပ်စာအမှန်မှာ 'တိုက်(ပီ)၊ အခန်း(၁)၊ ရွှေအင်ကြင်းရိပ်မွန်၊ သံသုမာလမ်းနှင့် ဝေဇယန္တာလမ်းဆုံ၊ သဃ်ာန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့' ဖြစ်ပါကြောင်း ပြင်ဆင်ဖော်ပြအပ်ပါသည်။ အဆိုပါမှားယွင်းဖော်ပြခဲ့မှုအတွက် သက်ဆိုင်သူများအား အနူးအညွတ်တောင်းပန်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးစောလှထွန်းနှင့်ကျန်ရစ်သူမိသားစု**

# ပြည်ပသတင်းဌာနအချို့မှ သတင်းရေးသားထုတ်လွှင့်ဖော်ပြခဲ့သည့် Zafor Alam ၏ ပြောကြားချက်နှင့်ပတ်သက်ပြီး သက်ဆိုင်ရာတာဝန်ရှိသူများက အဖြစ်မှန်ဖော်ထုတ်နိုင်ရေး စုံစမ်းမှုပြုလုပ်လျက်ရှိ



၂၀၁၆ ခုနှစ်က Zafor Alam နှင့် မိသားစုအား တွေ့ရစဉ်




ပြည်ပသတင်းမီဒီယာအချို့တွင် တွေ့ဆုံပြောကြားခဲ့သော Zafor Alam ဆိုသူအား တွေ့ရစဉ်

**နေပြည်တော် ဇန်နဝါရီ ၁၉**

ပြည်ပသတင်းဌာနအချို့တွင် နတ်မြစ်အတွင်း ၁၆ လသားအရွယ် မိုဟာမက်ရှုဟာဘတ် သေဆုံးနေသည့် သတင်းနှင့် ၎င်း၏ဖခင် Zafor Alam ၏ ပြောကြားချက်ကို သတင်းထုတ်လွှင့်ဖော်ပြခဲ့မှုနှင့် ပတ်သက်ပြီး သက်ဆိုင်ရာတာဝန်ရှိသူများက စုံစမ်းစစ်ဆေးခဲ့ရာ လက်တွေ့မြေပြင်တွင် ဖြစ်စဉ်မရှိခဲ့သည့်အတွက် ဖြစ်စဉ်မှန် တိတိကျကျဖော်ထုတ်နိုင်ရေး ဆက်လက်စုံစမ်းမှုပြုလုပ်လျက်ရှိကြောင်း သိရသည်။

မောင်တောဒေသမှ ဘင်္ဂလားဒေ့ရှ်ဘက်သို့ ထွက်ပြေးလာသည့် လှေအား မြန်မာနိုင်ငံနယ်ခြားစောင့်ရဲတပ်ဖွဲ့မှ ပစ်ခတ်မှုကြောင့် ကလေးငယ်များအပါအဝင် ၁၅ ဦးထက်မနည်း သေဆုံးခဲ့ပြီး ထိုသေဆုံးသူများထဲတွင် ၁၆ လသားအရွယ်ကလေးငယ်ပါဝင်ကြောင်း၊ အဆိုပါ ၁၆ လသားအရွယ် မိုဟာမက်ရှုဟာဘတ် သေဆုံးနေသည့်ပုံအား အခြားသူများက ဓာတ်ပုံရိုက်ယူပြီး ဘင်္ဂလားဒေ့ရှ်နိုင်ငံ LADA ဒုက္ခသည်စခန်းတွင် ရောက်ရှိနေသည့် ဖခင်ဖြစ်သူ Zafor Alam ထံသို့ပေးပို့ခဲ့ကြောင်းကို ပြည်ပသတင်းဌာနအချို့မှ သတင်းရေးသားထုတ်လွှင့်ဖော်ပြခဲ့သည်။ *စာမျက်နှာ ၅ ကော်လံ ၁* ◆

# မွန်ပြည်နယ်မှ သာယာလှသည့် စက်စဲကမ်းခြေအပန်းဖြေစခန်း

■ **ခရမ်းစိုးမြင့်**

**သံဖြူဇရပ် ဇန်နဝါရီ ၁၉**

မွန်ပြည်နယ် သံဖြူဇရပ်မြို့နှင့် ၁၀ မိုင်ခန့်သာဝေးကွာသည့် စက်စဲကမ်းခြေအပန်းဖြေစခန်းဖြစ်သည်။ ယခုအခါ ပွင့်လင်းရာသီသို့ ရောက်ရှိနေပြီဖြစ်၍ မွန်ပြည်နယ်၏ မြို့တော် မော်လမြိုင်သို့ ရောက်ရှိလာကြသော ဘုရားဖူးနှင့်ဒေသန္တရဗဟုသုတရှာမှီးကြသော ပြည်သူများအတွက် အပန်းဖြေအနားယူနိုင်သော ပင်လယ်ကမ်းခြေအပန်းဖြေစခန်းတစ်ခုဖြစ်သည်။

မော်လမြိုင်မြို့မှ မိုင် ၅၀ သာ ဝေးကွာသောကြောင့် ဝင်းစိန်တောရသာသနနယ်မြေမှ ဗုဒ္ဓရုပ်ပွားဆင်းတုတော်များနှင့် *စာမျက်နှာ ၉ ကော်လံ ၅* ✳



စက်စဲကမ်းခြေအပန်းဖြေစခန်း၌ ပြည်သူများလာရောက်အပန်းဖြေ အနားယူကြစဉ်

ယနေ့ မာတိကာ

ကုလသမဂ္ဂ၏ မြန်မာနိုင်ငံလူ့အခွင့်အရေး အခြေအနေဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ မစ္စရန်ဟီလီ ပြည်ထောင်စုဝန်ကြီးများ၊ လွှတ်တော်ကော်မတီအသီးသီးမှ အဖွဲ့ဝင်များနှင့် သီးခြားစီတွေ့ဆုံ စာ ၄

ပြင်သစ်၊ ဂျာမနီနှင့် ရုရှား ခေါင်းဆောင်များ မင့်စ်သဘောတူညီချက်အရေး ဆွေးနွေး စာ ၁၀

အရှေ့တောင်အာရှတံခွန်စိုက်မြားပစ်ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်ရန် အားကစားသမားများရောက်ရှိ စာ ၁၄



# မြန်မာနိုင်ငံကုမ္ပဏီများဥပဒေကြမ်း

*(ယမန်နေ့မှအဆက်)*

(ခ) ဤပုဒ်မ၏ ပုဒ်မခွဲ(က)နှင့် စပ်လျဉ်း၍တရားရုံးမှ အောက်ပါအမိန့်တစ်ရပ် သို့မဟုတ် အမိန့်များကို ချမှတ်နိုင်သည်-

(၁) ကြွေးမြီတင်ရှိနေသည့်ပုဂ္ဂိုလ်တစ်ဦးကို သက်ဆိုင်သည့်ပုဂ္ဂိုလ် သို့မဟုတ် ၎င်း၏ တွဲဖက်လုပ်ကိုင်သူ တစ်ဦးဦးထံသို့ ကြွေးမြီအားလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကို ဖြစ်စေ ပေးချေခြင်းမှလည်းကောင်း၊ ကြွေးမြီတင်ရှိနေသည့် ပုဂ္ဂိုလ်၏ ညွှန်ကြားချက် သို့မဟုတ် တောင်းဆိုချက်အရ အခြားပုဂ္ဂိုလ်တစ်ဦးဦးသို့ ငွေပေးချေခြင်းမှလည်းကောင်း တားမြစ်သည့်အမိန့်၊

(၂) သက်ဆိုင်သည့်ပုဂ္ဂိုလ်၏ကိုယ်စား သို့မဟုတ် ၎င်း၏ တွဲဖက်လုပ်ကိုင်သူ တစ်ဦး၏ကိုယ်စား ငွေကြေး သို့မဟုတ် အခြားပစ္စည်းများကို လက်ဝယ်ထားရှိသူတစ်ဦးကို ငွေကြေး သို့မဟုတ် အခြားပစ္စည်းကို ကိုယ်စားလက်ဝယ်ထားရှိခွင့်ပြုသူ၏ ညွှန်ကြားချက် သို့မဟုတ် တောင်းဆိုချက်အရ အခြားပုဂ္ဂိုလ်တစ်ဦးဦးထံသို့ ငွေကြေးအားလုံးကိုဖြစ်စေ၊ တစ်ရပ်ရပ်ကိုဖြစ်စေ ပေးချေခြင်းမှ လည်းကောင်း၊ အခြားပစ္စည်းများကို လွှဲပြောင်းခြင်း သို့မဟုတ် ပိုင်ဆိုင်မှုကို ခွဲဝေပေးခြင်းမှ လည်းကောင်း တားမြစ်သည့်အမိန့်၊

(၃) သက်ဆိုင်သည့်ပုဂ္ဂိုလ် သို့မဟုတ် ၎င်း၏တွဲဖက်လုပ်ကိုင်သူ တစ်ဦးဦး၏ ငွေကြေးများကို တစ်ဦးတစ်ယောက်က နိုင်ငံတော်၏ပြင်ပသို့ယူဆောင်ခြင်းကိုဖြစ်စေ၊ ပို့ဆောင်ခြင်းကိုဖြစ်စေ တားမြစ်သည့်အမိန့်၊

(၄) သက်ဆိုင်သည့်ပုဂ္ဂိုလ် သို့မဟုတ် ၎င်း၏ တွဲဖက်လုပ်ကိုင်သူ တစ်ဦးဦး၏ ပစ္စည်းကို တစ်ဦးတစ်ယောက်က နိုင်ငံတော်၏ပြည်တွင်းတစ်နေရာမှ နိုင်ငံတော်၏ ပြင်ပတစ်နေရာသို့ ယူဆောင်ခြင်း၊ ပေးပို့ခြင်း သို့မဟုတ် လွှဲပြောင်းခြင်းကို တားမြစ် သည့်အမိန့်၊

(၅) ခန့်အပ်သည့်အမိန့် -

(ကက) သက်ဆိုင်သည့်ပုဂ္ဂိုလ်သည် လူပုဂ္ဂိုလ်ဖြစ်လျှင်၊ ထိုသူ၏ ပစ္စည်း သို့မဟုတ် ထိုသူ၏ပစ္စည်း တစ်စိတ်တစ်ဒေသနှင့် စပ်လျဉ်း၍ တရားရုံးက ချမှတ်သည့်အမိန့်အရ အခွင့်အာဏာများရရှိသည့် ပစ္စည်းလက်ခံထိန်းသိမ်းသူ သို့မဟုတ် ယုံကြည်အပ်နှံခြင်းခံရသူအား ခန့်အပ်သည့် အမိန့်၊ သို့မဟုတ်

(ခခ) သက်ဆိုင်သည့်ပုဂ္ဂိုလ်သည် ကုမ္ပဏီအပါအဝင် အဖွဲ့အစည်းတစ်ခုဖြစ်လျှင်၊ ထိုသူ၏ပစ္စည်း သို့မဟုတ် ထိုသူ၏ပစ္စည်း တစ်စိတ်တစ်ဒေသနှင့်စပ်လျဉ်း၍ တရားရုံးက ချမှတ်သည့်အမိန့်အရ အခွင့်အာဏာများ ရရှိသည့် ပစ္စည်းလက်ခံထိန်းသိမ်းသူ သို့မဟုတ် တရားဝင်ခန့်အပ်ထားသည့် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ ခန့်အပ်သည့်အမိန့်၊

(၆) သက်ဆိုင်သည့်ပုဂ္ဂိုလ်သည် လူပုဂ္ဂိုလ်ဖြစ်လျှင်၊ တရားရုံးက သင့်သည် ထင်မြင်သည့်အတိုင်း ထိုသူ၏ နိုင်ငံကူးလက်မှတ်နှင့် အခြားစာရွက်စာတမ်းများကို တရားရုံးသို့ တင်ပြစေရန် ချမှတ်သည့် အမိန့်၊ သို့မဟုတ်

(၇) သက်ဆိုင်သည့်ပုဂ္ဂိုလ်သည် လူပုဂ္ဂိုလ်ဖြစ်လျှင်၊ ထိုသူကို တရားရုံး၏ ခွင့်ပြုချက်မပါရှိဘဲ နိုင်ငံတော်အတွင်းမှ ထွက်ခွာခြင်းကို တားမြစ်သည့်အမိန့်။

(ဂ) ဤပုဒ်မ၏ ပုဒ်မခွဲ(ခ)အရ ပြုမူဆောင်ရွက်မှုများကို တားမြစ်ရန် အပြည့်အဝဖြင့်သော်လည်းကောင်း၊ ခြွင်းချက်ဖြင့်သော်လည်းကောင်း အမိန့်ချမှတ်နိုင်သည်။

(ဃ) ဤပုဒ်မ၏ ပုဒ်မခွဲ(က)အရ အမိန့်တစ်ရပ်ရပ်ကို ချမှတ်ပေးနိုင်ရေးအတွက် လျှောက်ထားမှုကို တရားရုံးသို့ တင်ပြရာတွင် တရားရုံးက ဆောင်ရွက်သင့်သည်ဟု ထင်မြင်ပါက လျှောက်ထားမှုကို ဆုံးဖြတ်ခြင်းမပြုမီ တရားရုံးသည် လျှောက်ထားမှုကို ဆုံးဖြတ်ရန် အချိန်ရွှေ့ဆိုင်းကြောင်း ဖော်ပြပါရှိစေမည့် ကြားဖြတ်အမိန့်တစ်ရပ်ကို ချမှတ်နိုင်သည်။

(င) ဤပုဒ်မ၏ ပုဒ်မခွဲ(က)အရ လျှောက်ထား တင်ပြလာသည့်အခါ တရားရုံးသည် လျှောက်ထားသူကို ဖြစ်စေ၊ အခြားသူတစ်ဦးဦးကိုဖြစ်စေ ပုဒ်မခွဲ(ဃ)အရ ကြားဖြတ်အမိန့်တစ်ရပ် ချမှတ်သည့် စည်းကမ်းချက် တစ်ရပ်အဖြစ် နစ်နာမှုများနှင့်စပ်လျဉ်း၍ တာဝန်ယူမှု ပြုလုပ်စေခြင်း မရှိစေရ။

(စ) တရားရုံးသည် တစ်ဦးတစ်ယောက်၏ လျှောက်ထားမှုအပေါ် ဤပုဒ်မအရ အမိန့်တစ်ရပ် ချမှတ်သည့်အခါ ထိုသူကဖြစ်စေ၊ ချမှတ်သည့်အမိန့်နှင့် သက်ဆိုင်သည့် သူကဖြစ်စေ လျှောက်ထားတင်ပြလာလျှင် တရားရုံးသည် ပထမချမှတ်ထားသည့် အမိန့်ကိုပယ်ဖျက်သည့် သို့မဟုတ် ပြင်ဆင်သည့် အမိန့်တစ်ရပ်အား ထပ်မံချမှတ်နိုင်သည်။

(ဆ) ဤပုဒ်မ၏ပုဒ်မခွဲ (က) သို့မဟုတ် (ဂ) တို့အရ ချမှတ်သည့် အမိန့်တစ်ရပ်တွင် သတ်မှတ်ဖော်ပြထားသည့် အချိန်ကာလတစ်ရပ်အထိ သို့မဟုတ် ဤပုဒ်မအရ အခြားအမိန့်တစ်ရပ်ဖြင့် ထိုအမိန့်အား ပယ်ဖျက်သည့် အချိန်ကာလအထိ အကျိုးသက်ရောက်ကြောင်း ဖော်ပြနိုင်သည်။

၄၄၆။ **တားမြစ်မိန့်များ ချမှတ်နိုင်သည့် အခွင့်အာဏာများ**

(က) တစ်ဦးတစ်ယောက်သည် အောက်ပါအခြေအနေတစ်ရပ်ရပ်ကို ကျူးလွန်ခဲ့သည့်၊ ကျူးလွန်နေသည့် သို့မဟုတ် ကျူးလွန်မည့် အပြုအမူကို ပြုလုပ်ခဲ့လျှင် သို့မဟုတ် ပြုလုပ်နေလျှင် သို့မဟုတ် ပြုလုပ်မည့်အခြေအနေရှိလျှင် မှတ်ပုံတင်အရာရှိ သို့မဟုတ် ထိုအပြုအမူကြောင့် အကျိုးခံစားခွင့် ထိခိုက်နစ်နာသူ သို့မဟုတ် နစ်နာမည့်သူတစ်ဦးဦး၏ လျှောက်ထားချက်အရ တရားရုံးသည် သင့်သည်ထင်မြင်သည့် စည်းကမ်းချက်များ သတ်မှတ်၍ ဖော်ပြပါပုဂ္ဂိုလ်က အဆိုပါအပြုအမူများကို ဆောင်ရွက်ခြင်းမှ တားမြစ်သည့် အမိန့်တစ်ရပ်ကို ချမှတ်နိုင်သည့်အပြင် တရားရုံးက ဆောင်ရွက်ရန် လိုအပ်သည်ဟု ထင်မြင်သည့်အတိုင်း ထိုသူကိုပြုလုပ်မှု သို့မဟုတ် ကိစ္စတစ်ရပ်ရပ်ကို ဆောင်ရွက်စေနိုင်သည်-

(၁) ဤဥပဒေကို ဆန့်ကျင်ဆောင်ရွက်ခြင်း၊

(၂) ဤဥပဒေကို ဆန့်ကျင်ဆောင်ရွက်ရန် အားထုတ်ခြင်း၊

(၃) ဤဥပဒေကို ဆန့်ကျင်ဆောင်ရွက်ရန်အတွက် တစ်ဦးတစ်ယောက်ကို ကူညီခြင်း၊ အားပေးကူညီခြင်း၊ အကြံပေးခြင်း သို့မဟုတ် တိုက်တွန်းခြင်း၊

(၄) ဤဥပဒေကို ဆန့်ကျင်ဆောင်ရွက်ရန်အတွက် တစ်ဦးတစ်ယောက်ကို ခြိမ်းခြောက်၍ဖြစ်စေ၊ ကတိပြု၍ သို့မဟုတ် အခြားနည်းဖြင့် ဆောင်ရွက်၍ ဖြစ်စေ၊ သွေးဆောင်ခြင်း သို့မဟုတ် သွေးဆောင်ရန် အားထုတ်ခြင်း၊

(၅) ဤဥပဒေကို တစ်ဦးတစ်ယောက်က ဆန့်ကျင်ဆောင်ရွက်ရာတွင် တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း အကြောင်းတစ်ရပ်ရပ်ဖြင့် ပါဝင်ပတ်သက်ခဲ့ခြင်း သို့မဟုတ် ပါဝင်ဆောင်ရွက်ခဲ့ခြင်း၊

(၆) ဤဥပဒေကို ဆန့်ကျင်ဆောင်ရွက်ရန်အတွက် အခြားသူများနှင့် ပူးပေါင်းကြံစည်ခဲ့ခြင်း၊

(ခ) တစ်ဦးတစ်ယောက်သည် ဤဥပဒေအရ ဆောင်ရွက်ရမည့် ပြုလုပ်မှု သို့မဟုတ် ကိစ္စရပ်ကို ဆောင်ရွက်ရန် ငြင်းဆိုခဲ့လျှင် သို့မဟုတ် ပျက်ကွက်ခဲ့လျှင်ဖြစ်စေ၊ ငြင်းဆိုနေလျှင် သို့မဟုတ် ပျက်ကွက်နေလျှင်ဖြစ်စေ၊ ငြင်းဆိုမည့် သို့မဟုတ် ပျက်ကွက်မည့် အခြေအနေရှိလျှင်ဖြစ်စေ၊ တရားရုံးသည် -

(၁) မှတ်ပုံတင်အရာရှိ၏ လျှောက်ထားမှုအရ၊ သို့မဟုတ်

(၂) အဆိုပါ ပြုလုပ်မှု သို့မဟုတ် ကိစ္စရပ်ကို ဆောင်ရွက်ရန် ငြင်းဆိုခြင်း သို့မဟုတ်

ပျက်ကွက်ခြင်းကြောင့် အကျိုးခံစားခွင့်များ ထိခိုက်နစ်နာသည့် သို့မဟုတ် ထိခိုက်နစ်နာမည့် ပုဂ္ဂိုလ်တစ်ဦးဦးက လျှောက်ထားမှုအရ သင့်သည်ထင်မြင်သည့် စည်းကမ်းချက်များဖြင့် ထိုသူအား အဆိုပါ ပြုလုပ်မှု သို့မဟုတ် ကိစ္စရပ်ကို ဆောင်ရွက်စေရန် တားမြစ် အမိန့် တစ်ရပ် ချမှတ်နိုင်သည်။

(ဂ) ဤပုဒ်မ၏ပုဒ်မခွဲ (က) သို့မဟုတ် (ခ) တို့အရ တားမြစ်အမိန့်တစ်ရပ်ရပ် ချမှတ်ပေးနိုင်ရေးအတွက် လျှောက်ထားလာလျှင် တရားရုံးက ထိုသို့လျှောက်ထားမှုမှာ သင့်လျော်သည်ဟု ဆုံးဖြတ်ပါက အဆိုပါပုဒ်မခွဲပါ ပြဋ္ဌာန်းချက်ကို လိုက်နာဆောင်ရွက်မည်၊ မဆောင်ရွက်မည်ကို ထည့်သွင်းစဉ်းစားရန် မလိုဘဲ စစ်ဆေးဆောင်ရွက်နေသည့် ကိစ္စရပ်မှ အမှုသည်များ၏ သဘောတူဆန္ဒဖြင့် တားမြစ်အမိန့်တစ်ရပ်အား ချမှတ်နိုင်သည်။

(ဃ) တရားရုံးသည် ဤပုဒ်မ၏ ပုဒ်မခွဲ (က) သို့မဟုတ် (ခ) တို့အရ ချမှတ်ထားသည့် တားမြစ်အမိန့် တစ်ရပ်ရပ်ကို ပယ်ဖျက်နိုင်သည် သို့မဟုတ် ပြင်ဆင်နိုင်သည်။

(င) မှတ်ပုံတင်အရာရှိက ဤပုဒ်မအရ တားမြစ်အမိန့်တစ်ရပ် ချမှတ်ပေးနိုင်ရေးအတွက် တရားရုံးသို့ တင်ပြလျှောက်ထားလာသည့်အခါ၊ တရားရုံးသည် လျှောက်ထားသူကိုဖြစ်စေ၊ အခြားသူတစ်ဦးဦးကိုဖြစ်စေ ကြားဖြတ်အမိန့်တစ်ရပ်ချမှတ်သည့် စည်းကမ်းချက်တစ်ရပ်အဖြစ် နစ်နာမှုများနှင့်စပ်လျဉ်း၍ တာဝန်ယူမှု ပြုလုပ်စေခြင်း မရှိစေရ။

(စ) တစ်ဦးတစ်ယောက်ကို ဤပုဒ်မအရ တရားစွဲဆို စစ်ဆေးဆောင်ရွက်ရာတွင် တရားရုံးသည် ထိုသူနှင့် စပ်လျဉ်း၍ ပုဒ်မ ၄၄၅ အရ အမိန့်တစ်ရပ် ချမှတ်နိုင်သည်။

(ဆ) ဤပုဒ်မအရ တရားရုံးသည် တစ်ဦးတစ်ယောက်အား သီးခြားအပြုအမူတစ်ရပ်ကို ဆောင်ရွက်ခြင်းမှ တားမြစ်ခြင်း၊ သို့မဟုတ် သီးခြားပြုလုပ်မှုကိုဖြစ်စေ၊ ကိစ္စရပ်ကိုဖြစ်စေ ဆောင်ရွက်စေခြင်းတို့အတွက် တားမြစ်အမိန့်တစ်ရပ်ကို ချမှတ်နိုင်သည့် အခွင့်အာဏာရှိရာ တရားရုံးသည် တားမြစ်အမိန့်ချမှတ်ရန် အတွက် ဖြည့်စွက်၍ လည်းကောင်း၊ အစားထိုး၍ လည်းကောင်း နစ်နာမှုများ အတွက် ထိုသူက အခြားသူသို့ ငွေပေးချေစေရန် အမိန့်ချမှတ်နိုင်သည်။

၄၄၇။ **တရားရုံး၏ အခြားသော အခွင့်အာဏာများကို ကန့်သတ်ထားမှုမရှိခြင်း**

ဤအခန်းတွင် ပါရှိသော မည်သည့် ပြဋ္ဌာန်းချက်ကမျှ ဤအခန်းပါ အခွင့်အာဏာများ အပြင် တရားရုံးကရရှိသည့် အခွင့်အာဏာများကို ထိခိုက်စေခြင်း မရှိစေရ။

**မှုခင်းများ စစ်ဆေးဆောင်ရွက်ရာတွင် စာရင်းစာအုပ်များကို အသုံးပြုခြင်း နှင့် စာရင်းစာအုပ် အမျိုးအစား**

၄၄၈။ **စာရင်းစာအုပ်များကို သက်သေခံအဖြစ် တင်ပြခွင့်ပြုခြင်း**

(က) ဤဥပဒေပါ ပြဋ္ဌာန်းချက်များတစ်ရပ်ရပ်အရ ကုမ္ပဏီက ထိန်းသိမ်းပြုစု ထားရှိရသော စာရင်းစာအုပ်မူရင်းတစ်ခုခုကို မည်သည့် မှုခင်းစစ်ဆေး ဆောင်ရွက်ခြင်းတွင်မဆို သက်သေခံအဖြစ် တင်ပြခွင့်ရှိပြီး ယင်းစာရင်း စာအုပ်သည် ၎င်းတွင်ဖော်ပြထားသော သို့မဟုတ် မှတ်တမ်းတင်ထားသော ကိစ္စရပ်များအတွက် မြင်သာသော အထောက်အထားရှိပြီးဖြစ်သည့် သက်သေခံချက်တစ်ရပ် ဖြစ်စေရမည်။

(ခ) ကုမ္ပဏီတစ်ခုက ထိန်းသိမ်းထားရှိရမည့် မူရင်းစာရင်းစာအုပ်အဖြစ် ပြုလုပ်ထားသော စာရွက်စာတမ်းတစ်ရပ်ရပ်သည် ဆန့်ကျင်ကွဲလွဲမှုတစ်စုံတစ်ရာ မရှိခဲ့လျှင် ဤပုဒ်မ၏ ပုဒ်မခွဲ (က) တွင် ဖော်ပြထားသည့်အတိုင်း ထိန်းသိမ်းထားသော စာရင်းစာအုပ်တစ်အုပ် ဖြစ်သည်။

၄၄၉။ **စာရင်းစာအုပ်အမျိုးအစားများနှင့် သက်သေခံအထောက်အထားတန်ဖိုး**

(က) ဤဥပဒေအရ ထိန်းသိမ်းထားရှိရန် သို့မဟုတ် ပြုစုထားရှိရန် လိုအပ်သည့် စာရင်းစာအုပ်များကို အောက်ပါအတိုင်း ထိန်းသိမ်းထားရှိရမည် သို့မဟုတ် ပြုစုထားရှိရမည် -

(၁) ချုပ်ထားသောစာအုပ် သို့မဟုတ် ချုပ်၍မထားဘဲ စည်းနှောင်ထားသော စာအုပ်တွင် ရေးသွင်းမှုများပြုလုပ်ခြင်း၊ သို့မဟုတ်

(၂) သက်ဆိုင်သည့်ကိစ္စရပ်များကို စက်ပစ္စည်းဖြင့်ဖြစ်စေ၊ အီလက်ထရွန်နစ်နည်းဖြင့်ဖြစ်စေ သို့မဟုတ် အခြားပစ္စည်းတစ်မျိုးမျိုးဖြင့်ဖြစ်စေ မှတ်တမ်း တင်ထားရှိခြင်း သို့မဟုတ် သိမ်းဆည်းထားခြင်း၊ သို့မဟုတ်

(၃) မှတ်ပုံတင်အရာရှိက အတည်ပြုလက်ခံသော အခြားနည်းလမ်း တစ်ရပ်ရပ်ဖြင့် ပြုစုထားခြင်း။

(ခ) ဤပုဒ်မ၏ ပုဒ်မခွဲ(က)ပါ ပြဋ္ဌာန်းချက်များသည် အောက်ပါအတိုင်း ဆောင်ရွက်ထားခြင်းမရှိခဲ့လျှင်၊ စာရင်းစာအုပ်ကို စက်ပစ္စည်းဖြင့်ဖြစ်စေ၊ အီလက်ထရွန်နစ်နည်းဖြင့်ဖြစ်စေ သို့မဟုတ် အခြားပစ္စည်းတစ်မျိုးမျိုးဖြင့်ဖြစ်စေ ထိန်းသိမ်းထားရှိခြင်း သို့မဟုတ် ပြုစုထားရှိခြင်းကို ခွင့်မပြုရ-

(၁) မှတ်တမ်းတင်ထားသော သို့မဟုတ် သိမ်းဆည်းထားသော ကိစ္စရပ်များသည် မည်သည့်အချိန်တွင်မဆို စာဖြင့် ရေးသားပြုစုထားသည့် ပုံစံအနေဖြင့် ပြန်လည်ရယူနိုင်သည့် အခြေအနေတွင်ရှိခြင်း၊ သို့မဟုတ်

(၂) အဆိုပါကိစ္စရပ်များကို မှတ်ပုံတင်အရာရှိက အတည်ပြုလက်ခံသော စာဖြင့် ရေးသားပြုစုထားသည့်ပုံစံအနေဖြင့် ပြန်လည်ရယူထားခြင်း။

(ဂ) ကုမ္ပဏီတစ်ခုသည် ဤဥပဒေအရ ၎င်းအနေဖြင့် ထိန်းသိမ်းထားရှိရသော သို့မဟုတ် ပြုစုထားရှိရသော စာရင်းစာအုပ်တစ်ရပ်ရပ် သို့မဟုတ် စာရင်းစာအုပ်၏ တစ်စိတ်တစ်ဒေသကို ထိခိုက်ပျက်စီးမှု၊ ဖျက်ဆီးမှု၊ သို့မဟုတ် အချက်အလက်များ မှားယွင်းစေရန် ပြင်ဆင်မှုများ မဖြစ်ပေါ်စေရန်အတွက် သော်လည်းကောင်း၊ ယင်းစာရင်းစာအုပ်ရှိ အချက်အလက်မှားယွင်းမှုများကို ဖော်ထုတ်ရန်အတွက်သော်လည်းကောင်း သတ်မှတ်ဖော်ပြထားသည့်အတိုင်း ကြိုတင်ဆောင်ရွက်မှုများရှိခဲ့လျှင် အဆိုပါ ဆောင်ရွက်မှုများ အပါအဝင် ထိုက်သင့်သည့် ကြိုတင်ဆောင်ရွက်မှုများအားလုံးကို ပြုလုပ်ဆောင်ရွက်ထား ရမည်။

(ဃ) ကုမ္ပဏီတစ်ခုသည်အကြောင်းကိစ္စရပ်များကို စက်ပစ္စည်းဖြင့်ဖြစ်စေ၊ အီလက်ထရွန်နစ်နည်းဖြင့်ဖြစ်စေ သို့မဟုတ် အခြားပစ္စည်းတစ်မျိုးမျိုးဖြင့်ဖြစ်စေ မှတ်တမ်းတင်ထားရှိသည့်အခါ သို့မဟုတ် ထိန်းသိမ်းထားရှိသည့်အခါ အဆိုပါ အကြောင်းကိစ္စများ ပါဝင်သော စာရင်းစာအုပ်ကို စစ်ဆေးကြည့်ရှုနိုင်စေရန် သို့မဟုတ် အဆိုပါအကြောင်းကိစ္စများ ပါဝင်သော စာရင်းစာအုပ်တစ်ခုလုံးကို ဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ မိတ္တူများ ကူးယူနိုင်စေရန် ဤဥပဒေအရ ဆောင်ရွက်ပေးရမည့် တာဝန်တစ်ရပ်ရပ်သည် စာဖြင့် ရေးသားထားသည့်ပုံစံဖြင့်ထားရှိသော အကြောင်းကိစ္စများကို စစ်ဆေးကြည့်ရှုနိုင်စေရန် သို့မဟုတ် ထိုအကြောင်း ကိစ္စတစ်ရပ်လုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ စာဖြင့်ရေးသားထားပြီး ရှင်းလင်းကောင်းမွန်သည့်ပုံစံဖြင့် ရယူထားရှိသော စာရွက်စာတမ်းကို ပြုစုပေးနိုင်စေရန်အတွက် ပြုလုပ်ပေးရမည့် တာဝန်တစ်ရပ် အဖြစ် အဓိပ္ပာယ်ကောက်ယူရမည်။

(င) ဤပုဒ်မ၏ပုဒ်မခွဲ(ဃ) အရ ပြုစုထားရှိရမည့် စာရွက်စာတမ်းများတွင် ပါဝင်သော သတင်းအချက်အလက်များကို အချိန်နှင့်တစ်ပြေးညီဖြစ်စေရန် မည်သို့ပြင်ဆင် ပြုစုရမည်ဟူသော ညွှန်ကြားချက်များကို မှတ်ပုံတင်အရာရှိက ထုတ်ပြန်နိုင်သည်။

(စ) အကယ်၍-

(၁) ဤဥပဒေပါ ပြဋ္ဌာန်းချက်များကြောင့် ဤဥပဒေအရ ထိန်းသိမ်းထားရှိရသည့် သို့မဟုတ် ပြုစုထားရှိရသည့် စာရင်းစာအုပ်သည် အကြောင်းကိစ္စတစ်ရပ်ရပ်အတွက် ထင်ရှားမြင်သာသော သက်သေခံ အထောက်အထားဖြစ်လျှင်၊ ၎င်းပြင်

*စာမျက်နှာ ၂ သို့*

*စာမျက်နှာ ၁ မှ*

(၂) အဆိုပါ စာရင်းစာအုပ် သို့မဟုတ် စာရင်းစာအုပ်၏ တစ်စိတ်တစ်ဒေသဖြစ်သည့် အကြောင်းကိစ္စရပ်များကို စက်ပစ္စည်းဖြင့်ဖြစ်စေ၊ အီလက်ထရွန်နစ်နည်းဖြင့်ဖြစ်စေ၊ အခြားပစ္စည်း တစ်မျိုးမျိုးဖြင့်ဖြစ်စေ ထိန်းသိမ်းထားရှိလျှင် သို့မဟုတ် မှတ်တမ်းတင်ထားရှိလျှင်။

ထိုသို့မှတ်တမ်းတင်ထားရှိသည့် သို့မဟုတ် ထိန်းသိမ်းထားသည့်အကြောင်းကိစ္စများကို ထုတ်ယူရရှိသည့် စာဖြင့် ရေးသားထားသော စာရွက်စာတမ်းသည် အဆိုပါ ကိစ္စရပ်အတွက် ထင်ရှားမြင်သာသော သက်သေခံအထောက်အထားဖြစ်သည်။

(ဆ) စက်ပစ္စည်းဖြင့်ဖြစ်စေ၊ အီလက်ထရွန်နစ်နည်းဖြင့်ဖြစ်စေ သို့မဟုတ် အခြားပစ္စည်း တစ်မျိုးမျိုးဖြင့်ဖြစ်စေ မှတ်တမ်းတင်ထားရှိသည့် သို့မဟုတ် ထိန်းသိမ်းထားရှိသည့် အကြောင်းကိစ္စတစ်ခုကို စာဖြင့်ရေးသားထုတ်ယူခြင်းသည် ဆန့်ကျင်ကွဲလွဲမှု တစ်စုံတစ်ရာမရှိလျှင် အဆိုပါအကြောင်းကိစ္စ၏ စာဖြင့်မှတ်တမ်းတင်ထားရှိသည့် အကြောင်းကိစ္စတစ်ရပ် ဖြစ်သည်ဟု သတ်မှတ်ရမည်။

**စာရွက်စာတမ်းများကို ပေးပို့ခြင်းနှင့် ၎င်းတို့သည် အစစ်အမှန်ဖြစ်ခြင်းအကြောင်း**

၄၅၀။ **ကုမ္ပဏီသို့ စာရွက်စာတမ်းများ ပေးပို့ခြင်း**

စာရွက်စာတမ်းများကို ပေးပို့ဆောင်ရွက်ရမည့် အခြားသောနည်းလမ်းတစ်ရပ်ရပ်ကို ကန့်သတ်တားမြစ်ထားခြင်း မရှိစေဘဲ စာရွက်စာတမ်းတစ်ရပ်ရပ်ကို ကုမ္ပဏီတစ်ခုသို့ အောက်ပါအတိုင်း ပေးပို့ဆောင်ရွက်နိုင်သည်-

(က) ကုမ္ပဏီ၏ မှတ်ပုံတင်ထားသောရုံးခန်းသို့ ကိုယ်တိုင်ပေးပို့ခြင်း သို့မဟုတ် စာတိုက်မှတစ်ဆင့် ပေးပို့ခြင်း၊ သို့မဟုတ်

(ခ) ပုဒ်မ ၄၂၁ အရ မှတ်ပုံတင်အရာရှိက ထိန်းသိမ်းထားရှိရသည့် မှတ်ပုံတင်စာရင်းတွင် ကုမ္ပဏီ၏ဒါရိုက်တာများအဖြစ် အမည်စာရင်းပါရှိသော ပုဂ္ဂိုလ်တစ်ဦးဦးထံသို့ ပေးပို့ခြင်း၊ သို့မဟုတ်

(ဂ) ကုမ္ပဏီ၏ စီးပွားရေးလုပ်ငန်းလုပ်ကိုင်သော အဓိကနေရာရှိ ကုမ္ပဏီ၏ ဝန်ထမ်းတစ်ဦးဦးထံသို့ ပေးပို့ခြင်း၊ သို့မဟုတ်

(ဃ) တရားစွဲဆိုစစ်ဆေးဆောင်ရွက်မှုတစ်ရပ်ရပ်တွင် စာပေးပို့ရန်အတွက် တရားရုံးက ညွှန်ကြားသည့်နည်းလမ်းများနှင့်အညီ ပေးပို့ခြင်း၊ သို့မဟုတ်

(င) ကုမ္ပဏီနှင့်ပြုလုပ်ထားသော သဘောတူညီချက်တစ်ရပ်ရပ်နှင့်အညီ ပေးပို့ခြင်း။

၄၅၁။ **မှတ်ပုံတင်အရာရှိထံသို့ စာရွက်စာတမ်းများပေးပို့ခြင်း**

စာရွက်စာတမ်းတစ်ခုခုကို မှတ်ပုံတင်အရာရှိထံသို့ ပေးပို့ဆောင်ရွက်ရာတွင် ၎င်းထံသို့ စာတိုက်မှတစ်ဆင့်သော်လည်းကောင်း၊ ကိုယ်တိုင်ပေးပို့ခြင်းဖြင့် သော်လည်းကောင်း၊ ၎င်း၏ရုံးခန်းသို့ပေးပို့ခြင်းဖြင့်သော်လည်းကောင်း ဆောင်ရွက်နိုင်သည်။

၄၅၂။ **စာရွက်စာတမ်းများ အစစ်အမှန်ဖြစ်ခြင်း**

စာရွက်စာတမ်း သို့မဟုတ် မှုခင်းဆောင်ရွက်မှုတစ်ရပ်ရပ်သည် အစစ်အမှန်ဖြစ်သည်ဟု ကုမ္ပဏီက ဖော်ပြနိုင်သည့် အခြားသောနည်းလမ်းတစ်ရပ်ရပ်ကိုဖြစ်စေ၊ ပုဒ်မ ၃၁ အရ ကုမ္ပဏီနှင့် ဆက်သွယ်ဆောင်ရွက်နေသော ပုဂ္ဂိုလ်တစ်ဦးဦးက ပြုလုပ်ဆောင်ရွက်ခွင့်ရှိသည့် ယူဆချက်များကိုဖြစ်စေ ကန့်သတ်တားမြစ်ထားခြင်း မရှိစေဘဲ၊ ကုမ္ပဏီက အစစ်အမှန်ဖြစ်သည်ဟု ဖော်ပြရန်လိုအပ်သော စာရွက်စာတမ်း သို့မဟုတ် မှုခင်းဆောင်ရွက်မှု တစ်ရပ်ရပ်ကို ကုမ္ပဏီ၏ ဒါရိုက်တာတစ်ဦးဦး၊ အတွင်းရေးမှူး သို့မဟုတ် အခြားသော အခွင့်အာဏာအပ်နှင်းခြင်းခံရသော အရာရှိတို့က လက်မှတ်ရေးထိုးနိုင်သည်။ ဤကိစ္စတွင် ရုံးတံဆိပ်ခတ်နှိပ်ရန် လိုအပ်ခြင်းမရှိ။

**အခန်း (၃၀) ပြစ်မှုများနှင့် ခုခံချေပခြင်းအကြောင်း**

**သီးခြားပြစ်မှုများ**

၄၅၃။ **မှားယွင်းသည့် ရေးသားဖော်ပြချက်အတွက် ပြစ်ဒဏ်**

မည်သူမဆို ဤဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်၏ ကိစ္စရပ်များအတွက် ပြုလုပ်ရန် လိုအပ်သည့် အစီရင်ခံစာ၊ အရှုံးအမြတ်စာရင်း၊ သက်သေခံလက်မှတ်၊ ငွေကြေးဆိုင်ရာ ရေးသားဖော်ပြချက်၊ သို့မဟုတ် အခြားစာရွက်စာတမ်းတစ်ရပ်ရပ်တွင် အရေးပါသော အချက်အလက်များနှင့် စပ်လျဉ်း၍ အဆိုပါအချက်အလက်များမှာ မှားယွင်းနေသည်ကို သိလျက်ဖြင့် မှားယွင်းဖော်ပြခြင်း၊ သို့မဟုတ် လွဲမှားစွာတင်ပြခြင်းတို့ကို တမင်ပြုလုပ်ခဲ့လျှင်၊ သို့မဟုတ် ထိုသို့ပြုလုပ်ရန် ခွင့်ပြုခဲ့လျှင်၊ သို့မဟုတ် အဆိုပါ စာရွက်စာတမ်းများမှ အကြောင်းအရာ တစ်ရပ်ရပ်ကို ချန်လှပ်ထားခြင်းသည် စာရွက်စာတမ်းကို မှားယွင်းစေခြင်း သို့မဟုတ် လွဲမှားစွာတင်ပြခြင်း ဖြစ်စေကြောင်း သိလျက်ဖြင့် ထိုသို့ ချန်လှပ်ထားခြင်း သို့မဟုတ် ထိုသို့ပြုလုပ်ရန် ခွင့်ပြုခြင်းတို့ကို ဆောင်ရွက်ခဲ့လျှင်၊ ထိုသူသည် ပုဒ်မ ၄၅၈၏ ပုဒ်မခွဲ(ဃ) အရ သတ်မှတ်သည့် ဒဏ်ငွေကို ပေးဆောင်ရမည်။

၄၅၄။ **ပစ္စည်းများကို မှားယွင်း၍ နုတ်ပယ်ထားခြင်း သို့မဟုတ် ဖျက်ဆီးခြင်းအတွက် ပြစ်ဒဏ်**

ကုမ္ပဏီ၏ ပစ္စည်းတစ်ရပ်ရပ်အား လက်ဝယ်ရှိခွင့်ကိုမှားယွင်း ရရှိထားသော၊ သို့မဟုတ် လက်ဝယ်ရရှိထားသည့် ထိုပစ္စည်းတစ်ရပ်ရပ်ကို မှားယွင်း၍ နုတ်ပယ်ခြင်း သို့မဟုတ် ဤဥပဒေ သို့မဟုတ် ကုမ္ပဏီ၏ အခြေခံစည်းမျဉ်း ပြဋ္ဌာန်းချက်များတွင် ဖော်ပြထားသော သို့မဟုတ် ညွှန်ကြားထားသော သို့မဟုတ် ခွင့်ပြုထားသော ကိစ္စရပ်မဟုတ်သော အခြားကိစ္စရပ်များအတွက် တမင်အသုံးပြုခဲ့သော ကုမ္ပဏီ၏ဒါရိုက်တာ၊ အခြားအရာရှိ သို့မဟုတ် ဝန်ထမ်းတစ်ဦးဦးသည် ကုမ္ပဏီ သို့မဟုတ် ကုမ္ပဏီ၏ မြီရှင် သို့မဟုတ် ကြွေးမြီပေးဆပ်ရသူတစ်ဦးဦးက တင်ပြတိုင်တန်းခဲ့ပါက ပုဒ်မ ၄၅၈ ၏ ပုဒ်မခွဲ(ဃ) အရ သတ်မှတ်သည့်ဒဏ်ငွေအတွက် ပြစ်ဒဏ်ထိုက်သင့်စေရမည်။ ၎င်းအပြင် တရားရုံးက သတ်မှတ်သည့် အချိန်ကာလအတွင်း မမှန်မကန် ရယူထားသော သို့မဟုတ် မှားယွင်း၍ နုတ်ပယ်ထားသော သို့မဟုတ် တမင်လွဲမှားစွာ အသုံးပြုထားသော အဆိုပါပစ္စည်းများကို ပြန်လည်ပေးအပ်စေရန် သို့မဟုတ် ငွေကြေး ပြန်လည်ပေးဆပ်စေရန် တရားရုံးက အမိန့်ချမှတ်နိုင်သည်။

၄၅၅။ **ဝန်ထမ်းများက အာမခံချက်များကို အလွဲအသုံးပြုခြင်းအတွက် ပြစ်ဒဏ်**

(က) ကုမ္ပဏီနှင့်ဆောင်ရွက်ထားသည့် တာဝန်ဆောင်ရွက်ခြင်းဆိုင်ရာ ပဋိညာဉ်စာချုပ်များအရ ကုမ္ပဏီ၏ဝန်ထမ်းများက ကုမ္ပဏီတွင် အပ်နှံထားရှိသည့် ငွေကြေး သို့မဟုတ် အာမခံချက်များအားလုံးကို သတ်မှတ်စီစဉ်ထားသည့် ဘဏ်တစ်ခုခုတွင် ထိုကိစ္စအတွက် ကုမ္ပဏီက ဖွင့်လှစ်ထားသည့် သီးခြားငွေစာရင်း၌ ကုမ္ပဏီက သိမ်းဆည်းထားရှိရမည် သို့မဟုတ် အပ်နှံထားရှိရမည်ဖြစ်ပြီး အဆိုပါငွေကြေး သို့မဟုတ် အာမခံချက်၏ မည်သည့်အစိတ်အပိုင်းကိုမျှ တာဝန်ဆောင်ရွက်ခြင်းဆိုင်ရာပဋိညာဉ် စာချုပ်တွင် သဘောတူညီထားသည့် ကိစ္စရပ်များအတွက်မှတစ်ပါး ကုမ္ပဏီက သုံးစွဲခြင်း မပြုရ။

(ခ) ကုမ္ပဏီ၏ဝန်ထမ်းများ သို့မဟုတ် ဝန်ထမ်းအမျိုးအစားတစ်ရပ်ရပ်အတွက် အိုနာစာရန်ပုံငွေတစ်ရပ်ကို ကုမ္ပဏီက တည်ထောင်ထားရှိသည့်အခါ အဆိုပါရန်ပုံငွေသို့ ကုမ္ပဏီကဖြစ်စေ၊ ဝန်ထမ်းများကဖြစ်စေ ထည့်ဝင်ထားသည့် ငွေကြေးများအားလုံး သို့မဟုတ် အဆိုပါရန်ပုံငွေသို့ အတိုး သို့မဟုတ် အခြားနည်းလမ်းတစ်ရပ်ရပ်အရ ရရှိသည့် ငွေကြေးများကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်က တရားဝင်လိုင်စင် ထုတ်ပေးထားသည့် ငွေရေးကြေးရေး အဖွဲ့အစည်းတစ်ခုခုတွင် ဖွင့်လှစ်ထားသည့် ငွေစာရင်း၌ အပ်နှံထားရှိရမည်၊ သို့မဟုတ် ယုံကြည်အပ်နှံရေးအက်ဥပဒေ ပုဒ်မ ၂၀ ၏ အပိုဒ် (က) မှ (င) အထိတို့တွင် ဖော်ပြပါရှိသော သို့မဟုတ် ရည်ညွှန်းဖော်ပြထားသော ငွေချေးသက်သေခံလက်မှတ်များအဖြစ် ရင်းနှီးမြှုပ်နှံမှုပြုလုပ်ရမည်ဖြစ်ပြီး အခြားသက်ဆိုင်ရာ ဥပဒေများနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

(ဂ) ဤပုဒ်မ၏ ပုဒ်မခွဲ(ခ) နှင့် သက်ဆိုင်သည့် ရန်ပုံငွေတစ်ရပ်ရပ် သို့မဟုတ် ကုမ္ပဏီနှင့် ယင်း၏ ဝန်ထမ်းများအကြား ပြုလုပ်ထားသည့် ပဋိညာဉ်စာချုပ်တစ်ရပ်ရပ်ပါ ရန်ပုံငွေတစ်ရပ်ရပ်နှင့် စပ်လျဉ်းသည့် စည်းမျဉ်းများနှင့် တစ်စုံတစ်ရာ ဆန့်ကျင်ခြင်းရှိစေကာမူ မည်သည့်ဝန်ထမ်းကမျှ ဤပုဒ်မ၏ ပုဒ်မခွဲ (ခ) ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ရင်းနှီးမြှုပ်နှံထားသည့် အဆိုပါ ရန်ပုံငွေတွင် ၎င်းထည့်ဝင်ထားသည့် ငွေပမာဏ အချိုးကျအတိုင်း အဆိုပါ ရင်းနှီးမြှုပ်နှံမှုမှရရှိသည့် အတိုးနှုန်းထက်ပိုမိုသော နှုန်းထားတစ်ရပ်ဖြင့် အတိုးငွေကို လက်ခံရရှိခွင့် မရှိစေရ။

(ဃ) ဝန်ထမ်းတစ်ဦးသည် ကုမ္ပဏီသို့ တင်ပြတောင်းဆို၍ ဤပုဒ်မ၏ ပုဒ်မခွဲ(က) နှင့် ပုဒ်မခွဲ(ခ)တို့တွင် ရည်ညွှန်းဖော်ပြထားသည့် ငွေကြေးအတွက် ဘဏ်လက်ခံပြေစာများ သို့မဟုတ် ငွေချေးသက်သေခံ လက်မှတ်တစ်ရပ်ရပ် ပိုင်ဆိုင်မှုအထောက်အထားများကို ကြည့်ရှုခွင့်ရှိသည်။

(င) ဤပုဒ်မပါ ပြဋ္ဌာန်းချက်များကို သိလျက်ဖြင့် ဆန့်ကျင်ဆောင်ရွက်သော သို့မဟုတ် ဆန့်ကျင်ဆောင်ရွက်ရန် ခွင့်ပြုသော သို့မဟုတ် ဆန့်ကျင်ဆောင်ရွက်စေသော ကုမ္ပဏီ၏ ဒါရိုက်တာသို့မဟုတ် အခြားအရာရှိတစ်ဦးဦးစီသည် ပုဒ်မ ၄၅၈၏ ပုဒ်မခွဲ(ဃ) အရ သတ်မှတ်သည့်ဒဏ်ငွေကို ပေးဆောင်ရမည်။

၄၅၆။ **"လီမိတက်" ဟူသောစကားရပ်ကို မလျော်မကန်သုံးစွဲမှုအတွက် ပြစ်ဒဏ်**

ပုဂ္ဂိုလ်တစ်ဦးတစ်ယောက် သို့မဟုတ် ပုဂ္ဂိုလ်များသည် ကူးသန်းရောင်းဝယ်ခြင်း သို့မဟုတ် စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းတို့ကို နောက်ဆုံးစာလုံးအဖြစ် "လီမိတက်"ဟူသော စကားရပ်ပါရှိသည့်အမည် သို့မဟုတ် ခေါင်းစဉ်တစ်ရပ်ရပ်ဖြင့် ဆောင်ရွက်ခဲ့လျှင် တာဝန်ကန့်သတ်ပြီး တရားဝင်ဖွဲ့စည်းတည်ထောင်ထားသည့် ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းမဟုတ်ပါက ထိုသူ သို့မဟုတ် ထိုသူများသည် ပုဒ်မ ၄၅၈ ၏ ပုဒ်မခွဲ(ဃ) အရ သတ်မှတ်သည့် ဒဏ်ငွေကို ပေးဆောင်ရမည်။

၄၅၇။ **စာရင်းစာအုပ်များ၏ အချက်အလက်များကို မှားယွင်းစေရန် ပြင်ဆင်မှုများအတွက် ပြစ်မှု**

(က) ကုမ္ပဏီတစ်ခု၏ အရာရှိ၊ ယခင်က တာဝန်ထမ်းဆောင်ခဲ့သော အရာရှိ၊ ဝန်ထမ်း၊ ယခင်က တာဝန်ထမ်းဆောင်ခဲ့သော ဝန်ထမ်း၊ ကုမ္ပဏီတွင်ပါဝင်သူ သို့မဟုတ် ကုမ္ပဏီတွင် ယခင်က ပါဝင်ခဲ့သူတစ်ဦးဦးသည် ကုမ္ပဏီက ပိုင်ဆိုင်သည့် သို့မဟုတ် ထုတ်ဝေသည့် ငွေချေးသက်သေခံ လက်မှတ်တစ်ရပ်ရပ် သို့မဟုတ် ကုမ္ပဏီ၏လုပ်ငန်းကိစ္စရပ်များနှင့် သက်ဆိုင်သည့် စာရင်းစာအုပ်တစ်ရပ်ရပ်၏ အချက်အလက်များကို ဖုံးကွယ်ခြင်း၊ ဖျက်ဆီးခြင်း၊ ချို့ယွင်းစေခြင်း သို့မဟုတ် မှားယွင်းစေရန် ပြင်ဆင်ခြင်းတို့ကို ပြုလုပ်မှုသည် ပြစ်မှုတစ်ရပ်ကို ကျူးလွန်ရာ ရောက်ပြီး ဤဥပဒေအရ ပြစ်မှုမြောက်သည်။

(ခ) ကုမ္ပဏီ၏ လုပ်ငန်းကိစ္စများနှင့် သက်ဆိုင်သော စာရင်းစာအုပ်များကို ထိန်းသိမ်းထားခြင်းနှင့် စပ်လျဉ်း၍ အသုံးပြုသည့် သို့မဟုတ် အသုံးပြုရန် ရည်ရွယ်ထားသည့် ကိစ္စရပ်ကို စက်ပစ္စည်းဖြင့်ဖြစ်စေ၊ အီလက်ထရွန်နစ် စက်ပစ္စည်းဖြင့်ဖြစ်စေ သို့မဟုတ် အခြားပစ္စည်း တစ်မျိုးမျိုးဖြင့်ဖြစ်စေ ဖတ်ရှုရန် ခက်ခဲသည့်ပုံစံဖြင့် မှတ်တမ်းတင်ထားရှိ သည့် သို့မဟုတ် ထိန်းသိမ်းထားရှိသည့် အခါ -

(၁) အရေးကြီးသည့်ကိစ္စရပ်များတွင် မှားယွင်းသည်ဟုလည်းကောင်း၊ သို့မဟုတ် လွဲမှား၍ တင်ပြထားသည်ဟုလည်းကောင်း သိရှိပြီး အဆိုပါ ပစ္စည်းများဖြင့် ထိုကိစ္စရပ်အား မှတ်တမ်းတင်ထားရှိသူ သို့မဟုတ် ထိန်းသိမ်းထားရှိသူ တစ်ဦးဦး၊

(၂) အဆိုပါပစ္စည်းဖြင့် မှတ်တမ်းတင်ထားရှိသော သို့မဟုတ် ထိန်းသိမ်းထားရှိသော ကိစ္စရပ်များ၊ သို့မဟုတ် အဆိုပါပစ္စည်းဖြင့် မှတ်တမ်းတင်ထားရှိရမည့် သို့မဟုတ် ထိန်းသိမ်းထားရှိရမည့် အခြားကိစ္စရပ်များကို မှတ်တမ်းတင်ထားရှိရန် သို့မဟုတ် ထိန်းသိမ်းထားရှိရန် ရည်ရွယ်၍ဖြစ်စေ၊ သို့မဟုတ် ၎င်းတို့ကို စုစည်းဆောင်ရွက်ခြင်း သို့မဟုတ် ပြန်လည်ပြုစုခြင်းတို့တွင် အသုံးပြုရန်အတွက်ဖြစ်စေ ပြုစုဆောင်ရွက်သည့် ကိစ္စရပ်များတွင် ဖျက်ဆီးခြင်း၊ ဖယ်ရှားခြင်း သို့မဟုတ် အချက်အလက်များကို မှားယွင်းစေရန် ပြင်ဆင်ခြင်းတို့ကို ဖြစ်စေသော အပြုအမူများကို ဆောင်ရွက်သူ တစ်ဦးဦး၊ သို့မဟုတ်

(၃) အဆိုပါပစ္စည်းဖြင့် အကြောင်းကိစ္စရပ်များကို မှတ်တမ်းတင်ထားရန် သို့မဟုတ် ထိန်းသိမ်းထားရှိရန် တာဝန်ရှိပြီး ထိုသို့လိုက်နာဆောင်ရွက်ရန် ပျက်ကွက်သူ တစ်ဦးဦးသည် -

(ကက) ထိုသို့ မှတ်တမ်းတင်ထားရှိရမည့် သို့မဟုတ် ထိန်းသိမ်းထားရှိရမည့် အကြောင်းကိစ္စရပ်များမှ အချက်အလက်အားလုံးကို ဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ မှားယွင်းစေရန် ရည်ရွယ်၍ ရေးသွင်းချက်များကို ပြုလုပ်ခြင်း သို့မဟုတ် ပြုစုခြင်း၊ သို့မဟုတ်

(ခခ) အကြောင်းကိစ္စရပ်များကို ထိုသို့ မှတ်တမ်းတင်ထားရှိရန် သို့မဟုတ် ထိန်းသိမ်းထားရှိရန် ပျက်ကွက်ခြင်းသည် ထိုသို့ မှတ်တမ်းတင်ထားသည့် သို့မဟုတ် ထိန်းသိမ်းထားသည့် အခြားသော သီးခြားအရေးကြီးသည့် အကြောင်းကိစ္စများတွင် မှားယွင်းစေမည်ဖြစ်ကြောင်း သို့မဟုတ် လွဲမှားစွာတင်ပြခြင်းဖြစ်စေကြောင်း သိရှိခြင်းသည်

ဤပုဒ်မပါ ပြဋ္ဌာန်းချက်ကို ဆန့်ကျင်ဆောင်ရွက်ရာ ရောက်သည်။

(ဂ) တရားပြိုင်သည် ပြစ်မှုမြောက်သော ပြုလုပ်မှု သို့မဟုတ် ပျက်ကွက်မှုဖြစ်ပေါ်စေသည့် အခြေအနေများအားလုံးကို သဘောရိုးဖြင့် ဆောင်ရွက်ခဲ့ကြောင်းနှင့် အပြစ်မှ ကင်းလွတ်ခွင့်ပြုသင့်ကြောင်း သက်သေထင်ရှား တင်ပြနိုင်လျှင် ဤပုဒ်မ၏ ပုဒ်မခွဲ (က) သို့မဟုတ် ပုဒ်မခွဲ(ခ) အရ ဖြစ်ပေါ်လာသည့် စွဲချက်တစ်ရပ်ရပ်ကို ခုခံချေပရာရောက်သည်။

(ဃ) ဤပုဒ်မပါ ပြဋ္ဌာန်းချက်များကို ပုဒ်မ ၄၅၃ ပါ ပြဋ္ဌာန်းချက်များကို ကန့်သတ်တားမြစ်ခြင်း မရှိစေဘဲ ကျင့်သုံးဆောင်ရွက်ရမည်။

**အထွေထွေ ပြစ်မှုများ**

၄၅၈။ **အထွေထွေ ပြစ်ဒဏ်ဆိုင်ရာ ပြဋ္ဌာန်းချက်များ**

(က) ကုမ္ပဏီအပါအဝင် တစ်ဦးတစ်ယောက်သည် -

(၁) ဤဥပဒေပါ ပြဋ္ဌာန်းချက် တစ်ရပ်ရပ်အရ ဆောင်ရွက်ခြင်းမပြုရန် တားမြစ်ထားသည့် ပြုလုပ်မှု သို့မဟုတ် အကြောင်းကိစ္စတစ်ရပ်ရပ်ကို ဆောင်ရွက်လျှင်၊ သို့မဟုတ်

(၂) ဤဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်အရ ဆောင်ရွက်ရန် လိုအပ်သည့် သို့မဟုတ် ညွှန်ကြားထားသည့် ပြုလုပ်မှု သို့မဟုတ် အကြောင်းကိစ္စတစ်ရပ်ရပ်ကို ဆောင်ရွက်ခြင်း မပြုလျှင်၊ သို့မဟုတ်

(၃) ဤဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို အခြားနည်းတစ်ရပ်ရပ်ဖြင့် ဆန့်ကျင်ဆောင်ရွက်လျှင်၊ အမျိုးအစားတစ်ရပ်တွင်ပါရှိသော

ဤဥပဒေပါ အဆိုပါပြဋ္ဌာန်းချက် သို့မဟုတ် အခြားသော ပြဋ္ဌာန်းချက်များက ထိုသူသည် အောက်ပါအတိုင်း ပေါ်ပေါက်ခဲ့ခြင်း မရှိလျှင် ဤပုဒ်မခွဲအရ ပြစ်မှုတစ်ရပ်ကို ကျူးလွန်ရာရောက်သည် -

(ကက) ထိုသူသည် ပြစ်မှုတစ်ရပ်အရ အပြစ်ရှိကြောင်း၊ သို့မဟုတ်

( ခခ ) ထိုသူသည် ပြစ်မှုတစ်ရပ်အရ အပြစ်မရှိကြောင်း။

(ခ) တစ်ဦးတစ်ယောက်သည် ဤပုဒ်မ၏ပုဒ်မခွဲ(က) အရဖြစ်စေ၊ အခြား ပြဋ္ဌာန်းချက်များအရဖြစ်စေ ဤဥပဒေအရ ပြစ်မှုတစ်ရပ်နှင့်ပတ်သက်၍ ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ပြစ်မှုနှင့် သက်ဆိုင်သည့် ပြစ်ဒဏ်ထက်မပိုသော ပြစ်ဒဏ်တစ်ရပ်ကို ကျခံရမည်။

(ဂ) ဤဥပဒေပါ သီးခြား ပြဋ္ဌာန်းချက်တစ်ရပ်ကို ဆန့်ကျင်ဆောင်ရွက်မှုအတွက် သက်ဆိုင်သောပြစ်ဒဏ်ကို ဤပုဒ်မမှတစ်ပါး ဤဥပဒေ၏ ပြဋ္ဌာန်းချက် တစ်ရပ်ရပ်တွင် သီးခြားပြစ်ဒဏ်၊ ငွေဒဏ် သို့မဟုတ် အခြားပြစ်ဒဏ် တစ်ရပ်အဖြစ် သတ်မှတ်ဖော်ပြထားလျှင် အဆိုပါ ဆန့်ကျင်ဆောင်ရွက်မှုကြောင့် ဖြစ်ပေါ်လာသည့် ပြစ်မှုအတွက် သက်ဆိုင်သည့် ပြစ်ဒဏ်သည် သီးခြား သတ်မှတ်ဖော်ပြထားသော ပြစ်ဒဏ် ဖြစ်သည်။

(ဃ) ပြစ်ဒဏ်ကို ဤဥပဒေတွင် အတိအကျသတ်မှတ်ဖော်ပြထားခြင်း မရှိခဲ့လျှင် တရားရုံးသည် မှုခင်းအခြေအနေနှင့် သင့်လျော်မျှတသည်ဟု ထင်မြင်ယူဆသည့် ပြစ်ဒဏ်ကို ချမှတ်နိုင်ပြီး ဤဥပဒေပါ အခြားအလားတူပြစ်မှုများနှင့် သက်ဆိုင်ရာဥပဒေနှင့်အညီ ကိစ္စရပ်များ အားလုံးအတွက် သတ်မှတ်ထားသည့် ပြစ်ဒဏ်များကိုလည်း ထည့်သွင်း သုံးသပ်ရမည်။

၄၅၉။ **စီရင်ပိုင်ခွင့်နယ်မြေအတွင်း အချို့တစ်ဝက်ကျူးလွန်ပြီး စီရင်ပိုင်ခွင့်နယ်မြေပြင်ပတွင် အချို့အဝက် ကျူးလွန်သော ပြစ်မှုများ**

**အကယ်၍-**

(က) တစ်ဦးတစ်ယောက်သည် တားမြစ်ထားသည့် ပြုလုပ်မှုတစ်ရပ်ကို နိုင်ငံတော်၏ ပြင်ပတွင် ဆောင်ရွက်ခဲ့လျှင် သို့မဟုတ် ဆောင်ရွက်ရမည့် ပြုလုပ်မှုတစ်ရပ်ကို နိုင်ငံတော်၏ ပြင်ပတွင် ပျက်ကွက်ခဲ့လျှင်၊

*စာမျက်နှာ ၃ သို့*

*စာမျက်နှာ ၂ မှ*

(ခ) အဆိုပါ ပြုလုပ်မှုအတိုင်း နိုင်ငံတော်အတွင်း ဆောင်ရွက်ခဲ့ခြင်း သို့မဟုတ် ဆောင်ရွက်ရန် ပျက်ကွက်ခဲ့ခြင်းတို့ဖြင့် ထိုသူသည် နိုင်ငံတော်အတွင်း ပြုလုပ်မှုတစ်ရပ်ကို ဆောင်ရွက်ခဲ့သကဲ့သို့ သို့မဟုတ် ဆောင်ရွက်ရန် ပျက်ကွက်ခဲ့သကဲ့သို့ ဤဥပဒေနှင့် ဆန့်ကျင်သည့် ပြစ်မှုကို ကျူးလွန်လျှင်

ထိုသူသည် အဆိုပါပြစ်မှုတစ်ရပ်ရပ်ဖြင့် ပြစ်ဒဏ်ထိုက်သင့်သည်။

၄၆၀။ **ပြစ်မှုများကို ဆက်လက်ကျူးလွန်ခြင်း**

(က) ဤဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်အရ သတ်မှတ်ထားသည့် အချိန်ကာလအတွင်းတွင် ဖြစ်စေ၊ သတ်မှတ်ထားသည့် အချိန်ကာလမတိုင်မီတွင် ဖြစ်စေ ပြုလုပ်မှုတစ်ရပ်ရပ်ကို ပြုလုပ်ရန် လိုအပ်ပြီး အဆိုပါအချိန်ကာလအတွင်းတွင် ဖြစ်စေ၊ အဆိုပါအချိန်ကာလ မတိုင်မီတွင် ဖြစ်စေ ထိုပြုလုပ်မှုကို ဆောင်ရွက်ရန် ပျက်ကွက်ခြင်းသည် ပြစ်မှုတစ်ရပ်ရပ်ဖြစ်လျှင်၊ အဆိုပါအချိန်ကာလအတွင်းတွင် ဖြစ်စေ၊ အဆိုပါအချိန်ကာလ မတိုင်မီတွင်ဖြစ်စေ ထိုပြုလုပ်မှုကို ဆောင်ရွက်ခြင်း မပြုလျှင် အောက်ပါအတိုင်း ဖြစ်ရမည်-

(၁) ပြုလုပ်မှုကို ဆောင်ရွက်ရမည့် တာဝန်ကို အဆိုပါအချိန်ကာလ ကုန်ဆုံးသွားပြီးနောက်တွင် သော်လည်းကောင်း၊ အဆိုပါ အချိန် ကျော်လွန်သွားသည့်အခါတွင် သော်လည်းကောင်း ထိုသို့ပြုလုပ်မှုကို ဆောင်ရွက်ရန် ပျက်ကွက်မှုနှင့်စပ်လျဉ်း၍ ပြစ်မှုတစ်ရပ်ဖြင့် ပြစ်မှုထင်ရှားစီရင်ခြင်းခံရသည်ဖြစ်စေ၊ မခံရသည်ဖြစ်စေ အဆိုပါ ပြုလုပ်မှုကို ဆောင်ရွက်ပြီးသည် အထိ ဆက်လက်ဆောင်ရွက်ရမည့်အပြင်

(၂) ဤပုဒ်မ၏ ပုဒ်မခွဲ(ဂ)ကိုလည်း လိုက်နာဆောင်ရွက်ရမည်။

(ခ) ဤဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်အရ ပြုလုပ်ရန် လိုအပ်သည့် ပြုလုပ်မှုတစ်ရပ်ကို ဆောင်ရွက်ရန်အတွက် အချိန်ကာလ သတ်မှတ်ထားခြင်း မရှိဘဲ ထိုပြုလုပ်မှုကို ဆောင်ရွက်ရန် ပျက်ကွက်ခြင်းသည် ပြစ်မှုမြောက်ပြီး ယင်းနှင့် စပ်လျဉ်း၍ ပြစ်မှုတစ်ရပ်ဖြင့် ပြစ်မှု ထင်ရှားစီရင်ခြင်းခံရသည့်အခါ အောက်ပါအတိုင်း ဖြစ်ရမည် -

(၁) ပြစ်မှုထင်ရှားစီရင်ခြင်း ခံရသော်လည်း ပြုလုပ်မှုကို ဆောင်ရွက်ရမည့် တာဝန်ကို အဆိုပါပြုလုပ်မှုကို ဆောင်ရွက်ပြီးသည်အထိ ဆက်လက် ဆောင်ရွက်ရမည့်အပြင်

(၂) ဤပုဒ်မ၏ပုဒ်မခွဲ(ဂ)ကိုလည်း လိုက်နာဆောင်ရွက်ရမည်။

(ဂ) သတ်မှတ်ထားသည့်အချိန်ကာလ၌ပြုလုပ်မှုအား ဆောင်ရွက်ရန်ပျက်ကွက်မှုနှင့် စပ်လျဉ်း၍ ပြစ်မှုတစ်ရပ်ဖြင့် ပထမအကြိမ် ပြစ်မှုထင်ရှားစီရင်ခြင်းခံရပြီး၊ ထိုအချိန်ကာလ ပြီးဆုံးပြီးနောက် ပြုလုပ်မှုအားဆောင်ရွက်ရန် ဆက်လက် ပျက်ကွက်နေလျှင် အောက်ပါအတိုင်း ဖြစ်စေရမည် -

(၁) ပြုလုပ်မှုအား ဆောင်ရွက်ရန်ပျက်ကွက်မှုနှင့် စပ်လျဉ်း၍ ပြုလုပ်မှုကို ဆောင်ရွက်ရန် ပျက်ကွက်သည့်ကာလတစ်လျှောက် သို့မဟုတ် အဆိုပါ သတ်မှတ်ချိန်ကုန်ဆုံးပြီး နောက်ထပ်ပြစ်မှုနှင့် သက်ဆိုင်သည့် နေ့ရက်မတိုင်မီ ကာလတစ်လျှောက်အတွက် နောက်ထပ်ပြစ်မှု တစ်ရပ်ဖြင့် အပြစ်ရှိသည်၊ ၎င်းပြင်

(၂) ဤဥပဒေနှင့် အခြား သက်ဆိုင်ရာဥပဒေတစ်ရပ်ရပ်ပါ ကိစ္စရပ်များ အတွက် အဆိုပါ အချိန်ကာလအတွင်း ပြုလုပ်မှုကို ဆောင်ရွက်ရန် ပျက်ကွက်မှုကြောင့် နောက်ထပ်ပြစ်မှုတစ်ရပ်ကို ကျူးလွန်ရာ ရောက်သည်။

(ဃ) တစ်ဦးတစ်ယောက်သည် သတ်မှတ်ကာလတစ်ရပ်အတွင်း သို့မဟုတ် ထိုအချိန် ကာလ၏ အပိုင်းအခြားတစ်ရပ်အတွင်း ဤပုဒ်မ၏ပုဒ်မခွဲ(ဂ)အရ ပြစ်မှု တစ်ရပ်ဖြင့် အပြစ်ရှိလျှင် ထိုပြစ်မှုနှင့် သက်ဆိုင်သည့်ပြစ်ဒဏ်သည် အဆိုပါ အချိန်ကာလ သို့မဟုတ် အဆိုပါ အချိန်ကာလ၏ အပိုင်းအခြားတစ်ရပ်ရှိ နေ့ရက် အရေအတွက်နှင့် ပြစ်ဒဏ်ပမာဏ (၁)ခု၏ တစ်ဝက်ဖြင့် မြှောက်၍ ရရှိသောပမာဏကို ဒဏ်ငွေအဖြစ် သတ်မှတ်ရမည်။

**ခုခံချေပခြင်းနှင့် သက်သာခွင့်**

၄၆၁။ **ဒါရိုက်တာ သို့မဟုတ် အရာရှိက ခုခံချေပခြင်း**

(က) ပုဒ်မ ၄၃၆ ပါ ပြဋ္ဌာန်းချက်ကို ကန့်သတ်တားမြစ်ထားခြင်း မရှိစေဘဲ ဒါရိုက်တာ သို့မဟုတ် အရာရှိက အောက်ပါအတိုင်း သက်သေထင်ရှားတင်ပြနိုင်လျှင် ကုမ္ပဏီ၏ ဘုတ်အဖွဲ့က ဆောင်ရွက်ရမည့်တာဝန် သို့မဟုတ် ၎င်းတို့က ဆောင်ရွက်ရမည့်တာဝန် တစ်ရပ်ရပ်နှင့် စပ်လျဉ်း၍ ပြစ်မှုတစ်ရပ်ဖြင့် စွဲချက်တင်ထားသော ဒါရိုက်တာ သို့မဟုတ် အရာရှိတစ်ဦးဦးအတွက် ခုခံချေပ ချက်တစ်ရပ် ဖြစ်သည် -

(၁) ဘုတ်အဖွဲ့က ဆောင်ရွက်ရမည့်တာဝန်နှင့် စပ်လျဉ်းသည့် ပြစ်မှု တစ်ရပ်တွင် ဘုတ်အဖွဲ့သည် ဤဥပဒေအရ သတ်မှတ်ချက်များကို လိုက်နာဆောင်ရွက်ရန်အတွက် သင့်လျော်သည့်ကိစ္စရပ်များ အားလုံးကို ဆောင်ရွက်ထားကြောင်း၊ သို့မဟုတ်

(၂) ဘုတ်အဖွဲ့က ဆောင်ရွက်ရမည့်တာဝန်နှင့် စပ်လျဉ်းသည့် ပြစ်မှု တစ်ရပ်တွင် ဒါရိုက်တာ သို့မဟုတ် အရာရှိသည် ဘုတ်အဖွဲ့က ဤဥပဒေ အရ သတ်မှတ်ချက်များကို လိုက်နာဆောင်ရွက်ရန်အတွက် အဆိုပါ ဒါရိုက်တာ သို့မဟုတ် အရာရှိသည် သင့်လျော်သည့်ကိစ္စရပ်များ အားလုံးကို ဆောင်ရွက်ထားကြောင်း၊ သို့မဟုတ်

(၃) ဒါရိုက်တာ သို့မဟုတ် အရာရှိက ဆောင်ရွက်ရမည့် တာဝန်နှင့် စပ်လျဉ်းသည့် ပြစ်မှုတစ်ရပ်တွင် ဒါရိုက်တာ သို့မဟုတ် အရာရှိသည် ဤဥပဒေအရ သတ်မှတ်ချက်များကို လိုက်နာဆောင်ရွက်ရန်အတွက် သင့်လျော်သည့် ကိစ္စရပ်များ အားလုံးကို ဆောင်ရွက်ထားကြောင်း၊ သို့မဟုတ်

(၄) ဤကိစ္စရပ်တွင် ဒါရိုက်တာ သို့မဟုတ် အရာရှိသည် ဤဥပဒေအရ သတ်မှတ်ချက်များကို ၎င်းတို့ကိုယ်တိုင်ဖြစ်စေ၊ ဘုတ်အဖွဲ့ကဖြစ်စေ လိုက်နာဆောင်ရွက်ရန်အတွက် သင့်လျော်သည့် ကိစ္စရပ်များကို ဆောင်ရွက်နိုင်ခြင်း မရှိကြောင်း။

(ခ) ပုဒ်မ ၄၃၆ ပါ ပြဋ္ဌာန်းချက်များကို ကန့်သတ်တားမြစ်ထားခြင်း မရှိစေဘဲ ဒါရိုက်တာ သို့မဟုတ် အရာရှိက အောက်ပါအတိုင်း သက်သေထင်ရှား တင်ပြနိုင်လျှင် ကုမ္ပဏီက ဆောင်ရွက်ရမည့် တာဝန်တစ်ရပ်ရပ်နှင့် စပ်လျဉ်း၍ ပြစ်မှုတစ်ရပ်ဖြင့် စွဲချက်တင်ထားသော ဒါရိုက်တာ သို့မဟုတ် အရာရှိ တစ်ဦးဦးအတွက် ခုခံချေပချက်တစ်ရပ် ဖြစ်သည်-

(၁) ကုမ္ပဏီသည် ဤဥပဒေအရ သတ်မှတ်ချက်များကို လိုက်နာ ဆောင်ရွက်ရန်အတွက် သင့်လျော်သည့် ကိစ္စရပ်များအားလုံးကို ဆောင်ရွက်ထားကြောင်း၊ သို့မဟုတ်

(၂) ဒါရိုက်တာ သို့မဟုတ် အရာရှိက ကုမ္ပဏီသည် ဤဥပဒေအရ သတ်မှတ် ချက်များကို လိုက်နာဆောင်ရွက်ရန်အတွက် သင့်လျော်သည့် ကိစ္စရပ်များအားလုံးကို ဆောင်ရွက်ထားကြောင်း၊ သို့မဟုတ်

(၃) ဤကိစ္စရပ်တွင် ဒါရိုက်တာ သို့မဟုတ် အရာရှိက ကုမ္ပဏီသည် ဤဥပဒေအရ သတ်မှတ်ချက်များကို လိုက်နာဆောင်ရွက်ရန်အတွက် သင့်လျော်သည့် ကိစ္စရပ်များကို ဆောင်ရွက်နိုင်ခြင်း မရှိကြောင်း။

၄၆၂။ **ဆန့်ကျင်ဆောင်ရွက်ကြောင်း မြွက်ဟကြေညာပြီးနောက် တာဝန်ရှိမှုများမှ ကင်းလွတ်ခွင့်ပြုခြင်း**

(က) ပုဒ်မ ၄၃၆ ပါ ပြဋ္ဌာန်းချက်များကို ကန့်သတ်တားမြစ်ထားခြင်း မရှိစေဘဲ ဤအပိုင်းအရ ပုဂ္ဂိုလ်တစ်ဦးဦးအပေါ် တရားစွဲဆိုစစ်ဆေးမှုများအား ဆောင်ရွက်ခြင်းနှင့် တရားစွဲဆို စစ်ဆေးရာတွင် ထိုသူသည် ဤဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကိုဖြစ်စေ၊ သတ်မှတ်ဖော်ပြထားသည့် အခြား စည်းကမ်းချက်ကိုဖြစ်စေ ဆန့်ကျင်ဆောင်ရွက်ကြောင်း သို့မဟုတ် ဆန့်ကျင် ဆောင်ရွက်နိုင်ကြောင်း တရားရုံးက တွေ့ရှိသော်လည်း အောက်ပါကိစ္စရပ်များ ဖြစ်ပါက-

(၁) ထိုသူသည် သဘောရိုးဖြင့် ပြုလုပ်ဆောင်ရွက်ခဲ့လျှင်၊ ၎င်းပြင်

(၂) ထိုသူက ကုမ္ပဏီ၏အရာရှိ သို့မဟုတ် ဝန်ထမ်းအဖြစ် ခန့်အပ်ခြင်းနှင့် စပ်လျဉ်းသည့် ကိစ္စရပ်များ အပါအဝင် အမှုတွင် ပါရှိသည့် အကြောင်း အရာ အားလုံးတို့တွင် ထိုသူသည် ဆန့်ကျင်ဆောင်ရွက်ခြင်းအတွက် ကင်းလွတ်ခွင့် ပြုသင့်ကြောင်း တွေ့ရှိခဲ့လျှင်

တရားရုံးသည် ဆန့်ကျင်ဆောင်ရွက်မှုအတွက် ထိုသူနှင့်သက်ဆိုင်မည့် သို့မဟုတ် အခြားနည်း တာဝန်ရှိနိုင်မည့် တာဝန်ရှိမှု တစ်ရပ်လုံးကိုဖြစ်စေ၊ ယင်း၏ တစ်စိတ် တစ်ဒေသကိုဖြစ်စေ ထိုသူအား ကင်းလွတ်ခွင့်ပြုနိုင်သည်။

(ခ) တစ်ဦးတစ်ယောက်က ဤဥပဒေပါပြဋ္ဌာန်းချက်များအား ဆန့်ကျင်ဆောင်ရွက် မှုနှင့် စပ်လျဉ်း၍ ဤအပိုင်းပါပြဋ္ဌာန်းချက်များအရ တရားစွဲဆိုဆောင်ရွက်မှု များကို ပြုလုပ်မည်ဟု ထင်မြင်လျှင် ထိုသူသည် သက်သာခွင့်ရရှိရေးအတွက် တရားရုံးသို့ တင်ပြလျှောက်ထားနိုင်သည်။

(ဂ) ဤပုဒ်မ၏ ပုဒ်မခွဲ(ခ)အရ တင်ပြလျှောက်ထားလာလျှင်၊ တရားရုံးသည် တရားစွဲဆို ဆောင်ရွက်မှုကို ပြုလုပ်သကဲ့သို့ ဤပုဒ်မ၏ ပုဒ်မခွဲ (က)အရ သက်သာခွင့်ကို ပေးအပ်နိုင်သည်။

(ဃ) ဤပုဒ်မပါ ပြဋ္ဌာန်းချက်များသည် သက်သာခွင့် ပေးအပ်နိုင်သည့် တရားရုံး၏ အခြားသော အခွင့်အာဏာများကို ကန့်သတ်တားမြစ်ထားခြင်း မရှိစေရ။

**အပိုင်း(၈)**

**အထွေထွေ**

**အခန်း(၃၁) အထွေထွေ ပြဋ္ဌာန်းချက်များ**

၄၆၃။ **စည်းမျဉ်းများ၊ နည်းဥပဒေများ၊ အမိန့်များ၊ အမိန့်ကြော်ငြာစာများနှင့် ညွှန်ကြားချက်များကို ထုတ်ဝေနိုင်သည့် အခွင့်အာဏာ**

(က) ဤဥပဒေအရဖြစ်စေ၊ အခြားသောသက်ဆိုင်ရာဥပဒေအရဖြစ်စေ ရရှိထားသည့် အခွင့်အာဏာ သို့မဟုတ် ယင်းနှင့်စပ်လျဉ်းသည့် ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ကန့်သတ်တားမြစ်ထားခြင်း မရှိစေဘဲ -

(၁) ဝန်ကြီးဌာနသည် ပြည်ထောင်စု အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဤဥပဒေအား အကောင်အထည်ဖော်ခြင်း၊ စီမံခန့်ခွဲခြင်းနှင့် အတည်ပြုဆောင်ရွက်ခြင်းတို့ကို ထိရောက်စွာ ဆောင်ရွက်နိုင်စေရန် အတွက် နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ထုတ်ပြန် နိုင်သည်။ ၎င်းအပြင်

(၂) မှတ်ပုံတင်အရာရှိသည် ဤဥပဒေအား အကောင်အထည်ဖော်ခြင်း၊ စီမံခန့်ခွဲခြင်းနှင့် အတည်ပြုဆောင်ရွက်ခြင်းတို့ကို ထိရောက်စွာ ဆောင်ရွက်နိုင်သောအမိန့်များ၊ အမိန့်ကြော်ငြာစာများ၊ ညွှန်ကြား ချက်များ၊ လမ်းညွှန်ချက်များ၊ လုပ်ထုံးလုပ်နည်းများ၊ ဇယားများနှင့် ပုံစံများကို ထုတ်ပြန်နိုင်သည်။

(ခ) ဤပုဒ်မ၏ ပုဒ်မခွဲ(က)အရ ပြုလုပ်သည့် စည်းမျဉ်း၊ နည်းဥပဒေ၊ အမိန့်၊ အမိန့် ကြော်ငြာစာ သို့မဟုတ် ညွှန်ကြားချက်အားလုံးကို နိုင်ငံတော်ပြန်တမ်းတွင် ထည့်သွင်းဖော်ပြရမည်ဖြစ်ပြီး ထိုသို့ဖော်ပြပြီးသည့်အခါ ဤဥပဒေတွင် ထည့်သွင်းပြဋ္ဌာန်းပြီးဖြစ်သကဲ့သို့ အကျိုးသက်ရောက်စေရမည်။

၄၆၄။ **အထူးတရားရုံးများ၊ ခုံရုံးများနှင့် ကော်မရှင်များ ဖွဲ့စည်းတည်ထောင်နိုင်သည့် အခွင့်အာဏာ**

(က) ဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဤဥပဒေအား အကောင်အထည်ဖော် စီမံဆောင်ရွက်ရန်အတွက် အထောက်အကူဖြစ်စေမည့် ခုံရုံးများ သို့မဟုတ် ကော်မရှင်များကို ဖွဲ့စည်း တည်ထောင်နိုင်ရန်အလို့ငှာ လိုအပ်သော စည်းမျဉ်းဥပဒေများ၊ နည်းဥပဒေ များ၊ အမိန့်များ၊ အမိန့်ကြော်ငြာစာများ၊ ညွှန်ကြားချက်များနှင့် လုပ်ထုံး လုပ်နည်းများကို ထုတ်ပြန်နိုင်သည်။ အဆိုပါ စည်းမျဉ်းဥပဒေများ၊ နည်းဥပဒေများ၊ အမိန့်များ၊ အမိန့် ကြော်ငြာစာများ၊ ညွှန်ကြားချက်များနှင့် လုပ်ထုံးလုပ်နည်းများသည် ဤဥပဒေနှင့် ဆန့်ကျင်ခြင်း မရှိစေရ။ သို့ရာတွင် အောက်ပါတို့နှင့် စပ်လျဉ်းသည့် ပြဋ္ဌာန်းချက်များကို ထည့်သွင်းဖော်ပြနိုင်သည် -

(၁) ခုံရုံး သို့မဟုတ် ကော်မရှင်တို့က ထုတ်ပြန်နိုင်သော အမိန့်များ အပါအဝင် ခုံရုံး သို့မဟုတ် ကော်မရှင်တို့၏ အခွင့်အာဏာများ၊ တာဝန်များ၊ လုပ်ငန်းများနှင့် လုပ်ထုံးလုပ်နည်းများ။ အဆိုပါ ဆောင်ရွက်မှုများသည် ဤဥပဒေ သို့မဟုတ် အခြားသက်ဆိုင်ရာ ဥပဒေတစ်ရပ်ရပ်အရ တရားရုံးသို့ အပ်နှင်းထားသည့် အခွင့်အာဏာ များ၊ တာဝန်များနှင့် လုပ်ငန်းများထက် ကျော်လွန်ခြင်း မရှိစေရ၊

(၂) ခုံရုံး သို့မဟုတ် ကော်မရှင်၏ စီရင်ပိုင်ခွင့်နယ်ပယ်အတွင်း ဆုံးဖြတ် ဆောင်ရွက်နိုင်သည့် အထွေထွေ သို့မဟုတ် အထူးကိစ္စရပ်များနှင့် ခုံရုံး သို့မဟုတ် ကော်မရှင်၏ ဆုံးဖြတ်ချက်များကို ပြင်ဆင်မှု သို့မဟုတ် အယူခံမှုများ တင်သွင်းဆောင်ရွက်ခြင်းအတွက် လုပ်ငန်းစဉ်များ၊

(၃) ခုံရုံး သို့မဟုတ် ကော်မရှင် အဖွဲ့ဝင်များ၏ အရေအတွက်နှင့် ၎င်းတို့၏ အရည်အချင်း သတ်မှတ်ချက်များ၊

(၄) ခုံရုံး သို့မဟုတ် ကော်မရှင်အဖွဲ့ဝင်များကို ခန့်အပ်ခြင်း၊ ဖယ်ရှားခြင်း သို့မဟုတ် ဆိုင်းငံ့ခြင်းနှင့် ၎င်းတို့၏ လစ်လပ်သောနေရာများကို အစားထိုးခန့်ထားခြင်းများနှင့် သက်ဆိုင်သည့် လုပ်ထုံးလုပ်နည်းများ၊

(၅) ခုံရုံး သို့မဟုတ် ကော်မရှင်၏ အဖွဲ့ဝင် သို့မဟုတ် ဝန်ထမ်းများနှင့် စပ်လျဉ်းသည့် အလုပ်ခန့်အပ်မှုဆိုင်ရာ စည်းကမ်းချက်များ၊

(၆) ယာယီ ဖွဲ့စည်းတည်ထောင်သော သို့မဟုတ် အမြဲတမ်း ဖွဲ့စည်း တည်ထောင်သော သို့မဟုတ် အထူးကိစ္စရပ်အတွက် ဖွဲ့စည်းတည် ထောင်သော ခုံရုံး သို့မဟုတ် ကော်မရှင်များ အပါအဝင် ခုံရုံး သို့မဟုတ် ကော်မရှင်၏ သက်တမ်းနှင့်

(၇) ခုံရုံး သို့မဟုတ် ကော်မရှင်၏ ဘဏ္ဍာငွေကိစ္စနှင့် ခုံရုံး သို့မဟုတ် ကော်မရှင်က အခကြေးငွေ၊ ဒဏ်ငွေ သို့မဟုတ် ပြစ်ဒဏ်များကို သတ်မှတ်ခြင်းနှင့် အခကြေးငွေများကို ကောက်ခံခြင်းများအတွက် ဆောင်ရွက်နိုင်မှုများ။

(ခ) သက်ဆိုင်ရာဥပဒေများနှင့်အညီ ဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်အားရယူပြီး ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးနှင့် ပူးပေါင်းဆောင်ရွက်၍ ဤဥပဒေအား အကောင်အထည်ဖော် စီမံဆောင် ရွက်ရန် အထောက်အကူဖြစ်စေမည့် အထူးတရားရုံး တစ်ရုံးရုံးကို တည်ထောင် နိုင်ရေးအတွက် အဆိုပြုတင်ပြနိုင်သည်။

**အခန်း (၃၂) အကျိုးသက်ရောက်ခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့် ကူးပြောင်းခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်များ**

၄၆၅။ **ယခင်ဥပဒေနှင့် စပ်လျဉ်းသည့် ပြဋ္ဌာန်းချက်များ**

(က) ယခင်ဥပဒေနှင့် ယင်းဥပဒေတွင်ပါဝင်သော နောက်ဆက်တွဲဇယားများသည် ဤဥပဒေ စတင်အာဏာတည်သည့်နေ့တွင် ပယ်ဖျက်ပြီး ဖြစ်စေရမည်။

(ခ) ယခင်ဥပဒေအား ပယ်ဖျက်ပြီးနောက်ပိုင်းတွင် ထိုဥပဒေအရ ဆောင်ရွက်ပြီး သည့်ကိစ္စရပ်များ သို့မဟုတ် ဆောင်ရွက်ဆဲကိစ္စရပ်များသည် ဤအခန်းနှင့် အညီ လည်းကောင်း၊ ယင်း၏ ထပ်မံပြဋ္ဌာန်းချက်များအရလည်းကောင်း ဤဥပဒေအရ ဆောင်ရွက်ပြီး သို့မဟုတ် ဆောင်ရွက်ဆဲကိစ္စရပ်များ ဖြစ်သည်ဟု သတ်မှတ်ရမည်။

၄၆၆။ **ကုမ္ပဏီဖျက်သိမ်းခြင်းအတွက် တရားစွဲဆိုဆောင်ရွက်ခြင်းအား ဆိုင်းငံ့ထားခြင်း၏ အကျိုးသက်ရောက်မှု**

ကုမ္ပဏီဖျက်သိမ်းခြင်းနှင့် စပ်လျဉ်းသည့် ဤဥပဒေပါပြဋ္ဌာန်းချက်များသည် ဤဥပဒေ စတင် အာဏာတည်သည့် နေ့ရက်မတိုင်မီက စတင်ပြုလုပ်နေခဲ့သည့် ကုမ္ပဏီ ဖျက်သိမ်းခြင်းကို ဆောင်ရွက်နေသော ကုမ္ပဏီတစ်ခုခုနှင့် သက်ဆိုင်ခြင်း မရှိစေရ။ သို့သော် ထိုကုမ္ပဏီအားလုံးသည် ဤဥပဒေအား ပြဋ္ဌာန်းထားခြင်း မရှိသကဲ့သို့ ယခင်အလားတူကိစ္စရပ်များအတိုင်း အလားတူနည်းလမ်းများဖြင့် ဖျက်သိမ်း ဆောင်ရွက်ရမည်။

၄၆၇။ **စာရွက်စာတမ်းများ၏ အကျိုးသက်ရောက်မှု**

ဤဥပဒေ စတင်အာဏာတည်သည့်နေ့ရက်မတိုင်မီက ဤဥပဒေဖြင့် ပယ်ဖျက် လိုက်သည့် ဥပဒေတစ်ရပ်ရပ်နှင့်အညီ ပြုလုပ်ထားသော လွှဲပြောင်းထားသည့် စာရွက်စာတမ်းများ သို့မဟုတ် အခြားစာရွက်စာတမ်းများအားလုံးသည် ဤဥပဒေ အား ပြဋ္ဌာန်းထားခြင်း မရှိသကဲ့သို့ ယခင်အတိုင်း အကျိုးသက်ရောက်စေရမည်ဖြစ်ပြီး အဆိုပါစာရွက်စာတမ်းများပါ ကိစ္စရပ်များအတွက် ပယ်ဖျက်လိုက်သော ဥပဒေသည် ဆက်လက် အကျိုးသက်ရောက်နေဘိသကဲ့သို့ မှတ်ယူရမည်။

*စာမျက်နှာ ၄ သို့*

